ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၉)၊ အမှတ်(၃၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၂၁ ၊ ၂၀၁၀)

# အလုပ်သမားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီ တည်ထောင်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက အစိုးရပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီ (Government Overseas Employment Agency)ကို စတင်ဖွင့်လှစ်၍ ပြည်ပနိုင်ငံအချို့သို့ အလုပ်သမားစေလွှတ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါအေဂျင်စီဥက္ကဋ္ဌကပြောသည်။

"G to G (အစိုးရအချင်းချင်း) လုပ်လို့ရအောင် ဖွဲ့စည်းခဲ့တာပါ" ဟု အစိုးရပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီဥက္ကဋ္ဌကပြောသည်။

အဆိုပါအေဂျင်စီအား ၂၀၁၀ဇွန်လကစ၍ ဖွဲ့စည်းခဲ့ပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ လုပ်ကိုင်စေခြင်းဖြစ်သည်ဟုသိရသည်။

ယခုအခါ ကိုရီးယားနိုင်ငံ၏ EPS (Employee Work Permit System)စနစ်အရ အလုပ်သမားပို့ဆောင်ခြင်းလုပ်ငန်းအား ထိုအေဂျင်စီတစ်ခုတည်းကသာ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ထို့အပြင် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းကိုပါလုပ်ကိုင်နေကြောင်းသိရသည်။

စာ(၂၀)သို့

## ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ် ၅၀ကျော်တွင် ရွေးကောက်ပွဲ ကျင်းပမည်မဟုတ်

**ငြိမ်းငြိမ်းနိုင်**

**နေပြည်တော်၊**

**အောက်တိုဘာ -၁၈**

နိုဝင်ဘာ ၇တွင်ကျင်းပမည့် ပါတီစုံရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သည့် ပါတီမရှိဘဲ တစ်ပါတီတည်းသာရှိသည့် လစ်လပ်မဲဆန္ဒနယ် စုစုပေါင်း ၅၄ခုရှိပြီး ထိုမဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲကျင်းပမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးကပြောကြားသည်။

"အဲဒီလွတ်နေတဲ့မဲဆန္ဒနယ်တွေမှာ ပါတီတစ်ခုတည်းကပဲ မဟုတ်ပါဘူး၊ ပါတီမျိုးစုံကပါ။ ပြိုင်ဘက်မရှိတဲ့အတွက် ရွေးကောက်ပွဲမလုပ်ရဘဲနဲ့ အလိုလိုအရွေးခံပြီးသားလို ဖြစ်သွားပါတယ်။ အဲဒီကိုယ်စားလှယ်တွေကို ကော်မရှင်က စိစစ်ဆဲပါ။ ကော်မရှင်ကကြေညာတော့မှ သူတို့ကအမတ်အဖြစ် အတည်ဖြစ်မှာပါ"ဟု ဦးသိန်းစိုးကဆိုသည်။

စာ(၂၀)သို့

## ရာသီဥတုဖောက်ပြန်မှု အများဆုံးခံရသော ဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်



ရာသီဥတုဖောက်ပြန်မှုအဆိုးဆုံးခံနေရသည်ဆိုသော ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ဒေသခံများကို တွေ့ရစဉ်။
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ -၁၄**

မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှု အများဆုံးခံရသောဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ကြောင်း နှစ်ပေါင်း ၃၀အတွင်းရှိ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကို အသေးစိတ်မှတ်တမ်းတင်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်(NCEA) အဖွဲ့ဝင် ဦးဝင်းမျိုးသူကပြောသည်။

စာ(၂၀)သို့




## နေပြည်တော်တွင် ဟိုတယ်ဆောက်ရန် မြေတစ်ဧကလျှင် ကျပ် သိန်း၁၅၀ဖြင့် ရောင်းပေး


**အားမာန်၊ သန်းထူး**

**ရန်ကုန်၊ အောက်တိုဘာ - ၁၄**

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် ယခုနောက်ပိုင်း ဆောက်လုပ်မည့်ဟိုတယ်များအား မြေတစ်ဧကလျှင် ကျပ်သိန်း၁၅၀နှုန်းဖြင့် ဝယ်ယူခွင့်ပြုနေကြောင်း ဟိုတယ်လုပ်ငန်းရှင်များကပြောသည်။

ထို့အပြင် ယခင်ဆောက်လုပ်ခဲ့သော ဟိုတယ်များနှင့် ဆောက်လုပ်ဆဲ ဟိုတယ်အချို့ကို ဟိုတယ်တစ်ကွက်လျှင် မြေ၁၅ဧကခွင့်ပြုပေးခဲ့သော်လည်း ယခုနောက်ပိုင်းတွင်၁၀ဧကနှုန်းဖြင့်သာ...

စာ(၂၀)သို့



မြန်မာဒေသရင်း စွေငှက်

## မြန်မာအမည်မရှိသေးသောငှက်များကို အမည်ပေးရန်စီစဉ်

**အေးမြကျော်**

**ရန်ကုန်၊ အောက်တိုဘာ -၁၁**

မြန်မာနိုင်ငံဒေသအနှံ့တွင် ကျက်စားသော ငှက်မျိုးစိတ်ပေါင်း တစ်ထောင်ကျော်ရှိသည့်အနက် မျိုးစိတ်ပေါင်းတစ်ရာကျော်တွင်သာ မြန်မာအမည်ဖြင့် မှည့်ခေါ်ထားခြင်းရှိပြီး၊ ကျန်ငှက်မျိုးစိတ်များတွင် အမည်မရှိသေးသည့်အတွက် ငှက်များကိုအမည်နာမသတ်မှတ်နိုင်ရန်စီစဉ်နေကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(BANCA)မှ ဒေါက်တာထင်လှက ပြောကြားခဲ့သည်။

စာ(၂၀)သို့



7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ပင်လယ်ထဲမျောပါသွားသော ရေလုပ်သား ၃၃ ဦးအား ကယ်တင်နိုင်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ – ၁၅**

ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ် ဒေသရှိ မြစ်ချောင်းများအတွင်း ငါးဖမ်းနေစဉ်လေတိုက်ခတ်မှုကြောင့် ပင်လယ်ထဲသို့ မျောပါသွားသော ရေလုပ်သား ၃၃ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"ငါးဖမ်းဝါးဖောင်ပျက်ပြီး မျောသွားတယ်လို့သိရတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဦးစီးအရာရှိတစ်ဦးကပြောသည်။

ထိုမျောသွားသူ ၃၃ဦးထဲမှ ကွမ်းခြံကုန်းနှင့် ဘိုကလေးမြို့နယ်များတွင်နေထိုင်သူလေးဦးအား အောက်တိုဘာ ၉ရက်တွင် ပင်လယ်ဝ၌ရှိသော စစ်ရေယာဉ်(၅၅၆)မှ ဗိုလ်မှူးအောင်မျိုးလှိုင်အဖွဲ့က စတင်ကယ်တင်နိုင်ခဲ့သည်။

ထို့နောက်ရေလုပ်သား ၈ဦးအား ကျောက်တန်းမြို့နယ်ကုလားတန်ကျေးရွာအုပ်စု သဲတဲကျေးရွာတွင် ထပ်မံတွေ့ရှိခဲ့ရသည်။

ဘိုကလေးမြို့နယ် ဒေါငြိမ်းကျေးရွာမှ ရေလုပ်သား ၁၃ဦးအား ကျောက်တန်းမြို့နယ် တမံကြီးကျေးရွာတွင် ကယ်ဆယ်ရရှိခဲ့ပြီး ၁၂ ရက်တွင် ဖျာပုံမြို့နယ်မှ ရေလုပ်သား ၈ဦးအား သုံးခွမြို့နယ် မုတ္တမပင်လယ်ကမ်းခြေ သမစိတ္တကျေးရွာအနီး၌ ကယ်ဆယ်ရရှိခဲ့သည်။

"ကပ္ပလီပင်လယ်မှ မုတ်သုံဆန်တဲ့ရာသီဥတုဖြစ်နေတာကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွေမှာ လေပြင်းတိုက်ခိုက်တာတို့၊ ဒီရေတက်တာတို့ဖြစ်နေတယ်"ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ပြောသည်။

အဆိုပါလေဘေးသင့်လုပ်သား ၃၃ ဦးအား ဧရာဝတီတိုင်းသို့ ပြန်လည်လွှဲအပ်သည့် အခမ်းအနားအား သံလျင်မြို့နယ်တွင်အောက်တိုဘာ၁၅ရက်၌ ကျင်းပခဲ့ပြီး ရန်ကုန်တိုင်း တိုင်းမှူးတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုရေဘေးသင့်လုပ်သားများအား တစ်ဦးလျှင်ကျပ်တစ်သောင်းနှင့်အဝတ်အစား၊ အခြားသော ပစ္စည်းများပါထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မူးမြစ်ရေလျှံ ကမ်းဘေးဝဲယာမှကျေးရွာများ ရေဝင်

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၁၃**

မူးမြစ်ရေလျှံမှုကြောင့် အောက်တိုဘာ၁၀ရက် နံနက်ပိုင်းမှစ၍ ညောင်ပင်ဝန်းကျေးရွာအပါအဝင် မြစ်ကမ်းဘေးဝဲယာရှိ ကျေးရွာပေါင်း ၂၀ခန့် မြစ်ရေဝင်ရောက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။



မူးမြစ်ရေလွှမ်းနေသော ညောင်ပင်ဝန်းကျေးရွာတစ်ဝိုက်ကို တွေ့ရစဉ်။
ဓာတ်ပုံ – မျိုးမင်းဦး

မြစ်ရေလျှံချိန်တွင် စစ်ကိုင်းခရိုင်၊ ညောင်ပင်ဝန်းကျေးရွာ၌ ရေလျှံနေ၍ မုံရွာ- မန္တလေး၊ မုံရွာ -ရန်ကုန်ယာဉ်ကြီးများသာ ဖြတ်ကူးနိုင်ပြီး ယာဉ်ငယ်များမှာ ပြေးဆွဲမှုရပ်နားခဲ့ရသည်။



ရေထုကို ဖြတ်ကျော်နိုင်ရန် ယာဉ်ငယ်ကို ဝိုင်းတွန်းပေးနေသော ဒေသခံများ။
ဓာတ်ပုံ – မျိုးမင်းဦး



မြစ်ရေကျော်နေသော ကားလမ်းကို ဖြတ်သန်းမောင်းနှင်နေသော ခရီးသည်တင်ယာဉ်တစ်စီး။ ဓာတ်ပုံ – မျိုးမင်းဦး

"မုံရွာ-မန္တလေးလမ်းမှာ အောက်တိုဘာလ ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ မူးမြစ်ရေက လမ်းတွေပေါ် ရေကျော်နေလို့ယာဉ်ငယ်အချို့သွားလို့လာလို့မရတော့ဘူး။ မှန်လုံယာဉ်ကြီးတွေသာ မုံရွာ-မန္တလေးလမ်းသွားလာနေကြတယ်။ ခရီးသည်တင်ယာဉ်ငယ်တွေကတော့ မူးမြစ်ရေမကျမချင်း ယာဉ်လိုင်းရပ်နားထားတယ်"ဟု မုံရွာ-မန္တလေးခရီးသည်တင်ယာဉ်ငယ်အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေဝင်မှုကြောင့် ညောင်ပင်ဝန်းကျေးရွာမှ ဒေသခံများမှာ ရေလွတ်ရာသို့ ယာယီတဲများဖြင့် ပြောင်းရွှေ့နေကြရသည်။

"၂၀၀၆တုန်းက ဧရာဝတီမြစ်ရေတက်ချိန် မူးမြစ်ရေကျော်တာဆိုတော့ ဒီနှစ်ထက်ဆိုးတာပေါ့။ အရင်နှစ်တွေတုန်းက စစ်ကိုင်းတိုင်းဒေသကြီးပါမကဘူး။ မန္တလေးကပါ ထမင်းထုပ်တွေလာဝေတာဆိုတော့ လုံလောက်တယ်။ ဒီနှစ် မန္တလေးမှာလည်း ရေကျော်နေတာဆိုတော့ ထမင်းထုပ်မရတော့ဘူး"ဟု ညောင်ပင်ဝန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

စာ(၂၀)သို့

# မိုးအဆက်မပြတ် ရွာနေ စပါးရိတ်သိမ်းခြင်း မပြုလုပ်နိုင်ဖြစ်နေ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ – ၁၄**

မြန်မာနိုင်ငံအောက်ပိုင်း ဆန်စပါးအဓိကထွက်ရှိသည့် ဒေသများတွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် လယ်သမားများသည် စပါးရိတ်သိမ်းခြင်းမပြုလုပ်နိုင်သေးကြောင်း ဒေသခံတောင်သူများထံမှ သတင်းရရှိသည်။

ထို့ကြောင့် လက်ရှိအချိန်တွင် ရန်ကုန်သို့ ဆန်သစ် ဝင်ရောက်မှုမှာ အနည်းငယ်သာရှိသည်။ ဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် တစ်အိတ်လျှင် ၁၀၀၀ ကျပ်ဝန်းကျင်မြင့်မားကြောင်း ဘုရင့်နောင် ဆန်ဈေးကွက်မှ စုံစမ်းသိရသည်။

"ဆန်သစ်က ဈေးမာနေတယ်။ မုန်တိုင်းကြောင့် မိုးကရွာနေတော့ အဝင်ကလည်း နည်းတယ်"ဟု ဘုရင့်နောင်မှ ဆန်ကုန်သည်တစ်ဦးက ရှင်းပြသည်။

ရန်ကုန်ဈေးကွက်၌ ဆန်သစ်ဈေးသည် အဆိုပါ အခြေအနေများကြောင့် ဆန်ဟောင်းဈေးနှင့် ကွာခြားမှုနည်းနေသည်။ ရန်ကုန်ဈေးကွက်၌ ဆန်သစ်ဈေးသည် အကောင်းဆုံးအမျိုးအစား တစ်အိတ်လျှင် ၁၆,၅၀၀ ကျပ်ရှိပြီး အညံ့စားမှာ ၁၅,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်းလည်း ဈေးကွက်မှ စုံစမ်းသိရသည်။

ဈေးကွက်အတွင်း လက်ရှိဆန်ဟောင်းများမှာလည်း ယခင်လကဲ့သို့ပင် အရောင်းအဝယ်အေးပြီး ဈေးနှုန်းအပြောင်းအလဲမရှိကြောင်းသိရသည်။ ပြည်တွင်း၌ ဆန် ဟောင်းလက်ကျန်စပါး ကျန်ရှိနေသေးသည့်အတွက် ဆန်သစ်များ ဈေးကွက်သို့ဝင်ရောက်လာသော်လည်း ယခင်နှစ်ကဲ့သို့ ဈေးမြင့်တက်ခြင်းမရှိကြောင်း ဘုရင့်နောင်ဈေးရှိ ဆန်လက်ကား ကုန်သည်တစ်ဦးက သုံးသပ်သည်။

ရန်ကုန်ဈေးကွက်တွင် ဆန်သစ်ဈေးမှာ မြင့်နေသကဲ့သို့ စပါးဈေးမှာလည်း ယခင်နှစ်ကဲ့သို့ တင်းတစ်ရာလျှင် ကျပ်လေးသိန်းဝန်းကျင်ရှိကြောင်း မြောင်းမြမြို့ရှိ ဆန်စက်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

ဆန်ဟောင်းစပါးများမှာ လက်ရှိ အချိန်တွင် တင်းတစ်ရာလျှင် ၄၅၀,၀၀၀ ကျပ်မှ ၄၇၀,၀၀၀ ကျပ်ကြားရှိပြီး ဆန်ချောစပါးမှာ တင်းတစ်ရာလျှင် ၇၅၀,၀၀၀ ကျပ်ဈေးရှိကြောင်းလည်း အဆိုပါပုဂ္ဂိုလ်ကရှင်းပြသည်။

ရန်ကုန်ဈေးကွက်ရှိ ဆန်ဟောင်းဈေးမှာ ဧယာရှယ်တစ်အိတ်လျှင် ၁၈,၀၀၀ ကျပ်ဝန်းကျင်ရှိပြီး အညံ့စားမှာ ၅,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း၊ ဆန်ချော တစ်အိတ်လျှင် အမြင့်ဆုံးမှာ ၃၀,၀၀၀ ကျပ်ကျော်ရှိပြီး အညံ့စားမှာ ၂၅,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း သိရသည်။

# တနင်္သာရီကြိုးဝိုင်းတွင် ကျားစာရင်း ကောက်ယူမည်

**အေးမြကျော်**

**ရန်ကုန်၊**

**အောက်တိုဘာ – ၁၅**

မြန်မာနိုင်ငံတွင် ကျားကောင်ရေကျန်ရှိကျက်စားသော နေရာများတွင် ကျားကောင်ရေဒုတိယအများဆုံးကျန် ရှိကျက်စားနိုင်သည့်နေရာဖြစ်သည့် တနင်္သာရီသဘာဝကြိုးဝိုင်း၌ ကျားစာရင်းကောက်ယူခြင်းလုပ်ငန်းများကို လာမည့် ပွင့်လင်းရာသီတွင် သစ်တောဦးစီးဌာနနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မကြာသေးမီက ကျားထိန်းသိမ်းရေးနယ်မြေတိုးချဲ့သတ်မှတ်သဖြင့် ကမ္ဘာ့အကြီးဆုံးသဘာဝကျား ထိန်းသိမ်းရေးနယ်မြေဖြစ်လာသည့် ဟူးကောင်းကျားထိန်းသိမ်း ရေးနယ်မြေတွင် ကျားကောင်ရေ ၅၀မှ ၈၀အတွင်း ကျန်ရှိနိုင်ကြောင်း ကွင်းဆင်းလေ့လာမှုများအရ ခန့်မှန်းနိုင်ခဲ့ပြီး တနင်္သာရီသဘာဝကြိုးဝိုင်းတွင်လည်း ကျားကျန်ရှိနေမှုများကို လေ့လာရင်း ကွင်းဆင်းကာ ကျားစာရင်းကောက်ယူမည်ဖြစ်ပြီး ခန့်မှန်းချက်များအရ ထိုကြိုးဝိုင်းတွင် ကျားကောင်ရေ ၃၀ခန့်ကျန်ရှိနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျားကောင်ရေ ၁၅၀ လောက်သာကျန်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေပြီးလျှင် တနင်္သာရီသဘာဝကြိုးဝိုင်းမှာ ကျားများကျန်ရှိကျက်စားမှုအများဆုံးဖြစ်ပြီး ဟူးကောင်းဒေသတွင် ဘင်္ဂလားကျားမျိုးစိတ် (Penthera tigris tigris) များကျက်စားပြီးတနင်္သာရီသဘာဝ ကြိုးဝိုင်းတွင်မူ အင်ဒိုချိုင်းနားကျား မျိုးစိတ်(Penthera Tigris Corbetti)များ ကျက်စားလျက်ရှိသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို ၂၀၀၅ ခုနှစ် မတ်လ ၃၀ရက်တွင် သတ်မှတ်ခဲ့ပြီး စတုရန်းမိုင်ပေါင်း ၅၆၃၇ မိုင်ကျယ်ဝန်းကြောင်းသစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်များအရသိရသည်။ ၂၀၀၉ခုနှစ် စက်တင်ဘာလအတွင်းက ကျားခြေရာတွေ့ရှိ မှတ်တမ်းတင်ခဲ့မှုများအရ ကောင်ရေ ၃၀ ခန့်ကျန်ရှိနိုင်မည်ဟု ခန့်မှန်းနိုင်ခဲ့ပြီး ကျားစာရင်း ကောက်ယူမှုများကို ပွင့်လင်းရာသီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရ သည်။

မြန်မာနိုင်ငံတွင် ဟူးကောင်းနယ်မြေနှင့် တနင်္သာရီကြိုးဝိုင်းအပြင် ထမံသီကြိုးဝိုင်းတွင်လည်း ကျားကောင်ရေ ၁၀ ကောင်ခန့် ကျန်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး အခြားဒေသများဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း ကွင်းဆင်းစာရင်းကောက်ယူခြင်းမပြုနိုင်သေးသော်လည်း ဒေသခံများပြောကြားသော သတင်းများအရ ကျားကျက်စားမှုများရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျားကျန်ရှိကျက်စားသော နိုင်ငံ ၁၃ နိုင်ငံအပါအဝင်ဖြစ်ပြီး ကျားထိန်းသိမ်းရေးအတွက် Ntional Tiger Action Plan ရေးဆွဲကာ ကျားထိန်းသိမ်းရေးလုပ်ငန်းများကို သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့(WCS)နှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဖိတ်ကြားမည်မဟုတ်


သတင်းထောက်များ မေးမြန်းမှုကို ဖြေကြားနေသည့် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး။
ဓာတ်ပုံ - အိဖြူလွင်

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်

နေပြည်တော်၊အောက်တိုဘာ - ၁၈

ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဖိတ်ကြားရန် အစီအစဉ်မရှိကြောင်းနှင့် နိုင်ငံတကာမှ သတင်းထောက်များ လာရောက်ခွင့်ပြုမပြုမှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကပြောကြားသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင်အတွေ့အကြုံရှိကြောင်း၊ ရွေးကောက်ပွဲသည် အခြားနိုင်ငံများအတွက်မဟုတ်ဘဲ မြန်မာနိုင်ငံအတွက်ကျင်းပခြင်းဖြစ်ကာ လူထုရှေ့တွင် ရွေးကောက်ပွဲကျင်းပပြီးစီးပါက အများယုံကြည်မှုရရှိလာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"သံတမန်တွေ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို ပြသသွားမှာပါ။ အဲဒီသံတမန်တွေက အဲဒီနိုင်ငံတွေရဲ့ ကိုယ်စားလှယ်တွေဖြစ်တယ်။ ဒါကြောင့် သူတို့နိုင်ငံကလူတွေ ထပ်ခေါ်စရာမလိုဘူးလို့ထင်တယ်"ဟု ဥက္ကဋ္ဌ ဦးသိန်းစိုးကပြောသည်။ မြန်မာနိုင်ငံတွင် နှစ် ၂၀ကျော်အတွင်း ပထမဆုံးအကြိမ်ကျင်းပမည့်ပါတီစုံရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းနှင့် မဲဆန္ဒရှင်များ မဲရုံတွင် မဲပေးမှုသရုပ်ပြပွဲ အခမ်းအနားတွင် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်းပြည်ပသတင်းထောက်များအား ဦးသိန်းစိုးက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။ လူဦးရေ ၂၉သန်းကျော် မဲပေးခွင့်ရရှိမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံအဝန်း မဲရုံပေါင်းလေးသောင်းနီးပါးရှိမည်ဖြစ်သည်။

"သံရုံး၊သံတမန်တွေနဲ့ အဖွဲ့အစည်းတွေကို ကြည့်ရှုလေ့လာခွင့်ရဖို့ ကော်မရှင်ကဆောင်ရွက်ပါမယ်၊ သတင်းထောက်ကိစ္စကတော့ အခြားဝန်ကြီးဌာနတွေနဲ့ပဲ သက်ဆိုင်ပါတယ်"ဟု ယင်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် တရားဝင်ခွင့်ပြုထားသော နိုင်ငံခြားသတင်းဌာန ၁၉ခုရှိသည်။

# လူခြောက်သန်းလျှင် ဦးနှောက်နှင့် အာရုံကြော ကျွမ်းကျင်ဆရာဝန် တစ်ဦးနှုန်းသာရှိ

ဝတ်ရည်

ရန်ကုန်၊ အောက်တိုဘာ - ၁၈

လူဦးရေသန်းခြောက်ဆယ်ခန့်ရှိသော မြန်မာနိုင်ငံတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်ဆရာဝန်စုစုပေါင်း ၁၀ဦးသာရှိကြောင်း ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနမှပါမောက္ခတစ်ဦးက ပြောကြားသည်။

လူဦးရေခြောက်သန်းခန့်လျှင် ဦးနှောက်နှင့်အာရုံကြောကျွမ်းကျင်သူဆရာဝန်တစ်ဦးနှုန်းသာရှိပြီး ထိုဆရာဝန်များထဲမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးနှောက်အကျိတ်ဆိုင်ရာ ခွဲစိတ်နိုင်သူသုံးဦးခန့်သာရှိကြောင်း အဆိုပါပါမောက္ခကပြောကြားသည်။

"ဦးနှောက်ပိုင်းဆိုင်ရာခွဲစိတ်မှုတွေက အရမ်းရှုပ်ထွေးခက်ခဲတဲ့အတွက် ပင်ပန်းတယ်။ ခွဲစိတ်မှုတွေက အချိန်အကြာကြီး အထူးအာရုံစိုက်ပြီး လုပ်ရတာဆိုတော့ စိတ်ဖိစီးမှုလည်းများတယ်။ ဒါကြောင့် စိတ်ဝင်စားတဲ့ဆရာဝန်နည်းတယ်"ဟု အဆိုပါဆရာဝန်ကပြောကြားသည်။

ဦးနှောက်နှင့် အာရုံကြောရောဂါများအတွက် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နေပြည်တော်နှင့်တပ်မတော်ဆေးရုံကြီးတို့တွင် ဦးနှောက်နှင့်အာရုံကြောဌာနများ ဖွင့်လှစ်ထားပြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနသို့ရောက်လာသော လူနာများ၌ မတော်တဆ ထိခိုက်မှုကြောင့် ခေါင်းထိလူနာအများဆုံးဖြစ်ပြီး ဦးနှောက်အကျိတ်လူနာများမှာ ဒုတိယအများဆုံးဖြစ်ကြောင်းသိရသည်။

ဦးနှောက်သည် ခန္ဓာကိုယ်တစ်ခုလုံးအား ထိန်းချုပ်ထားသည့် အာရုံကြောစနစ်များ တည်ရှိရာနေရာဖြစ်ပြီး ရှုပ်ထွေးသော အစိတ်အပိုင်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

Crime Corner

## ရန်ကုန်လေဆိပ်တွင် နိုင်ငံခြားသားနှစ်ဦးထံမှ မူးယစ်ဆေးဝါးများဖမ်းမိ

အောင်သူရ၊ အိဖြူလွင်

ရန်ကုန်၊ အောက်တိုဘာ – ၃

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ တီဂျီ-၃၀၄လေယာဉ်ဖြင့် ထွက်ခွာမည့် နိုင်ငံခြားသားနှစ်ဦးထံမှ စိတ်ကြွဆေးအမျိုးအစား မူးယစ်ဆေးအထုပ်၃၂ထုပ်ကို စက်တင်ဘာ၂၇ရက်က ရန်ကုန်လေဆိပ်တွင်ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

“X-Ray ဖြတ်တဲ့ နေရာမှာမိတာပါ”ဟု မျက်မြင်သက်သေတစ်ဦးကပြောသည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးမှာ ICE အမျိုးအစားမူးယစ်ဆေးဝါးဖြစ်ပြီး တန်ဖိုးအားဖြင့်ကျပ် ၁၀၈သိန်းဖိုးခန့်ရှိကြောင်း သိရသည်။

မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးမှာ အဆိုပါ မူးယစ်ဆေးဝါးများကို ၎င်းတို့သည် ခရီးဆောင်အိတ်အောက်ခြေတွင်ထည့်၍ သယ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး လေဆိပ်ရှိ X-Ray ဖြတ်သည့်နေရာတွင် ၎င်းတို့ကို တွေ့ရှိဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ထိုအမှုကို ရန်ကုန်လေဆိပ်ရဲစခန်းတွင် မယ(ပ)၂/၂၀၁၀၊ မူးယစ်ပုဒ်မ ၁၅/၁၉(က)/ ၂၀(ခ)/ ၂၁အရ အမှုဖွင့်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

၂၀၀၉ခုနှစ်ကလည်း ရန်ကုန်လေဆိပ်တွင် နိုင်ငံခြားသားများထံမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့ပြီး ယခုဖမ်းဆီးထားသူ နှစ်ဦးကိုလည်း မူးယစ်ဆေးဝါးဥပဒေပုဒ်မအရ အရေးယူထားကြောင်း သတင်းရရှိသည်။

## ခရီးသည်တင်ယာဉ်က မီးရထားသံလမ်းပိတ်တံခါးအား ဝင်တိုက်မိ တိမ်းမှောက်

သားကျော်

ရန်ကုန်၊ အောက်တိုဘာ – ၁၅

ဒဂုံမြို့သစ်၊ တောင်ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်းပေါ်တွင် အောက်တိုဘာ၅ရက် နံနက်၅နာရီအချိန်ခန့်က ခရီးသည်တင်ယာဉ်တစ်စီးသည် မီးရထားသံလမ်းပိတ်တံခါးတိုင်နှင့် တံခါးအား ဝင်တိုက်မိ၍ တိမ်းမှောက်သွားသောကြောင့် ယာဉ်ပေါ်ပါသူ အမျိုးသမီးသုံးဦး ထိခိုက်ဒဏ်ရာများ ရရှိသွားကြောင်း သတင်းရရှိသည်။

အမှတ်(၂)လမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော ၃ခ/၇၈၇၁ကင်တာအမျိုးအစား (ရန်ကုန်-ပဲခူး) ကမ္ဘာကျော်လိုင်းမှ ခရီးသည်တင်ယာဉ်သည် တံတားဖြူမှတ်တိုင်အနီးမီးရထားသံလမ်းကူးအရောက်တွင် ယာဘက်လမ်းစပ်ရှိ မီးရထားသံလမ်းပိတ်တံခါးတိုင်နှင့် တံခါးတို့အား ဝင်တိုက်မိပြီး ယာဘက်သို့ တိမ်းမှောက်သွားခြင်းဖြစ်သည်။

အဆိုပါယာဉ်တိုက်၍ တိမ်းမှောက်မှုကြောင့် ယာဉ်နှင့် မီးရထားသံလမ်းပိတ်တံခါးတို့ ပျက်စီးသွားပြီး ယာဉ်ပေါ်ပါသူ ခရီးသည် အမျိုးသမီးသုံးဦးမှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွား၍ သယ်န်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်း/အပြင်လူနာများအဖြစ် တင်ပို့ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

ယာဉ်တိုက်၍ တိမ်းမှောက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၅၉၄/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၃၈/၂၇၉ အရ ယာဉ်မောင်းသန်းထွန်းအောင်ကို အမှုဖွင့်အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိကြောင်းသိရသည်။

# ကားဝယ်ခွင့်ရသော ဟိုတယ်လုပ်ငန်းရှင်များ ငွေပေးသွင်းရန် ရက်သတ်မှတ်

အားမာန်

ရန်ကုန်၊ အောက်တိုဘာ – ၁၄

ဟိုတယ်လုပ်ငန်းရှင်များသို့ ခွဲတမ်းဖြင့် ရောင်းချပေးထားသော မော်ဒယ်လ်မြင့်ကားများအတွက် ဝယ်ယူခွင့်ရရှိသူများအား အောက်တိုဘာ ၂၂ရက်နောက်ဆုံးထား၍ ငွေပေးသွင်းရန် သတ်မှတ်လိုက်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များကပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်ဇုန်အားလုံးအတွက် သက်ဆိုင်ရာမှ တိုယိုတာအမှတ်တံဆိပ် ၇ ယောက်စီးနှင့် ၁၅ ယောက်စီး မော်ဒယ်လ်မြင့်ကားအစီးနှစ်ရာ တင်သွင်းခွင့်ကို ယခုနှစ်ဆန်းပိုင်း၌ ခွင့်ပြုပေးခဲ့သည်။

ထိုကားများကိုမြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဇုန်အလိုက် ခွဲတမ်းဖြင့် ဝယ်ယူခွင့် ပြုခဲ့ပြီး အများစုကို မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည်။ မဲပေါက်၍ ဝယ်ယူခွင့်ရသော ဟိုတယ်လုပ် ငန်းရှင်များမှာ လူ ၁၅ ယောက် စီးနိုင်သော မော်ဒယ်လ်မြင့်ကားတစ်စီးလျှင် ကနဦးသွင်းငွေအဖြစ် ကျပ်သိန်း ၂၀၀၊ ၇ ယောက်စီး ၇၀စီတာလျှင် ကနဦးသွင်းငွေအဖြစ် ကျပ်သိန်း ၂၅၀ ပေးသွင်းရန် အောက်တိုဘာ ၁၃ရက်က သတ်မှတ်ပေးလိုက်ခြင်းဖြစ်ပြီး၊ ထပ်မံ၍ ငွေမည်မျှပေးသွင်းရမည်နှင့် ကားတန်ဖိုးမည်မျှဆိုသည်ကိုမူ မသိရှိသေးကြောင်းသတင်းရရှိသည်။ အဆိုပါကားများမှာ ၂၀၁၁ မော်ဒယ်လ်များဖြစ်သည်။

တိုယိုတာ မော်ဒယ်လ်မြင့်ကား ဝယ်ယူခွင့်ရသူများအား အထက်ပါငွေပေးသွင်းရန်ကိစ္စကို အောက်တိုဘာလ ၁၃ရက်တွင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာ ကုမ္ပဏီရုံး၏ အစည်းအဝေးခန်း၌ ကျင်းပခဲ့သော ဟိုတယ်လုပ်ငန်းရှင်များ၏ အစည်းအဝေးတွင် တာဝန်ရှိသူများက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သော ဟိုတယ်လုပ်ငန်းရှင်အချို့ကပြောသည်။ ထိုအစည်းအဝေးသို့ တစ်နိုင်ငံလုံးရှိ ဟိုတယ်ဇုန်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

# အလုပ်လုပ်ရန် မလေးရှားသွားမည့်သူများ ယခင်ကထက် အချိန်ပိုယူရတော့မည်

အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ – ၁၄

မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဌာနမှ စက်ရုံ၊ အလုပ်ရုံများသို့ အလုပ်သမားခေါ်ယူခွင့်ပြုသည့်စာရရှိရန် ခက်ခဲသွားသဖြင့် အဆိုပါ နိုင်ငံသို့ အလုပ်လုပ်ရန် လျှောက်ထားသူတစ်ဦးမှာ နှစ်လအတွင်း ထွက်ခွာနိုင်ရန် မသေချာတော့ကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီအချို့မှ တာဝန်ရှိသူများကပြောသည်။

“အရင်တုန်းက Calling ကျရင် Immigration (လူဝင်မှုကြီးကြပ်ရေး)နဲ့ ပေါင်းပြီးသွားလို့ရတယ်။ အခု ဒီလဆန်းကစပြီး မရတော့ဘူး။ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ ခွင့်ပြုသည့်စာ(KQM) ရှိမှ သွားလို့ရတော့မယ်”ဟု ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် စာမရရှိဘဲ အလုပ်သမားခေါ်ယူခဲ့သည့် မလေးရှားနိုင်ငံမှ အလုပ်အကိုင်အေဂျင်စီလေးခုအား ယခုလဆန်းမှစ၍ အမည်ပျက်စာရင်းကြေညာခဲ့ကြောင်း မလေးရှားနိုင်ငံမှ ပြန်လာသူအလုပ်အကိုင် အေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုကဲ့သို့ KQM စာမပါသော မြန်မာအလုပ်သမား ၈၀ခန့်မှာ မလေးရှားလေဆိပ်တွင် ယခုအချိန်၌သောင်တင်နေပြီး ပြည်ဝင်ခွင့်မရသည်ကို တွေ့မြင်ခဲ့ကြောင်း မလေးရှားမှ ပြန်လာသူအေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးကပြောသည်။



“အခိကပေါ်လစီအပြောင်းအလဲလုပ်တယ်ပြောတာပဲ” ဟု မလေးရှားနိုင်ငံမှ ယခုရက်ပိုင်းတွင် ပြန်လာခဲ့သူအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသားနှစ်သန်းခန့်ရှိပြီး စီမံကိန်းအရ ငါးသိန်းလျှော့ချရန် ရှိကြောင်း သိရသည်။

ထိုကြောင့် ယခုရက်ပိုင်းတွင် မလေးရှားသွားရောက်သူ အမျိုးသားလုပ်သားများရှားပါးသွားပြီး လေယာဉ်လက်မှတ်ဈေးနှုန်းများ လျှော့ကျသွားကြောင်းသိရသည်။

## ကျောက်မျက်တန်ချိန် ၆၀၀ ကျော် နေပြည်တော်သို့ စတင်ရောက်ရှိ

ညီညီဝင်း

နေပြည်တော်၊ အောက်တိုဘာ – ၁၃

နေပြည်တော်တွင် လာမည့် နိုဝင်ဘာ ၁၇ရက်မှ ၂၉ရက်အထိ ကျင်းပမည့် ကျောက်စိမ်းနှင့် ကျောက်မျက်ပွဲတော်၌ ပြသရောင်းချရန်အတွက် ကျောက်မျက်တန်ချိန် ၆၀၀ကျော်မှာ နေပြည်တော်သို့ ယခုလကတည်းက ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါကျောက်မျက်များမှာ ကချင်ပြည်နယ် လုံးခင်းဒေသ မော်များမှ အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူ တူးဖော်ထားသော ကျောက်စိမ်းများဖြစ်ပြီး၊ မီးရထားဖြင့် သယ်ယူလာကာ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ထားရှိသိုလှောင်ထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ပထမဆုံးအကြိမ်ကျင်းပမည့် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာပွဲတော်သို့ ယခင်က အောက်တိုဘာလတွင်ကျင်းပရန်စီစဉ်ခဲ့ရာမှ နိုဝင်ဘာလသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ထိုပြပွဲတွင် ရောင်းချလိုသည့် ကျောက်မျက်ရတနာများကို အောက်တိုဘာ၁ရက်မှ ၃၀ရက်အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

# ဒေသအချို့ရှိ မြေအောက်ရေများတွင် အာဆင်းနစ်ပါဝင်မှုပမာဏ မြင့်မားနေ

အိဖြူမွန်

ရန်ကုန်၊ အောက်တိုဘာ – ၁၅

မြေအောက်ရေတွင် အန္တရာယ်ဖြစ်စေသောအာဆင်းနစ်ပါဝင်မှုပမာဏကို မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခု၌ လေ့လာသုတေသနပြုခဲ့ရာ တိုင်းဒေသကြီးနှစ်ခု၏ ဒေသအချို့တွင်သာ အာဆင်းနစ်(စိန်ခါတ်)ပမာဏများပြားနေသည်ကို တွေ့ရှိရကြောင်း လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


အန္တရာယ်ဖြစ်စေနိုင်သော အာဆင်းနစ်ပမာဏပါဝင်နေမှုကို ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၏ မြောက်ပိုင်းတွင်သာတွေ့ရကြောင်း၊ ကျန်ဒေသများတွင် အန္တရာယ်ဖြစ်စေသောအာဆင်းနစ်ပါဝင်မှု မတွေ့ရှိရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

လေ့လာသုတေသနပြုခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့အပြင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)တို့၌ဖြစ်ကြောင်း သတင်းရရှိသည်။

“အန္တရာယ်ဖြစ်စေတဲ့ အာဆင်းနစ် များများစားစား မြန်မာနိုင်ငံအလယ်ပိုင်းမှာ မတွေ့ရဘူး။ ကျန်တဲ့ဒေသတွေကပုံမှန်လောက်ပဲ တွေ့ရပါတယ်။ မြစ်ချောင်းတွေကိုတော့ မလေ့လာဖြစ်ပါဘူး။ အဓိက မြေအောက်ရေကိုပါလေ့လာဖြစ်တယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

Science မဂ္ဂဇင်း၏ ပြုလုပ်ခဲ့သော လေ့လာမှုအရ ရေတွင်းတူးနည်းများကို ပြောင်းလဲခြင်းဖြင့် အာဆင်းနစ်အန္တရာယ်ကို လျှော့ချနိုင်ကြောင်း ပညာရှင်များက အကြံပြုသည်။ အဝါရောင်သဲများထက် အညိုရောင်သဲများတွင် အာဆင်းနစ်ပါဝင်မှုပိုများနိုင်ပြီး၊ သန့်ရှင်းသောသောက်သုံးရေရရှိရန် သဲဝါရှိသော ရေကြောအထိတူး၍ ဖိအားနည်းသောပန့်များကိုအသုံးပြုရန် ပညာရှင်များက အကြံပြုသည်။ Ref; NY Times


TRI
LIVES BRILLIANTLY


MEN'S AND LADIES' WEARS
g Giorenzo®

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# သီတင်းကျွတ်ကျောင်းပိတ်ရက် ပုံမှန်အတိုင်းသာပိတ်မည်ဟုဆို

သဇင်ထွေး

ရန်ကုန်၊ အောက်တိုဘာ – ၁၅

အခြေခံပညာကျောင်းများတွင် ပထမနှစ်ဝက်စာမေးပွဲဖြေဆိုပြီးပါက ကျောင်းပိတ်ရက်အား ပုံမှန်အတိုင်းသာပိတ်သွားမည်ဖြစ်ကြောင်း အမှတ်(၃)အခြေခံပညာရေးဦးစီးဌာနမှစုံစမ်းသိရှိသည်။

နှစ်စဉ်သီတင်းကျွတ်ကျောင်းပိတ်ရက်အား ၁၀ရက်သတ်မှတ်ခဲ့ကာ ယခုနှစ်တွင်ကျောင်းပိတ်ရက်ကိုတစ်လပိတ်မည်ဟူသည့် ကောလာဟလများ ကျောင်းများ၌ ထွက်ပေါ်နေကြောင်းသိရသည်။

"ကျွန်တော်တို့ဆီမှာတော့ တရားဝင်စာထုတ်ပြန်ထားတာတို့၊ နှုတ်နဲ့ပြောတာတို့ ဘာတစ်ခုမှမရှိပါဘူး။ ရှိခဲ့ရင်လည်း သက်ဆိုင်ရာမြို့နယ်တွေက ပညာရေးမှူးနဲ့ကျောင်းကဆရာ၊ ဆရာမတွေကိုအကြောင်းကြားသွားမှာပါ"ဟု အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ဒါကရပ်ကွက်တွေထဲကပြောတဲ့ကောလာဟာလတွေပါ။ ဒီလိုတွေရှိခဲ့ရင် ထုတ်ပြန်မှာပေါ့။ လက်ရှိကျွန်တော်တို့ဆီကတော့ ဘာမှထုတ်ပြန်ထားတာမရှိပါဘူး" ဟု နေပြည်တော်ပညာရေးဝန်ကြီးဌာနရုံးအဖွဲ့ထံမှစုံစမ်းသိရှိရသည်။ ရပ်ကွက်အချို့ရှိကျောင်းများတွင် နှစ်ဝက်စာမေးပွဲများဖြေဆိုပြီးပါက ကျောင်းများတစ်လပိတ်သွားမည်ဟု ကျောင်းသားမိဘများနှင့်ဆရာမများထံမှ ကြားသိရသည်။



ဓာတ်ပုံ - ကိုသက်(မုံရွာ)



## အဝေးပြေးယာဉ် သစ်ပင်ဝင်တိုက်၍ လူတစ်ဦးသေ၊ ခုနစ်ဦးဒဏ်ရာရ

ရန်ကုန်မြို့မှ အောက်တိုဘာလ(၁၃)ရက် ညနေ၃နာရီခွဲတွင် ထွက်ခွာလာသော စိန်ငွေးလှိုင်ခရီးသည်တင်ယာဉ်သည် အောက်တိုဘာလ၁၄ရက် နံနက်၁၀နာရီခန့်တွင် မုံရွာမြို့အဝင်ကုန်တင်ယာဉ်ရပ်နားစခန်းရှေ့အရောက် ယာဉ်စက်ချို့ယွင်း၍ လမ်းဘေးတမာပင်အားဝင်ရောက်တိုက်မိရာ ယာဉ်မောင်းသေဆုံးပြီး ယာဉ်နောက်လိုက်နှစ်ဦး၊ခရီးသည်ငါးဦးစုစုပေါင်း၇ဦး ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေရကြောင်းသိရှိရသည်။ အဆိုပါ စိန်ငွေးလှိုင်ခရီးသည်တင်ယာဉ်သည် ရန်ကုန်-မုံရွာ-ရေဦးခရီးစဉ်အား ပြေးဆွဲခြင်းဖြစ်ပြီး ခရီးသည်၃၂ဦး စီးနင်းလိုက်ပါလာကြောင်း စိန်ငွေးလှိုင်ခရီးသည်တင်ယာဉ်အသင်း(မုံရွာ)မှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

# တောင်ကြီးမြို့တွင် စိတ်ကြွ ူးသွပ်ဆေးပြား တစ်သိန်းကျော် ဖမ်းမိ

အိဖြူလွင်

ရန်ကုန်၊ အောက်တိုဘာ – ၁၆

တောင်ကြီးမြို့အဝင်သစ်တောဂိတ်အနီး ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်းကျော်တွေ့ရှိရာမှ ငွေကျပ်သိန်းပေါင်းကိုးထောင်ကျော်တန်ဖိုးရှိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တောင်ကြီး(မူးယစ်)အထူးအဖွဲ့မှ ဖမ်းဆီးမိခဲ့သည်ဟု သတင်းရရှိသည်။

စက်တင်ဘာ ၁၉ရက်က မြို့အဝင်ဂိတ်အနီးတွင် ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွဆေးပြားများတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဆိုင်ကယ်ပေါ်မှ အမျိုးသားနှင့် အမျိုးသမီးတို့မှာ တိမ်းရှောင်သွားခဲ့သည်ဟု သိရသည်။

ဆိုင်ကယ်မှတ်ပုံတင်မှတစ်ဆင့် အဆင့်ဆင့်စုံစမ်းခဲ့ရာ နောက်ဆုံးပိုင်ရှင်မှာ တောင်ကြီးမြို့နေသူ လင်မယားနှစ်ဦးဖြစ်ကြောင်း သိရ၍ နေအိမ်သို့ သွားရောက်ရှာဖွေရာ မတွေ့ရှိဘဲ၊ ဇနီး၏ မောင်တော်သူကိုသာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ဖုန်းအဝင်အထွက်များမှတစ်ဆင့် လိုက်လံခြေရာခံ၍နောက်ဆုံးတွင် တောင်ကြီးရှိ ထိုလင်မယား၏ အသိအိမ်တွင် ၎င်းတို့အား ဖမ်းဆီးမိခဲ့သည်ဆိုသည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးရာမှ ထိုဆေးပြားများကို နမ့်စန်မြို့နှင့် ဟိုပုန်းမြို့တို့တွင်နေသူ လူနှစ်ဦးထံမှ ယူဆောင်လာခဲ့ခြင်းဖြစ်ပြီး ထိုလင်မယားက အဆိုပါဆေးပြားများကို တစ်ဆင့်သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ပါဝင်ပတ်သက်နေသူများအား တောင်ကြီးမြို့အမှတ် ၂ရဲစခန်းတွင် မယ(ပ)၁၃/၂၀၁၀၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁အရ အမှုဖွင့်ဆောင်ရွက်နေပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ – ၁၆

ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံ မီးပွိုင့် တွင် အောက်တိုဘာ၁၅ရက် ညနေ၄နာရီခွဲအချိန်၌ ခရီးသည်တင်ယာဉ်နှစ်စီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါမီးပွိုင့်တွင် ဆူးလေဘုရားလမ်း ဝဲဘက်မှ ချိုးကွေ့မောင်းနှင်လာသော ၄၅ ယာဉ်လိုင်းမှ ၅ခ/××× ခရီးသည်တင်ယာဉ်သည် တစ်ဖက်ယာဉ်ကြောမျက်နှာချင်းဆိုင်မှမောင်းနှင်လာသော ၂၅၅ယာဉ်လိုင်းမှ ၈/××× ဘီအမ်ကားအား တိုက်မိခြင်းဖြစ်သည်။

"ကားတိုက်တာကို ဒီဘက် (အနောက်ဘက်ခြမ်း)ကနေပဲ မြင်ရတာဆိုတော့ ဘီအမ်ကားပေါ်က ဒဏ်ရာရတဲ့သူနှစ်ဦး၊ သုံးဦးတွေ့ရတယ်။ ဘယ်လောက်များလဲတော့ မသိဘူး။ ၄၅ကားပေါ်က လူတွေကိုတော့ သေချာမမြင်ရဘူး"ဟု ယာဉ်တိုက်မှုကို ကိုယ်တိုင်မြင်တွေ့သူတစ်ဦးကပြောသည်။

# ရေမြုပ်သော်လည်း ထမင်းမငတ်သူများ

မန္တလေးသတင်းအဖွဲ့

ဘုံဆွမ်းလောင်းအသင်း၏ ဆွမ်းချက်ဆောင်တွင် ချွေးတလုံးလုံးဖြင့် လူတစ်စုအလုပ်များနေသည်။ သို့သော် ထိုနေ့သည် အသင်း၏ ဆွမ်းလောင်းရက်သတ်မှတ်ထားသည့်နေ့မဟုတ်။

မန္တလေးမြို့အနောက်မြောက်ဘက်ရှိရပ်ကွက်လေးအတွင်းမှ ဆွမ်းလောင်းအသင်းမှာ သံဃာတော်များအား ဆွမ်းကပ်ရန်မဟုတ်ဘဲ ရေဘေးကြောင့် ဒုက္ခကြုံနေသည့်လူများကို ကျွေးမွေးရန်ရည်ရွယ်၍ သူတို့လူစု အောက်တိုဘာ၁၂ရက်တွင် ချက်ပြုတ်နေခြင်းပင်။

"လူရာဂဏန်းအတွက် ထမင်းချက်ကျွေးဖို့ အခက်အခဲမရှိဘူး။ ချက်ပြုတ်ရေးပစ္စည်းကိရိယာတွေ အကုန်ပြည့်စုံတယ်။ ထမင်းချက်ဖို့ ဆန်တစ်တင်းချက်ပေါင်းအိုးရှိတယ်။ အသားအချိန် ပိဿာ ၃၀လောက်ချက်ဖို့ ဒယ်အိုး၊ ဒန်အိုးအားလုံးရှိတယ်။ ချက်ဖို့ လူအင်အားလည်းရှိတယ်။ ငွေလည်း လှူသူတွေရှိတယ်။ ဒါကြောင့် ရေဘေးသင့်နယ်မြေက လူတွေအတွက် ချက်လှူဖြစ်ခဲ့တာ"ဟု ပွဲကုန်းရပ်လူငယ်ဘုံဆွမ်းလောင်းအသင်း၏အတွင်းရေးမှူးဦးတင်မောင်ဝင်းက မန္တလေးမြို့မှ ရေဘေးသင့်သူများ ဝမ်းရေးအတွက် ဖြေရှင်းပေးနေမှုကိုပြောသည်။

မန္တလေးမြို့တွင် ဘယ်အချိန်က သီးပွင့်ရှင်သန်ခဲ့သည်ဟုအတိအကျမသိရှိခဲ့သော်လည်း အခုချိန်တွင် ဆွမ်းချက်အသင်း(ဆွမ်းလောင်းအသင်း)များ၊ ရာဂဏန်းနီးပါး ရပ်ကွက်အများစုတွင် တည်ရှိနေသည်။ ထိုဆွမ်းချက်အသင်းများ၏အင်အားဖြင့် မန္တလေးမြို့အတွင်းရှိ မြို့နယ်သုံးခု ရေနစ်မြုပ်ခြင်း၏နောက်ဆက်တွဲစားသောက်ရေး အခက်အခဲအား ဖြေရှင်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆွမ်းချက်အသင်းများအနေဖြင့် မိမိတို့သတ်မှတ်ထားသည့်ရက်များတွင် ချက်ပြုတ်၍ နံနက်အစောပိုင်းတွင် သံဃာတော်များအား ဆွမ်းလောင်းလှူပူဇော်ကြသည်မှာ မပျက်မကွက်ပင်ဖြစ်သည်။

မန္တလေးမြို့တွင်း ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ပုသိမ်ကြီးမြို့နယ်များတွင် အောက်တိုဘာလ ၈ရက်မှ စတင်ကာ စံချိန်တင်မိုးရွာသွန်းမှုများကြောင့် ရေနစ်မြုပ်မှုများဖြစ်ပွားခဲ့သည်။

"အတွေ့အကြုံအရ သဲသဲမဲမဲဖြစ်နေချိန်မှာတော့ အလှူရှင်တွေဟာလည်း တက်တက်ကြွကြွနှင့်လှူကြပါတယ်။ ဒါပေမဲ့ ရေကျသွားလို့



ဒုက္ခသည်တွေ သူတို့ရဲ့အိမ်ကိုကိုယ်စီရောက် သွားတဲ့အချိန်ကျ အလှူရှင်တွေနည်းသွားတတ်ကြတယ်။ ပြီးတော့ ရတဲ့သူက အများကြီး ရ၊ မရတဲ့သူကမရမဖြစ်ရအောင် အားလုံးညီတူမျှတူဖြစ်ရအောင် ရပ်ကွက်ကတာဝန်ရှိသူတွေနဲ့ပေါင်းပြီး ဒီလိုတိုကင်ပေး၊ ပစ္စည်းတွေကိုဝေပေးတာပါ"ဟု မန္တလေးစေတနာရှင်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မန္တလေးမြို့၏တစ်နေ့တာအများဆုံးမိုးရေချိန်အဖြစ် ၁၉၉၇၊ စက်တင်ဘာ၂၉ရက်တွင် ၈ဒသမ၅၄လက်မဖြစ်ပြီး၊ ရွာသွန်းမြဲမိုးရေချိန်မှာ ၃ ဒသမ ၉၁လက်မဖြစ်သည်။ အောက်တိုဘာလအတွင်း ရက်အလိုက်နှိုင်းယှဉ်ပါက ပြီးခဲ့သည့် အောက်တိုဘာ၈ရက်၌ ရွာသွန်းမိုးရေချိန် ၅ ဒသမ ၁၂လက်မဖြင့် စံချိန်သစ်တင်ခဲ့သည်။

"နာဂစ်ဖြစ်တုန်းက ဦးဆောင်သွားရောက်သူတွေဆီကို ငွေပဲလှူလိုက်တာ။ အခုဟာက ပထမဆုံးသဘာဝဘေးအန္တရာယ်မှာ ကိုယ်တိုင်ပါဝင်ကူညီခွင့်ရခဲ့တာ ဝမ်းသာပါတယ်။ ကူညီခွင့်ရလို့။ထမင်းထုပ်ပေါင်းတစ်ထောင်ကျော် နှစ်ရက်သွားလှူခဲ့တယ်။ မုန့်ကြွပ်လည်းပါတယ်"ဟု မန်းမြန်မာဈေးချိုပလာဇာ ဈေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးတင့်ဇော်မောင်ကရေဘေးသင့်သူများ ကူညီမှုမှရသော ပီတိကိုဝေမျှသည်။

ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုများအား နိဗ္ဗာန်သုခကုသိုလ်ဖြစ်ဆေးခန်းနှင့် ကံတက်ကုန်းကုသိုလ်ဖြစ်ဆေးခန်းများမှ ဆောင်ရွက်ပေးရှိသည်။

အဆိုပါဆေးကုသမှုတွင် ဆရာတော်ကြီး ငါးပါး၏ ငွေကြေးလှူဒါန်းမှုနှင့် ကုသိုလ်ဖြစ်ဆေး ခန်းများမှ ယာဉ်၊လုပ်အားဒါနများ စုပေါင်း၍ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယာယီဆေးခန်း ၂ခန်းသို့ လူဦးရေ ၃၀၀ ကျော်လာရောက်ပြသခဲ့ကြကြောင်းသိရသည်။

"ဝမ်းသွားသူ တစ်ဦး၊ နှစ်ဦးလာပြတယ်။ ဒါပေမဲ့ ဝမ်းရောဂါအသွင်းဆောင်သော ဖြစ်ပွားမှုမတွေ့ရှိရဘူး။ သွားနဲ့ ပတ်သက်တဲ့ကုသမှုတွေပါ လုပ်ဆောင်ပေးနေတယ်"ဟု နိဗ္ဗာန်သုခကုသိုလ် ဖြစ်ဆေးခန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၂၀)သို့

7DAY NEWS JOURNAL
Vol.9, No.31 • OCTOBER 21, 2010

# ရွေးကောက်ပွဲကာလအတွင်း ရှိုးပွဲများ ကျင်းပရန်မသေချာဟု ပွဲစီစဉ်သူများက ပြောကြား

**အေးသူစံ၊ ကျော်သီဟ**
**ရန်ကုန်၊**
**အောက်တိုဘာ-၁၁**

ဝါတွင်းကာလကင်းလွတ်စဖြစ်သော နိုဝင်ဘာလတွင် ပုံမှန်အားဖြင့် ပျော်ပွဲရွှင်ပွဲများနှင့် စတိတ်ရှိုးပွဲများ ကျင်းပလေ့ရှိသော်လည်း ယခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲရှိသောကြောင့် ရှိုးပွဲများ ကျင်းပရန် မသေချာသေးကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

"ကျွန်တော်တို့က ဒီလ ၂၃ ရက်မှာ တစ်ပွဲလုပ်မယ်။ ၃၁ ရက်မှာ တစ်ပွဲလုပ်မယ်လို့ စီစဉ်ထားတာပေါ့။ ခုတော့ ၂၃ ရက်ပွဲပြီးရင် ထပ်လုပ်ဖို့ပွဲမရှိတော့ဘူး။ ကျွန်တော်တို့က ပါမစ်တင်ပြီး ပွဲမိန့်ကျတော့မှ လုပ်ရတာဆိုတော့ လောလောဆယ် လုပ်ဖို့စီစဉ်ထားတဲ့ရှိုးပွဲတွေကိုလည်း ရက်ရွှေ့ထားပါတယ်။ သေချာတာကတော့ နိုဝင်ဘာလထဲမှာဘာပွဲမှကျွန်တော်တို့ လုပ်မှာမဟုတ်ပါဘူး" ဟု ဟစ်ဟော့ပ်ရှိုးပွဲများကို ပုံမှန်တစ်လတစ်ပွဲနှုန်းတင်ဆက်နေကျ ရှိုးပွဲ စီစဉ်သူတစ်ဦးကပြောကြားသည်။

ပုံမှန်အားဖြင့် သီတင်းကျွတ်ရာသီရောက်လျှင် စတိတ်ရှိုးဖျော်ဖြေပွဲများ၊ အငြိမ့်ဇာတ်သဘင်ဖျော်ဖြေပွဲများ၊ ပရိုမိုးရှင်းပွဲများပြုလုပ်လေ့ရှိကြပြီး ယခုနှစ်တွင် ရွေးကောက်ပွဲရှိခြင်းကြောင့် နိုဝင်ဘာလအတွင်းဖျော်ဖြေပွဲများ ကျင်းပရန် မသေချာသေးကြောင်းလည်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပွဲမိန့်ပေးသော ဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ ယင်းသို့ မဟုတ်မှန်ကြောင်း တရားဝင်ပြောကြားသည်။

ပွဲမိန့်မှာ ကျင်းပမည့် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် တိုင်း အေးချမ်းသာယာရေးကောင်စီအထိအဆင့်တင်ပြရခြင်းဖြစ်သည်ဟုသိရသည်။



အိုင်စီဖျော်ဖြေပွဲတစ်ခုမှ အားပေးနေကြသော ပရိသတ်များ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကိုရီးယားသွားရန်စောင့်နေသူများကို စာရင်းပြန်သွင်းရန် လျှောက်လွှာ တစ်စောင် ငါးဒေါ်လာဖြင့် ရောင်း

**ပြည်သိမ်း၊ အောင်သူရ**
**ရန်ကုန်၊**
**အောက်တိုဘာ-၁၄**

ကိုရီးယားနိုင်ငံသို့ Employee Work Permit System-EPS စနစ်ဖြင့် ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ထားသူများ စာရင်းပြန်လည်ရေးသွင်းရန် လျှောက်လွှာများကို အောက်တိုဘာ ၂၄ရက်ထိ လက်ခံသွားမည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ် ကိုင်အေဂျင်စီမှ သတင်းရရှိသည်။

ယင်းလျှောက်လွှာများကို ထုတ်ပေးရာတွင် လျှောက်လွှာတစ်စောင်လျှင် ကန်ဒေါ်လာငါးဒေါ်လာ(ကျပ် ၄၅၀၀)ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီမှ ဥက္ကဋ္ဌက ပြောကြားသည်။

"ဝန်ဆောင်မှုစရိတ်ကိုလည်း ရွှေအင်းဝကုမ္ပဏီက ယူတဲ့ပမာဏထက် လျော့နည်းမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လုပ်သားများအတွက် ဆေးစစ်မှုကိုလည်း ဗိုလ်အောင်ကျော်လမ်းရှိ Nine Star Poly Clinic နှင့် ရန်ကုန်မြို့ ဇမိုင်ရှိ သမားတော်ဆေးခန်းတို့တွင် စစ်ဆေးပေးမည်ဖြစ်သည်ဟုဆိုသည်။

"ဆေးစစ်ခက လူတစ်ဦးကို ကျပ်နှစ်သောင်းမှ သုံးသောင်းကြားပေးရတယ်။ မြို့ထဲက ဗိုလ်အောင်ကျော်လမ်းမှာစစ်ရင် တစ်ရက်နဲ့ရပြီးတော့ သမားတော်မှာစစ်ရင် သုံးရက်အကြာမှာ အဖြေသိရတယ်"ဟု ကိုရီးယားသို့ သွားရောက်ရန်စာမေးပွဲ အောင်မြင်ထားသူတစ်ဦးက လက်ရှိအခြေအနေကိုရှင်းပြသည်။

ထို့အပြင် ယခင်က ရွှေအင်းဝကသိမ်းယူထားသည့် နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)များကိုလည်း ပြန်လည်ထုတ်ပေးနေကြောင်း သိရသည်။

ရွှေအင်းဝကုမ္ပဏီသည် EPS စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်၍ ကိုရီးယားနိုင်ငံသို့ လုပ်သားများ စေလွှတ်ရာတွင် တစ်ဦးကို ဝန်ဆောင်စရိတ် ကန်ဒေါ်လာ၁,၀၅၀ ယူခဲ့ကြောင်းလည်းသိရသည်။

အဆိုပါသတင်းကြားသိ၍ စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်နေသော စာမေးပွဲအောင်မြင်ထားသူတစ်ဦးကလည်း ခွင့်နှစ်ပတ်ယူ၍ လျှောက်လွှာပြန်လာတင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် EPS စာမေးပွဲအောင်မြင်ထားပြီး ကိုရီးယားနိုင်ငံသို့သွားရောက်ရန် စောင့်ဆိုင်းနေသူ ၂,၀၀၀ ကျော်ရှိသည်။ ရွှေအင်းဝကုမ္ပဏီမှ ကိုရီးယားနိုင်ငံသို့ အလုပ်သမားများ စေလွှတ်ရာတွင် EPS-KLT စာမေးပွဲအောင်မြင်ထားသူ ၃,၅၀၀ ကျော်ရှိပြီး ယင်းတို့ထဲမှ ၁,၂၀၀ ကျော်သာစေလွှတ်နိုင်ကြောင်း သိရသည်။

ရွှေအင်းဝကုမ္ပဏီသည် EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံ အလုပ်သမားစေလွှတ်မှု ပြဿနာအချို့ရှိခဲ့သဖြင့် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ရပ်ဆိုင်းခဲ့သည်။ ထို့ကြောင့် EPS စာမေးပွဲအောင်မြင်ပြီး ကျန်ရှိနေသော အလုပ်သမားများကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ တစ်ခုတည်းမှသာ စေလွှတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## ဆန်အသင်းက ပြည်ပဆန်တင်ပို့သူများထံမှ ကောက်ခံသောရန်ပုံငွေလျှော့ပေး

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့သူများထံမှ ဆန်တစ်တန်လျှင် ကျပ် ၂,၀၀၀ အလှူခံမှုအား ယခုလဆန်းမှစ၍ တစ်တန်လျှင် ကျပ် ၅၀၀ သာအလှူခံတော့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကဲ့သို့ လျှော့ချရခြင်းသည် လူအချို့က ဒေါ်လာတန်ဖိုးကျနေသည့်အတွက် လိုင်စင်ကျလျှင် ကျပ်၂,၀၀၀အလှူခံမှုကို မပေးချင်ဟု အကြောင်းပြခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းပမာဏသည် ဆန်တင်ပို့သူများတွင် ၂၀ရာခိုင်နှုန်းနီးပါးရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"အခု ငွေလဲတဲ့နှုန်းနဲ့က ဆန်တစ်တန်ကို နှစ်ဒေါ်လာ၊ သုံးဒေါ်လာမြတ်ဖို့တောင် မလွယ်တော့လို့ အသင်းက ဈေးလျှော့ပေးတာပါ"ဟု ဆန်တင်ပို့သူလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်း၏ရန်ပုံငွေအဖြစ် ဆန်တင်ပို့သူများထံမှ ဆန်တစ်တန်လျှင် ကျပ်၂,၀၀၀ ကောက်ခံခဲ့သည်။

ယခုလပိုင်းမှစ၍ ပြည်ပဆန်ဈေးကွက်တွင် မြန်မာနိုင်ငံမှတင်ပို့သောသော ၂၅မတ်ဆန်မှာ တစ်တန်လျှင် ၃၈၀ ဒေါ်လာသို့ ဒုတိယအကြိမ် ဈေးတက်ခဲ့သော်လည်း ပို့ကုန်ရငွေတန်ဖိုးမှာ ၉၀၀ ကျပ်စွန်းစွန်းသာရှိသဖြင့် ဆန်တင်ပို့သူများအတွက် တွက်ခြေမကိုက်ဟုဆိုသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင်လည်း ဆန်စပါးအရောင်းအဝယ်မှာ အေးနေပြီး ဆန်သစ်များမှာလည်း မကြာမီ ပေါ်ပေါက်လာတော့မည်ဟုဆိုသည်။

## ကန်တော်ကြီးပဲလေ့စ်ဟိုတယ် လွှဲပြောင်းလုပ်ကိုင်ရေးနှင့် ပတ်သက် နှစ်ဖက်တာဝန်ရှိသူများ နှစ်မျိုးပြော

**အောင်သူရ၊ အေးမြကျော်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၁**

အစိုးရမှ ဟိုတယ်သင်တန်းကျောင်း ဖွင့်လှစ်ထားသော ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်အား ထူး Group of Company သို့ လွှဲပြောင်းလုပ်ကိုင်ရန် သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း အဆိုပါဟိုတယ်မန်နေဂျာကပြောသည်။

"နှစ်မကုန်ခင် လွှဲရမှာပါ"ဟု အဆိုပါဟိုတယ်မန်နေဂျာက အောက်တိုဘာ ၁၁ ရက်ကဆိုသည်။

ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိသည့်အခါ ညစာစားပွဲများအား အဆိုပါဟိုတယ်တွင် ပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါဟိုတယ်မှ ဝန်ထမ်းအချို့က ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ထူးကုမ္ပဏီအုပ်စုမှ ဟိုတယ်လုပ်ငန်းစု၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းဦးအား မေးကြည့်ရာ လွှဲပြောင်းလုပ်ကိုင်ခြင်းမှာ မဟုတ်မှန်ကြောင်း တယ်လီဖုန်းမှ တစ်ဆင့်ဖြေကြားခဲ့သည်။ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်သည် အခန်းပေါင်း ၂၀၈ခန်းရှိပြီး ကျောက်မျက်ဆိုင်များဖွင့်လှစ်ထားသော ဟိုတယ်ဖြစ်သည်။ ထူးကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံ၌ Myanmar Treasure Resort နှင့် Aureum Palace Resort နာမည်နှစ်ခုဖြင့် နိုင်ငံအနှံ့အပြားတွင် ဟိုတယ်များဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

## သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် မီးစက်တပ်ဆင်ရန်စီစဉ်

**မေဝင်းမွန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

လာမည့်နွေရာသီကာလ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် ယာဉ်များ တန်းစီစောင့်ဆိုင်းရမှု အခက်အခဲမရှိစေရေးအတွက် ယခုလကုန်ပိုင်းမှစ၍ မီးစက်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရသည်။

လက်ရှိတွင် ဓာတ်ငွေ့အရောင်းဆိုင်နှစ်ဆိုင်တွဲ ငါးဆိုင်တွင်သာ မီးစက်တပ်ဆင်ထားပြီး၊ မီးစက်အသစ်များ ထပ်မံရောက်ရှိလာပြီဖြစ်သဖြင့် စုစုပေါင်းအရေအတွက် ၄၀ ရှိကာ သဘာဝဓာတ်ငွေ့အရောင်းဆိုင်တိုင်းတွင် တပ်ဆင်သွားမည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်းရှိ သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ) သုံးယာဉ် ၂၇,၀၀၀ နီးပါးအတွက်နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၁၈ သန်းခန့်ရောင်းချပေးလျက်ရှိသည်။

ညောင်တုန်းသဘာဝဓာတ်ငွေ့မြေမှ ထွက်ရှိသော ကုန်းတွင်းသဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းဒေသကြီးရှိ စီအင်န်ဂျီသုံးမော်တော်ယာဉ်များအတွက် နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ခန့်အား ဖြန့်ဖြူးရောင်းချပေးကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးသို့ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့များအပြင် ဓာတ်ငွေ့တိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် မအူပင်မြို့အနီးတစ်ဝိုက်ဒေသများတွင်ပါ သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတူးဖော်လျက်ရှိကြောင်းသိရသည်။

## ရန်ကုန်တွင် သုံးထပ်ခွဲကန်ထရိုက်တိုက်များ ပိုဆောက်လာ


**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၅**

**ရန်ကုန်မြို့တွင် ယခုနှစ်ပိုင်းအတွင်း သုံးထပ်ခွဲကန်ထရိုက်တိုက်များဆောက်လုပ်မှုများလာကြောင်း ကန်ထရိုက်ဆောက်လုပ်သူများကပြောသည်။**

ထိုသို့ သုံးထပ်ခွဲတိုက်များ ဆောက်လုပ်ခြင်းကို ငွေကြေးအင်အား မတောင့်တင်းသော ကန်ထရိုက်တိုက်ဆောက်လုပ်သူ လုပ်ငန်းရှင်များက ဆောက်လုပ်ကြခြင်းဖြစ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းရှင်များက ခြောက်ထပ်တိုက် ဆောက်လုပ်လျှင် သက်ဆိုင်ရာသို့ ကြိုတင်ငွေအဖြစ် ကျပ်သိန်း ၅၀ ပေးသွင်းရသည်။ သို့သော် ၎င်းတို့ ပေးသွင်းထားသော ငွေများမှာ ခြောက်ထပ်တိုက်ဆောက်ပြီးပါကလည်း ပြန်လည်ရရှိရန် ကြန့်ကြာသဖြင့် ခြောက်ထပ်တိုက်အစား သုံးထပ်ခွဲတိုက်ကို ပိုမိုဆောက်လုပ်လာခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"သုံးထပ်ခွဲ ဘာကြောင့် ပိုဆောက်လာတာလဲဆိုရင် အဓိက နှစ်ချက်ရှိတယ်။ တစ်အချက်က စည်ပင်ကို ကျပ်သိန်း ၅၀ မသွင်းချင်လို့။ နောက်သုံးထပ်ခွဲတိုက်က လိုင်စင်ကန်ထရိုက်တာရဲ့ လက်မှတ်မလိုဘူး။ အဲဒါတွေကြောင့်ပါ" ကန်ထရိုက်တိုက် ဆောက်လုပ်သူကပြောသည်။



အဆိုပါတိုက်များကို လှိုင်၊ ကမာရွတ်၊ သင်္ဃန်းကျွန်းနှင့် မရမ်းကုန်းရှိ နေရာအချို့တွင် ပိုမိုဆောက်လုပ်လာသည်။ အဆိုပါတိုက်များမှာ ဆောက်လုပ်ပြီးကာလအတွင်းမှာပင် အခန်းရောင်းကုန်ပြီး ဝယ်အားကောင်းနေသည်ဟုလည်း ဆိုသည်။ ထိုကြောင့် ငွေကြေးအင်အား မတောင့်တင်းသော ကန်ထရိုက်တိုက်ဆောက်လုပ်သူများက အမြတ်နည်းနည်းသာရသော်လည်း မြန်မြန်ဆောက်၊ မြန်မြန်ရောင်း၊ မြန်မြန်ငွေပေါ်၍ ပိုမိုဆောက်လုပ်နေကြခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူတစ်ဦးကလည်း ထိုသို့သော တိုက်များကို ယခင်က မြေဂရန်မရှိသောနေရာများနှင့် ပိုင်ဆိုင်မှုတိတိကျကျမပြနိုင်သော နေရာများတွင် သက်ဆိုင်ရာက နားလည်မှုဖြင့် ခွင့်ပြုထားခြင်းဖြစ်ကြောင်းပြောသည်။ သို့သော် ယခုနောက်ပိုင်းတွင် မြို့နယ်အချို့၌ မြေဂရန်ရှိသော မြေကွက်များတွင်လည်း ပိုမိုဆောက်လုပ်လာကြောင်း ၎င်းကပြောသည်။

## "မိုးညအိပ်မက်မြူ" ရုပ်ရှင်ကားကို အမေရိကန် ရုပ်ရှင်ပွဲတော်တစ်ခုက လာရောက်ပြသရန်ကမ်းလှမ်း

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ဒရာမာဇာတ်ကားတစ်ကားဖြစ်သော်လည်း ရုပ်ရှင်ကြည့်ပရိသတ်၏အားပေးမှုကိုအထိုက်အလျောက်ပြန်လည်ရရှိနေသည့် 'မိုးညအိပ်မက်မြူ'ဇာတ်ကားအား အမေရိကန်အခြေစိုက် Net-MMA အဖွဲ့အစည်းမှပြုလုပ်မည့်ရုပ်ရှင်ပွဲတော်တွင် လာရောက်ပြသရန် ကမ်းလှမ်းခြင်းခံရကြောင်း ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ ကြည်ဖြူသျှင်ကပြောသည်။

"မနှစ်ကတည်းက ဟောလိဝုဒ်က တောင်းထားတာ။ ရန်ကုန်မှာရုံမတင်ရသေးလို့ မနှစ်ကတော့ မပြဖြစ်လိုက်ဘူး။ အခု အထူးပွဲပြတဲ့နေ့မှာပဲသူတို့ဆီက ထပ်ကမ်းလှမ်းတယ်။ နောက်နှစ် ဧလပိုင်းလောက်ဖြစ်မယ်ထင်ပါတယ်"ဟု ၎င်းကပြောသည်။

ယင်းဇာတ်ကားအတွက် နည်းပညာပိုင်းဆိုင်ရာပြင်ဆင်မှုအတွက်ကိုမူမည်သည့်အဖွဲ့အစည်း နှင့်ပြုလုပ်မည်ဆိုခြင်းကို အတည်မပြုရသေးကြောင်းလည်း သိရသည်။ "ကိုယ့်မြန်မာကားတစ်ကားကိုနိုင်ငံခြားမှာပြဖို့ဆိုတာ တော်တော်ခက်ပါတယ်။ ဟောလိဝုဒ်မှာပြနိုင်ဖို့က ပိုခက်ပါတယ်။ ဖိတ်တဲ့အဖွဲ့အစည်းကပြောတယ်။ သူတို့ဆီမှာ ခေတ်ကားတွေမကြိုက်ဘူး။ မြန်မာဆန်တဲ့ ကားပဲကြိုက်တယ်လို့ပြောကြတယ်။ အစ်မရာဇဝင်ကားရိုက်တုန်းကလည်းသူတို့တောင်းတယ်။ ဒါပေမဲ့ အဲဒီကားတုန်းက ဒီမှာဗီဒီယိုထွက်လိုက်တော့ ဟိုကိုအခွေရောက်သွားတော့ပြလို့မရတော့ဘူး။ ဒီ 'မိုးည' ကျတော့ရိုက်ဖို့စီစဉ်ကတည်းကိုက သူတို့က ကမ်းလှမ်းတာပါ" ဟု ကြည်ဖြူသျှင်က ဇာတ်ကားကမ်းလှမ်းခံရမှုနှင့်ပတ်သက်ပြီးပြောကြားသည်။

'မိုးညအိပ်မက်မြူ' ဇာတ်ကားသည် အနုပညာအကျိုး အမြတ်အရ အောင်မြင်နေပြီး ကြည့်ရှုသူပရိသတ်အများစု နှစ်ခြိုက်မှုကိုရရှိနေကြောင်းနှင့် ငွေကြေးအကျိုးအမြတ်အရ ဟာသကားများလောက် ဝင်ငွေမကောင်းနိုင်ခြင်းကို ရုံတင်ပြသနေသည့် ရုပ်ရှင်ရုံများတွင် ပရိသတ်အနည်းအများကိုကြည့်၍ ခန့်မှန်းသိရှိနိုင်ကြောင်းသိရသည်။

## သီတင်းကျွတ်ကာလအတွင်း ရန်ကုန်မြို့တွင်ကျင်းပရန်ရှိသည့် ဂီတဖျော်ဖြေပွဲများ

| စဉ် | ကျင်းပမည့်ပွဲအမည် | ကျင်းပမည့်နေ့ရက် | အချိန် | လက်မှတ်ဈေးနှုန်း | နေရာ |
|---|---|---|---|---|---|
| ၁။ | IC ၏ နှစ် ၂၀ ပြည့် ဖျော်ဖြေပွဲ (လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း) | ၂၃-၁၀-၂၀၁၀ | 6:30 PM | ၁၅,၀၀၀၊ ၁၀,၀၀၀၊ ၇,၀၀၀ ကျပ် | သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁) |
| ၂။ | သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲကြီး (ဟစ်ဟော့ပ်အဆိုတော်အများစုနှင့် ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်း) | ၂၃-၁၀-၂၀၁၀ | 5:00 PM | ၅,၀၀၀ | ယုဇနဂါးဒင်းဟိုတယ် |
| ၃။ | Junction 8 နှင့် Juction ဇဝန သီတင်းကျွတ်ဖျော်ဖြေပွဲ (ဖြိုးကြီး၊ ဟဲလေး၊ ဒီယံ၊ သီရိဆွေ၊ ကြိုးကြာ) | ၂၃-၁၀-၂၀၁၀ | 1 to 3 PM (ဇဝန) 5 to 7 (-8) | Free Show | Junction 8 နှင့် Juction ဇဝန |
| ၄။ | Junction မော်တင်ဖျော်ဖြေပွဲ (သီတင်းကျွတ်ပွဲ) (ဖြိုးကြီး၊ L လွန်းဝါ၊ မိုးမိုး၊ အေသင်ချိုဆွေ၊ အိမ့်ချစ်၊ ဝိုင်းစုခိုင်သိန်း) | ၂၄-၁၀-၂၀၁၀ | 2:00 to 4:00 PM | Free Show | Junction မော်တင် |

Life
7DAY NEWS JOURNAL
Vol.9, No.31 • OCTOBER 21, 2010



# နာနှစ်နာနှင့်ကျေးဇူးရှင်ဆရာများ

သင်းရီ

သီတင်းကျွတ်တော့မည်...။

သီတင်းကျွတ်လျှင် ကျွန်တော်၏ မွေးရပ်မြေ သဲကုန်းမြို့ကလေးသို့ မပြန်ဘဲ ကျွန်တော် မနေတတ်။ ပြန်၍မဖြစ်နိုင်သော နှစ်ကာလ အခါများတုန်းကမူ သီတင်းကျွတ်ပြီဆို မွေးရပ်ကို လွမ်းသည့်အလွမ်းများကအလွန် ပင်နေမထိထိုင်မသာရှိတတ်၏။ မမေ့ကောင်းသောအရာထဲတွင် ဇာတိချက်ကြွေမွေးရပ်မြေလည်း ပါလေသည်။ ထို့ကြောင့်ပင်လား မသိ၊ ပျော်ရာမှာ မနေနိုင်သည့် ကျွန်တော်က မွေးဇာတိကို လွမ်းနေမိတတ်သည်။ အထူးသဖြင့်ကား သီတင်းကျွတ်လျှင် ပိုလို့ လွမ်းမိရသည်။

ကျွန်တော်၏ မွေးဇာတိမြို့ကလေးသည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်သော်လည်း ထွက်ကုန်သီးနှံအရောင်းအဝယ်နှင့် စည်စည်ကားကား ရှိလွန်းလှသည့် မြို့လေးတော့မဟုတ်။ သို့သော် အေးချမ်း၍ နေချင့်စဖွယ် မြို့လေးတစ်မြို့ဖြစ်ကြောင်းကိုမူ ရောက်ဖူးကြသူတိုင်းက အသိအမှတ်ပြုကြသည်။

ထိုကဲ့သို့ ခပ်ခြောက်ခြောက်နှင့်ပင် ငြိမ်းချမ်းစွာ ငြိမ်ငြိမ်လေးကုပ်နေသလိုရှိတတ်သော မြို့လေးသည် နှစ်စဉ်သီတင်းကျွတ်လရောက်လျှင်တော့ စည်စည်ကားကားနှင့် အသက်ဝင်ခုန်ပေါက်မြူးထူးလာသလို ရှိတတ်၏။

သီတင်းကျွတ်လဆန်း ၁၃ရက်လောက်မှစလျက် မြို့ပေါ်နှင့် မြို့ပတ်ဝန်းကျင် ရပ်ကွက်ကျေးရွာများတွင် ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲတွေ၊ မဟာဒုက်စာရေးတံမဲဖောက်၍ ဘုရားအမှူးပြုသော သံဃာတော်များကို ဆွမ်းကပ်လှူပွဲတွေ။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေ၊ အာစရိယပူဇော်ပွဲတွေ ပွဲချင်းဆက်လျှက် သီတင်းကျွတ်လပြည့်ကျော်သုံးရက်၊ လေးရက်အထိ လော်စပီကာသံ တညံညံနှင့်ရှိလေသည်။

အထူးသဖြင့်ကား အောက်တိုဘာလ ၅ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ဆရာများနေ့နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျင်းပကြသည့် အာစရိယပူဇော်ပွဲများက မြို့ကလေး၏ပတ်လည်တွင် မြိုင်ဆိုင်စည်ကားနေတတ်သည်။

အောင်ကုန်းရွာ မူလတန်းကျောင်း အာစရိယပူဇော်ပွဲ။ ပွေးယားရွာ မူတန်းကျောင်း အာစရိယပူဇော်ပွဲ။ ရပ်ကွက် ၂ မူလတန်းကျောင်း အာစရိယပူဇော်ပွဲ။ ရပ်ကွက် ၄ မူလတန်းကျောင်း အာစရိယပူဇော်ပွဲနှင့် သဲကုန်းမြို့ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲတွေက ရက်ချင်းဆက်နေကြလေ၏။

ထိုထိုသော မူလတန်း အထက်တန်းကျောင်းအသီးသီးတို့တွင် ပညာရည်နို့ သောက်စို့ခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစားယူခဲ့ကြရပြီဖြစ်သည့် ဆရာကြီး၊ ဆရာမကြီးများ၏ ကျေးဇူးကို မမေ့မလျော့စွာဖြင့် ပူဇော်ကန်တော့ကြသည့်ပွဲများဖြစ်ပါသည်။

ထိုအာစရိယပူဇော်ပွဲများ၏ သက်တမ်းတို့ကား မနည်းကြတော့။ ရပ်ကွက် ၄ မူလတန်းကျောင်း အာစရိယပူဇော်ပွဲက သည်နှစ်တွင် ၂၅ နှစ်မြောက် ငွေရတုသို့ပင်တိုင်ခဲ့ပြီဖြစ်သကဲ့သို့ သဲကုန်းမြို့လေး၏ ပရိဝုဏ်တွင် အဦးအစအဖြစ် ၁၉၈၃ခုနှစ်ကတည်းကစတင်ကာ အာစရိယပူဇော်ပွဲကျင်းပခဲ့သော မြို့မအထက်တန်းကျောင်း အာစရိယပူဇော်ပွဲကမူ သည်နှစ်တွင် (၂၈)ကြိမ်မြောက်သို့ရောက်ခဲ့လေပြီဖြစ်လေ၏။

ထိုမျှလောက် နှစ်ပေါင်းရှည်ကြာ အခိုင်အမာဆက်လက် တည်တံ့ခိုင်မြဲနေနိုင်ခြင်းမှာ 'နာသုံးနာနှင့်ပြည့်စုံသော'ဟု ကျွန်တော်တို့ အမြဲတစေ ရည်မှတ်ပူဇော်ခဲ့သည့် ဆရာကြီးဆရာမကြီးများ၏ ဂုဏ်ကျေးဇူး အနန္တတို့ကြောင့်ဖြစ်ပါလိမ့်မည်။

သို့သော်. . ယခုအခါ ကျွန်တော်တို့ ကာလရှည်ကြာစွာ သုံးနှုန်းလာခဲ့ကြသော ထို'နာသုံးနာ'နှင့်ပက်သက်၍ စဉ်းစားစရာ အစတစ်စ ပေါ်လာပါသည်။

ကျွန်တော်တို့သည် 'နာသုံးနာနှင့်ပြည့်စုံကြသော ဆရာသခင် ကျေးဇူးရှင်များ'ဟု နှစ်ပေါင်းများစွာကတည်းကပင် သုံးနှုန်းခဲ့ကြ၏။ ထို 'နာသုံးနာ'၏ ဖွင့်ဆိုချက်ဖြစ်သော ဝါသနာ၊ စေတနာနှင့် အနစ်နာ သုံးခုလုံးအတွက် ကျွန်တော်တို့ စောဒကမတက်ခဲ့ကြ။ ထွေထွေထူးထူး မစဉ်းစားမိခဲ့ကြ။ ရှေးလူတို့ ပြောဆိုသတ်မှတ်ခဲ့သည့် နာသုံးနာအတိုင်းပင် လွယ်လင့်တကူ ယူငင်သုံးစွဲခဲ့ကြသည်။

သို့သော်. . . မကြာသေးခင် ရက်ပိုင်းက ကျွန်တော်၏ မိတ်ဆွေစာရေးဆရာတစ်ဦးက သူ့ဖခင် ပင်စင်စား ကျောင်းဆရာကြီး ပြောပြခဲ့ဖူးသည့် "နာနှစ်နာ" အကြောင်းပြန်၍ ဖောက်သည်ချသည့်အခါတွင်မူ ကျွန်တော်တို့ ပြောလေ့ရှိကြသည့် ထိုနာသုံးနာကို ပြန်လည်ဆန်းစစ်ရန် စိတ်ကူးပေါ်ပေါက်လာရပါတော့သည်။

မိတ်ဆွေစာရေးဆရာ ပြန်ဖောက်သည်ချသည့် သူ့ဖခင်၏ စကားထဲတွင် နာသုံးနာမဟုတ်ဘဲ နာနှစ်နာသာရှိသည်ဟုဆိုသည်။ ဝါသနာရှိလို့ စေတနာအရင်း တည်ထားတဲ့ ကျောင်းဆရာ အလုပ်ဟာ အနစ်နာခံနေရခြင်း မဟုတ်ဘဲ အနစ်နာခံခြင်းလို့လည်း မယူဆသင့်ကြောင်း။

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

## ငါးသိန်းတန်ဖုန်းကိုင်သူတွေ လိုရာရွေးနိုင်မယ့်နေရာ

**အိဖြူလွင်**

အနေတွေဝေးနေတဲ့သူတွေ အနေနဲ့ အနေနီးနေတဲ့သူတွေပါ အားလုံးအတွက် ဆက်ဆံရေးကို ပိုပြီးနွေးထွေးစေလာမှာက နည်းပညာခေတ်မှာ လူတိုင်း မရှိမဖြစ် လိုအပ်လာတဲ့ဖုန်းတွေပါ။

မိမိသုံးချင်တဲ့ဈေးနှုန်းနဲ့ နေ ရာကိုလိုက်ပြီး သင့်တော်တဲ့ ဖုန်းအမျိုးအစားပေါင်း စုံနေအောင် ကိုင်လို့ရတဲ့ လက်ရှိအခြေအနေကြောင့် ခုနောက်ပိုင်းမှာ အသုံးများလာတာက ကျပ်ငါးသိန်းခန့်နဲ့လည်း ဖုန်းကိုင်ဆောင်နိုင်ပြီး ဒေသတိုင်းကို ယူသွားလို့ရတဲ့ စီဒီအမ်အေ၄၅၀ မဂ္ဂါဟက်ဇ်ဖုန်းတွေပါ။

စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်ဖုန်းတွေက သုံးလို့ အဆင်ပြေပေမယ့် ဟန်းဆက်က ဈေးမြင့်ပြီး ရွေးချယ်စရာ သိပ်မရှိတာကြောင့် ဝယ်ယူသူတွေအနေနဲ့ သေချာရွေးဝယ်နိုင်ဖို့လည်း လိုမယ်လို့ထင်ပါတယ်။

ဒါကြောင့်လည်းပဲ ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ့်နေရာကို စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်ဟန်းဆက်တွေရနိုင်မယ့်နေရာအကြောင်း လမ်းညွှန်ပေးပါရစေ။

လက်ရှိအခြေအနေမှာ သုံးစွဲသူတွေ အဆင်ပြေနေတဲ့ဟန်းဆက်တွေက ကိုရီးယားနိုင်ငံထုတ် "G Mobile" U 300 Plus နဲ့ Unimile တံဆိပ်တွေပါ လိုင်းဆွဲအားကောင်းပြီး 1.3 MP ရှိတဲ့ကင်မရာနဲ့ Bluetooth Device တွေပါ ပါတဲ့အတွက် လူကြိုက်တွေပါ နှစ်သက်ကြတယ်လို့သိရပါတယ်။

Slide ဖုန်းအမျိုးအစား "G Mobile" U 300 Plus က ဈေးနှုန်းကျပ်နှစ်သိန်းခြောက်သောင်းလောက်ရှိပြီး ခေါက်ဖုန်း Unimile က ဘက်ထရီအပိုပါပြီး ကျပ်နှစ်သိန်းတစ်သောင်းလောက်ရှိပါတယ်။

လူငယ်တွေ နှစ်သက်တဲ့ တရုတ်နိုင်ငံထုတ် Nokia 6308 တွေကတော့ Memory 2GB ပါဝင်ပြီး 2MP ရှိတဲ့ကင်မရာလည်း ပါဝင်တာကြောင့် လူကြိုက်များပါတယ်။ အဖြူ၊ ရွှေရောင်၊ အနက်နဲ့ခဲရောင်ဆိုပြီး အရောင်လေးရောင်ရှိတာကြောင့် စိတ်ကြိုက်အရောင်ကိုရွေးဝယ်နိုင်ပါတယ်။

Bluetooth ပါဝင်သလို၊ လိုင်းဆွဲအားလည်း ကောင်းပြီး ဈေးနှုန်းကလည်း ကျပ်တစ်သိန်းခြောက်သောင်းဝန်းကျင်ပဲရှိလို့ သုံးစွဲသူတွေအတွက် သင့်တင့်တဲ့ဟန်းဆက်အမျိုးအစားတစ်ခုလို့ ဆိုနိုင်ပါတယ်။

ဒီဟန်းဆက်တွေအားလုံးရဲ့ ဘက်ထရီကတော့ သာမန်ဖုန်းတွေထက်တော့ အချိန်ကြာကြာပိုခံတယ်လို့လည်း သိရပါတယ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်ဟန်းဆက်တစ်လုံးကို ဝယ်ယူဖို့ စိတ်ကူးရှိတယ်ဆိုရင်တော့ ဒီဇိုင်းလှလှနဲ့ အသုံးဝင်တဲ့ဟန်းဆက်တွေကို လူကြီးမင်းဖုန်းဆိုင်ရဲ့ ဆိုင်ခွဲတွေအားလုံးမှာ ရနိုင်ပါတယ်လို့. . .။







7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## လယ်တီဆရာတော်ကြီး မွေးရပ်မြေတွင် ၂၄နာရီ မီးလင်းပြီဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၁၃**

ပထမလယ်တီဆရာတော်ကြီး မွေးရပ်မြေဖြစ်သော ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာတွင် ပြီးခဲ့သည့် စက်တင်ဘာလ ၃၀ ရက်မှစ၍ ၂၄ နာရီလျှပ်စစ်မီး ရရှိပြီဟု စိုင်ပြင်ကြီးကျေးရွာ ဒေသခံများကပြောသည်။

"အရင်တုန်းက စိုင်ပြင်ရွာမှာ ပုဂ္ဂလိက မီးပေးစက်တွေကနေ မီးချောင်းတစ်ချောင်း ကျပ် ၅၀ကနေ ကျပ်၁၀၀အထိပေးရတယ်။ အခု သဖန်းဆိပ်ဆည်ကနေ လျှပ်စစ်မီးကို ပြီးခဲ့တဲ့ စက်တင်ဘာ ၃၀ ရက် ကနေစပြီး ၂၄နာရီမီးပေးတော့ နေ့ရောညပါ လျှပ်စစ်မီးကို အသုံးပြုနိုင်တယ်ဆိုတော့ အီလက်ထရွန်နစ်ပစ္စည်းတွေ ပိုသုံးဖြစ်ပြီပေါ့"ဟု စိုင်ပြင်ကြီးကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာတွင် ပထမလယ်တီဆရာတော်ကြီးမွေးဖွားခဲ့ပြီး စိုင်ပြင်ကြီးရွာအရှေ့ဘက်တွင် ဗောဓိတစ်ထောင်ဆရာတော်ကြီး မွေးဖွားရာ မြရိပ်ကျေးရွာတည်ရှိသဖြင့်စိုင်ပြင်ကျေးရွာဝန်းကျင်သည် ထင်ရှားသောဒေသဖြစ်သည်။

"စိုင်ပြင်ကျေးရွာက အိမ်ခြေ ၁၀၀၀ ကျော်ရှိတဲ့ရွာတန်းရှည်ကြီးပါ။ စပါးကြိတ်ခွဲစက်တွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ ဈေးဆိုင်တန်းတွေ၊ စားသောက်ဆိုင်တွေနဲ့ စည်ကားတဲ့ရွာကြီးတစ်ရွာ ဖြစ်ပြီး မုံရွာ-ရေဦး-တန့်ဆည်ခရီးသည်ကားတွေရပ်နားတဲ့ရွာကြီးတစ်ရွာပါ။ အခုလျှပ်စစ်မီးအချိန်ပြည့်သုံးလို့ရပြီဆိုတော့ အရင်ကထက်ပိုပြီး ဖွံ့ဖြိုးသွားတာပေါ့"ဟု စိုင်ပြင်ကြီးကျေးရွာမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

## မြန်မာနိုင်ငံအထက်ပိုင်းမြို့ကြီးများတွင် MRTV-4 ဖမ်းယူကြည့်ရှုနိုင်

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၁၃**

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ခရိုင်မြို့ကြီး ၁၀မြို့အတွင်းရှိ မြို့များတွင် MRTV-4 ရုပ်သံလိုင်းအား အောက်တိုဘာလဆန်းမှစတင်၍ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်းဒေသခံများကပြောသည်။

မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့အတွင်းရှိ မြို့အချို့၊ ညောင်ဦးခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ပခုက္ကူခရိုင်နှင့် ရွှေဘိုခရိုင်တို့ အတွင်းရှိ မြို့အချို့၌ ဖမ်းယူကြည့်ရှုနိုင်ခြင်းဖြစ်သည်။

အထက်ပါ ဒေသအနီးတစ်ဝိုက်တွင် အောက်တိုဘာလဆန်းပိုင်းမှစ၍ MRTV-4 (Free to Air) ရုပ်သံလိုင်းအား ၂၄နာရီ ဖမ်းယူကြည့်ရှုနိုင်နေခြင်းဖြစ်သည်။









## စာ - ၄၊ နာနှစ်နာနှင့်ကျေးဇူးရှင်ဆရာများ မှ

အနစ်နာခံပြီး ပညာသင်ကြားပေးနေရတယ်လို့ ယူဆလိုက်တာနဲ့ သူ့ရှေ့မှာရှိတဲ့ ဝါသနာနဲ့ စေတနာဟာ အလိုလိုပျက်ပြယ်သွားတတ်တယ်။ ဒါကြောင့် ကျောင်းဆရာဆိုတဲ့အလုပ်မှာ ဝါသနာနဲ့ စေတနာနှစ်ခုပဲရှိတယ်။ ဝါသနာနဲ့စေတနာနှစ်ခု ပေါင်းပြီးတော့ ပီတိကိုဖြစ်ပေါ်စေတဲ့အတွက် အဲ့ဒီမှာ အနစ်နာခံတယ်ဆိုတဲ့ ဝေဒနာမရှိဘူး။ ပီတိပဲရှိတယ်။ ဒါကြောင့် ကျောင်းဆရာမှာ ဝါသနာနဲ့ စေတနာ နာနှစ်နာပဲရှိတယ်ဟု ပြောပြဖူးသည့်အကြောင်း. . . ဆိုသည့်အခါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ၏ ဖခင်ပြောသော နာနှစ်နာကို ကျွန်တော့်စိတ်ထဲက ချက်ချင်းပင် သဘောတူလိုစိတ်ဖြစ်မိရသည်။

အကြောင်းမဲ့ကား မဟုတ်ပါ။ ကျွန်တော်၏ စိတ်အတွေးထဲသို့ ကျွန်တော် လေးစားကြည်ညိုခဲ့ရသော ယခုအခါ တမလွန်ဘဝသို့ ခရီးနှင်သွားနှင့်ခဲ့ကြသည်မှာလည်း ကြာပြီဖြစ်သော ကျွန်တော်၏ ဆရာနှစ်ဦးက ရုတ်ခြည်းဆိုသလိုပင် ဝင်ရောက်လာခဲ့သောကြောင့်ဖြစ်ပါသည်။

ထိုနှစ်ဦးထဲမှ တစ်ဦးကမူ ကျွန်တော်ကိုယ်တိုင်က ကြိမ်ဖန်များစွာ သရော်စော်ကားပြုမူခဲ့မိသည့် ကျွန်တော်၏အနန္တကျေးဇူးရှင်ဆရာ ဆရာဦးခင်မောင်ဖြစ်လေ၏။ ဆရာက ဟိုင်းရားဂရိတ်အောင်ပြီး အသက် ၁၇ နှစ်အရွယ်နှင့်ပင် ကျောင်းဆရာအလုပ်ကို ဝါသနာပါရင်းစွဲဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သူဖြစ်၏။ ဝါသနာ စေတနာ ပြင်းပြသည့်အလျောက်လည်း သူအလွန်ကျွမ်းသည့် မြန်မာစာနှင့် သင်္ချာဘာသာရပ်များကို သင်ကြားပို့ချရာ၌ တက်ကြွထက်သန် အပင်ပန်းခံသူဖြစ်သည်။

ထိုခေတ်ထိုအခါက ကျူရှင်တွေမပေါ်ကြသေး။ ထို့ကြောင့် နှမတစ်ယောက်နှင့် အတူနေသောလူပျိုကြီး ဆရာက အတန်းထဲတွင် ညံ့နေသော ကျောင်းသားနှင့်တော်သောကျောင်းသားတွေကို အိမ်သို့ ညအိပ်ခေါ်၍ သင်သည်။ ညံ့သည့်ကျောင်းသားကို စာမေးပွဲကျမည်စိုးသဖြင့် သင်ခြင်းဖြစ်ပြီး တော်သည့်ကျောင်းသားကိုမူ ဂုဏ်ထူးထွက်နိုင်သောကြောင့် သင်ခြင်းဖြစ်လေသည်။ ထိုသို့ သင်ကြားပေးရခြင်းအတွက် ဆရာ့ကို တပည့်များက မကန်တော့ရသည့်အပြင် ဆရာကပင် ညစာကျွေးတန်ကျွေးလိုက်ရလေသေး၏။ သို့သော် ဆရာ ကျေနပ်သည်။ ဆရာ့သင်ပြမှုနှင့်ပင် ဆယ်တန်းအောင်စာရင်းမှာ သင်္ချာဂုဏ်ထူးထွက်သူတွေ မြန်မာစာဂုဏ်ထူးထွက်သူတွေရှိခဲ့ကြသည့်အခါ ဆရာ့မှာ ပျော်မဆုံးခဲ့။

ထိုကျေးဇူးကို ကျွန်တော် မသိ၍မဟုတ်လည်း တပည့်များ အပေါ် အလိုလိုက် သဘောကောင်းတတ်သည့် ဆရာ့အပေါ် ကျွန်တော်က သရော်စော်ကားတွေ အကြိမ်ကြိမ်လုပ်ခဲ့မိသည်။

ဆရာ့ကျေးဇူးနှင့်ပင် မြန်မာစာကို ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်သားနိုင်ရှိနေသည့် ဆယ်တန်းကျောင်းသား ကျွန်တော်က ဆရာ့ကို သရော်စော်ကားထားသည့် နဘေထပ်ကဗျာတွေ၊ သီချင်းတွေရေးပြီး ကျောင်းမှာ ဝေသည်။ ဆရာ့ကို ဟာသလုပ်၍ သံချပ်ထိုးလားထိုးသည်။ ဒါကို ဆရာသိတော့

"ခွေးကောင် ငါ့ကို မဟုတ်က ဟုတ်ကတွေ လျှောက်ရေးတယ်။ အေး အဲ့ဒီလောက် မြန်မာစာမှာကောင်းတဲ့အကောင် မြန်မာစာ ဂုဏ်ထူးမထွက်ရင် နင် ငါ့ ကြိမ်လုံးနဲ့မိမယ် ကြပ်ကြပ်သတိထား"ဟုသာ ကြိမ်လုံးကိုပြဖူးသည်။ သို့သော် ဆရာသည် တပည့်များကို တစ်ကြိမ်တစ်ခါမျှ မရိုက်ခဲ့ဖူးခဲ့။ ပြင်းပြင်းထန်ထန် ငွေမယူဖူးခဲ့။

ထို့ကြောင့် ကျွန်တော်က တစ်ဆင့်တက်၍ စော်ကားမိပြန်သည်။ ထိုစဉ်ကထုတ်ဝေနေသော ဖြူနီညိုပြာ မဂ္ဂဇင်းထဲတွင် လူပျိုကြီး ဆရာ့ကို အခြောက်နှင့်ညားစေသည့် သရော်စော်ကားသော

"တံလျှပ်မကြီး အိုမီဂါ"ဆိုသည့် ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် ရေးလိုက်မိပြန်သည်။

တစ်နိုင်ငံလုံးပြန့်သည့် မဂ္ဂဇင်းထဲပါလာသည်မို့ သည်တစ်ခါတွင်တော့ ဆရာ အရှက်ကြီးသွားခဲ့ပြီလားမသိတော့။ ကျွန်တော့်ကို ခွင့်မလွှတ်တော့ပါ။ ခွင့်မလွှတ်ခြင်းဆိုသည်မှာ ထွေထွေထူးထူးတော့မဟုတ်။ ကျွန်တော့်ကို ကောင်းကျိုးဆိုးပြစ် ဘာစကားတစ်လုံးမျှ မပြောတော့ခြင်းဘဲဖြစ်လေသည်။

ဆရာ့ကို စော်ကားမိ၍ဟုပဲထင်သည်၊ ထိုနှစ်က ကျွန်တော် ဆယ်တန်းစာမေးပွဲကျလေ၏။

ဆရာက ကျွန်တော့်ကို စကားမပြောတော့ဘဲ ဒဏ်ခတ်ထားခဲ့သည် မှာ အတော်ကြာလေသည်။ ကျွန်တော် အိမ်ထောင်ပြုတော့ ကျွန်တော့်မင်္ဂလာပွဲသို့ ဆရာ မရောက်ရောက်အောင်လာသည်။ သို့သော် သတို့သားဖြစ်သည့် ကျွန်တော့်ကို စကားလုံးဝမပြော။ လက်ဖွဲ့ပစ္စည်း လက်ဖွဲ့ကာ ကျွန်တော့်ဇနီး သတို့သမီးကိုသာနှုတ်ဆက်၍ပြန်သွားသည်။

ကျွန်တော် စိတ်မကောင်းနိုင်တော့။ ထိုအချိန်တွင် ဆရာ့ကျေးဇူးဖြင့် တတ်မြောက်ကျွမ်းကျင်ထားခဲ့သည့် မြန်မာစာဖြင့် မဂ္ဂဇင်းတွေထဲတွင် ဝတ္ထုတိုတွေ ရေးနေပြီ။

ဝတ္ထုတိုလေးတစ်ပုဒ်ပါလာတိုင်း လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်ခဲ့။ ဆရာ့ကိုစော်ကားခဲ့မိသည်ဆိုသော အပြစ်မလွတ်သည့်စိတ်ကသာ စိတ်ထဲမှာလာတင်နေ၏။

ထိုအပြစ်မလွတ်သည့် စိတ်နှင့်ပင် မနေနိုင်တော့သည့်အဆုံး ဆရာ့အိမ်သို့ ကျွန်တော်သွားခဲ့ရတော့သည်။

အခန့်သင့်ချင်တော့ အိမ်တံခါးပေါက်ဝတွင် ရပ်လျက်သား ဆရာ့ကို တွေ့ရသည်။ စကားမဆို နှုတ်မဟနှင့် ကျွန်တော့်ကို ဆရာကြည့်နေသည့် အကြည့်က စိမ်းလွန်းလှသည်ဟု ကျွန်တော်ခံစားရသည်။ ဆရာ့ခြေရင်းတွင် ကျွန်တော်ဒူးထောက်၍ထိုင်ချလိုက်မိပြီ။ ဆရာ့ခြေခုံကို ကျွန်တော့်နဖူးဖြင့် ထိခတ်ပွတ်တိုက်လိုက်မိပြီ။ ဆရာ့ထံမှ စကားသံထွက်မလာသေး။ ကျွန်တော့်အသံသာ ထွက်လာသည်။

"ဆရာ့အပေါ်မှာ ကျွန်တော် အမျိုးမျိုးစော်ကားမိခဲ့ပါတယ်ဆရာ၊ အဲဒါ လာကန်တော့တာပါ။ ကျွန်တော် အမိုက်အမဲကို ခွင့်လွှတ်ပါ ဆရာ. . . "

ဆရာ့ထံမှ တုံ့ပြန်သံထွက် မလာမချင်း ဆရာ့ခြေခုံမှ ကျွန်တော့်မျက်နှာကို မခွာတော့သည့်အခါ-

"ဆရာ ဘယ်တပည့်ကိုမှ ငွေယူပြီး အမှတ်အတေးမထားခဲ့ပါဘူး မောင်သင်းရာ။ မင့်ကိုတော့ ဆရာ နည်းနည်းစိတ်တိုလို့ စကားမပြောဘဲနေတာ ကိုင်းကိုင်းထတော့ ဆရာမင့်ကိုခွင့်လွှတ်ပါတယ်. . . "

ဆရာ့စကား ဆုံးသည့် တိုင် ကျွန်တော့်မျက်နှာ ဆရာ့ခြေခုံမှ မခွာနိုင်ခဲ့။ ဆရာ့ခြေခုံမှာ ကျွန်တော့မျက်ရည်ရွှဲသွားသည်။ ဆရာက ဘယ်တပည့်အပေါ်မှာမှ ငွေယူပြီး အမှတ်အတေး မထားခဲ့ပါဘူးတဲ့။ ခွင့်လွှတ်ပါတယ်တဲ့။

ကျွန်တော် ခေါင်းပြန်မော့ပြီး ဆရာ့ကိုကြည့်မိတော့ ဆရာ့မျက်နှာပေါ်မှာ ခွင့်လွှတ်ကြည် နူးခြင်းတွေနှင့်. . . ပီတိတွေနှင့်. . ပြီးတော့. . . ဆရာ့မျက်လုံးအိမ်မှာ မျက်ရည်တွေဝေ့လိုက်လို့. . . ။

ထိုသိုသော ပီတိတွေ၊ ကြည်နူးမှုတွေ၊ ခွင့်လွှတ်ခြင်းတွေနှင့် ပြည့်လျှမ်းနေသည့် ဆရာ့မျက်နှာကို ယနေ့ထက်တိုင် ကျွန်တော် မမေ့နိုင်တော့ပါ။

နောက် ဆရာတစ်ဦးကမူ ၁၉၈၃ခုနှစ်တွင် စတင်ကျင်းပသော ပထမအကြိမ် အာစရိယပူဇော်ပွဲတွင် တစ်ကြိမ်သာ မြင်ဖူးလိုက်ရသည့် ဆရာကြီးဦးမြသိန်းဖြစ်ပါသည်။ ဆရာကြီး၏ ပညာသင်ကြားပို့ချမှုကို ကျွန်တော်တို့တွေ မမီခဲ့ကြ။ ကျွန်တော်တို့ သဲကုန်းမြို့ကလေးတွင် အတန်းပညာသင်ကျောင်းလေးဟု စတင်မပေါ်ပေါက်သေးမီက ကိုယ့်ဇာတိမြေမဟုတ်ပါဘဲစေတနာအနန္တဖြင့် ရောက်လာလျက် စာသင်ကျောင်းလေး တစ်ကျောင်းဖြစ်အောင် အသည်းတည်ပေးခဲ့သော ဆရာကြီးဖြစ်လေသည်။ ကျောင်းဆရာလခဟူ၍ သတ်သတ်မှတ်မှတ်ရခဲ့သည်မဟုတ်။ အရပ်မှစုပေးသော စပါးပေးဆန်ပေးဖြင့် သင်ကြားပို့ချပေးခဲ့ရသည့် ဆရာဖြစ်သည်။

သို့သော် ဆရာတတ်ကျွမ်း အောင်မြင်လာခဲ့သည်က နှယ်နှယ်ရရ မဟုတ်။ ထိုအချိန်က မြန်မာနိုင်ငံတွင် မပေးနိုင်ခဲ့သေးသော ဘီအက်စီဘွဲ့ကို အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားတက္ကသိုလ်မှယူလာခဲ့သူဖြစ်သည်။ ထိုအချိန်ကာလက ထိုဘွဲ့သည် ရာထူးကြီးကြီးတစ်ခုကို လွယ်လင့်တကူ ရရှိနိုင်သည့်ဘွဲ့ဖြစ်၏။ သို့သော် ဝါသနာနှင့် စေတနာကို အရင်းတည်လျက် စာသင်ကျောင်းမရှိသော သဲကုန်းမြို့ကလေးတွင် စာသင်ကျောင်းလေးတစ်ကျောင်းဖြစ်အောင် တာစူပေးခဲ့သောဆရာကြီးဖြစ်သည်။

သဲကုန်း အထကကျောင်းသား၊ကျောင်းသူဟောင်းများက ပထမဆုံးအကြိမ်အဖြစ် အာစရိယပူဇော်ပွဲကျင်းပပြုလုပ်မည်ဆိုမှ ဆရာကြီးကို မှတ်မှတ်ရရရှာရဖွေရသည့်အခါ အိမ်ထောင်မရှိ၊ လူပျိုကြီးဖြစ်သော ဆရာကြီးဦးမြသိန်းကို ရန်ကုန်မြို့ ချောင်ကျကျ ဘုန်းကြီးကျောင်းလေး၏ ဇရပ်တစ်ဆောင်ပေါ်၌ အသက် ၉၀အရွယ် ပင်စင်စား ကျောင်းဆရာအိုကြီးအဖြစ် ရှာဖွေတွေ့ရှိခဲ့ကြရသည်။ သို့သော် ဆရာကြီး၏ သန့်ရှင်းမွန်မြတ်သော ကျောင်းဆရာစိတ်ဓာတ်ကမူ မနွမ်းမညိုးသေး။ တက်ကြွအားသန်လျက်ရှိသည်။

ကျောင်းသားဟောင်းများ၏ ကိုယ်တိုင်ကိုယ်ကျလာရောက် ပင့်ဖိတ်မှုကို ဝမ်းသာအားရပင် လက်ခံလျက် ပူဇော်ပွဲသို့ လိုက်ပါလာခဲ့သည်။ ကန်တော့ပွဲအစတွင်ပင် ဆရာကြီးက ဩဝါဒစကား ချီးမြှင့်သည့်အခါ. .

" ဆရာ တိုတိုပဲပြောခဲ့မယ်၊ တပည့်တို့. . . ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ အမြဲတမ်းမေတ္တာထားပါ၊ အဲ့ဒီမေတ္တာအခြေခံကနေ ပေါ်ပေါက်လာတဲ့ စေတနာကို ဆုပ်ဆုပ်ကိုင်ကိုင်ပြုပြီးတော့ တစ်ဖက်သားကို ကူညီပါ။ ကူညီတဲ့အခါမှာ ခရီးသွားဟန်လွှဲ ကူညီတာမျိုး ဘယ်တော့မှ မလုပ်ပါနဲ့၊ တမင်ရောက်အောင်သွားပြီး တမင်ကူညီသလိုမျိုးနဲ့ ကူညီပါ . . . ဆရာမှာချင်တာက ဒါပါပဲ။ အဲ့ဒါဆိုရင် မင်းတို့အပါအဝင် ပတ်ဝန်းကျင်ကြီး တစ်ခုလုံးဟာ သာယာလှပလာပါလိမ့်မယ် "

ထိုအဖြစ် ထိုစကားများက ယခုအခါ အနှစ်သုံးဆယ်နီးပါးသို့ပင် ချဉ်းနင်းလာခဲ့လေပြီ။ သို့သော် ကျွန်တော်၏ စိတ်အစဉ်၌မူ စောစောကမိနစ်ပိုင်းမျှဟု ထင်နေမိပါသေးသည်။

ထိုဆရာကြီးနှစ်ဦး အပါအဝင် ကျန်ဆရာကြီး ဆရာမကြီးများ၏ မေတ္တာစေတနာများကိုလည်း မိတ်ဆွေစာရေးဆရာ၏ ဖခင်ကြီးပြောသော 'နာနှစ်နာ'ဟုသာ သဘောတူမိလိုက်ချင်ပါတော့သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## အဘိဓမ္မာတရားတော်နှင့်သီတင်းကျွတ်လပြည့်နေ့ . . .

မြတ်စွာဘုရားရှင်သည် သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူ၍ အဘိဓမ္မာတရားဟောကြားတော်မူလေသည်။ မြတ်စွာဘုရားရှင်သည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် မယ်တော်မိနတ်သား(သန္တုသိနတ်သား) အမှူးပြုသည့် ဇာတိခေတ် စကြဝဠာပေါင်းတိုက်တစ်သောင်းတို့မှ ခညောင်းရောက်ရှိလာကြသည့် နတ်ဗြဟ္မာပရိသတ်၏အလယ်၌ 'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ'အစရှိသောနည်းဖြင့် ကောင်းကင် မြစ်ကြီးတသွင်သွင်စီးသည့်အလား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ သာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးခြင်းနှင့် လူ့ပြည်၌ ရဟန်းငါးရာတို့၏ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ အဘိဓမ္မာခုနစ်ကျမ်းအပြည့်အစုံ နာယူသင်ကြားမှုပြီးဆုံးခြင်း ဤနှစ်ရပ်ပင် တစ်ပြိုင်နက်တစ်ချိန်တည်း၌ ဖြစ်လေ၏။

ဝါကျွတ်၍ မြတ်စွာဘုရားရှင် လူ့ပြည်သို့ ပြန်ကြွတော်မူသောအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းဟူသောစောင်းတန်းသုံးသွယ်ကို ဖန်ဆင်းတော်မူ၏။ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကို ကွန့်မြူးကာ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သီတင်းကျွတ်လပြည့်နေ့၌ သက်ဆင်းတော်မူသည်။ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လကျာ်ခြေတော်ကို ချမိလျှင်ပင် မြတ်စွာဘုရားရှင်ကို အရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာ ရှိခိုးဖူးမြော်ပူဇော်လေသည်။ ထို့နောင်မှ ကျန်သောပရိသတ်တို့ မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။

ရည်ညွှန်း - "မဟာဗုဒ္ဓဝင်(တတိယတွဲ)" - မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ

## ဝါကျွတ်မီးထွန်းပွဲတော်တွင် ပြည်တွင်းထုတ်ပစည်းများ လူကြိုက်နည်း



ညီညီဝင်း

နေပြည်တော်၊ အောက်တိုဘာ - ၁၂

ရိုးရာအစဉ်အလာပွဲတော်ဖြစ်သည့် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ထုတ်လုပ်သောပြည်တွင်းထုတ်မီးပုံးများကို လူစိတ်ဝင်စားမှုနည်းလာကြောင်း လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များမှသိရသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် တရုတ်နိုင်ငံမှ ထုတ်လုပ်သောလျှပ်စစ်ပစ္စည်းများသည် ယခင်ကထက် ပိုမိုဆန်းသစ်လှပသော ဒီဇိုင်းများဖြင့် ဈေးကွက်တွင်းသို့ ဝင်ရောက်လျက်ရှိရာ လူကြိုက်များကြောင်း သရဖူလျှပ်စစ်နှင့်ဆက်စပ်ပစ္စည်း အရောင်းဆိုင်မှ ကိုကျော်ထွန်းဦးကပြောသည်။

"ဒီနှစ် ဒီဇိုင်းလေးတွေက အရင်နှစ်တွေကထက် ပိုပြီးဆန်း သစ်လှပလာတယ်။ အရင်က ကလေးကစားစရာလျှပ်စစ်ပစ္စည်းတွေမှာ မီးတစ်မျိုးပဲလင်းတယ်။ အခု မီးရောင်၊ အသံရောနှစ်မျိုးလုံးပါတော့ ရောင်းအားပိုသွက်တယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဝင်သော ကလေးကစားစရာလျှပ်စစ်ပစ္စည်းများတွင် ဓားရှည်၊ဓားတိုနှင့်ဒစ္စကိုဘောလုံးများသည် အရောင်းအသွက်ဆုံးဖြစ်ကြောင်း၊ ဝါကျွတ်ပွဲတော်အတွက် ထုတ်လုပ်သောပစ္စည်းများသည် ဈေးနှုန်းအနိမ့်ဆုံးကျပ်ငါးရာမှ အမြင့်ဆုံး ကျပ်ငါးထောင်အထိရှိကြောင်းသိရသည်။ ယခုကဲ့သို့ နှစ်နိုင်ငံကုန်သွယ်ရေးတွင် တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသည့်ပစ္စည်းများသာ ဈေးကွက်ဝင်နေသောကြောင့် ပြည်တွင်းရှိ လုပ်ငန်းငယ်လေးများမှာ နေရာပျောက်သွားနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။

7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010


ဓာတ်ပုံ-လမင်းနိုင်

# အိပ်မက်ထဲက ဖုန်း

**သိမ့်သိမ့်စိုးရေးသား၍ အားမာန်ပုံပိုးသည်**

သွားလေရာယူ အသုံးပြုနိုင်နေသော ငါးသိန်းတန်ဖုန်းက ရွေးကောက်ပွဲဝင်မည့်သူကို အလွန်အကျိုးပြုသည်ဟု တစ်ဦးပုဂ္ဂလကိုယ်စားလောင်းဦးတင်အေးက ဆိုသည်။

“ထင်ထားတာထက်အများကြီးအသုံးတည့်တယ်။ အခု ရွာသစ်ကြီးရွာကို မဲဆွယ်ပွဲလုပ်ဖို့ရောက်နေတာ။ အခု အဲဒီရွာနားက တောင်ကုန်းပေါ်က လှမ်းပြောနေတာ”ဟု လယ်ဝေးမြို့နယ်တွင် ပြည်ခိုင်ဖြိုးနှင့် တ.စ.ည ပါတီတို့နှင့်ပြိုင်၍ ရွေးကောက်ပွဲဝင်မည့် ဦးတင်အေးက ပြောသည်။

သတင်းဌာနနှင့် ဂျာနယ်များက ဖုန်းနှင့်အင်တာဗျူးလုပ်ရာတွင် ပိုလွယ်ကူလာခြင်း၊ မဲဆွယ်မှုလုပ်ငန်းများ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုလာနိုင်ခြင်း၊ မိတ်ဆွေနိုင်ငံရေးသမားချင်း ဆက်သွယ်မှုပိုလွယ်လာခြင်းကိုရည်ညွှန်း၍ သူပြောခြင်းခြင်းပင်။ ဦးတင်အေး ဖုန်းစကိုင်သည်မှာ ရွေးကောက်ပွဲဝင်မည်ဟု ဆုံးဖြတ်ပြီး စက်တင်ဘာလတွင်မှ ဖြစ်သည်။

ဖုန်းကိုင်လိုက်တော့မှ ရုံးပိတ်ရက်နားချိန်မှာပင် အလုပ်များအိမ်လိုက်လာ၍ တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်ဖြစ်ရသည်ဟု ပုဂ္ဂလိကကုမ္ပဏီတစ်ခု၌ စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်နေသူ အသက် ၂၆နှစ်အရွယ်ရှိသော အမျိုးသမီးတစ်ဦးက ဖွင့်ဟသည်။

“ဖုန်းကိုင်လိုက်တော့ အဆင်ပြေတဲ့အချက်တွေ အများကြီးရှိသလို၊ အလုပ်လည်း ပိုရှုပ်လာတယ်။ အခုကျ ဟိုစာရင်းက ဘယ်လိုလဲ။ ဒီဟာက ဘယ်လိုလဲ။ ဒါလေး အရေးကြီးလို့ လာရှင်းပေးပါအုံးနဲ့ အလုပ်တွေလည်း တိုးလာတယ်”ဟု သူမကပြောသည်။ သူမမှာ မကြာသေးမီက ကျပ်ငါးသိန်းတန်ဖုန်း စကိုင်ခဲ့ခြင်းဖြစ်သည်။

“ကျွန်တော့်အတွက်ကတော့ အလုပ်ပိုဖြစ်လာတာများတယ်။ အရင်ကဆို ဖုန်းချိန်းထားတာတို့၊ ဖုန်းပြန်ခေါ်မယ်လို့ပြောရင် ကိုယ်အပြင်ထွက်စရာရှိလို့သွားရင် ရုံးမှာပဲ မှာထားခဲ့ရတယ်။ နောက်နေ့ ရုံးရောက်မှပဲ သိတော့တယ်။ အခုကျတော့ ဖုန်းပြန်ခေါ်မယ်တို့၊ ခဏနေမှ ပြန်ခေါ်တို့ဆို ကိုယ့်ဖုန်းနဲ့ကိုယ်ဆိုတော့ အဆင်ပြေသွားတယ်”ဟု ငါးသိန်းတန်ဟု အလွယ်ခေါ်သော စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်အမျိုးအစားကိုင်ဆောင်ထားသော ဂျာနယ်အယ်ဒီတာကိုထက်နိုင်ဇော်ကပြောသည်။

ဖုန်းကိုင်လိုက်၍ မိသားစုအပြင် ချစ်သူ၊ ရည်းစားများနှင့်ပါ ပိုအဆင်ပြေလာသည်ဟု အသက် ၂၄ နှစ်အရွယ် အမျိုးသမီးက အောက်ပါအတိုင်း သူ၏အတွေ့အကြုံကိုဝေမျှသည်။

“ဖုန်းကိုင်လိုက်လို့လိုက်ဖ်စတိုင်လ်အနေနဲ့ အများကြီးပြောင်းသွားတာတော့မရှိပါဘူး။ အိမ်နဲ့ဆက်သွယ်ရတာလည်း အဆင်ပြေသွားတယ်။ အဓိက ကတော့ ရည်းစားနဲ့ ရန်မဖြစ်ရတော့ဘူး။ အရင်ကဆို သူဆက်တဲ့အချိန်မရှိရင်ရစ်တာပေါ့။ အခုတော့ ဘယ်အချိန်ဆက်ဆက် တွေ့တော့ ရန်သိပ်မဖြစ်ရတော့ဘဲ အဆင်ပြေသွားတာပေါ့” သူမမှာ ပြီးခဲ့သည့်စက်တင်ဘာလတွင်မှ ဖုန်းစကိုင်ခြင်းဖြစ်သည်။

ပြည်ပ၌ ဆက်သွယ်ရေးကဏ္ဍတွင် ထင်သာမြင်သာသော အပြောင်းအလဲမှာ ၂၀၁၀တွင်ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် ငါးသိန်းတန်ဖုန်းများ ဝန်ဆောင်မှုတိုးခြင်းက လူနေထိုင်မှုနှင့် ဖုန်းဈေးကွက်အပေါ် ကြီးကြီးမားမား သက်ရောက်စေခဲ့သည်။ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်နှင့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းများကို မန္တလေးမြို့တွင် ယခုနှစ် ဇန်နဝါရီ၄ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ဇန်နဝါရီ ၂၅ရက်တွင်လည်းကောင်း စတင်ချပေးခဲ့သည်။

၎င်းဖုန်းများ စတင်ချပေးချိန်တွင် မန္တလေးမြို့၌ တစ်မြို့လုံးအသုံးပြုနိုင်သော်လည်း ရန်ကုန်မြို့တွင် အကန့်အသတ်ဖြင့်သာ အသုံးပြုနိုင်ခဲ့ပြီး ဇူလိုင် ၁၁ရက်နောက်ပိုင်းမှသာ တစ်မြို့လုံးအသုံးပြုနိုင်ခဲ့သည်။

ထို့အပြင် နေပြည်တော်၌ ချထားပေးသော စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်ဖုန်းများမှာ တစ်နိုင်ငံလုံး သယ်ယူအသုံးပြုလာနိုင်သောစက်တင်ဘာလ ရောက်သောအခါ ဖုန်းကိုင်သူ သိသာစွာမြင့်တက်လာခဲ့ကြောင်း မိုဘိုင်းဖုန်းဆက်စပ်ပစ္စည်း အရောင်းဆိုင်များကပြောသည်။

ကျပ် ၁၅ သိန်းတန်ဖုန်း မကိုင်နိုင်သော်လည်း ကျပ်ငါးသိန်းတန်ဖုန်းကိုင်နိုင်သောလူထုအတွက် အထက်ပါဖုန်းများမှာ အဆင်ပြေ၍ ဖုန်းကိုင်နိုင်သူ လူတန်းစားတစ်ခုတိုးလာခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြိုးဖုန်းတယ်လီဖုန်းလိုင်းများ တိုးချပေးလျက်ရှိပြီး၊ ယခု ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် ဒစ်ဂျစ်တယ်တယ်လီဖုန်းလိုင်းပေါင်း ၂၁ သိန်းကျော်၊ ထို့အပြင် မိုဘိုင်းတယ်လီဖုန်းမှာလည်း လိုင်းပေါင်း ၁၃ သိန်းကျော်ရှိပြီဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည်။ ထို့ကြောင့် တယ်လီဖုန်းသိပ်သည်းဆမှာ လူ ၁၀၀၀ လျှင် ၃၇ဦးခန့်ထိသုံးစွဲလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

“အရင်တုန်းက ဂျီအက်စ်အမ်ဖုန်းတွေ စချထားပေးတုန်းက ၂၅ သိန်း ၃၀ လောက်ရှိတဲ့အချိန်က ဖုန်းကိုင်တဲ့အလုပ်က ကိုယ်နဲ့မသက်ဆိုင်သလိုပဲ။ ဆယ့်ငါးသိန်းနဲ့ ငါးသောင်းလောက်နဲ့ မိုဘိုင်းဖုန်းတွေချပေးတော့လည်း ဖုန်းကိုင်ဖို့ကိုမမျှော်လင့်ရဲသေးဘူး။ အခုငါးသိန်းလောက်နဲ့ရတော့ အခွင့်အရေးရလို့ ဖုန်းကိုင်လာနိုင်တဲ့သဘောပေါ့”ဟု ယခင်က ဖုန်းကိုင်ရမည်ဟု မမျှော်လင့်ရဲခဲ့သော်လည်း လက်ရှိတွင်ကျပ်ငါးသိန်းတန်ဖုန်းကို ကိုင်ဆောင်လာနိုင်သော ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ဌာနမန်နေဂျာတစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း ငါးသိန်းတန်ဖုန်း တိုးချပေးလာခြင်းများကြောင့် ယခင်က ချထားပေးခဲ့သော ဂျီအက်စ်အမ်ဖုန်းများနှင့် စီဒီအမ်အေကမ်းရိုးတန်းဖုန်းများ၏ ဈေးနှုန်းများမှာလည်း သိသာစွာကျဆင်းလာခဲ့သည်။

“ဂျီအက်စ်အမ်တွေက နံပါတ်အမြင့်ဆိုရင်ပဲ ၁၃ သိန်းလောက်ရှိတော့တယ်။ နံပါတ်အနိမ့်ဆို ၁၁ သိန်းဝန်းကျင်လောက်နဲ့ကိုရနေပြီ။ ဈေးတွေက အကုန်ပြုတ်ကျနေပြီ” ပြင်ပဈေးကွက်၏ ဈေးနှုန်းများကျဆင်းလာကြောင်းကို ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။

ထို့ပြင်ကမ်းရိုးတန်း CDMA 450 ဖုန်းများ၏ ဈေးနှုန်းမှာလည်း ယခင်နှင့်စာလျှင် ကျပ်တစ်သိန်းခွဲကျော်ထိ ကျဆင်းနေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဂျီအက်စ်အမ်နှင့် ကမ်းရိုးတန်းဖုန်းများမှာ ဈေးကျသည့်အပြင် ဝယ်လိုသူနည်း၍ မျက်နှာငယ်နေရသည့်အခြေသို့ပင် ဆိုက်နေသည်။ ထို့ကြောင့် အဆိုပါဖုန်းကိုင်ထားသူများမှာလည်း ငါးသိန်းတန်ဖုန်းများ ဝန်ဆောင်မှုတိုးသကဲ့သို့ ၎င်းတို့ဖုန်းများအတွက်လည်း ဝန်ဆောင်မှုများ တိုးမြှင့်ပေးမည်ကို မျှော်လင့်လျက်ရှိသည်။

ကျပ်ငါးသိန်းတန် CDMA ဖုန်းများ၌ပင် ရန်ကုန်နှင့် မန္တလေးမြို့များ၌တွင်သာ အသုံးပြုနိုင်သည်ဟု ဆိုသော ဖုန်းများမှာ ပြင်ပဈေးကွက် ကျပ်ငါးသိန်းအောက်ကျဆင်းနေကြောင်း ဖုန်းဝယ်ရောင်းလုပ်နေသူများက ပြောသည်။

“ငါးသိန်းတန်ဖုန်းတွေ ချပေးလိုက်တော့ ဖုန်းဌားတဲ့ဈေးကွက်ကတော့မရှိသလောက်နည်းသွားတာပေါ့။ ဖုန်းက ဌားရင်လည်း စပေါ်နဲ့လခနဲ့ဆိုတော့ ငါးသိန်းတန်ဖုန်းက ပိုကိုက်တော့ မဌားကြတော့တာလည်းပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုနှစ်တွင် မိုဘိုင်းဖုန်းသုံးစွဲသူများလာမှုများကြောင့် မိုဘိုင်းဖုန်းဟန်းဆက်အရောင်းဆိုင်များ၏ ရောင်းအားမှာလည်း ယခင်နှစ်များထက် ထက်ဝက်ကျော်ရောင်းအားတက်လာစေခဲ့ကြောင်းဟန်းဆက်အရောင်းဆိုင်ပိုင်ရှင်များက ပြောသည်။ ထို့အပြင် ဆက်သွယ်ရေးကဏ္ဍအပြောင်းအလဲကြောင့် ထူးကုမ္ပဏီလက်အောက်ရှိ Elite ကဲ့သို့ ဖုန်းခေါ်ဆိုခကတ်ရောင်းသောလုပ်ငန်းနှင့်အခြားဆက်စပ်လုပ်ငန်းများ ပိုအဆင်ပြေလာသည်ကိုတွေ့ရသည်။

ကျပ်ငါးသိန်းတန်ဖုန်းများချပေးမှုကြောင့် လူလတ်တန်းစားဝင်ငွေအသင့်အတင့် ရနေသူများမှာ ဖုန်းကိုင်လာနိုင်သည်ဆိုသော်လည်း ဖုန်းမကိုင်နိုင်သေးသည့်လူဦးရေမှာ များစွာကျန်နေသေးကြောင်း မြန်မာ့ဆက်သွယ်ရေးမှ အင်ဂျင်နီယာတစ်ဦးကသုံးသပ်ပြောသည်။

ငါးသိန်းတန်ဖုန်းများကြောင့် ဖုန်းကိုင်နိုင်သူတိုးလာသော်လည်း လက်ရှိမြန်မာနိုင်ငံ၏ လူတစ်ထောင်လျှင် ၃၈ဦးကျော်သာ ဖုန်းကိုင်နိုင်သေး၍ လူများစုဖုန်းကိုင်နိုင်ရန် ဖုန်းဈေးများ ယခုထက်သက်သာရန်လိုကြောင်းလည်း နိုင်ငံတကာအတွေ့အကြုံရှိသော ခေတ်ပညာတတ်များက သုံးသပ်သည်။

မြန်မာနိုင်ငံ၏ ဖုန်းကိုင်နိုင်သူဦးရေမှာ တိုးလာသည်ဟု ဆိုသော်လည်း အခြားနိုင်ငံအားလုံးနှင့်ယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်သည်။

စာ(၂၀)သို့

## ကြိုးဖုန်းခေါ်ဆိုခများ ပြောင်းရန်မရှိသေးဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

ကြိုးဖုန်းများ၏ခေါ်ဆိုခများကို လတ်တလောတိုးမြှင့်ကောက်ခံရန်မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ကြိုးဖုန်းတွေကို တိုးကောက်မယ်ဆိုပြီး တရားဝင်သတ်မှတ်တာတွေ မရှိသေးပါဘူး။ ဒီအကြောင်းစာထွက်တာတွေလည်းမရှိသေးပါဘူး”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကြိုးဖုန်း(အိမ်ဖုန်း)များမှ မိုဘိုင်းဖုန်းများသို့ ခေါ်ဆိုခနှုန်းထားများကို ပြင်ဆင်သတ်မှတ်ခြင်းမရှိသေးဘဲ ယခင်နှုန်းထားအတိုင်း တစ်မိနစ်လျှင် ၁၅ ကျပ်နှုန်းသာဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့သော် အများပြည်သူသုံး ပီစီအိုရုံးများမှ ကြိုးဖုန်းအချင်းချင်းခေါ်ဆိုခကို ပြောင်းလဲခြင်းမရှိသော်လည်း မိုဘိုင်းဖုန်းများသို့ ခေါ်ဆိုခကို ယခုအောက်တိုဘာလဆန်းမှစ၍ တစ်မိနစ်လျှင် ၁၅ ကျပ်မှ ၂၅ ကျပ်သို့ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သိရသည်။

“ကြိုးဖုန်းခေါ်ဆိုခတွေ တိုးကောက်ဖို့ စာတင်ထားတာတွေ ရှိတယ်လို့တော့ကြားတယ်။ ဒါပေမဲ့ အခုချိန်ထိ ဈေးတက်မယ်လို့ပြောတာမရှိသေးပါဘူး” ဟု မြန်မာ့ဆက်သွယ်ရေးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ်ဖုန်းများ၏ ခေါ်ဆိုခအား prepaid ကတ်အသုံးပြုနိုင်သော ဖုန်းများအတိုင်း တစ်မိနစ်လျှင် ၅၀ ကျပ်သို့ပြောင်းလဲသတ်ခဲ့ပြီး မိုဘိုင်းဖုန်းနှင့် ကြိုးဖုန်းများအပါအဝင် ဖုန်းအားလုံးကိုလည်း ကြိုတင်ငွေပေးစနစ်ပြုလုပ်ရန် အစီအစဉ်များရှိကြောင်းသိရသည်။

## ၂၀၁၁ တွင်မှ မိုဘိုင်းဖုန်းများ အင်တာနက် သုံးနိုင်ဖွယ်ရှိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

မိုဘိုင်းဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်ရန် မြန်မာ့ဆက်သွယ်ရေးမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်ကို လာမည့် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အင်တာနက်သုံးစွဲတဲ့ အစီအစဉ်က နောက်နှစ်ဆန်းလောက်မှရမယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါအင်တာနက်အသုံးပြုနိုင်မည့်စနစ်ကို ဂျီအက်စ်အမ်ဖုန်းများတွင်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းသုံးစွဲသူများမှာ အသုံးပြုနိုင်မှုမရှိနိုင်သေးကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးဌာနမှ အင်တာနက်အသုံးပြုနိုင်ရန် လိုင်စင်စနစ်များကို တိုးမြှင့်လျက်ရှိရာ 2G စနစ်နှင့် 2.5G စနစ်များမှ 2.75G အဆင့်ထိ အသုံးပြုနိုင်မည်ဖြစ်သည်။

2.75 G စနစ်သည် အီးဒီဂျီအီးစနစ်ဖြစ်ပြီး အင်တာနက်အသုံးပြုမှုနှုန်းအား မြှင့်တင်ပေးသောစနစ်ဖြစ်ကြောင်းသိရသည်။

“အခုလုပ်တဲ့ အီးဂျီအီးဆိုတဲ့ Function ဖြစ်လို့ ဝိုင်ဖိုင်မပါလည်း အင်တာနက်သုံးလို့ရမယ်။ ဝက်ဘ်ဆိုက်ကို ဝင်ကြည့်တာထက် အင်တာနက်မှာ ဒေါင်းလော့ပါဆွဲနိုင်မယ့်သဘောပေါ့” ဟု မိုဘိုင်းဖုန်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

မိမိတို့နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာမှုပြုနေကြရာတွင် အချိန်နှင့်အမျှ ထိတွေ့အသုံးပြုနေကြရသည့် ခန္ဓာကိုယ်၏အစိတ်အပိုင်း တစ်ခုမှာ မိမိတို့၏ လက်အစုံပင်ဖြစ်လေသည်။

ထိုလက်အစုံဖြင့် ပတ်ဝန်းကျင်ရှိအရာအားလုံးအား ထိတွေ့ကိုင်တွယ်ကြရသည်။ ထိတွေ့ကိုင်တွယ်မိသမျှအရာများသည်လည်း အလုံးစုံ သန့်ရှင်းသည့်အရာများဟုပြော၍မရနိုင်ပေ။

# ရောဂါအများအပြားကို ကာကွယ်ပေးနိုင်မည့် လက်ဆေးခြင်းအလေ့အထ

သီဟ



ထိုအရာဝတ္ထုများတွင် မျက်စိဖြင့် မမြင်တွေ့နိုင်သည့် ရောဂါပိုးအများအပြား တွယ်ကပ်ပေါက်ဖွားနေကြရာ လက်ဖြင့်ထိုအရာများအား ကိုင်တွယ်မိပါက မိမိတို့၏လက်တွင် အဆိုပါရောဂါပိုးများ တွယ်ငြိ၍ ပါလာတတ်ကြသည်။

ရောဂါပိုးများ တွယ်ငြိနေသောလက်ဖြင့် အစားအစာများအားကိုင်တွယ် စားသုံးမိလျှင်သော်လည်းကောင်း၊ ရောဂါပိုးဝင်ရောက်နိုင်သည့် မျက်စိ၊ နှာခေါင်းစသည်တို့အား ကိုင်တွယ်မိလျှင်သော်လည်းကောင်း လက်တွင်ကပ်ငြိနေသည့် ရောဂါပိုးများသည် ခန္ဓာကိုယ်အတွင်းသို့ အလွယ်တကူပင် ဝင်ရောက်နိုင်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

လူအများစုသည် ထမင်းစားချိန်၊ ရေအိမ်မှဆင်းချိန်၊ သိမြင်လွယ်သည့် အညစ်အကြေးများကိုင်တွယ်ပြီးချိန်တွင်လက်ဆေးရမည်ကို အကြမ်းဖျင်းအားဖြင့်သိထားသော်လည်း နည်းစနစ်တကျ လက်ဆေးခြင်းနှင့် ဆပ်ပြာအသုံးပြု၍ ဆေးကြောရမည်ကိုမူ သိသူနည်းပါးနေကြသေးကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ထို့အပြင် အများသုံးပစ္စည်းများအားကိုင်တွယ်ပြီးချိန်၌သော်လည်းကောင်း၊ ဘတ်စ်ကားစီးပြီးချိန်၌သော်လည်းကောင်း လက်ဆေးရမည်ကိုသိရှိသူလည်း နည်းပါးနေသေးကြောင်း သိရသည်။

ယခုကဲ့သို့သော ရာသီဥတုအပြောင်းအလဲအချိန်များတွင်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးများသည် လူအများနှာချေခြင်း၊ ချောင်းဆိုးခြင်းမှ ပြင်ပသို့လွင့်စင်သွားပြီး ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် နာရီပေါင်းများစွာ တွယ်ကပ်နေလေ့ရှိကြသည်။

ထိုသို့ရောဂါပိုးများ တွယ်ကပ်နေသည့် အရာဝတ္ထုများအား ကိုင်တွယ်မိပါက လက်တွင် အဆိုပါရောဂါပိုးများ တွယ်ကပ်ပါလာနိုင်ပြီး ထိုလက်ဖြင့် ပါးစပ်၊ မျက်စိ၊ နှာခေါင်း စသည်တို့အား ကိုင်တွယ်မိပါက အသက်ရှူလမ်းကြောင်း ရောဂါပိုးများဝင်ရောက်လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ယခုကဲ့သို့သော အချိန်တွင်သာမက အချိန်တိုင်းတွင်အရာဝတ္ထုများကိုင်တွယ်ပြီးတိုင်းလက်ဆေးရန် လိုအပ်ကြောင်း သိရသည်။

လက်ဆေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းသို့ ပြင်ပမှဝင်ရောက်လာမည့် ရောဂါအတော်များများကိုလည်း ကာကွယ်ရာရောက်ကြောင်း ဆရာဝန်တစ်ဦးက ပြောသည်။

လက်ဆေးခြင်းဖြင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ ကြက်ငှက်တုပ်ကွေး၊ လူတုပ်ကွေး အပါအဝင် အခြားရာသီပြောင်းခြင်းကြောင့်ဖြစ်ပေါ်လာတတ်သော တုပ်ကွေးရောဂါများ၊ဆားစ် ရောဂါကဲ့သို့သောရောဂါများအား ကာကွယ်နိုင်သည်။

ထို့အပြင် ဝမ်းကိုက်ရောဂါ၊ အသည်းရောင် အသားဝါရောဂါများ၊အူရောင်ငန်းဖျားရောဂါ၊ မွေးကင်းစကလေး အဆုတ်ရောင်ရောင်ရောဂါများ စသည့်ရောဂါများကိုလည်း ကာကွယ်နိုင်ကြောင်းသိရသည်။

မွေးကင်းစ ကလေးများအားမိခင်များ ကိုင်တွယ်တော့မည်ဆိုပါက မကိုင်တွယ်မီ မိခင်ကိုယ်တိုင် လက်ကိုစင်ကြယ်စွာ ဆေးကြောသင့်ကြောင်း သိရသည်။

စာ(၁၄)သို့

## ထိခိုက်ဒဏ်ရာရမှုကြောင့် သေဆုံးသူများ ကမ္ဘာနှင့် မြန်မာတွင် တိုးမြင့်လျက်ရှိ

သီဟ

**ရန်ကုန်၊အောက်တိုဘာ - ၁၆**

တစ်ကမ္ဘာလုံးအတိုင်းအတာသာမကမြန်မာနိုင်ငံတွင်မှာပါ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးနှုန်း တိုးမြင့်လျက်ရှိကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊ အရိုးအထူးကု ဆရာဝန်ကြီးပါ မောက္ခဒေါက်တာကျော်မြင့်နိုင်က ယနေ့ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၅ခုနှစ်က တိုင်းနှင့်ပြည်နယ်များရှိ မြို့နယ် ၂၅မြို့နယ်တွင် ကောက်ယူခဲ့သောစစ်တမ်းများအရ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးမှုမှာ တတိယနေရာတွင်ရှိပြီး နောက်ပိုင်း၌ သေနှုန်းများပြားခဲ့ရာ ဒုတိယနေရာသို့ပင်ရောက်ရှိခဲ့ကာ ထိခိုက်ဒဏ်ရာဖြစ်ပွားမှုမှာ ပထမနေရာတွင်ရှိသည်ဟု ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က ပြောကြားသည်။

“ကျွန်တော်ပင်စင်မယူခင် စစ်တမ်းကောက်ယူချက်အရ တိုင်းနဲ့ပြည်နယ် ၁၄ခုမှာ ကယားနဲ့ ချင်းကလွဲလို့ ကျန်တဲ့ပြည်နယ်နဲ့ တိုင်းတွေမှာ ဖြစ်ပွားမှုနှုန်းက နံပါတ်ဝမ်းနံပါတ်တူးပါပဲ။ သေနှုန်းရော၊ ဖြစ်ပွားမှုနှုန်းရောပါပဲ”ဟု ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က ပြောကြားသည်။

ပါမောက္ခဒေါက်တာကျော်မြင့်နိုင်က ကုန်သည်ကြီးများ ဟိုတယ်တွင် ယနေ့ကျင်းပပြုလုပ်သည့် အရိုးအဆစ်ဆိုင်ရာ လူထုကျန်းမာရေးပညာပေးဟောပြောပွဲ၌ ထိခိုက်မှုအန္တရာယ် စုပေါင်းကာကွယ်ခေါင်းစဉ်ဖြင့် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ထိုသို့ထိခိုက်ဒဏ်ရာရမှုနှင့် ထိခိုက်ဒဏ်ရာရမှုကြောင့် သေဆုံးမှုနှုန်းများလာခြင်းမှာ ကားများအမြန်မောင်းနှင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ မတော်တဆမှုများကြောင့်ဖြစ်ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရမှုကြောင့် သေဆုံးမှု၏ ၂၉ရာခိုင်နှုန်းမှာ ယာဉ်မတော်တဆမှုမှဖြစ်ကြောင်းသိရပြီး မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားသောမြို့မှာ မန္တလေးမြို့ဖြစ်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## လက်ဆေးပွဲတော်နေ့ကို မြန်မာကျောင်းသား၊ ကျောင်းသူ ၈ ၀၀၀ကျော် ပါဝင်ဆင်နွဲ

သီဟ

ရန်ကုန်၊အောက်တိုဘာ – ၁၄

ယခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့လက်ဆေးပွဲတော်နေ့၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူမှုဝန်ထမ်းကျောင်းများမှ ကလေးငယ်များအပါအဝင် စာသင်ကျောင်း ၄၂ကျောင်းမှ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၈၁၀၀ဦးခန့် ပါဝင်လှုပ်ရှားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လက်ဆေးပွဲတော်နေ့အား ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)နှင့်အခြားအင်န်ဂျီအိုအဖွဲ့များဖြစ်ကြသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ Save the Children, OXFAN တို့မှ စီစဉ်၍ မြောက်ဥက္ကလာပမြို့နယ်၊ ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၊ ကရင်ပြည်နယ်ရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ စသည့်မြို့နယ်များတွင် ကျင်းပခဲ့သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုကလေး၊ လပွတ္တာ၊ ဒေးဒရဲနှင့် ပန်းတနော်မြို့နယ်များတွင်ရှိ ကျောင်းများတွင်လည်း လက်ဆေးပွဲတော်များ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ကမ္ဘာ့လက်ဆေးပွဲတော်နေ့အထိမ်းအမှတ် လက်ဆေးပွဲများအား ၂၀၀၈ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၇၃နိုင်ငံတွင်ကျင်းပခဲ့ပြီး ကလေးငယ်ပေါင်း သန်း၁၂၀အား ဆပ်ပြာဖြင့် လက်ဆေးရန် လှုံ့ဆော်နိုင်ခဲ့ကြောင်းသိရသည်။

## ရေနှင့်သန့်ရှင်းရေးဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရေးစီမံချက် ပန်းတနော်မြို့နယ်မူလတန်း ကျောင်းများတွင်စတင်

သီဟ

ပန်းတနော်၊

အောက်တိုဘာ – ၁၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၆ ကျောင်းတွင် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းပေးရေး WASH Facility in School စီမံချက်အား အမှတ် ၁ အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံချက်အရ ပန်းတနော်မြို့နယ်အတွင်းရှိ စီမံချက်ဝင်မူလတန်းကျောင်း ၁၆ ကျောင်းတွင် ယူနီဆက်မှ ရေလောင်းအိမ်သာ လေးခန်းတွဲများ တည်ဆောက်ပေးခြင်း၊ လက်ဆေးရန်ဘုံဘိုင်စင်များတည်ဆောက်ပေးခြင်း၊ ရေလှောင်ကန်များတည်ဆောက်ပေးခြင်း နှင့် အဝီစိတွင်းမရှိသည့် ကျောင်းများတွင် တိုကင်တွင်းများတူးဖော်ပေးခြင်းတို့တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံချက်အား ယခုနှစ် ဇူလိုင်လတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် တည်ဆောက်ရေး အစီအစဉ်များပြီးဆုံးပြီးဖြစ်ပြီး ကျောင်းရှိ ဆရာ၊ ဆရာမများအား သန့်လေးသန့်ဆိုင်ရာ ဘဝတွက်တာသိမှတ်စရာ သင်တန်းများပေးလျက်ရှိကြောင်းသိရသည်။

ယင်းစီမံချက်တွင် ကျောင်းသူကျောင်းသားများ ဆရာ၊ ဆရာမများသာမက ကျောင်းသားမိဘများကိုလည်း သန့်လေးသန့်ဆိုင်ရာ ပညာပေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံချက်ကတော့ Hard Ware ဆိုင်ရာ လုပ်ငန်းစဉ်တွေတော့ပြီးပါပြီ Hygine Promotion (တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ရေး)လုပ်ဖို့တော့ နောက်သုံးလေးလလောက်တော့ အချိန်ယူရဦးမှာပါ"ဟု အဆိုပါစီမံချက်အားတာဝန်ယူလုပ်ဆောင်နေသူ ယူနီဆက်မှ အရာရှိတစ်ဦးက ပြောသည်။

ယင်းစီမံချက်သည် ပန်းတနော်မြို့နယ်တွင် ပထမဆုံးစတင်လုပ်ဆောင်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင်လည်း နာဂစ်ဒဏ်သင့်ဒေသများရှိမူလတန်းကျောင်းများတွင်လည်း ဆက်လက်လုပ်ဆောင်သွားရန်အစီအစဉ်ရှိကြောင်း သိရသည်။

ယင်းစီမံချက်အား ဂျပန်နိုင်ငံမှ အလှူငွေများဖြင့် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်သိန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်

## စာ – ၁၃၊ ရောဂါအများအပြားအား ကာကွယ်ပေးနိုင်မည့် လက်ဆေးခြင်းအလေ့အထ မှ




"ကလေးမိခင်တွေအနေနဲ့ ကလေးကို ကိုင်တွယ်တော့မယ်၊ နို့ တိုက်တော့မယ်၊ အစားအစာပြင်ဆင်တော့မယ်ဆိုရင် မိခင်က လက်ဆို စင်ကြယ်အောင်ဆေး သင့်ပါတယ်" ဟု ရေနှင့်သန့်ရှင်းရေးပညာရှင် ဒေါက်တာမြသန်းထွန်းကပြောသည်။

မိခင်များလက်ဆေးခြင်းဖြင့်ကလေးများတွင်ဖြစ်တတ်သည့် အဆုတ်ရောင်ရောဂါများအပြင် အခြားရောဂါများအားလည်း ကာကွယ်နိုင်ကြောင်း သိရသည်။ လက်ဆေးခြင်းအလေ့အထအား လူအများစုကြားတွင် စွဲမြဲခိုင်မာနေစေရန်အတွက် ငယ်စဉ်ဘဝကပင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့လက်ဆေးပွဲတော်နေ့ အထိမ်းအမှတ်လက်ဆေးပွဲများအား ၂၀၀၈ခုနှစ်မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ လက်ဆေးရာတွင်လည်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက Alchol အခြေခံဖြင့် ထုတ်လုပ်ထားသည့် လက်ဆေးရည်များဖြင့်ဆေးကြောရမည်ဖြစ်ကြောင်းသိရသည်။ လက်ဆေးပြီးပါကလည်း သန့်ရှင်းသည့် လက်သုတ်ပဝါ၊ တစ်သျှူးစသည်များဖြင့်သုတ်ရန် လိုအပ်သည်။ ထိုအရာများဖြင့် သုတ်သင်ရန် အခက်အခဲရှိပါက လက်အား လေတွင်အခြောက်ခံထားရမည်ဖြစ်ကြောင်း သိရသည်။

"လက်တစ်ခါဆေးပြီးရင် နောက်တစ်ခေါက် ဘယ်အချိန်ပြန်ဆေးရမယ်ဆိုတာတော့ ကိုယ်ဘာတွေကိုင်တွယ်ထားသလဲဆိုတဲ့ အပေါ်မှာမူတည်ပါတယ်။ လက်ကတော့ ဆေးပြီးရင် သန့်သွားမယ်ပြီးလို့ တစ်ခုခုကိုကိုင်လိုက်ရင် ပြန်ညစ်ပတ်သွားတာပါပဲ"ဟု ဒေါက်တာမြသန်းထွန်းကပြောသည်။

"လက်ကိုဖြစ်နိုင်ရင် Hand Gel တို့ဆပ်ပြာတို့နဲ့ဆေးရမယ်၊ ဆပ်ပြာနဲ့မဆေးနိုင်ရင်တောင် အနည်းဆုံးရေနဲ့တော့ ဆေးသင့်ပါတယ်" ဟု ဒေါက်တာမြသန်းထွန်းကဆက်လက်ပြောကြားသည်။ လက်ဆေးခြင်းအလေ့အထများလူထုထဲ၌ စွဲမြဲသွားစေရန်အတွက် ရုပ်ရှင်နှင့် ဗီဒီယိုများတွင်လည်း အစားစားသည့်ဇာတ်ဝင်ခန်းများနှင့် အခြားသင့်တော်သောဇာတ်ဝင်ခန်းများ၌ ထည့်သွင်းရိုက်ကူးသင့်ကြောင်း ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာလည်း ဆေးလိပ်သောက်ခန်းထက်စာရင် လက်ဆေးတဲ့အခန်းကို ထည့်ရိုက်သင့်ပါတယ် အဲဒီလို ထည့်ရိုက်တဲ့အခါမှာလည်း ခွက်ကြီးထဲကို လက်နှိုက်ပြီးဆေးတာထက်စာရင် စနစ်တကျဆေးကြောတာမျိုးကို ရိုက်သင့်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ လူအများအနေဖြင့် မိမိတို့တွင်ဖြစ်ပွားမည့်ရောဂါများအား ဖြစ်ပွားမှ ကုသခြင်းထက် ယခုကဲ့သို့ ငွေကုန်ကြေးကျသက်သာသော လက်ဆေးခြင်းဖြင့် ကြိုတင်ကာကွယ်ထားခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုပင်ဖြစ်ပြီး လူအများကျင့်သုံးသင့်သည့် အလေ့အထကောင်းတစ်ခုပင်ဖြစ်သည်။

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မျက်နှာပုံပန်းမကျသူများအား မြန်မာ-စင်ကာပူဆရာဝန်များ အခမဲ့ခွဲစိတ်ပေး

ဝတ်ရည်

ရန်ကုန်၊ အောက်တိုဘာ - ၁၆

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကြောင့် မျက်နှာပုံပန်းမကျဖြစ်နေသည့် ကလေးငယ်တစ်ရာကျော်အား မြန်မာ-စင်ကာပူဆရာဝန်များ ပူးပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

စစ်တွေ၊ မကွေး၊ တောင်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ငါးလမှ ၁၇ နှစ်ကလေး ၁၀၆ဦးအား ယခုလ ၁၁ ရက်မှ ၁၅ရက်အထိ ခွဲစိတ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာဆရာဝန်ဆရာမ ၂၅ဦးနှင့် Operation Smile (စင်ကာပူ)မှ ဆရာဝန်ဆရာမ စုစုပေါင်း ၃၈ယောက်မှ လာရောက်ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။

"ပထမ ကလေးက ၁၇၀ လောက်ရှိတယ်။ ဒါပေမဲ့ ကျန်းမာရေးစစ်ဆေးမှုတွေလုပ်တဲ့အခါ ဒီခွဲစိတ်မှုရက်အတွင်းမှာ ခွဲစိတ်ဖို့ မဖြစ်နိုင်တဲ့ကလေးတွေ၊ နေမကောင်းဖြစ်နေတဲ့ကလေးတွေနဲ့ နောက်ဆုံး ၁၀၆ယောက်ပဲ ခွဲစိတ်ခဲ့ရတယ်"ဟု ကရုဏာရှေ့ရှုမြန်မာမှုအစီအစဉ်မှ လူထုဆက်သွယ်ရေးအရာရှိဒေါ်ဝင်းဝင်းသန့်က ပြောသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ခြင်းမှာ မွေးရာပါကြောင့်လည်းကောင်း၊ မျိုးရိုးလိုက်ခြင်းကြောင့်လည်းကောင်း၊ အာဟာရချို့တဲ့ခြင်းကြောင့်လည်းကောင်း၊ အသက်ကြီးသည့်အရွယ်မှ မီးဖွားခြင်းကြောင့်လည်းကောင်း စသည်တို့ကြောင့် ဖြစ်ပွားကြခြင်းဖြစ်ကြောင်း ဒေါ်ဝင်းဝင်းသန့်ကပြောသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ခြင်းသည် ငယ်ရွယ်သည့်အရွယ်တွင် ပြုလုပ်ရသည့်အတွက် ငယ်ရွယ်သူများအား ဦးစားပေးခွဲစိတ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် နယ်ရှိကလေးငယ်များအား စုဆောင်းပြီး ဆေးကုသစရိတ်၊ စားသောက်စရိတ်များအား အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ပြင်ပတွင် ခွဲစိတ်မှုများပြုလုပ်ပါက ငွေကျပ်နှစ်သိန်းခန့် ကုန်ကျနိုင်ကြောင်းသိရသည်။

## လုပ်ငန်းခွင်တွင်လေ့ကျင့်ခန်းလုပ်ခြင်းက နာကျင်ကိုက်ခဲမှုများကိုကာကွယ်ပေးနိုင်

ဖရန့်ဖတ်၊

အောက်တိုဘာ – ၁၂

ကွန်ပျူတာများရှေ့တွင် အမြဲတစေထိုင်၍ အလုပ်လုပ်သူများသည် အများအားဖြင့် ဇက်နာခြင်း၊ ပခုံးနှင့်လက်တွင် နာကျင်မှုများ ဖြစ်ပေါ်ခြင်းနှင့် မျက်စိပြဿနာများ ကြုံတွေ့ရလေ့ရှိသည်။

လုပ်ငန်းခွင်၌ပင် ကိုယ်လက်လှုပ်ရှားမှုပိုမိုပြုလုပ်ခြင်းဖြင့် ယင်းပြဿနာများကို ကျော်လွှားနိုင်ကြောင်း ဂျာမနီနိုင်ငံမှ ခန္ဓာကိုယ်အနေအထားမှန်ကန်ရေးနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရေးအစည်းအရုံးမှ ပညာရှင်ဒိုင်ယက်တာဘရီသက်ကာက ပြောကြားသည်။

ယင်းသို့ လုပ်ငန်းခွင်၌ ကိုယ်လက်လှုပ်ရှားမှုလုပ်သည်ဆိုရာ၌ လက်အကူအညီမပါဘဲ မတ်တပ်ရပ်ခြင်း၊ အစည်းအဝေးပြုလုပ်ချိန်နှင့်တယ်လီဖုန်းပြောချိန်များတွင် ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်ခြင်း စသည်တို့ပြုလုပ်နိုင်ကြောင်း ၎င်းကအကြံပြုသည်။ ထို့အပြင် ပရင်တာနှင့် မိတ္တူကူးစက်များကို ခပ်ဝေးဝေးထားခြင်းသည်လည်း လမ်းလျှောက်ဖြစ်အောင်ကူညီကြောင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းလည်း အီးမေးလ်ဖြင့် ဆက်သွယ်ခြင်းထက် အနားသို့သွား၍ စကားပြောခြင်းမျိုး ပြုလုပ်သင့်ကြောင်း၎င်းကပြောကြားသည်။

လမ်းလျှောက်ထွက်ရင်း အစည်းအဝေးပြုလုပ်ခြင်းသည် လည်း ထိရောက်သောနည်းလမ်းဟု ၎င်းကပြောကြားပြီး လှေကားများသည်လည်း လေ့ကျင့်ခန်းပစ္စည်းများဖြစ်ကြောင်း၊ နေ့လယ်စာစားရန် အပြင်ထွက်ခြင်းမှာလည်း နေ့လယ်ပိုင်းတွင် လန်းဆန်းတက်ကြွစေရန်အထောက်အကူဖြစ် ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

—Ref: DPA










Regional
Vol.9, No.29 · OCTOBER 7, 2010

## မိုးသည်းထန်စွာ ရွာသွန်း သီးနှံစိုက်ခင်းများပျက်စီး



စာ(၁၈) သို့

# မန္တလေး – မြစ်ကြီးနားရထားလမ်းပိုင်းတွင် တောင်ပြိုမှုထပ်မံဖြစ်ပွား

ယဉ်ယဉ်သိန်း(နဘား)

နဘား၊ အောက်တိုဘာ- ၁၀

မန္တလေးမှ မြစ်ကြီးနားရထားလမ်းပိုင်းတွင် တောင်ကမ်းပါးများ မိုးရေစီးနှင့်အတူ ပြိုကျသွားခဲ့ရာမှ ရထားလမ်း၏ အောက်ခြေရှိ မြေသားများတောင်အောက်သို့ လျှောကျသွားမှုဖြစ်ပွားခဲ့သည်။



မြေပြိုမှုဖြစ်ပွားနေသော မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတစ်နေရာ။

ဝန်းသိုမြို့နယ်၊ နမ့်ခမ်းနှင့် ဘုံချောင်းဘူတာကြားတွင်ရှိသည့် မိုင်တိုင် ၅၆၂/၁၆-ဘာကြားနေရာတွင် စက်တင်ဘာ ၂၅ ရက်က မြေပြိုကျခဲ့ရာ၌ ရထားသံလမ်း နှစ်ဖက်လုံးမှာ အောက်ဘက်သို့ ကော့ညွတ်သွားခဲ့ရပြီး ရထား သံလမ်းအတွင်းခင်းကျင်းထားသော ကျောက်ခဲများနှင့် မြေသားတို့ပါ မျောပါသွားခဲ့ရမှုဖြစ်သည်။ မန္တလေးဘက်မှ ထွက်ခွာလာသော ခရီးသည်တင် အမြန်ရထားတစ်စီးသည် အချိန်မီ မီးရထားကို နောက်သို့ ပြန်လည်ဆုတ်ခွာလိုက်နိုင်ခဲ့သဖြင့် ခရီးသည်အမြောက်အမြား တစ်စုံတစ်ရာထိခိုက်မှု မရှိခဲ့ကြောင်း မီးရထားနှင့်ကိုယ်တိုင်လိုက်ပါသွားသူတစ်ဦးက ပြောသည်။ ယခုမြေပြိုကျခဲ့မှု အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့ရာ ဘုံချောင်း-နမ်းခမ်းဘူတာကြား၌ တစ်ဖက်တွင် ကျောက်တောင် စွယ်တန်းကြီး ကာရံထားသလို တစ်ဖက်တွင်မူ ချောက်ကမ်းပါးနှင့်ချောင်းရိုးတည်ရှိနေပြီး အန္တရာယ်ဖြစ်ပေါ်စေနိုင်သော နေရာတစ်ခုဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာလဆန်းပိုင်းကလည်း မီးရထားစက်ခေါင်းနှင့် လူစီးတွဲတစ်တွဲ လမ်းချော်ကျခဲ့ရမှုကြောင့် ရထားစီးခရီးသွား ၂ ဦးသေဆုံးပြီး ခရီးသည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ယခုတစ်ကြိမ် ထပ်မံ၍ တောင်ပြိုကျခဲ့မှုဖြစ်ပွားရာတွင် ရထားသံလမ်း ၃ ဆက်(သံလမ်း ၆ ချောင်း) ပြတ်တောက်ပျက်စီးခဲ့ရသည်။

ရထားလမ်းသွားလာမှု ရပ်တန့်သွားခဲ့ရာ မန္တလေးဘက်မှ လာသော ရထားများနှင့် မြစ်ကြီးနားဘက်က ထွက်ခွာလာသော ရထားများအား ရထားချင်းချိန်း၍ ပြောင်းပေးပြီးမှ ခရီးသည်များကို ပုံမှန်ပို့ဆောင်နိုင်အောင် စီစဉ်ပေးခဲ့သည်။ ရထားနှစ်စီး ဟိုဘက်သည်ဘက် ရွှေ့ပြောင်းကြရာ၌ ကိုက် ၃၀၀ ကျော်မျှအကွာအဝေးရှိခဲ့ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အခက်ကြုံခဲ့ရကြောင်းကိုယ်တွေ့ကြုံခဲ့ရသူများကပြောသည်။

ထိုလမ်းပိုင်း ပြုပြင်ရန်အတွက် ဇလီဖားတုံး ၂၅၀ ကျော် ကျောက်ရထား ၃ စီး(ကျောက်ကျင်းပေါင်း ၃၀၀ ခန့်)အသုံးပြုခဲ့ရကြောင်း မီးရထား ဝန်ထမ်းတစ်ဦးကပြောပြသည်။

## ရွှေးကောက်ပွဲရှိသဖြင့် မုံရွာဘုရားကြီးပွဲကို စော ကျင်းပမည်

မျိုးမင်းဦး

မုံရွာ၊ အောက်တိုဘာ- ၁၃

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား နှစ်စဉ်ကျင်းပသည့် နေ့ရက်များထက် အနည်းငယ်စော၍ ကျင်းပသွားမည်ဖြစ်ကြောင်း ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာ(၁၈) သို့

## ဆိုင်ကယ်နှစ်စီးနှင့် အဝေးပြေးမှန်လုံကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ဖိုးကျော်မြင့်

ပဲခူး၊ အောက်တိုဘာ- ၁၃

ယခုလ ၁၀ ရက်နံနက် ၇ နာရီက ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မိုင်တိုင်အမှတ် ၄၉/၄ နှင့် ၄၉/၅ ကြား ပဲခူးမီးရထားခုံးကျော်တံတားအတက်တွင် ဆိုင်ကယ်နှစ်စီးနှင့် အဝေးပြေးမှန်လုံကားတို့ မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်စီးသူ ၂ ဦးအနက် တစ်ဦး ပွဲချင်းပြီးသေဆုံးပြီး ကျန်တစ်ဦးမှာ ထိခိုက်ဒဏ်ရာပြင်းထန်သဖြင့် ပဲခူးမြို့ဆေးရုံကြီးသို့ပို့လိုက်ရသည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

စာ(၁၈) သို့




7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# စစ်တွေလေယာဉ်ကွင်းသို့ ဖော်ကာနှင့် ဂျက်လေယာဉ်များ၊ Y.8 လေယာဉ်များ ဆင်းသက်ပျံသန်းလျက်ရှိ

**နနမေွ**

**စစ်တွေ၊ အောက်တိုဘာ- ၁၂**

ရခိုင်ပြည်နယ်၊ စစ်တွေလေယာဉ်ကွင်းကြီးအား အဆင့်မြင့်ပြုပြင်တည်ဆောက်ခဲ့ရာ လေယာဉ်ကွင်းသို့ မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းများမှ လေယာဉ်ပျံများ နေ့စဉ်ဆင်းသက်ပျံသန်းလျက်ရှိပြီး F.27 (ဖော်ကာ)၊ F.28 (ဂျက်)(ART-42), (ART-72) လေယာဉ်များနှင့် တစ်ခါတစ်ရံ စင်းလုံးငှားလေယာဉ်များ အန္တရာယ်ကင်းစွာ ဆင်းတက်ပျံသန်းလျက်ရှိကြောင်း သိရသည်။

စစ်တွေလေယာဉ်ကွင်းမှာ Y.8 လေယာဉ်ကြီးများအထိ ဆင်းသက်နိုင်သော လေယာဉ်ကွင်းဖြစ်ကြောင်းလည်းသိရသည်။

စစ်တွေလေယာဉ်ကွင်းမှာ အလျားပေ ၆၀၀၀၊ အနံပေ ၁၅၀၊ လေယာဉ်သွားလမ်း ၅၂၅ ပေနှင့် အကျယ် ၇၅ ပေရှိပြီး လေယာဉ်ရပ်နားနေရာမှာ ၅၇၅ ပေ× ပေ ၃၀ ရှိကြောင်းသိရသည်။ လေဆိပ်၏ လေယာဉ်ကွင်းပတ်လည်ပေ ၁၈,၃၀၀ ကိုလည်း ၅ လက်မ ပတ်လည်ကွန်ကရစ်တိုင်များဖြင့် သွပ်ဆူးကြိုးကာရံထားရှိကြောင်း သိရသည်။

စစ်တွေလေယာဉ်ကွင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းကသံပြားပေါက်များ ခင်းထားသည့် စစ်သုံးလေယာဉ်ကွင်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကာ ၁၉၆၀ ပြည့်နှစ်တွင် အလျား ပေ ၆၀၀၀×အနံပေ ၁၅၀ ကျောက်ကတ္တရာခင်းပြေးလမ်းအဖြစ် တည်ဆောက်ခဲ့သည်ဟုလည်းသိရသည်။ လေယာဉ်ကွင်းပြေးလမ်းမှာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားနေရာတို့တွင် ကတ္တရာသက်တမ်းကုန် ဆုံးခြင်း၊ သက်တမ်းကြာမြင့်၍ မျက်နှာပြင်ကြမ်းတမ်းမှုရှိလာခြင်း၊ ပြေးလမ်းနိမ့်ကျ၍ ရေဝပ်ခြင်းဖြစ်ပေါ်နေ၍ လေယာဉ်များ ဆင်းတက်ရာတွင် အန္တရာယ်ရှိနိုင်သည့်အတွက် ၂၀၀၆ ခုနှစ်တွင် ပြေးလမ်းများကို ကျောက်ကတ္တရာညှိခြင်း၊ မျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပြီးစီးဖွင့်လှစ်ခဲ့ကြောင်းဖြင့် သိရသည်။

စစ်တွေ လေယာဉ်ကွင်းသို့ တစ်ပတ်လျှင် ခရီးသည် ၆၀၀ မှ ၁,၀၀၀ ဦးကြား ဝင်ရောက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ရခိုင်ဒေသသို့ လာရောက်လေ့ရှိကြောင်းသိရသည်။




# ဧရာဝတီတိုင်းပန်းတနော်တွင် လူကိုရန်ပြုသော မိချောင်းတစ်ကောင်ဖမ်းမိ



**စည်သူ(ပန်းတနော်)**

**ပန်းတနော်၊ အောက်တိုဘာ- ၁၂**

ဧရာဝတီတိုင်းပန်းတနော်မြို့နယ် လမ်းပျော်/(မျှော်)ကျေးရွာတွင် လူကိုရန်ပြုသည့်အလျား ၁၁ ပေ ၃ လက်မရှိသော မိချောင်းအမတစ်ကောင်ကို တာဝန်ရှိသူများနှင့်ဘိုကလေးမြို့ မိန်းမလှကျွန်းမှမိချောင်းဖမ်းဆီးရေးအဖွဲ့တို့ပူးပေါင်းပြီးအောက်တိုဘာလ ၁၁ရက်မနက် ၃း၃၀ခန့်တွင် အောင်မြင်စွာ ဖမ်းဆီးနိုင်ခဲ့သည်။ ထိုမိချောင်းဖမ်းဆီးရရှိခြင်းကြောင့် ၎င်းဒေသမှ ရွာသူရွာသားများမှာ အန္တရာယ်ကင်းရှင်းစွာဖြင့် ၎င်းတို့၏လုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်နိုင်ပြီးဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များမှ အသိပေးထားကြောင်းဒေသခံတစ်ဦးမှ ပြောသည်။

# သံတွဲတွင် မုန်တိုင်းအရှိန်ကြောင့် ငါးဖမ်းလှေနှင့် စပါးခင်းများပျက်စီး

**ပိုင်စိုး**

**သံတွဲ၊ အောက်တိုဘာ- ၁၃**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်းအရှိန်ကြောင့် သံတွဲမြို့နယ်၌ ပင်လယ်လှိုင်းကြီးမှု၊ ဒီရေလျှံတက်မှုများဖြစ်ခဲ့ပြီး ငါးဖမ်းလှေအချို့နှင့်စပါးခင်းများ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

သံတွဲမြို့နယ်၊ ငပလီ ကမ်းခြေရှိ ဇီးဖြူကုန်းကျေးရွာတွင် အောက်တိုဘာ ၇ ရက်ညက ပင်လယ်ဒီရေလှိုင်းများ၏ ရိုက်ပုတ်မှုကြောင့် ကမ်းတင်ထားသော ငါးဖမ်းလှေနှစ်စင်းနစ်မြုပ်ပျက်စီးခဲ့သည်။

"လှေတွေကို ကုန်းပေါ်ဆွဲတင်ထားတာ။ အဲဒီညက လေကပြင်းတော့ လှိုင်းကလည်း ကြီးတယ်။ ရေကလည်း ဖျားကြီးပတ်(ဒီရေအမြင့်ဆုံးတက်သည့် လကွယ်နေ့)ဖြစ်နေတော့ ဘယ်လိုမှ မလွယ်ဘူး။ လှိုင်းတွေက လှေနှစ်စင်းလုံးကို ဆွဲချသွားတာပေါ့။ လှိုင်းပုတ်ရင်းနဲ့ပဲ လှေကရစရာမရှိအောင်ပျက်သွားတာ။တစ်စင်းဆိုရင်သဲထဲမှာ မြုပ်သွားတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

အလားတူဥယျာဉ်ပြင်ကျေးရွာအုပ်စုနှင့် နတ်မောက်ကျေးရွာအုပ်စုတို့တွင်လည်း ဆားငန်ရေမဝင်စေရန် တားထားသော ဆည်များ ကျိုးပျက်ရေဝင်ခဲ့ပြီး စပါးခင်းများ ပျက်စီးခဲ့သည်။

"ရေက ဆည်အပေါ်ကလျှံပြီး ဆင်းလာတယ်။ ရေနဲ့နှူးထားသလို တူးမြောင်းဆည်ဆိုရင် အရှည်ဆုံးပဲ။ စက်အားနဲ့ဖို့ထားနင်းထားတာ။ သူက ရေတံခါးပါ ပြုတ်ထွက်သွားတယ်။ လယ်တွေရဲ့ ထက်ဝက်လောက်ကတော့ ပျက်မယ်ထင်တာပဲ" ဟု ဒေသခံလယ်သမားတစ်ဦးကပြောသည်။

၎င်းဆည်များ ကျိုးမှုကြောင့် ဆားငန်ရေဝင်သွားသောလယ်များမှာ ထွက်သင့်သည့်နှုန်း၏ သုံးပုံတစ်ပုံခန့်သာ စပါးထွက်ရှိနိုင်မည်ဟုသိရသည်။

"မိုးကိုမျှော်ရမှာပဲ။ စပါးတွေကအနှံထွက်စုံနေပြီလေ။ မိုးများများမရွာရင်တော့ အဖျင်းတွေ ဖြစ်သွားမှာပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ရခိုင်ပြည်နယ်ဘေးအန္တရာယ်လျော့ပါးရေးအတွက်ဒေါ်လာငါးသိန်းအသုံးပြုမည်

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ - ၁၃**

၂၀၁၀ မေလမှ လာမည့် ၂၀၁၁ ဩဂုတ်လအထိ ၁၅ လကြာဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း ဘေးအန္တရာယ်လျော့ပါးသက်သာရေးစီမံချက်အတွက် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄ သိန်းကျော် သုံးစွဲသွားရန်လျာထားကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(မြန်မာ)က ထုတ်ပြန်ထားသည်။

Malteser International၊ Action Aid Myanmar၊ ဒီအာရ်အာရ်လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ၊ ပြည်တွင်း/ပြည်ပအင်န်ဂျီအိုများနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အဆိုပါစီမံချက်တွင် ရခိုင်ပြည်နယ်၏ ဘေးအန္တရာယ်အလားအလာကိုလေ့လာခြင်း၊ ဘေးအန္တရာယ်အလားအလာကို လေ့လာခြင်း၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအထောက်အကူပြုဗီဒီယိုနှင့် အောင်မြင်နေသည့်လုပ်ငန်းနည်းလမ်းများကို ထုတ်လုပ်ဖြန့်ဝေခြင်း၊ ပိုမိုအောင်မြင်မည့်နည်းနာများရရှိရန် ဒေသတွင်း လေ့လာရေးခရီးနှစ်ကြိမ်ဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ခရိုင်နှင့် နိုင်ငံအဆင့်စီဘီဒီအာရ်အမ်ဆိုင်ရာပြပွဲများ ကျင်းပခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ဘေးအန္တရာယ်အလားအလာဆိုင်ရာ လက်ရှိအချက်အလက်များတွင် လိုအပ်ချက်များ ရှိနေသေးကြောင်း၊ ယခုစီမံချက်၏လေ့လာချက်သည် ယင်းပြည်နယ်၏ အနာဂတ် ဘေးအန္တရာယ်လျော့ပါးသက်သာရေး(ဒီအာရ်အာရ်) ဆောင်ရွက်မှုများကိုပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်းလည်း ရှင်းလင်းဖော်ပြထားသည်။

ရခိုင်ပြည်နယ်သည် ၂၀၀၄ ခုနှစ်ဒီဇင်ဘာ ၂၆ရက်က အိန္ဒိယသမုဒ္ဒရာအတွင်းလှုပ်ခတ်ခဲ့သည့် ငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဆူနာမီရေလှိုင်းများ၏ အဖျားခတ်မှုဒဏ်၊ ၂၀၀၆ ခုနှစ် ဧပြီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် တိုက်ခတ်ခဲ့သည့် မာလာမုန်တိုင်းဒဏ်၊ ၂၀၀၇ မေ ၁၁ ရက်က တိုက်ခတ်ခဲ့သည့် အကတ်ရှ်မုန်တိုင်းဒဏ်တို့ကို ခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ ယခု စီမံချက်အတွက် ECHO က အမေရိကန် ဒေါ်လာ ၄၆၀,၈၈၉ ဒေါ်လာ ပံ့ပိုးထားသည်။

## မြေရိုင်းဧက ၃၆၀ ဖော်ထုတ်မည်

ဌေးဌေးမောင်

**နွားထိုးကြီး၊ အောက်တိုဘာ- ၁၂**

နွားထိုးကြီးမြို့နယ်တွင် လယ်ဆည်ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြင်စည်ဒေသ၌ မြေရိုင်းဧက ၃၆၀ ဖော်ထုတ်ရေးကိုဆောင်ရွက်နေရာ ဧက ၁၃၅ ကျော် ထွန်ယက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်ရှိ မြေစာရင်း၊ ဆည်မြောင်း၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ မြန်မာ့ဝါလုပ်ငန်းတို့ပူးပေါင်း၍ အကောင်အထည်ဖော်ခြင်းဖြစ်ရာဧက ၁၃၀၊ ၁၂၅ ဧက၊ ၇၂ ဧကနှင့် ၃၅ ဧကစီ၄ နေရာခွဲ၍ တစ်ကွင်းတစ်စပ်တည်းဖော်ထုတ်နိုင်သည်ဆိုသည်။ ထွန်ယက်ပြီးမြေတွင်ငွေချည် ၆ ဝါနှင့် ပဲတီစိမ်းစိုက်ပျိုးကြမည်ဖြစ်ရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းက ငွေချည် ၆ ဝါ ၅ ဧကအား စတင်စိုက်ပျိုးနေကြောင်း မြို့နယ်မန်နေဂျာဒေါ်စန်းစန်းမြင့်က ထုတ်ဖော်ပြောကြားသည်။

နွားထိုးကြီးမြို့နယ် မြေရိုင်းများကို ဌာနနှင့် ပုဂ္ဂလိကများကို လုပ်ပိုင်ခွင့်ပေးနေရာ မင်းဝေလယ်ယာကုန်ထုတ်လုပ်ငန်း၊ အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တပ်မတော်စိုက်ပျိုးရေးတို့က မြေရိုင်းဖော်၍သီးနှံစိုက်ပျိုးနေကြကြောင်း သိရသည်။

# ဇေယျာရွှေမြေအိမ်ကွင်းအဖြစ်သတ်မှတ်ပြီးနောက် ယာဉ်လိုင်းနှင့် တည်းခိုခန်းများ အလုပ်ဖြစ်

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ- ၁၂**

ဇေယျာရွှေမြေဘောလုံးအသင်း မုံရွာအိမ်ကွင်းပွဲစဉ်ကာလအတွင်း မုံရွာမြို့ပေါ်တွင် ခရီးသည်ပိုမိုများပြားလာသည့်အတွက်မုံရွာမြို့ပေါ်ရှိဟိုတယ်များ၊ တည်းခိုခန်းများနှင့် မုံရွာ-ရန်ကုန်ခရီးသည်တင်ယာဉ်များအားလုံး ခရီးသည်များနှင့် ပြည့်နှက်နေကြောင်း မုံရွာမြို့ပေါ်ရှိဟိုတယ်လုပ်ငန်းရှင်များကပြောသည်။ "ဇေယျာရွှေမြေအက်ဖ်စီက လူတွေနဲ့ ဘောလုံးပွဲလာကြည့်သူတွေကြောင့် မုံရွာမြို့ပေါ်မှာရှိတဲ့ မုံရွာဟိုတယ်၊ Golden Arrow စတဲ့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေလည်း လူပြည့်နေတယ်" ဟု မုံရွာမြို့ ဝင်းယူနတီဟိုတယ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မုံရွာ-ရန်ကုန် ခရီးစဉ်ကို ပုံမှန်တစ်နေ့ သုံးစီးပြေးဆွဲပေးပါတယ်။ ဇေယျာရွှေမြေအက်ဖ်စီဘောလုံးပွဲစဉ်ကာလမှာ ပုံမှန်ခရီးသည်ပိုများလို့ တစ်ရက်လေးစီးပြေးဆွဲပေးရသလို စင်းလုံးငှားနဲ့ လာရောက်ကြည့်ရှုတဲ့သူတွေလည်း ရှိတယ်။ မုံရွာ-ရန်ကုန်ကားတွေ သာမကဘူး ရေဦး-မုံရွာ-ရန်ကုန်ကားတွေပါခရီးသည်တွေပြည့်နေတယ်"ဟု ရွှေစင်စကြာခရီးသည်တင် ယာဉ်လိုင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့အားကစားကွင်းအား ဇေယျာရွှေမြေအိမ်ကွင်းအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ခဲ့ပြီး MNL GRAND Royal 2010 ဘောလုံးပွဲစဉ်တွင် အောက်တိုဘာ ၉ ရက်က ဇေယျာရွှေမြေအိမ်ကွင်းဖွင့်ပွဲအဖြစ် ဇေယျာရွှေမြေနှင့် မနောမြေတို့ ယှဉ်ပြိုင်ကစားကြရာ ဇေယျာရွှေမြေအသင်းက (၃)ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

# ဈေးချိုအတွင်း လျှပ်စစ်မီးစနစ်တကျ သွယ်တန်းမှုများပြုလုပ်



ဇော်ကိုကို

**မန္တလေး၊ အောက်တိုဘာ- ၁၇**

မန္တလေးဈေးချိုတော်အတွင်း မီးဘေးကြိုတင်ကာကွယ်မှုအနေဖြင့် လျှပ်စစ်ဝါယာကြိုးများအား စနစ်တကျ ပြန်လည်သွယ်တန်းကာ ပလပ်ခေါင်း၊ ပလပ်ပေါက်များဖြင့် လျှပ်စစ်မီးအသုံးပြုခြင်းအား တားမြစ်လိုက်ပြီဖြစ်ကြောင်း မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးအောင်မြင့်သိန်းမှ ပြောကြားသည်။

"အခုဆိုဝါယာကြိုးတွေအကုန်လုံးကို စနစ်တကျဖြစ်အောင် ပိုက်ပျော့အမည်းတွေနဲ့ စွပ်ထားတယ်။ ဝါယာရှော့ခ်မဖြစ်နိုင်အောင်ပေါ့။ ပြီးတော့ ဘယ်ဆိုင်မဆို ပလပ်ပေါက်မသုံးရတော့ဘူး။ ရှိသမျှ လျှပ်စစ်ပစ္စည်းအားလုံးကို မီးကြိုးကနေပဲဘရိတ်ကာခံပြီး တိုက်ရိုက်တွဲသုံးရမယ်။ မီးသတ်ဆေးဘူးတွေလဲ ထပ်ဖြည့်နေတယ်။ တစ်ဆိုင်တစ်ဘူးရှိအောင်လုပ်နေတယ်" ဟု အဆိုပါပုဂ္ဂိုလ်မှ ဆက်လက်ပြောကြားသည်။

ယင်းသို့ လျှပ်စစ်ဝါယာကြိုးများထိန်းသိမ်းခြင်းအား မန္တလေးဈေးချိုတော်တွင် ဩဂုတ်လဆန်းပိုင်းမှ စတင်ကာ ပြုလုပ်ခဲ့ပြီး ယခုအခါတွင် ဈေးချိုတော် F ရုံနှင့် စက်လှေခါးအနီးတစ်ဝိုက်သာ ပြုပြင်ရန် ကျန်ရှိပြီး ကျန်နေရာများအားလုံးပြုပြင်ပြီးဖြစ်ကြောင်းသိရသည်။ ဈေးချိုတော်အပြင် မန္တလေးမြို့ရှိ အခြားဈေးကြီးများတွင်လည်း ထိုသို့လျှပ်စစ်ဝါယာကြိုးစနစ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဈေးချိုတော်၌ ဆိုင်ခန်းဖွင့်လှစ်ထားသော ဆိုင်ရှင်တစ်ဦးမှ ပြောကြားရာတွင် "အခုလို ဆိုင်တွေမှာ ပလပ်ပေါက်တွေ မသုံးရတာ၊ ဝါယာကြိုးတွေ ပိုက်ပျော့အမည်းတွေနဲ့ စွတ်ပြီးထားတာကောင်းပါတယ်။ ဝါယာတစ်ခုနဲ့တစ်ခုပူပြီးရှော့ခ်ဖြစ်ပြီးမီးလောင်တာမျိုးမရှိတော့ဘူး"ဟုပြောကြားသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာတစ်ဦးမှပြောကြားရာတွင် အချို့သော မသိနားမလည်သူများသည် အလိုအလျောက် လျှပ်စစ်ဓာတ်အား ဖြတ်တောက်ကိရိယာ (Breaker) များ အသုံးပြုရာ၌ အမှန်တကယ်အသုံးပြုသည့်လျှပ်စစ်ဓာတ်အားပမာဏထက် ပို၍ခံနိုင်ဝန်ရှိသော အိမ်ပီယာမြင့်ဘရိတ်ကာများအား တပ်ဆင်အသုံးပြုကြသောကြောင့် ဝါယာရှော့ခ်ဖြစ်သည့်အခါတွင် ၎င်းဘရိတ်ကာများသည် အလိုအလျောက်ဖြတ်တောက်နိုင်ခြင်းမရှိ၍ မီးဘေးအန္တရာယ်ရှိနိုင်ကြောင်း ထို့ကြောင့်ဘရိတ်ကာများအား အသုံးပြုရာတွင် သုံးစွဲသည့် လျှပ်စစ်ဓာတ်အားပမာဏပေါ်တွင်မူတည်၍ စနစ်တကျမှန်မှန်ကန်ကန်သုံးသင့်ကြောင်း ဦးအောင်မြင့်သိန်းက ပြောသည်။

# စစ်တွေ၌ နှစ်ပေါင်း ၃၀ အတွင်း ထူးကဲဒီရေတက်

မောင်သန်းဝင်း

**စစ်တွေ၊ အောက်တိုဘာ- ၁၃**

ယခုလ ဒုတိယပတ်ဆန်းပိုင်း ၂ ရက်အတွင်း စစ်တွေမြို့၌ မိုးရွာသွန်းမှုမှာ သာမန်မိုးရွာသွန်းမှုအဆင့်လောက်ထိသာ ရွာသွန်းခဲ့သော်လည်း ဒီရေမှာ မကြုံစဖူး မြေနိမ့်ပိုင်းရပ်ကွက်အချို့၌ ၂ပေမှ ၄ ပေအထိ တက်ရောက်ခဲ့ကာ ယာဉ်သွားလာမှုပြတ်တောက်ခဲ့ပြီး လောင်းသမ္ဗန်များဖြင့် အစားထိုးသွားလာမှုများ ရှိခဲ့ကြောင်း မြို့ခံများ၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် ထူးကဲဒီရေတက်နေစဉ် အလုပ်ရုံ၊ စားသောက်ဆိုင်၊ ဈေးဆိုင်များကိုလည်း ယာယီပိတ်သိမ်းထားရှိခဲ့ရကြောင်းလည်း ဆိုသည်။ "ဒီလိုရေတက်တာက အဘတို့ စစ်တွေမှာ ၁၉၇၀ ကျော်ဝန်းကျင်လောက်က တစ်ခေါက်တက်ခဲ့တယ်။ ဒါပေမဲ့ အခုတက်တာက မိုးကလည်း သဲသဲမဲမဲရက်ဆက်ရွာတာ မဟုတ်တာ။ ဒီရေကျတော့ မတရား ထူးကဲစွာတက်ရောက်ပြီးမြေနိမ့်တန်း ရပ်ကွက်တွေမှာလောင်း သမ္ဗန်တွေ အသုံးပြုပြီး သွားလာခဲ့ရတယ်။ အလုပ်ရုံ၊ စားသောက်ဆိုင်တွေကိုလည်း ယာယီပိတ်သိမ်းခဲ့ရပြီး တချို့မှာဆို ရောင်းကုန်ဆန်အိတ်တွေ ရေနစ်ပျက်စီးမှုတွေလည်းရှိတယ်"ဟု အုန်းတစ်ပင်ရပ်ကွက်မှ အသက် ၆၀ ဝန်းကျင်ရှိ ဦးကျော်စောဦးက ပြောသည်။

ထိုသို့ ထူးကဲဒီရေတက်စဉ် ကုလားတန်မြစ် ဒီရေလှိုင်းများ ဝင်ရောက်ရိုက်ခတ်မှုကြောင့် ရှုခင်းသာကမ်းနားလမ်းတစ်လျှောက် မြေထိန်းနံရံအပေါ်ယံပိုင်းအချို့ ပွန်းပဲ့ပျက်စီးမှုများ ရှိခဲ့ကြောင်းလည်း သိရသည်။

## မီးသွေးဖိုများ ရေဝင်၍မီးသွေးဈေးတက်

ညီညီဇော်

**မန္တလေး၊ အောက်တိုဘာ- ၁၇**

မန္တလေးမြို့တွင်မီးသွေးဈေးနှုန်း နှစ်ဆခန့်မြင့်တက်သွားကြောင်း သတင်းရရှိသည်။ ယင်းကဲ့သို့ဈေးတက်သွားရခြင်း အကြောင်းအရင်းများမှာ မီးသွေးဖုတ်သော ကျင်းများအတွင်းသို့မိုးရေဝင်၍ လုပ်ငန်းများရပ်တန့်ထားရခြင်း၊ မီးသွေးအဓိကဝင်ရောက်ရာ ကန့်ဘလူမြို့နယ် လွှဲဆိပ်ချောင်းရေလျှံ၍ မီးသွေးကုန်တင်သောကားများ ရေအကျစောင့်ကာ ဖြတ်သန်းရသောကြောင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း မီးသွေးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"နွားဘား၊ မော်လူး၊ အင်းတော်၊ နမ့်စီးအောင်မြို့တွေကနေမီးသွေးဝင်ပါတယ်။ အဲဒီဘက်ကရထားနဲ့ဝင်တာဆိုတော့ ရာသီဥတုမကောင်းရင် ရထားဖြတ်လို့မရတော့ဈေးတက်တတ်ပါတယ်" ဟုပြောသည်။ "အရင်က မသန့်စင်ရသေးတဲ့မီးသွေးဆိတ်အရိုင်း အသေးတစ်လုံးဈေးက ၂,၂၀၀ ဆို အခု ၄,၃၀၀ ကျပ်ဖြစ်သွားတယ်။ အလတ်က ၃,၅၀၀ ကျပ်ကနေ အခု ၆,၀၀၀ ကျပ်ဖြစ်သွားတယ်။ နှစ်ဆလောက်တက်တယ် ပြောရမယ်"ဟု ပြောသည်။

မီးသွေးကို နေ့စဉ်မီးဖိုချောင်၌တစ်ခါချက်အထုပ်ငယ်ဝယ်သုံးနေသော အိမ်ရှင်မတစ်ဦးကလည်း "အရင်က ၁၀၀ ရောင်းတဲ့ အထုပ်က အခု ၁၅၀ အရင် ၂၀၀ ရောင်းတဲ့အထုပ်က ၂၅၀ ဖြစ်သွားတယ်။ ပြီးတော့ မီးသွေးတွေကအကြေတွေချည်းပဲ"ဟု ပြောပြသည်။မီးသွေးဈေးနှုန်းတက်သွားသော်လည်းမီးသွေးအကြေမှုန့်များဖြင့်ပြုလုပ်သော လောင်စာတောင့်များ၏ဈေးနှုန်းမှာ ယခင်အတိုင်းပြောင်းလဲမှုမရှိသေးကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## စာ (၁၅)ရွေးကောက်ပွဲရှိသဖြင့် မုံရွာဘုရားကြီးပွဲကို စော ကျင်းပမည် မှ

"မုံရွာဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်ကနေ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ကျင်းပလေ့ရှိတာ ဒီနှစ်ပွဲတော်ကာလကို ၃ ရက်စောပြီး သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၃ ရက်)ကနေ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် (နိုဝင်ဘာ ၃ ရက်)အထိ ကျင်းပခွင့်ပြုမှာဖြစ်ပါတယ်။ ဆုတောင်းပြည့်ဘုရားပွဲတော်မြို့လုံးကျွတ်သံဃာဒါနဆွမ်းလောင်းပွဲကိုနှစ်စဉ်ကျင်းပ မြဲဖြစ်တဲ့ သီတင်းကျွတ် လပြည့်ကျော် ၈ ရက်(အောက်တိုဘာ ၃၁ ရက်)မှာ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု အဆိုပါဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆုတောင်းပြည့်ဘုရားပွဲတော်ကာလအတွင်း ဆုတောင်းပြည့်ရင်ပြင်တော် ဈေးဆိုင်ခန်းများအား ပြီးခဲ့သည့်နှစ် ဘုရားပွဲတော် ကာလတွင် ဖွင့်လှစ်ရောင်းချခွင့်မပြုခဲ့ရာမှ ယခုနှစ် ဈေးပွဲတော် ကာလအတွင်း ဆုတောင်းပြည့် မြတ်စွာဘုရားကြီး ကျောပေးဆိုင်ခန်းများသာ ရောင်းချခွင့်မပြုဘဲ စေတီတော် မျက်နှာချင်းဆိုင် ဈေးဆိုင်ခန်းများအား ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဟုသိရသည်။ ဘုရားပွဲတော်ကာလအတွင်း ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ကပြဖျော်ဖြေခဲ့ရာ ယခင်နှစ်များက ၆ ညသာ ကပြဖျော်ဖြေခဲ့ရာမှ ယခုနှစ်တွင် နန်းမြို့တော်ဇာတ်ပွဲ၊ နောင်နောင်ဇာတ်ပွဲ၊ ရွှေပြည်တန်ဇာတ်ပွဲတို့မှ ၈ ညတိုင်တိုင် ကပြဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

"ဆုတောင်းပြည့်ဘုရားပွဲတော်ကို ဒီနှစ်မကျင်းပဖြစ်ဘူးလို့ ကောလာဟလတွေထွက်နေတာ။ ရွေးကောက်ပွဲကာလနဲ့ နီးတော့ ဈေးဆိုင်ခန်းရှင်တွေက နယ်စုံဆိုတော့ ရွေးကောက်ပွဲမတိုင်မီ ၄ ရက်အလိုမှာ ပွဲတော်အပြီးကျင်းပမှာပါ။ ဈေးသည်တွေလည်း ရွေးကောက်ပွဲမှာ မဲထည့်ဖို့ အတွက် ကိုယ့်ဒေသကိုယ်ပြန်လို့ရတာပေါ့။ နိုဝင်ဘာ ၃ ရက်မှာတော့ ဈေးဆိုင်ခန်းတွေလည်း နှစ်စဉ်အတိုင်း စည်စည်ကားကားနဲ့ရောင်းချပေးမှာဖြစ်ပါတယ်"ဟုဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူးက ပြောကြားသည်။

ဆုတောင်းပြည့်ဘုရားပွဲတော်တွင် စကြာယာဉ်များ၊ နတ်မြင်းပျံယာဉ်များ၊ အပျော်စီးယာဉ်များ၊ မျက်လှည့်ပွဲများ၊စားသောက်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များ၊ ကျောက္ကာယွန်းထည်၊ မုံရွာနှီးထည်များ၊ မုံရွာစောင်မျိုးစုံအရောင်းဆိုင်၊ ပခုက္ကူအထည်ဆိုင်နှင့် ဆားလင်းကြီးတုံရွာအထည်ဆိုင်များ၊ အဓိပတိစာအုပ်ဈေးရောင်းပွဲတော်နှင့် စာရေးသူစာဖတ်သူတွေ့ဆုံပွဲစသည့် အရောင်းဆိုင်များပါဝင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

## စာ (၄၂) ကျိုက္ခမီရေလယ်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်ထား မှ

ကျိုက္ခမီဘုရားပွဲတော်တွင် သီတင်းကျွတ်လဆန်း ၉ ရက်မှ ၁၃ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းတွင် ဆွမ်းအိုးများပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ပြုလုပ်သွားမည်ဖြစ်ပြီး ညပိုင်းတွင် ဆီမီးကိုးထောင်ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။ မော်လမြိုင်မြို့၏ တောင်ဘက်မိုင်(၆၀) ခန့်ကွာဝေးသည့် ကျိုက္ခမိမြို့ ဆုတောင်းပြည့် ရေလယ်ဘုရားပွဲတော်သို့ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်တော်များလာရောက်လေ့ရှိပြီး အပြန်တွင် စက်စဲကမ်းခြေ၌ အနားယူအပန်းဖြေကာ ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူလေ့ရှိသည်။ ကမာဝက်ဓာတ်တော်ပေါင်းစုံဘုရား၊ ကန်တော်ကြီးစေတီတော်နှင့် ကမ္ဘာ့အကြီးဆုံး ဝင်းစိန်တောရ အတောင် ၄၀၀ ပြည့်လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့ကို ခရီးစဉ်တစ်ခုတည်းအတွင်း ဝင်ရောက်ဖူးမြော်နိုင်ပြီး ထိုမှတစ်ဆင့် ကျိုက်မရောခုနှစ်ခွေ တောင်ဖြတ်လမ်းဖြင့် ကျိုက်မရောဘုရား၊ မော်လမြိုင်တောင်ရိုး တောင်တန်းဘုရားများကိုလည်း သွားရောက်ဖူးမြော်နိုင်သည်။

# လေးမြို့မြစ်၌ ကျောက်ထုတ်လုပ်ငန်းများယာယီရပ်နားထား

မောင်သန်းဝင်း

**မြောက်ဦး၊ အောက်တိုဘာ- ၁၃**

ရခိုင်ပြည်နယ်အလယ်ပိုင်းဒေသ လမ်းတံတားအဆောက်အဦ စီမံကိန်းလုပ်ငန်းများအတွက် ကျောက်များကို အဓိကထုတ်ယူသုံးစွဲနေရသောလေးမြို့မြစ်အတွင်း မိုးရွာသွန်းမှုများကြောင့် ရေစီးကြမ်းခြင်း၊ ရေဝဲစက်ကွင်းများဖြစ်ပေါ်ခြင်းနှင့် မြစ်ကမ်းပါးပြိုဆင်းခြင်းများကြောင့် ကျောက်ထုတ်လုပ်ငန်းများကို ယာယီရပ်နားထားရကြောင်း ဒေသခံကျောက်ထုတ်လုပ်ငန်းရှင်များက ပြောသည်။

"မိုးအကုန်ဆောင်းအကူး နှုတ်ဆက်မိုးလို့ခေါ်တဲ့မိုးက အခု လ ၇ ရက်မှ ၉ ရက်အထိ သဲသဲမဲမဲရွာချတာပဲ။ မြစ်ဖျားပိုင်း ချင်းတောင်တန်းမှ တောင်ကျရေ (အညာရေ)က တစ်ဟုန်ထိုးသွန်ချလာပြီး မြစ်မှာကရေကြီးရေလျှံတာထက် ရေဝဲစက်ကွင်းကို ဖြစ်ပေါ်တာကပိုဆိုးတာပေါ့။ ကျောက်ထုတ်လုပ်နေတုန်း ရေဝဲစက်ကွင်း ကျရောက်လာရင် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် မြစ်ရေမူလအနေအထားဖြစ်တဲ့အထိ စောင့်ဆိုင်းပြီး ကျောက်ထုတ်လုပ်ငန်းတွေကို ယာယီရပ်နားထားရတာပါ" ဟု မြောက်ဦးမြို့နယ်မြရိပ်ကျွန်းမှ ကျောက်ထုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ လမ်းတံတားအဆောက်အဦစီမံကိန်းလုပ်ငန်းအများအပြား ပေါ်ထွန်းလာပြီး ပြည်နယ်အလယ်ပိုင်းဒေသများအပြင် အခြားမြို့နယ်ဒေသများမှလည်း လိုအပ်သောကျောက်များကို လေးမြို့မြစ်အတွင်းမှ ထုတ်ယူသုံးစွဲလာကြကြောင်းလည်း သိရသည်။

# မိုးသည်းထန်စွာရွာသွန်း၍ သီးနှံစိုက်ခင်းများပျက်စီး



ညီညီဇော်

**မန္တလေး၊ အောက်တိုဘာ - ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းခဲ့သောကြောင့် သီးနှံစိုက်ခင်းများပျက်စီးခဲ့ကြောင်း အဆိုပါဒေသမှဒေသခံများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ တောင်သူများထံမှသိရှိရသည်။ ပျက်စီးသွားခဲ့သောသီးနှံစိုက်ခင်းများမှာ ကြက်သွန်ပျိုးခင်း၊ ပဲတီစိမ်းစိုက်ခင်း၊ ငရုတ်၊ နှမ်း၊ ဖရဲသခွားနှင့် ပဲမြစ်ဈေးစိုက်ခင်းများဖြစ်သည်ဟု ဒေသခံများကပြောသည်။

"မနှစ်ကတော့ မိုးခေါင်တယ်။ ဒီနှစ်ကျတော့ မိုးကြီးတော့ သီးနှံတွေပျက်စီးတယ်။ တောင်သူတွေတော်တော်ဒုက္ခရောက်နေတယ်" ဟု ကျောက်ဆည်မြို့မှ သီးနှံမျိုးစုံစိုက်ပျိုးသူတစ်ဦးကပြောသည်။ မြစ်သားမြို့နယ်အတွင်းရှိ ရွာပေါင်း ၁၃ ရွာခန့်သည် ၂၀၁၀ ဩဂုတ်လအတွင်း စမုံချောင်းရေလျှံသောကြောင့် ငရုတ်နှင့် စပါးပျိုးခင်းများ ပျက်စီးခဲ့ပြီး၊ ယခုတစ်ဖန်မိုးကြီးသောကြောင့် ကြက်သွန်ပျိုးခင်းနှင့် ငရုတ်ခင်းများ ပျက်စီးခဲ့ကြောင်း ထိုဒေသရှိဒေသခံတစ်ဦးကပြောသည်။ "တောင်သူတွေ ငွေကြေးဆုံးရှုံးသလို၊ လက်လုပ်လက်စားသမားတွေလည်း အလုပ်လက်မဲ့ဖြစ်ကုန်တယ်"ဟု ထိုဒေသခံကပြောသည်။ ဆောင်းတွင်းသရေစာတစ်မျိုးဖြစ်သည့် ပဲမြစ်ဈေးစိုက်ခင်းများပျက်စီးခဲ့ရခြင်းနှင့်ပတ်သက်ပြီး တံတားဦးမြို့နယ်မှ ပွဲရုံလုပ်ငန်းရှင်တစ်ဦးကလည်း "ပဲမြစ်ဈေးစိုက်ခင်းဧကတော်တော်များများပျက်စီးသွားတယ်။ ဧကများတော့ ငွေကြေးဆုံးရှုံးမှုက ခန့်မှန်းလို့မရဘူး" ဟု ပြောသည်။

ကျောက်ဆည်၊ မြစ်သားမြို့နယ်များတွင် ကြက်သွန်အဓိကပျက်စီးခဲ့မှုကြောင့် ကြက်သွန်ဈေးကောင်းလာနိုင်ကြောင်း မန္တလေးမြို့ရှိ ကြက်သွန်ပွဲရုံတစ်ရုံမှ တာဝန်ရှိသူတစ်ဦးကသူ၏အမြင်ကိုပြောသည်။ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ ရေဘေးဒုက္ခကြုံတွေ့နေရသော အမျိုးသမီးတစ်ဦးကလည်း "အစ်မတို့က သူတို့တွေထက်စာရင် ပျက်စီးမှုနည်းတယ်လို့ပြောရမှာပေါ့။ သူတို့က စီးပွားရေးပါထိခိုက်တော့စိတ်မကောင်း ဖြစ်မိပါတယ်။ ရေဘေးဒုက္ခသည်ချင်းကိုယ်ချင်းစာပါတယ်"ဟု ပြောသည်။

## စာ(၁၅) ပဲခူးမြို့မီးရထားခုံးကျော် ဆိုင်ကယ်နှစ်စီးနှင့်အဝေးပြေး မှန်လုံကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မိ မှ

ဖြစ်စဉ်မှာ ပဲခူးမီးရထားခုံးကျော်တံတား၌ ဆိုင်ကယ် ၂ စီးနှင့် ပဒုမ္မာအဝေးပြေး မှန်လုံကားတို့ တိုက်မိ၍ဆိုင်ကယ်မောင်းသမားနှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိထားကြောင်း ပဲခူးမြို့အမှတ် ( ၃) ရဲတပ်ဖွဲ့စခန်းသို့ ကနဦး သတင်းရရှိခဲ့မှုကြောင့် အမှတ်(၃) ရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်စောမူချေးနှင့် တာဝန်မှူးဒုရဲအုပ် သိန်းမြင့်တို့အဖွဲ့သည် အချင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်စစ်ဆေးမှုပြုကြသည်။ ပဲခူးဘက်မှရန်ကုန်ဘက်သို့ မောင်းနှင်လာသော တောင်စွန်း-ကျိုက်ထို-ရန်ကုန်ပြေးဆွဲသည့် ပဒုမ္မာ(ဖြူဝါကြား) မှန်လုံကားသည် ပဲခူးမီးရထားခုံးကျော်တံတားအတက် မိုင်တိုင် အမှတ်(၄၉/၄)နှင့် (၄၉/၅)ကြားတွင် ဝဲဘက်ယာဉ်ကြောသို့ ရောက်ရှိသွားခဲ့ရာ ရန်ကုန်ဘက် ရှေ့မှယာဉ်ကို ကျော်တက်၍ မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးအား မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ကြောင်းသိရသည်။

ဆိုင်ကယ်နှစ်စီးမှာ လှအေး(ခ)မူဆာ(၂၃)နှစ်၊ ပဲခူးမြို့နေသူ မောင်းနှင်လာသော ဟွန်ဒါအစိမ်းရောင်ဆိုင်ကယ်နှင့် ပြည့်စုံအောင်(၂၃)နှစ်၊ ပဲခူးမြို့နေသူ မောင်းနှင်လာသောကျောက်စိမ်းရောင်တရုတ်ဆိုင်ကယ်တို့ဖြစ်ကြောင်းသိရသည်။

လှအေး(ခ)မူဆာသည် အခင်းဖြစ်ရပ်၌ပင် သေဆုံးသွားခဲ့ပြီး ပြည့်ဖြိုးအောင်မှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးစာဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့လိုက်ရကြောင်းသိရသည်။

လူသေ၊ ဒဏ်ရာအပြင်းအထန်ရအောင် မဆင်မခြင် မောင်းနှင်ခဲ့သော ယာဉ်မောင်းအောင်ကျော်ဌေး(၄၀)နှစ် ရန်ကုန်မြို့နေသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄(က)(၃၃၈)တို့ဖြင့် အမှုစစ်ဒုရဲအုပ်သိန်းမြင့်က တရားလိုပြုလုပ်၍ အမှတ်(၃)ရဲတပ်ဖွဲ့စခန်း ပဲခူးမြို့သို့ တိုင်ကြားထားကြောင်း သိရသည်။

ဝန်ထမ်းအလိုရှိသည်

ဝန်ထမ်းအလိုရှိသည်
Custom Clearing
Super Seven Star Motors Industry Co.,Ltd.

(1) Mechanical Engineer A.G.T.I
(2) Electrical Engineer A.G.T.I
(3) Computer

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# မန္တလေးတွင် မုံရွာမိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ပုံစံတူ နှစ်ဆန်ဗုဒ္ဓေစေတီတော်တည်ရန် စီစဉ်

စိုင်းသာအောင်

**မန္တလေး၊ အောက်တိုဘာ - ၁၅**


ဗိသုကာလက်ရာတွင် နာမည်ကျော်သော မုံရွာမြို့အနီးရှိ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကို ဖူးတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ သစ္စဝေဒဂူမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာတွင် မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးနှင့်ပုံစံတူ ဂန္ဓကုဋီကျောင်းစံ နှစ်ဆန်ဗုဒ္ဓေစေတီတော်ကြီး တည်ထားပူဇော်ရန် အောက်တိုဘာ ၁၅ ရက်နေ့က ဘုရားပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့ကြောင်း ပင်မအလှူရှင်တစ်ဦးဖြစ်သူဦးညိုဝင်း(ရွှေသီဝင်း)က 7Day News သို့ပြောသည်။

အဆိုပါ ဂန္ဓကုဋီတိုက်အတွင်း၌ ဗောဓိသစ္စာရမြတ်စွာဘုရားနှင့် သန္တိသစ္စာရမြတ်စွာဘုရားနှစ်ဆူကိန်းဝပ်သီတင်းသုံးမည်ဖြစ်ကြောင်း၊ ဘုရားဘွဲ့အမည်ကို နှစ်ဆန်ဗုဒ္ဓေစေတီတော်ကြီးဟု အမည်ပေးထားကြောင်း ၎င်းက ထပ်မံပြောသည်။

၂၀၀၉ ခုနှစ် မေလ ၆ရက်နေ့က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၈၄×၈၅ လမ်းကြား၊ ၃၂×၃၃ လမ်းကြား ယွန်းဝင်းရပ်ဝင်းရှိ မဟာလောကမိနရံသီစေတီတော်ဘုရားဝင်းအတွင်းရှိ ပေါက်ရောက်လျက်ရှိသော သက်တမ်းနှစ် ၁၅၀ ခန့်ရှိ ဗမာကုက္ကိုပင်ကြီး လေတိုက်၍ လဲကျသွားခဲ့ကြောင်း သိရသည်။

လဲကျစဉ် က ဓမ္မာရုံအတွင်းရှိဘုရားများနှင့် အနီးရှိအိမ်တို့မှ လူများ ထိခိုက်ခြင်းမရှိခဲ့ကြောင်း၊ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေအနီး သစ္စဝေဒဂူမိုးကုတ်ဝိပဿနာရိပ်သာသို့ ကရိန်းကားဖြင့် သယ်ဆောင်ခဲ့ပြီး ကုက္ကိုပင်ကြီးမှအမြစ်များမှာ မြေအောက်သို့ မဆင်းဘဲ အထက် ပေ ၇၀ ခန့်အထိ ဆန်တက်နေသည်ကိုတွေ့မြင်ရကြောင်း၊ ကုက္ကိုပင်ကြီးကိုထုဆစ်ရာ အမြင့် ၄ပေရှိ အောင်ခြင်းရှစ်ပါးပလ္လင်ကြီးတစ်ခု၊ ညဏ်တော် ၄ ပေရှိ ထိုင်တော်မူတစ်ဆူ၊ ညဏ်တော် ၁၈ ပေရှိ ထိုင်တော်မူတစ်ဆူ၊ နတ်ရုပ်နှစ်ဆူ၊ ရဟန္တာပုံသုံးဆူနှင့် အရှင်အာနန္ဒာ ပုံတစ်ဆူ အသီးသီးထုလုပ်ပူဇော်ခဲ့ပြီး ၎င်းရုပ်ပွားတော်များကို ထားရှိပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

# ကစ္ဆပနဒီတံတားတိုင်ကို တိုက်မိပြီး ကုန်အပြည့်တင်ဆောင်လာသောစက်လှေတစ်စီးတိမ်းမှောက်

မောင်သန်းဝင်း

**ကျောက်တော်၊ အောက်တိုဘာ- ၁၃**

စစ်တွေအခြေပြုပြီး ကုလားတန်(ကစ္ဆပနဒီ)မြစ်ကြောင်းအတိုင်း စစ်တွေ-ကျောက်တော်-ပလက်ဝသို့ ပြေးဆွဲခုတ်မောင်းသွားလာနေသော ပန်းသဝင်အမည်ရှိစက်လှေတစ်စီးသည် ကုန်အပြည့်တင်ဆောင်ပြီး ပလက်ဝမှ စစ်တွေမြို့သို့အလာ ယခုလ ၁၂ ရက်၊ နံနက် ၉ နာရီဝန်းကျင်ခန့်တွင် ကစ္ဆပနဒီတံတားတိုင်ကို မတော်တဆဝင်တိုက်မိပြီး စက်လှေကိုယ်ထည်များ ကွဲအက်ကျိုးပြတ်ကာ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါစက်လှေ၌ တက်ပဲ့ကိုင် ၂ ဦး၊ စက်ဘက်ကျွမ်းကျင် ၂ ဦးနှင့် ကုန်တင်ကုန်ချ အထွေထွေလုပ်သား ၄ ဦးအပြင် ခရီးသည် ၃ ဦးလည်း ပါဝင်လာပြီး စက်လှေတိမ်းမှောက်မှုဖြစ်စဉ် အနီးအနားရှိ ရေလုပ်သား (တံငါသည်)များ၏ ရဲဝံ့ပြောင်မြောက်သောသတ္တိကြောင့် စက်လှေ၌ စီးနင်းလိုက်ပါလာသူအားလုံးမှာ သေဘေးမှ လွတ်ကင်းခဲ့ကြောင်း သိရသည်။

ယခုလ ၇၊ ၈၊ ၉ ရက်များက ရခိုင်ဒေသ၌ မိုးရွာသွန်းမှုအားကောင်းခဲ့ပြီး မြစ်ချောင်းများ၌ ရေဝဲစက်ကွင်းများ ဖြစ်ပေါ်မှုများရှိကြောင်း သိရသည်။

"စက်လှေတော့ ပုံမှန်အမြန်နှုန်းနဲ့လာပြီး ကစ္ဆပနဒီတံတားအောက်ကိုဖြတ်မယ်အပြုမှာ ရေဝဲစက်ကွင်းထဲ ကျရောက်ပြီး တံတားတိုင်ကို အရှိန်အဟုန်နဲ့ ဦးတည် ဝင်ဆောင့်တိုက်တာပဲ။ တိုက်တာနဲ့ စက်လှေက ဖြုန်းခနဲ အသံကွဲကြီးမြည်ပြီး လူတွေမြစ်ထဲ လွင့်စင်ပြုတ်ကျလာတယ်။ အဲဒီလူတွေကိုကျွန်တော်တို့က အသက်ကို စတေးပြီး ကယ်တင်နိုင်ခဲ့ကြတယ်။ စက်လှေက အဲဒီနေရာမှာပဲ ကွဲအက်ပျက်စီးနစ်မြုပ်သွားတယ်"ဟု စက်လှေတိမ်းမှောက်စဉ် စီးနင်းလိုက်ပါသူများအားကယ်တင်ခဲ့သူ တံငါသည် ဦးညွန့်သောင်းကပြောသည်။

စက်လှေပေါ်၌ အဝတ်ချုပ်စက်ခေါင်းအလုံး၂၀၊ အိန္ဒိယထုတ်နေရောင်ခြည်သုံး လျှပ်စစ်ခဲတံအား ထုတ်ယူနိုင်သော ဆိုလာပြားအချပ်ရေ ၃၀ နှင့် အခြားကုန်ပစ္စည်းများ အပါအဝင် ခန့်မှန်းခြေတန်ဖိုးအားဖြင့် ကျပ်သိန်းတစ်ရာဝန်းကျင် ဆုံးရှုံးနိုင်ကြောင်းသိရသည်။

# မုန်တိုင်းဒီရေကြောင့် ပုစွန်ကန်များပျက်စီးခြင်းက ရေထွက်ကုန်တင်ပို့မှုကို လျော့ကျစေနိုင်

ဂျွန်ကိုလင်း

**စစ်တွေ၊ အောက်တိုဘာ- ၁၃**

ပြီးခဲ့သည့်အပတ်က ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြောင့် ရခိုင်ဒေသရှိစစ်တွေခရိုင်နှင့်မောင်တောခရိုင်မြို့နယ်များရှိ ပုစွန်ကန်များမှာ မုန်တိုင်းဒီရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရကြောင်းသိရသည်။ အထူးသဖြင့် မောင်တောနယ်စပ်ကုန်သွယ်ရေးနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကထားတင်ပို့နေရသည့် ရေငန်ပုစွန်များမှာ ပုစွန်မွေးကန်များ ပျက်စီးခဲ့ရခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုကိုလျော့ကျလာနိုင်ကြောင်း စစ်တွေမှ ပုစွန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။ ရခိုင်ဒေသတွင်း ပုစွန်ကမ်းပိုင်အများဆုံးလုပ်ကိုင်ကြသည့် ပေါက်တော၊ မြေပုံ၊ စစ်တွေ၊ ရသေ့တောင်နှင့် မောင်တောမြို့များ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒီရေများတက်လာကာ ပျက်စီးခဲ့ရသည်။

"မွေးပုစွန်တွေဆိုပေမယ့် ပျက်စီးသွားတဲ့ဒေသက မြို့နယ်တိုင်းလိုလိုပါ။ အခု မိုးကုန်တော့မယ်။ ဖမ်းလို့ရမယ်ဆိုတာကလည်း နောက်ထပ် ဒီရေထရက်တွေကို စောင့်ရတော့မယ်။ ဒါကြောင့် ပုစွန်တင်ပို့တာနယ်စပ်ကိုလျော့ကျနိုင်တယ်"ဟု ပုစွန်တင်ပို့လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။ ရခိုင်ဒေသမှာပုစွန်မွေးမြူ ရေးဧကပေါင်း ၁၅၅,၅၃၃ ဧကခန့်ရှိပြီး နှစ်စဉ်ရေငန်၊ ရေချိုပုစွန် များကိုဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရိုးမအရှေ့ဘက်သို့တင်ပို့ကြောင်း သိရသည်။

# မိုးစပါးပေါ်ခါနီး ဆန်ဈေးအနည်းငယ်တက်

ညိုညိုဝင်း

**နေပြည်တော်၊ အောက်တိုဘာ- ၁၂**

နေပြည်တော်ဒေသ၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းအချို့ ယခုလအတွင်းရိတ်သိမ်းရန်ရှိပြီး ဒေသအများစု၌ မိုးစပါးများရိတ်သိမ်းချိန်နီးလာလာသော်လည်းဆန်ဈေးကွက်၌ ဈေးအနည်းငယ်မြင့်တက်လာကြောင်း နေပြည်တော်ပျဉ်းမနားမြို့ရှိဆန်ဈေးကွက်အတွင်းမှ သတင်းရရှိသည်။ ယခုမိုးစပါးစိုက်ပျိုးရာသီအတွင်းအချိန်စော၍ စတင်စိုက်ပျိုးခဲ့သော စပါးစိုက်ခင်းအချို့မှာ ယခုလနှောင်းပိုင်းကာလတွင် စတင်ရိတ်သိမ်းကြတော့မည်ဖြစ်သည်။ ကောက်သစ်စပါးများ ထိုကဲ့သို့အချိန်အနည်းငယ်အတွင်း စပါးဈေးကွက်သို့ဝင်ရောက်လာရန်ရှိသော်လည်း လက်ရှိဆန်ဈေးများမှာ မူလဈေးထက်ဈေးအနည်းငယ်မြင့်တက်သွားခဲ့ကြောင်း ဒေသခံဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ကောက်သစ်တွေ ရက်ပိုင်းအတွင်းမှာ ဈေးကွက်ထဲရောက်လာတော့မယ်လို့ သိထားပါတယ်။ ဒါပေမဲ့လောလောဆယ်တော့ ဝါကျွတ်ကာလဈေးကွက်ဝယ်လိုအားမြင့်တက်လာပြီး ဆန်ဈေးအနည်းငယ်တက်သွားတယ်။ ကောက်သစ်ဆန်တွေ ဈေးကွက်ထဲရောက်လာရင်တော့ ဈေးပြန်ကျလိမ့်မယ်လို့ယူဆထားပါတယ်" ဟု ၎င်းကလက်ဆက်ပြောသည်။ နေပြည်တော်ပျဉ်းမနားမြို့ ယုဇနဈေးရှိ ဆန်လက်လီ၊ လက်ကားအရောင်းဆိုင်တစ်ဆိုင်မှ စုံစမ်းမေးမြန်းချက်များအရ (၂၄ ပြည်ဝင်) ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ၃၀,၀၀၀ ကျပ်မှ ၃၁,၀၀၀ ကျပ်သို့လည်းကောင်း၊ မနောသုခဆန်တစ်အိတ်လျှင် ၂၁,၅၀၀ ကျပ်မှ ၂၂,၀၀၀ သို့လည်းကောင်း၊ ဝန်ကြီးဆန်(ဒေသအခေါ်)တစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်မှ ၂၁,၀၀၀ ကျပ်သို့လည်းကောင်း၊ မနောလေး(ဆန်ကြမ်း)တစ်အိတ်လျှင် ၁၇,၀၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်သို့လည်းကောင်း အသီးသီးမြင့်တက်သွားခဲ့ကြောင်း သိရသည်။

# စစ်တွေဈေးကွက်၌ စားဖားအခြောက် တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ ထိ ဈေးမြင့်

မောင်သန်းဝင်း

**စစ်တွေ၊ အောက်တိုဘာ- ၁၃**

စစ်တွေဒေသအတွင်း ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများ၌ ရှားပါးအစားအစာအဖြစ် ကြိုက်နှစ်သက်စားသုံးမှုကြီးထွားလာသော ဖားသားခြောက်တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ ထိဈေးမြင့်သွားကြောင်းဒေသတွင်း ဟိုတယ်၊ စားသောက်ဆိုင်စာဖိုမှူးအချို့နှင့် ဈေးကွက်စားသုံးသူများမှ စုံစမ်းသိရသည်။

စစ်တွေလွင်ပြင်ဒေသပြင် ရခိုင်ပြည်နယ်အလယ်ပိုင်းဒေသများ၌ သဘာဝ အနေအထားအရ စားဖားမျိုးစိတ်များနေထိုင်မှု နည်းပါးပြီး ဘူးသီးတောင်၊ မောင်တောဒေသများမှစားဖားအခြောက်များ ဈေးကွက်အတွင်းသို့ နေရာ ယူဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။ "မိုးဦးကျကာလကတော့ ဖားအခြောက် တစ်ပိဿာကို တစ်သောင်းဝန်းကျင်လောက်ပဲရှိတယ်။ စက်တင်ဘာလအတွင်းကစပြီး တစ်ပိဿာကို တစ်သောင်းနှစ်ထောင်ကျပ်ထိခုန်တက်လာပြီး အခု လက်ရှိဆို ကျပ်တစ်သောင်းခွဲထိ ပေးပြီးဝယ်ရတယ်"ဟု စားသောက်ဆိုင်စားဖိုမှူးတစ်ဦးက ပြောသည်။

စစ်တွေဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် ဈေးကွက်ရောင်းချသူများမှာ ဘူးသီးတောင်၊ မောင်တောဒေသမှ ဖားအခြောက်များကို အော်ဒါမှာယူထားရှိလာကြကြောင်းလည်းသိရသည်။





7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## မျက်နှာဖုံး-ရာသီဥတုဖောက်ပြန်မှု အများဆုံးခံရသော ဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ် မှ

မြန်မာနိုင်ငံတွင် ထိုဒေသအပြင် ရာသီဥတုဖောက်ပြန်မှုကို ဒုတိယအများဆုံးခံရသော ဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှာ အစဉ်လိုက် တတိယ၊ စတုတ္ထ၊ ပဥ္စမနေရာတွင်ရှိကြသည်။

ယင်းဒေသများတွင် ရေရှားမှုနှင့် စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့်ဆိုင်သော ကိစ္စရပ်များ အားလုံးကို အမျိုးသားစီမံကိန်းအဆင့်သတ်မှတ်၍ ကာကွယ်ရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ကို စုပ်ယူသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၄၅ နှစ်အတွင်း ၆၁ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းသို့ လျော့ကျလာသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံများထဲတွင် စတုတ္ထနိုင်ငံဖြစ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှင့်ပေးသော စက်မှုလုပ်ငန်းများ မဖွံ့ဖြိုးသေးသော်လည်း ယင်းဓာတ်ငွေ့ကို စုပ်ယူသော သစ်တောပြုန်းတီးမှုနှင့် တိုင်းတာပါက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှင့်မှုသည် နံပါတ်လေးအဆင့်တွင်ရှိကြောင်း ယင်းပုဂ္ဂိုလ်က MERN မှ ပြုလုပ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းတွင် ပြောကြားသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာအတွင်း ပြုလုပ်သော ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ ရာသီဥတုညီလာခံပြုလုပ်ခဲ့သည်။ ယင်းညီလာခံ၌ ရာသီဥတုစောင့်ကြည့်ရေး(ဂျာမနီ)အဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ၁၈ နှစ်အတွင်း ရာသီဥတုဆိုးရွားမှုဒဏ်အခံရဆုံးနိုင်ငံတွင်လည်း မြန်မာနိုင်ငံပါဝင်သည်။

ယခုလအတွင်း တရုတ်နိုင်ငံတွင် ပြုလုပ်သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင်လည်း တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၌ ရာသီဥတုပြောင်းလဲခြင်း အကြောင်းအရာများကို ပညာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရန် ဆွေးနွေးနေကြောင်း ယင်းညီလာခံကို တက်ရောက်ခဲ့သူ ထိုင်းနိုင်ငံအခြေစိုက် Fair Earth Consulting ကုမ္ပဏီမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြံပေးပညာရှင် Jeff Ruther Ford ကပြောကြားသည်။

## မျက်နှာဖုံး-နေပြည်တော်တွင် ဟိုတယ်ဆောက်ရန် မြေတစ်ဧကလျှင် ကျပ်သိန်း၁၅၀ဖြင့်ရောင်းပေး မှ

ခွင့်ပြုပေးနေကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

သက်ဆိုင်ရာက ဟိုတယ်လုပ်ငန်းရှင်များသို့ ဟိုတယ်ဆောက်လုပ်ဖွင့်လှစ်ရန်အတွက် မြေတစ်ဧကလျှင် ကျပ်သိန်း ၁၅၀နှုန်းဖြင့် ရောင်းချပေးသောနှုန်းထားမှာ မြေတန်ဖိုးမြင့်မားလာသော နေပြည်တော်တွင် အလွန်သက်သာသော နှုန်းပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ သို့သော် ယခင်ဒက္ခိဏသီရိမြို့နယ်တွင် ဖွင့်လှစ်ခဲ့သောဟိုတယ်ဇုန်(၁)ရှိ မြေကွက်များကို ရောင်းချစဉ်က တစ်ဧကလျှင် ကျပ်သိန်းတစ်ရာဖြစ်ကြောင်းလည်းသိရသည်။

ယခုအခါ ဟိုတယ်ဇုန်(၁)အနီး၌ပင် ဟိုတယ်အသစ်များ ထပ်မံဆောက်လုပ်ရန်ပြင်ဆင်နေကြောင်းဒေသခံများကပြောသည်။ ဟိုတယ်ဇုန်(၁)အနီးတွင် ထပ်မံဖွင့်လှစ်မည့်ဟိုတယ်များ၌ မြင့်မိသားစုနှင့် နောင်တုံဟိုတယ်လုပ်ငန်းများမှ ဖွင့်လှစ်သောဟိုတယ်များ ပါဝင်ကြောင်း သတင်းရရှိသည်။



ထို့အပြင် ဥတ္တရသီရိမြို့နယ်အတွင်း တည်ရှိပြီး၊ အထပ်မြင့်ဟိုတယ်များပင်ပါလာသော ဟိုတယ်ဇုန်(၂)မှ ဟိုတယ်အချို့မှာလည်း ဆောက်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း အဆိုပါဇုန်သို့ သွားရောက်ကြည့်ရှုခဲ့သူတစ်ဦးကပြောသည်။ သို့သော် ထိုဇုန်ရှိဟိုတယ်များ ဆောက်လုပ်မှုမှာ အခြေခံအဆင့်ဖြစ်သော မြေညှိခြင်း၊ဝင်းနံရံကာခြင်း စသောလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။ ဇုန်(၂)တွင် ဟိုတယ်၁၉လုံးဖွင့်လှစ်မည်ဖြစ်ပြီး၊ ဧရာရွှေဝါ၊အောင်ကောင်းကျော်၊ ရွှေဟိန်းထက်၊ Rightစသော ဟိုတယ်များပါဝင်သည်။ ထိုအထဲမှဟိုတယ်အချို့မှာ မြေ၁၀ဧကနှုန်းရရှိပြီး၊ ထူးခြားမှုမှာ ခြောက်ထပ်အထိ ဆောက်လုပ်မည့် အထပ်မြင့်ဟိုတယ်များပါလာခြင်းဖြစ်သည်။

နေပြည်တော်ရှိ ဟိုတယ်များ သက်ဆိုင်ရာသို့ ဆောက်လုပ်စရိတ်တွက်ချက်ပြရာတွင် တစ်ပေပတ်လည်အတွက် ကျပ်ငါးသောင်းနှုန်းဖြင့် တွက်ချက်လေ့ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ထပ်မံရရှိသောသတင်းများအရ ဟိုတယ်အလုံးရေတိုးပွားလာနေသော နေပြည်တော်ရှိ ဟိုတယ်ဇုန်များကို ယခင်က မန္တလေးဟိုတယ်ဇုန်၏ လက်အောက်တွင်သာထားခဲ့ရာမှ ယခုအခါ နေပြည်တော်ဟိုတယ်ဇုန်အဖြစ် သီးခြားသတ်မှတ်ရန်စီစဉ်နေပြီဖြစ်သည်။

## မျက်နှာဖုံး-အလုပ်သမားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီတည်ထောင် မှ

"ပုဂ္ဂလိကအေဂျင်စီတွေ အပေါ်မှာတော့ အကျိုးသက်ရောက်မှုမရှိနိုင်ဘူး။ လုပ်တာကိုင်တာကောင်းရင် ကျွန်တော်တို့အတွက် ပိုပြီး အဆင်ပြေလိမ့်မယ်"ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှတာဝန်ရှိသူအချို့ကပြောသည်။ ထိုင်းနိုင်ငံသို့ အလုပ်သမား စေလွှတ်ရေးအတွက် အဆိုပါအေဂျင်စီသည် အခြားသောဝန်ကြီးဌာနနှစ်ခုနှင့် ပူးပေါင်းကာ ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီ၊ တာချီလိတ်နှင့်ကော့သောင်းမြို့များတွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ကိုင်လျက်ရှိသည်။

၂၀၀၃ ခုနှစ်တွင် အလုပ်သမားဝန်ကြီးဌာနမှ ပုဂ္ဂလိကသို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ ၁၀၁ခုအား လိုင်စင်ထုတ်ပေး၍ လုပ်ကိုင်စေလျက်ရှိသည်။

## မျက်နှာဖုံး-ပြိုင်ဘက်မရှိသည့် မဲဆန္ဒနယ် ၅၀ကျော်တွင် ရွေးကောက်ပွဲ ကျင်းပမည်မဟုတ် မှ

တနင်္သာရီ တိုင်းဒေသကြီးမှ တိုင်းကော်မရှင် အတွင်းရေးမှူးဦးမြင့်အောင်က "ကျွန်တော်တို့တိုင်းမှာ လစ်လပ်မဲဆန္ဒနယ် ၇နယ်ရှိပါတယ်။ အဲဒီနေရာတွေမှ ဥက္ကဋ္ဌပြောသလိုပဲ ရွေးကောက်ပွဲ ကျင်းပစရာမလိုတော့ဘူးပေါ့" 7Day Newsသို့ ပြောကြားသည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ခုမှ ကိုယ်စားလှယ်လောင်း ၃၀၇၁ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ စုစုပေါင်း မဲဆန္ဒနယ်၁၁၅၉ခုဖြစ်သည်။ နိုင်ငံရေးပါတီ ၃၇ခုအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆန္ဒနယ်အပြည့်နီးပါး ဝင်ရောက်ယှဉ်ပြိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက မဲဆန္ဒနယ် ကိုးရာကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် ဒုတိယအကြီးဆုံးပါတီဖြစ်သည်။

## စာ-၆၊ ရေမြုပ်သော်လည်း ထမင်းမငတ်သူများ မှ

ရတနာပုံမြို့သစ်ရှိ ရပ်ကွက်နှစ်ခုတွင် ယာယီဆေးခန်း ၂ ခန်းဖွင့်လှစ်ကာ လူနာများအား ကုသပေးခဲ့ရာ မျက်စိနာရောဂါနှင့် ရေဝဲရောဂါများအများဆုံးဖြစ်ပွားကြောင်း တွေ့ရပြီး ကျန်ဗိုက်နာ၊ ကိုယ်လက်ကိုက်ခဲ၊ တုပ်ကွေးရောဂါများလည်း လာရောက်ပြသခဲ့ကြသည်။ နိဗ္ဗာန်သုခကုသိုလ်ဖြစ်ဆေးခန်းအနေဖြင့် အောက်တိုဘာ ၁၆ ရက်မှ ၂၂ရက်အထိ တစ်ပတ်တိတိ ရပ်ကွက်အလိုက် ပြောင်းရွှေ့ကာဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

လူမှုကယ်ဆယ်ရေးဆေးခန်းများအား အောက်တိုဘာ ၁၇ ရက်နေ့တွင် ဆေးခန်းတွင် ကျန်ရှိနေသည့်ဆေးဝါးများ(အလှူရှင်အသီးသီးမှ လှူဒါန်းထားသော ဆေးများ)အား မန္တလေးမြို့ အိုးဘိုထောင်သို့ ပြန်လည်လှူဒါန်းမည်ဖြစ်သည်။

ပုသိမ်ကြီးမြို့နယ် သပြူကျေးရွာအိမ်ခြေပျက်စီးမှုများနှင့် ဆည်တော်ကျေးရွာ၊ ကိုက်တန်းကျေးရွာ ရေနစ်မြုပ်မှုများအတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၀ကျော်အား မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းက လှူဒါန်းခဲ့ကြောင်းအသင်း၏ဥက္ကဋ္ဌ ဦးမြင့်အောင်ကပြောကြားသည်။

မန္တလေးတိုင်း သကြားနှင့် သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်းအနေဖြင့်ရေနစ်မြုပ်ရာ ရပ်ကွက်များသို့ ခေါက်ဆွဲခြောက်(ယမ်ယမ်)အထုပ်များသွားရောက်လှူဒါန်းခဲ့ကြောင်း အသင်းဥက္ကဋ္ဌဖြစ်သူဦးဝင်းဌေးကပြောကြားသည်။

"ပလိုင်း၊ ရွှေလောင်း၊ ပိုက်ကျိုးတွေမှာလည်းရေတက်တယ်။ အဲဒါကိုယ့်ရပ်ကွက်ထဲလည်း ကိုယ် ပြန်ချက်ကျွေးရသေးတယ်။ ကိုယ့်အိမ်ကိုယ်ချက်ပြီး ရပ်ကွက်ထဲက ချက်ပြုတ်ဖို့ခက်ခဲသူတွေခေါ်ကျွေးလိုက်တယ်။ ဒီရေကြီးမှုမှာ ဆွမ်းချက်အသင်းတွေ အများကြီးပါဝင်တာတွေ့ရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

သင်ပန်းကုန်းရပ်ကွက်(ညည ၁၄) ပရန်တော်ချောင်းဘေး နေထိုင်သူတစ်ဦးက "ဘာမှ ပြင်ဆင် မထားဘူး။ အခြားနေရာတွေ ရေကျလည်း ဒီနေရာတစ်ဝိုက်က နိမ့်တော့ ရေကျန်တာပဲ။ အမြဲရေကတော့ဝပ်တာပဲ။ လူမှုရေးအဖွဲ့တွေ လာလှူကြပါတယ်။ လောက်ငမှုလည်းရှိတယ်။ အိမ်က အနိမ့်မှာဆိုတော့ ဒီတစ်ခါ ရေတက်တာခေါင်မိုးအမြုပ်ပဲ။ မိုးရွာရင်ကြောက်နေမိပြီ"ဟုပြောသည်။

နဒီချောင်းနှင့် မနော်ဟရီလမ်းဆုံရာမှ စတင်ကာ တောင်ဘက်ရှိ ပန်းရံတော်ချောင်းတစ်လျှောက်သို့ ရှင်းလင်းဖော်ယူပြီးမည်ဖြစ်သည်။ "နဒီချောင်းတစ်လျှောက်လုံး ရှင်းလင်း၊ ဖော်ယူမည်ဖြစ်ပြီး အနည်းဆုံးအချိန်တစ်ပတ်လောက်တော့ကြာမယ်ထင်တယ်"ဟု မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့၏ နေရာအတော်များများတွင် ရေနစ်မြုပ်မှုများဖြစ်ပွားခဲ့ကာ အဆိုပါနယ်မြေများသို့ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီး၊ ရပ်ကွက်အသီးသီးမှ ဆွမ်းချက်အသင်းများ၊ တစ်ဦးချင်းအလှူရှင်များဖြင့် လှူဒါန်း ကယ်ဆယ်ဆောင်ရွက်ခဲ့ကြရာ ရေနစ်မြုပ်ခံစားခဲ့ရသူများက "လှူသူပေါလို့ ဝမ်းသာတယ်။ ရေမြုပ်ပေမယ့် ထမင်းမငတ်ခဲ့ပါဘူး"ဟု ပြောဆိုခဲ့ကြသည်။

## စာ-၂၊ မူးမြစ်ရေလျှံ ကမ်းဘေးဝဲယာမှကျေးရွာများ ရေဝင် မှ

အဆိုပါရွာ၌ ရေကျော်နေစဉ်ပင် ကားလမ်းကူးလိုသောယာဉ်များကို ဒေသခံရွာသားအချို့က အခကြေးငွေယူ၍ ဝိုင်းဝန်းတွန်းပေးနေသည်။

ညောင်ပင်ဝန်းကျေးရွာ မူးမြစ်ရေကျော်မှုကြောင့် ခရီးသည်တင်ယာဉ်များသာမက ကုန်တင်ယာဉ်များပါ ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အခက်အခဲကြုံတွေ့ခဲ့၍ ကုန်တင်ယာဉ်လိုင်းအချို့လည်း ပြေးဆွဲခြင်းမရှိဘဲ ရပ်နားထားကြောင်းသိရသည်။

နောက်ဆုံးရရှိသော သတင်းများအရ မူးမြစ်ရေမှာ အောက်တိုဘာ၁၆ရက်မှစတင်၍ ကျဆင်းနေပြီဖြစ်ကြောင်းလည်း သိရသည်။

## မျက်နှာဖုံး – မြန်မာအမည်မရှိသေးသော ငှက်များကို အမည်ပေးရန် စီစဉ် မှ

အောက်တိုဘာ ၁၀ရက်တွင် တော်ဝင်နှင်းဆီဖောင်ဒေးရှင်း၏ ငှက်ဓာတ်ပုံပြပွဲတစ်ခု၌ အမှာစကားပြောစဉ် အထက်ပါ ပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့ပြီး ယခုကဲ့သို့လည်း မှတ်ချက်ပြုခဲ့သည်။

"မြန်မာနိုင်ငံမှာ ကျက်စားတဲ့ငှက်ဖြစ်ပြီးတော့ မြန်မာနာမည် မရှိတာ တော်တော်ဆိုးပါတယ်"ဟုဒေါက်တာတင်လှကပြောသည်။

မြန်မာနိုင်ငံတွင်း ကျက်စားသော ငှက်များတွင် ယေဘုယျအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ကျက်စားသော ငှက်များ၌သာ မြန်မာနာမည်သတ်သတ်မှတ်မှတ်ရှိပြီး ကျန်ငှက်မျိုးစိတ်များကိုမူ အင်္ဂလိပ်အမည်နာမများဖြင့်သာ ခေါ်ဝေါ်လျက်ရှိကြောင်းနှင့် အမြဲမပြတ်လေ့လာနေသော ပညာရှင်များကပြောကြားသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်းတစ်ထောင်ကျော်ရှိပြီး ဒေသရင်းငှက်မျိုးစိတ်လေးမျိုးရှိကြောင်း ၎င်းတို့မှာ စွေ့၊ နဖားကြူး၊ မျက်ခုံးဖြူငှက်ပြာခြောက်နှင့် စာပုတီးငှက်တို့ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဒေသရင်းငှက်များအပြင် ရုရှားနိုင်ငံ၊ ဆိုက်ဘေးရီးယားဒေသ နေရာများမှ ဆောင်းခိုငှက်များလည်း လာရောက်ကျက်စားလေ့ရှိသည်။

# Education

7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ‘ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားတဲ့ လူငယ်တွေအနေနဲ့ အင်္ဂလိပ်စာကို အဓိကထားပြီး သေချာပြင်ဆင်ထားဖို့လိုတယ်’

## ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံခြင်း

**မေဝင်းမွန်**

ကမ္ဘာ့နိုင်ငံများတွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် လုပ်ငန်းခွင်လိုအပ်ချက်အရ ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကျောင်းများလည်း ယခုနောက်ပိုင်းကာလများ ပိုမိုတွင်ကျယ်လာသည်။ သင်တန်းကျောင်းပေါင်းစုံကလည်း ဖွင့်လှစ်ပို့ချမှုများ ပိုမိုများပြားလာခဲ့သည်။ ၂၀၀၅ ခုနှစ်က ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းကျောင်း ဖွင့်လှစ်ထားပြီး လက်ရှိတွင် သင်တန်းသား ၄,၀၀၀ ခန့် မွေးထုတ်ခဲ့ပြီးဖြစ်သည့် Star Resources Hospitality Management Academy မှ မန်နေဂျင်းဒါရိုက်တာဒေါ်နေရီအောင်နှင့် ဟိုတယ်ဆိုင်ရာအလုပ်ကိုင်အခွင့်အလမ်း၊ သင်တန်းကျောင်းများအကြောင်း မေးမြန်းထားမှုအချို့ကို ဖော်ပြလိုက်ပါသည်။



နိုင်ငံတကာရှိဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းတစ်ခုတွင် Bakery သင်တန်းပို့ချနေစဉ်။

**Star Resources Management Academy ဖွင့်ဖြစ်ခဲ့ပုံလေး သိပါရစေ။**

အရင်တုန်းက လက်တွေ့ပိုင်းပါတဲ့သင်တန်းမျိုး သိပ်မရှိဘူး။ ကန်တော်ကြီးတို့၊ SCCD တို့လောက်ပဲရှိတယ်။ ဟိုတယ်မှာလုပ်နေတဲ့သူတွေက နိုင်ငံခြားထွက်ပြီး လုပ်ကြတော့ ဒီကဟိုတယ်တွေမှာ ဝန်ထမ်းလိုအပ်ချက် လစ်လပ်နေရာတွေများလာတယ်။ ကိုယ်တိုင်ကလည်း ဟိုတယ်လုပ်ငန်းဘက်မှာလုပ်ငန်းအတွေ့အကြုံရှိခဲ့ဖူးတာရယ်၊ အတွေ့အကြုံမရှိတဲ့သူတွေ လာလျှောက်ကြတော့ အခြေခံက ပြန်သင်ပေးရတဲ့ကွာဟချက်၊ လိုအပ်ချက်တွေကိုတွေ့ပြီး သင်တန်းဖွင့်ဖြစ်ခဲ့တာ။

အစပိုင်းမှာ F&B နဲ့ House Keeping Service သင်တန်း စဖွင့်ဖြစ်ခဲ့တယ်။ နောက်တော့ Bakery၊ Culinary သင်တန်းတွေပါ မေးလာကြလို့ ဆက်ပြီးဖွင့်ဖြစ်သွားတယ်။

**Star Resources မှာ လက်ရှိဘာသင်တန်းတွေ ဖွင့်လှစ်ထားပါသလဲ။**

Hospitality Management Course၊ Receptionist & Flight Attendent Course၊ SOP course for Hotel & Cruise Staff၊ International Bakery& Pastry Course၊ International Culinary Course၊ English for Hotel & Cruise Staff၊ IELTS Course တွေဖွင့်လှစ်ထားပါတယ်။

**သင်တန်းသားတွေဘယ်ဘာသာကို အများဆုံးတက်လဲ။**

သင်တန်းသားတွေက လိုအပ်ချက်အတိုင်း တက်ကြတာတွေ့တယ်။ FO(Front Office) ပိုင်းတက်တာများတယ်။သူတို့က ကန့်သတ်ချက်တော့ရှိတယ်။ အင်္ဂလိပ်စာအရည်အချင်းရှိတဲ့ သူတွေ၊ အသင့်အတင့်ရှိတဲ့ သူတွေအတွက် ပိုအဆင်ပြေတယ်။ အတက်အများဆုံးကတော့ F&B နဲ့ House Keeping Service ရယ် FO အပိုင်းရယ်။ ဒုတိယလိုက်တာကတော့ Production ပိုင်းဖြစ်တဲ့ Bakery၊ Culinary တန်းတွေ၊ တတိယလိုက်တာကတော့ Flight Attendent နဲ့ Receptionist၊ အတန်းတွေပါ။

**ဘယ်လိုသင်တန်းတွေက အလုပ်အကိုင်အတွက် အခွင့်အလမ်းပိုများပါလဲ။**

ဟိုတယ်တစ်လုံးရဲ့ဖွဲ့စည်းပုံ အနေအထားအတိုင်း ဝန်ထမ်းတွေခေါ်လေ့ရှိတာကြောင့် F&B နဲ့ House Keeping ပိုင်းက အများဆုံးဖြစ်ပါတယ်။

**နိုင်ငံရပ်ခြားမှာ ဟိုတယ်နဲ့ပတ်သက်တဲ့အလုပ်အကိုင်တွေ ဘယ်အချိန်လောက်က ကောင်းခဲ့တာပါလဲ။**

နိုင်ငံခြားဟိုတယ်တွေကို ၂၀၀၅ ခုနှစ်လောက်ကတည်းကစပြီး သွားနေကြပါပြီ။ ၂၀၀၅ နှစ်ကုန်ပိုင်းလောက်မှာ နိုင်ငံခြားသွားတဲ့သူတွေက ဟိုတယ်သမားတွေတင် မဟုတ်ဘူး။ သင်တန်းဆင်းတွေပါရှိတာကိုသိလာတော့ သင်တန်းတွေကိုပါ ဦးလှည့်ခေါ်လာတာကို တွေ့ရတယ်။

စာ(၂၂)သို့

---

**ပညာရေးသတင်းတိုများ**

### အာရှပစိဖိတ်ခေါင်းဆောင်မှုစွမ်းရည် အစီအစဉ် လျှောက်ထားနိုင်

**ရန်ကုန်၊ အောက်တိုဘာ – ၁၅**

အာရှပစိဖိတ်ခေါင်းဆောင်မှုစွမ်းရည်အစီအစဉ်(APLP)အတွက် ဒီဂရီဘွဲ့ရထားသူများနှင့် လုပ်ငန်းအတွေ့အကြုံရှိသူများ ဒီဇင်ဘာ ၁ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်းသိရသည်။ အမေရိကန်နိုင်ငံရှိ ဟာဝိုင်ယီတက္ကသိုလ်တွင် တက်ရောက်လေ့လာနိုင်မည့် ၎င်းသင်တန်းလျှောက်ထားလိုသူသည် IELTS အမှတ် ၆ရရှိထားရမည်ဖြစ်ပြီး၊ အသေးစိတ်အချက်အလက်များကို www.eastwest center.org/aplp တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

### နယူးဇီလန် ပညာရေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ – ၁၆**

နယူးဇီလန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များအကြောင်း ပညာရေးဟောပြောပွဲကို အောက်တိုဘာ ၂၄ရက်တွင် နေ့လယ်၃နာရီမှ ၅နာရီအထိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပမည်ဖြစ်သည်။ ၎င်းဟောပြောပွဲတွင် နယူးဇီလန်နိုင်ငံမှ ပညာရေးကျွမ်းကျင်သူလာရောက်ဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည် ။

### ဒီဇိုင်းဝါသနာရှင်များအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ – ၁၃**

ဒီဇိုင်းဝါသနာရှင်များနှင့် စီးပွားရေး ပညာရပ်ကို စိတ်ဝင်စားသူများအတွက် Basic Drawing Skills For All Designers နှင့် Lego Manufacturing Game ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်၊ နေ့ လယ် ၁ နာရီမှ ၄ နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပမည်ဟု Raffles ပညာရေးဝန်ဆောင်မှုမှ သိရသည်။

မြန်မာနိုင်ငံမှ ဒီဇိုင်းဝါသနာရှင် လူငယ်များအတွက် စိတ်ကူးဉာဏ်နှင့် တီထွင်မှုစွမ်းရည်မြင့်မား စေရန် ရည်ရွယ်၍ အခြေခံပုံဆွဲကျွမ်းကျင်မှုနှင့် စီးပွားရေးပညာရပ်ကို စိတ်ဝင်စားသော လူငယ်များအတွက် ဈေးကွက်စီးပွားရေး နည်းပညာများ၊ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော အရည်အသွေးများကို အသုံးချနိုင်ရန် ရည်ရွယ်၍ အထက်ပါ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို Raffles အင်တာနေရှင်နယ်ကောလိပ်မှ သင်တန်းနည်းပြများက ရှင်းလင်းဟောပြောမည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ အသက် ၁၇နှစ်မှ ၂၈ နှစ်အရွယ် လူငယ်များ တက်ရောက်နိုင်ပြီး ဒဂုံမြို့နယ်၊ လပြည့်ဝန်းပလာဇာရှစ်ထပ်ရှိ Raffles ရုံးခန်းတွင် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

---

# SMU တွင် စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့တက်ရောက်နိုင်ရန် စီစဉ်

**သီဟ**

**ရန်ကုန်၊အောက်တိုဘာ – ၁၃**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူများ စင်ကာပူနိုင်ငံ၏ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော Singapore Management University တွင် စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ MBA အား လာမည့် ၂၀၁၁ တက်ရောက်နိုင်ရန် SMU နှင့် ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education တို့ ပူးပေါင်းစီစဉ်လျက်ရှိကြောင်းသိရသည်။

ယင်း MBA ပရိုဂရမ်တွင် အမေရိက၊ အိန္ဒိယ၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့တွင် လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများသို့ ကွင်းဆင်းလေ့လာနိုင်မည့် အခွင့်အရေးများအပြင် စီးပွားရေးအဆက်အသွယ်ကောင်းများရရှိစေမည့် Networking Sectoin များ ပါဝင်ကြောင်းသိရသည်။



ယင်း MBA ပရိုဂရမ်သည် စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ နိုင်ငံခေါင်းဆောင်လုပ်မည့်သူများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်သဖြင့် သင်တန်းသားများအား စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းတွင် Leadership & Vision, Business Acumen & Integrity, Global Perspective, Resource Development, Managing Change Agility, Sustainable Performance စသည့်ဘာသာရပ်များအား သက်ဆိုင်ရာခေါင်းစဉ်ခွဲများအလိုက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

တက်ရောက်လိုသူများသည် အသက် ၃၀နှစ်နှင့်အထက် ဘွဲ့တစ်ခုခုရရှိရမည်ဖြစ်ပြီးလုပ်ငန်း အတွေ့အကြုံ ၁၀နှစ်ရှိရမည်ဖြစ်သည်။ ယင်းသင်တန်းဝင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များအား လာမည့် ၂၆ရက်တွင် Crown Education ရုံးခန်း၌ ဟောပြောပွဲပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## ဂျီစီအီး-အို အဆင့်စာမေးပွဲတွင် မြန်မာကျောင်းသားငါးဦး အမှတ်အများဆုံးရ

ရန်ကုန်၊ အောက်တိုဘာ - ၁၄

ယခုနှစ် မေလနှင့်ဇွန်လတို့တွင် ပြုလုပ်ခဲ့သော GCE-O Level စာမေးပွဲတွင် မြန်မာကျောင်းသားငါးဦး အမှတ်အများဆုံးဆု (Highest Score Achiever) ရရှိခဲ့ကြောင်း စာမေးပွဲဌာန ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။

ဆုရရှိသူများသည် ကျောင်း သားတစ်ဦးနှင့် ကျောင်းသူလေးဦးတို့ဖြစ်ပြီး PISM, ILBL နှင့် ပုဂ္ဂလိကကျူရှင်တို့မှဖြစ်ကြောင်းသိရသည်။ ၎င်းတို့ အမှတ်အများဆုံးရရှိသောဘာသာရပ်မှာ သင်္ချာဘာသာရပ်များ (Mathematic နှင့် Pure Mathematics) ဖြစ်ကြောင်းသိရသည်။

"ဘာသာရပ်ဆိုင်ရာ အမှတ်အများဆုံးရတော့ ဟိုဘက်ကဂုဏ်ပြုလွှာပို့တာပေါ့။ ဒီလိုမျိုးဆုရတော့ နိုင်ငံတကာတက္ကသိုလ် ဝင်ခွင့်လျှောက်တဲ့အခါမှာ ခိုင်မာမှုပိုရှိတာပေါ့" ဟု ၎င်းစာမေးပွဲဌာန တာဝန်ခံတစ်ဦးကပြောသည်။

မြန်မာကျောင်းသားများ နိုင်ငံရပ်ခြားတွင် ပညာသင်ယူရန် အထက်ပါစာမေးပွဲကိုဖြေဆိုသူဦးရေသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ယခုနှစ်တွင် ဖြေဆိုသူ ကျောင်းသား ၃၄၆ဦးရှိခဲ့ကြောင်းသိရသည်။

## ပိုလီကျောင်းနှစ်ကျောင်းမှ ပေးအပ်သော သူနာပြုဒီပလိုမာပညာသင်ဆု မြန်မာကျောင်းသား ၃၉ ဦးရ

ရန်ကုန်၊ အောက်တိုဘာ - ၁၃



စင်ကာပူနိုင်ငံရှိ နီအမ်းပိုလီနှင့် နန့်ယန်းပိုလီကျောင်းတို့မှ ပေးအပ်သည့်သူနာပြုဒီပလိုမာ ပညာသင်ဆုအတွက် ယခုနှစ်တွင် မြန်မာကျောင်းသား ၃၉ ဦးရွေးချယ်ခံရကြောင်း အဆိုပါ ပညာသင်ဆုအားဝန်ဆောင်မှု ဆောင်ရွက်နေသော သုခစုစံကုမ္ပဏီမှ သိရသည်။

နှစ်စဉ်ပေးအပ်နေသော သူနာပြုဒီပလိုမာပညာသင်ဆုအတွက် စာမေးပွဲစစ်ဆေးခြင်းကို စက်တင်ဘာအတွင်းပြုလုပ်ခဲ့ပြီး ကျောင်းသား ၁၂၀ ဦးဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

"စာရင်းပေးထားတာ၊ ဝင်ဖြေတာက ကျောင်းသားအယောက် ၁၂၀ ပါ။ ၃၉ ယောက်ကို ရွေးလိုက်ပါတယ်။ မနှစ်ကထက်တော့ နည်းသွားပါတယ်။ ဒီဇင်ဘာလမှာ စင်ကာပူကိုသွားရပါမယ်"ဟု သုခစုစံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ သူနာပြုဒီပလိုမာ ပညာသင်ဆုအတွက် မြန်မာကျောင်းသူအများစုဝင်ရောက်ဖြေဆိုကြပြီး ဝန်ဆောင်ခအနေဖြင့် ကျပ် ၁၄ သိန်းပေးသွင်းရကြောင်း သိရသည်။

၎င်းပညာသင်ဆုအတွက် ယခုနှစ်တွင် ခြောက်ကြိမ်မြောက်လာရောက်ရွေးချယ်ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ၆၆ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၅၂ ဦး ပညာသင်ဆုရရှိခဲ့ကြောင်းသိရသည်။

## MCC နှင့် ထိုင်းနိုင်ငံမှ တက္ကသိုလ်တစ်ခုပေါင်း စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

နေလင်းထွန်း

ရန်ကုန်၊ အောက်တိုဘာ- ၉

ပြည်တွင်းရှိ ကွန်ပျူတာသင်တန်းကျောင်းတစ်ခုဖြစ်သော MCC နှင့် ထိုင်းနိုင်ငံမှ SIAM တက္ကသိုလ်တို့ ပူးပေါင်း၍ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီဂရီဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်မည်ဟုသိရသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်နှင့် နိုင်ငံတကာ စီးပွားရေးဘာသာရပ်တို့ကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ လေးနှစ်ကြာမြင့်မည်ဖြစ်သည်။ ပထမနှစ်နှင့် ဒုတိယနှစ်များကို သိမ်ကြီးဈေးရှိ MCC သင်တန်းကျောင်းတွင် တက်ရောက်ရမည်ဖြစ်ပြီး တတိယနှစ်နှင့် စတုတ္ထနှစ်များကို ထိုင်းနိုင်ငံရှိ SIAM တက္ကသိုလ်တွင် တက်ရောက်ရမည်ဖြစ်သည်။

သင်တန်းချိန်မှာ တနင်္လာမှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်ပြီး သင်တန်းကြေးမှာ MCC တွင် တစ်နှစ်လျှင် ကျပ်ဆယ့်ငါးသိန်းဖြစ်ကာ SIAM တက္ကသိုလ်၌ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂,၀၀၀ပေးသွင်းရမည်ဖြစ်ကြောင်း MCC သင်တန်းကျောင်းမှ သိရသည်။

အဆိုပါ သင်တန်းများကို နိုဝင်ဘာလ ၂၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ MCC ကွန်ပျူတာသင်တန်းကျောင်းသည် လွန်ခဲ့သည့် စက်တင်ဘာလက ထိုင်းနိုင်ငံရှိ AIT ကျောင်းနှင့်ပူးပေါင်း၍ အင်ဂျင်နီယာဘာသာရပ်အချို့ကို ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံမြို့သစ်၌ စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

Myanma Power Spcetrum Co.,Ltd.
Bldg.A/7, Room No.(002), Shwe Kabar Housing,
Mindama Road, Mayangone Township, Yangon.

1. Assistant Manager M (1)Post
(Business Planning Department)
- B.E(Electrical Power)with strong knowledge in Transmission & Distribution Projects. At Least 5 yrs experience in related field. Able to use AutoCAD and Microsoft Office is an advantage.Age above 30 yrs. Able to lead and coordinate different activities and functions. Excellent interpersonal skills to develop relationships with key partners and deal with other staff, Clients, Management Team etc.
- Ability to work flexibly and creatively within the organisation.

2. Driver M (2) Posts
-At Least 10 Standard Education Level. At Least 3 Years driving experience. Age between 28-35 yrs. Must be honest and skillful.

3. Cleaner F (1) Post
- Age between 30-40 yrs.

Interested candidates would sent CV with two recent Photos, Copy of NRC and all necessary documents submit to the above address not later than 30.10.2010

## စာ- ၂၁၊ ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးနှင့်တွေ့ဆုံခြင်း မှ

အဲဒီမှာ အင်တာဗျူးတွေ လေ့ကျင့်ပေးပြီး လုပ်ပေးတော့ လုပ်နိုင်ကြတဲ့အတွက် ဈေးကွက်ကစတင်ခဲ့တာပါ။

**လက်ရှိဟိုတယ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းအနေအထား ဘယ်လိုရှိပါသလဲ။**

အလုပ်အကိုင်အခွင့်အလမ်းက လက်ရှိအနေအထားကတော့ ပုံမှန်လေးပဲရှိနေတယ်လို့ ပြောရမယ်။ ပြီးခဲ့တဲ့လကတော့ ဝန်ထမ်းခေါ်တာများတဲ့ယူအေအီးမှာ ဥပုသ်လရှိတာကြောင့် ပုံမှန်ဖြစ်သွားတာလားမသိဘူး။ အရင်တုန်းကလိုတော့ အရမ်းကြီးကောင်းတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ သင်တန်းသားတွေကတော့ ပုံမှန်သွားနေပါတယ်။

**ဘယ်နိုင်ငံတွေကို မြန်မာဝန်ထမ်းတွေအများဆုံးသွားကြပါသလဲ။**

အင်အားအများဆုံးက ယူအေအီး၊ နောက် ဘာရိန်း၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ဂျော်ဒန်၊ စင်ကာပူနိုင်ငံတွေပါ။

**အလုပ်အတွက် အခွင့်လမ်းသစ်ပေါ်လာတဲ့နိုင်ငံတွေရောရှိပါ သလား။**

ထူးထူးခြားခြားဆိုရင် ပြီးခဲ့တဲ့နှစ်နဲ့အခုနှစ်အထိဆိုရင် ဘာရိန်းတို့ ဆော်ဒီအာရေးဘီးယား၊ ဂျော်ဒန်ရှိမယ်။ ခုမှပထမဆုံးခေါ်တာက အိန္ဒိယကျွန်းစုမှာရှိတဲ့ဟိုတယ်တစ်ခုရှိတယ်။ ၂၀၀၉လောက်ထိကတော့ ကျန်တဲ့နိုင်ငံတွေပုံမှန်ခေါ်ပါတယ်။

**ဟိုတယ်မဟုတ်ဘဲ တခြားအလုပ်အကိုင်တွေရဲ့အနေအထား သိပါရစေ။**

အဲလိုင်းတွေတိုးလာတယ်။ ၂၀၀၈ခုနှစ်လောက်က အမ်းမရိတ်အဲလိုင်းပိုများတယ်။ နောက်ပိုင်း မလေးရှားအဲလိုင်း၊ဆော်ဒီအဲလိုင်း၊ ဘရူနိုင်းအဲလိုင်း၊ အိုမန်အဲလိုင်းတွေပါ အလုပ်ခေါ်လာတာတွေ့ရတယ်။ ပြည်တွင်းအဲလိုင်းတွေမှာလည်း လုပ်တာတွေရှိပေမယ့် နိုင်ငံတကာမှာထွက်တဲ့ဦးရေက ပိုများလာတယ်။

နောက် အပျော်စီးသင်္ဘောလိုင်းတွေကလည်း ၂၀၀၇ နှစ်ကုန်ပိုင်းမှာအလုပ်စခေါ်တယ်။ လစာလည်းကောင်းတဲ့အပြင် ကမ္ဘာအနှံ့ကိုရောက်တယ်ဆိုတော့ အင်္ဂလိပ်စာက Excellent ဖြစ်မှအဆင်ပြေတယ်။ သူတို့က မာလိန်တက်စ်ဖြေရတယ်။ အောင်မှ နိုင်ငံခြားသားနဲ့ အင်တာဗျူးဆက်ဖြေရတယ်။

**မြန်မာနိုင်ငံက နိုင်ငံရပ်ခြားကို အလုပ်သွားလုပ်တဲ့သူတွေကြုံရတဲ့အခက်အခဲတွေကို သိပါရစေ။**

အဓိကအခက်အခဲက အရင်ကဆိုရင် အင်္ဂလိပ်စာ မလိုက်နိုင်တာရှိမယ်။ ခုတော့ သေချာပြင်ဆင်ပြီးသွားတဲ့သူများတော့အဆင်ပြေသွားပြီ။ နောက်တစ်ခုက ယဉ်ကျေးမှု အဲဒါကတော့ အခက်အခဲ လို့တော့ပြောလို့မရဘူး။ ကိုယ့်နိုင်ငံမှာကမိဘအုပ်ထိန်းမှုအောက်မှာနေကြရတာဆိုတော့ ထိန်းထိန်းသိမ်းသိမ်းရှိကြပေမယ့် နိုင်ငံရပ်ခြားရောက်သွားတော့ လွတ်လွတ်လပ်လပ်နေထိုင်တာမျိုးတွေရှိတယ်။ ကိုယ်ကတစ်ခုခုမှားသွားလို့ရှိရင် လုပ်ငန်းခွင်ပိုင်းမှာ နစ်နာတာမျိုးတွေရှိတတ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် Control လုပ်တတ်ဖို့ မြန်မာလူငယ်တွေကို မိဘတွေက တစ်ခါတည်းသင်ကြားပေးထားမယ်ဆိုရင် ပိုအဆင်ပြေမယ်။

ဟိုတယ်တွေမှာ အောက်ခြေဝန်ထမ်းလျှောက်တဲ့သူများတယ်။ တကယ်တမ်းက ကြား Level တွေဟနေတယ်။ အတွေ့အကြုံ ၄၊ ၅ နှစ်ရှိတဲ့သူတွေကလည်း အလုပ်ပြန်လျှောက်ကြတဲ့အခါ အခြေခံအဆင့်တွေကိုပဲ ပြန်လျှောက်တာတွေ့ရတယ်။ ရာထူးမြင့်ကို လျှောက်တာမျိုးမတွေ့ရဘူး။ စီမံခန့်ခွဲမှုပိုင်းနိုင်မယ်ဆိုရင် အဆင်ပြေသွားမယ်။

**နိုင်ငံရပ်ခြားမှာ ပညာရပ်နဲ့ အလုပ်သွားလုပ်မယ့်သူတွေအတွက်လည်း အကြံပြုစကားပြောကြားပေးပါ။**

သင်တန်းတက်ပြီးမှ ကိုယ်ပိုင်ဆိုင်ဖွင့်တာတို့ လုပ်ငန်းခွင်ဝင်တာမျိုးတွေ လုပ်လာကြတော့ ဟိုတယ်အတွက်လည်း အဆင်ပြေ၊ ကျောင်းသားတွေ ဆိုင်ဖွင့်တော့လည်း အဆင်ပြေ၊ နိုင်ငံခြားထွက်တော့လည်း အဆင်ပြေတယ်။ ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားတဲ့လူငယ်တွေက အဓိကအင်္ဂလိပ်စာကို သေချာပြင်ဆင်ထားဖို့လိုတယ်။ စာတွေ့ရော၊ လက်တွေ့ပါ ပိုင်နိုင်ဖို့လိုတယ်။ ဟိုတယ်လုပ်ငန်းက နိုင်ငံခြားမှာ တိုးတက်ထွန်းကားလာနေတာဆိုတော့ အလုပ်အကိုင် အခွင့်အလမ်းကတော့တက်လာမှာပါ။ ဒီ Field မှာထူးခြားတာက ညာလို့မရဘူး။ ပညာရပ်တစ်ခုခုကို ကျွမ်းကျင်အောင်လုပ်ထားနိုင်ရမယ်။ ကိုယ့်ကိုယ်ကိုယ် တအားနှိမ့်ချနိုင်မှရမယ်။ အဲဒါဆိုရင်တော့ အောင်မြင်နိုင်မှာပါ။

# Technology

7DAY NEWS JOURNAL

Vol.9, No.31 · OCTOBER 21, 2010


## ကွန်ပျူတာအသင်းများမှဦးစီး၍ နည်းပညာဆိုင်ရာ ပြိုင်ပွဲပြုလုပ်မည်

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ- ၁၆**

မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှ Myanmar ICT Awards 2010 အမည်ဖြင့် ပြည်တွင်းနည်းပညာဆိုင်ရာပြိုင်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အသင်းများမှသိရှိရသည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် (MCF)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA)တို့မှပူးပေါင်းကျင်းပပေးမည့် အဆိုပါ ပြိုင်ပွဲအားကျင်းပရသည့် ရည်ရွယ်ချက်မှာ ပြည်တွင်း၏နည်းပညာတီထွင်ဖန်တီးမှုများပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံတကာနည်းပညာနယ်ပယ်တွင် ပြည်တွင်းမှ သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်ဟု သိရသည်။

၂၀၁၀ ပြည့်နှစ်အတွက် မြန်မာအိုင်စီတီဆိုင်ရာဆုရွေးချယ်ချီးမြှင့်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများ အနေနှင့် ခေါင်းစဉ်လေးမျိုးဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရမည့် အိုင်စီတီဆိုင်ရာခေါင်းစဉ်အမျိုးအစားများမှာ Business Application of the Year 2010, Website of the Year, Student Project of the Year (Primary, Middle,High School), Education Course Ware of the Year 2010 တို့ဖြစ်ကြသည်။

ပြိုင်ပွဲတွင်ထည့်သွင်း ယှဉ်ပြိုင်စေမည့် ခေါင်းစဉ်များအားလုံးအား တီထွင်ဆန်းသစ်မှုများထွန်းကားလာစေရန်၊ ပြည်တွင်းကွန်ပျူတာအသုံးချမှုများ ပြန့်ပွားတိုးတက်လာစေရန်၊ နိုင်ငံတကာအဆင့်သို့ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့်လူငယ်များကွန်ပျူတာနည်းပညာကို ပိုမိုစိတ်ဝင်စားမှုရှိလာစေရန်အတွက်ဟု သိရသည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းများမှ ကျင်းပပြုလုပ်ပေးမည့် အဆိုပါ အိုင်စီတီဆိုင်ရာပြိုင်ပွဲတွင် Business Application of the Year 2010 ဆုမှာယခုနှစ်မှစတင် ချီးမြှင့်မည့်ဆုအမျိုးအစားတစ်ခုဖြစ်ပြီး ပြည်တွင်း၏ ဆော့ဖ်ဝဲကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်း၏အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and Medium Enterprise)တွင် ဆော့ဖ်ဝဲအသုံးချမှုပိုမိုများပြားလာစေရန်အတွက်ဟုသိရသည်။

ပြိုင်ပွဲအားလုံးအတွက် မည်သည့် Platform မှ Application ကိုမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီးကျောင်းသားများ၊ လူငယ်များ၊ Software Development ဆောင်ရွက်ခါစ အဖွဲ့အစည်းငယ်များ၏ ဆန်းသစ်တီထွင်ဖန်တီးမှုများကို မြေတောင်မြှောက်ပေးရန် အဓိကရည်ရွယ်သဖြင့် ဆော့ဖ်ဝဲကုမ္ပဏီကြီးများ၏ Big Enterprise Level သုံး Application များပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း MCPA ၏ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ပြိုင်ပွဲဝင်ရောက်လိုသူများ အနေဖြင့် လာမည့်ဒီဇင်ဘာလ ၁၅ ရက် နောက်ဆုံးထားပြီး မိမိတို့ယှဉ်ပြိုင်လိုသည့်ပရောဂျက်များကိုပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အထက်ပါကွန်ပျူတာအသင်းများသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်ကို အီလက်ထရွန်နစ် စနစ်ပြောင်း

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ - ၁၃**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းပါဝင်သော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ စာကြည့်တိုက်ကို ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) ၏အကူအညီဖြင့် အီလက်ထရွန်နစ်စာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်ခဲ့ကြောင်းသိရသည်။

ထိုကဲ့သို့ အီလက်ထရွန်နစ်စာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်ရာတွင် ကွန်ပျူတာ ၁၂ လုံး၊ ဆာဗာနှင့် E-Library Software စသည့်အီလက်ထရွန်နစ်ပစ္စည်းများတပ်ဆင်ပေးခြင်းအပြင် တက္ကသိုလ်အတွင်းရှိ ဌာနကြီးများအတွက်လည်း ဝါယာလက်စ်နက်ဝါ့ခ်စနစ်တပ်ဆင်ပေးထားသည်။ ထိုကဲ့သို့ ဆောင်ရွက်ရန်အတွက် KOICA မှ အမေရိကန်ဒေါ်လာ ၂၉,၀၅၀ ခန့် ပါဝင်ထောက်ပံ့ခဲ့ပြီး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကလည်း ဒေါ်လာ ၇,၀၀၀ ခန့် ထည့်ဝင်ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေတွင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ မျိုးသစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပိုးမွှား/ရောဂါစမ်းသပ်သုတေသနပြုသည့်လုပ်ငန်းများ စသည့်လုပ်ငန်းများကို ဦးဆောင်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

## နိုင်ငံတကာ သိပ္ပံနှင့် အင်ဂျင်နီယာ ညီလာခံ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၁၆**

ဒုတိယအကြိမ်မြောက်နိုင်ငံတကာ သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာညီလာခံကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြည်တွင်း၏ နည်းပညာတက္ကသိုလ်များနှင့် ပူးပေါင်းပြီးကျင်းပသွားမည်ဖြစ်ကြောင်း ICSE၏ ဝက်ဘ်ဆိုက်တွင် တရားဝင်ကြေညာချက်ထုတ်ပြန်ထားသည်ဟုသိရသည်။

ယင်းညီလာခံအား ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပရသည့် ရည်ရွယ်ချက်မှာနိုင်ငံတကာဆိုင်ရာ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများ၊ အင်ဂျင်နီယာဆိုင်ရာပညာရပ်များအား နိုင်ငံအချင်းချင်းဆွေးနွေးဖလှယ်ပြီး အတွေ့အကြုံများရယူသွားနိုင်စေရန်အတွက်ဟု သိရသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှဦးစီးကျင်းပမည့် ၂၀၁၀ နိုင်ငံတကာသိပ္ပံနှင့်အင်ဂျင်နီယာညီလာခံတွင်ပြည်တွင်း၊ ပြည်ပသိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ စက်မှုပိုင်းဆိုင်ရာသုတေသီများတက်ရောက်ကြမည်ဖြစ်သည်။

ညီလာခံသို့တက်ရောက်လာသူများအနေဖြင့် မိမိတို့ဆွေးနွေးတင်ပြမည့်အကြောင်းအရာ တစ်ရပ်အား သုတေသနပြုလုပ်ထားသည့် စာတမ်းတစ်စောင် (သို့မဟုတ်) မိနစ်နှစ်ဆယ်စာတင်ပြမှု တစ်ရပ်ကိုတင်သွင်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါဒုတိယအကြိမ်မြောက်နိုင်ငံတကာသိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာညီလာခံအား ဒီဇင်ဘာလ ၂ ရက်နှင့် ၃ ရက်များတွင် ရန်ကုန်ဆီဒိုးနား ဟိုတယ်တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။











SWEETY HOME
5%~10% OFF
15~31.Oct.2010
15 Anniversary
Special Promotion & Lucky Draw
စပရိန်မွေ့ယာ ၊ ပရိဘောဂ ၊ ဆိုဖာ ၊ မင်္ဂလာခန်းဝင် ပစ္စည်း အမျိုးမျိုးနှင့် ဗီဒိုယာခင်းမျိုးစုံ
SALE SALE
1st Prize
Bed Room Set
2nd Prize
Spring Divan Set
Sofa Set
3rd Prize
Pocket Spring
4th Prize
Office Table + Chair
5th Prize
ကျပ်တစ်သိန်းဖိုး ဝယ်ယူသူတိုင်း ကံစမ်းမဲ ကူပွန်တစ်စောင်ယူ၍ ကံစမ်းနိုင်ပါသည်
YANGON 01-501622,535694,205224
MANDALAY 02-60810,65938,34021,66373


Ranferon -12 နှင့် Volini မေတ္တာလက်ဆောင်ကံထူးရှင်များ
အောက်မြန်မာပြည်
အထက်မြန်မာပြည်
LCD TV ကံထူးရှင်များ
Tower Fan ကံထူးရှင်များ
ကံစမ်းမဲပေါက်သူများ အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
Ph : 09-8619037, 8641163, 8641164, 8641166 ( Ext : 208, 162), 01-450168
DIAMOND STAR CO., LTD.
DISTRIBUTION DIVISION
RANBAXY

ရခိုင်ပြည်နယ်၊ သံတွဲမြို့မှ ဒေသထွက်ကုန်များအနက် ရခိုင်လုံချည်သည် ဂုဏ်ယူဖွယ် ပွဲလယ် တင့်သော ရိုးရာ လက်မှုထွက်ကုန်ပစ္စည်းတစ်ခု ဖြစ်ခဲ့သော်လည်းလွန်ခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်မှစတင်၍ တိမ်ကောလာသောလုပ်ငန်း တစ်ခုအဖြစ်သို့ တရွေ့ရွေ့ ပြောင်းလဲလာခဲ့ရာ ယခုအချိန် တွင် ရခိုင်ရိုးရာ လက်ရက် ကန်းစင်များတွင် ရခိုင်လုံချည် ရက်လုပ်ခြင်းထက် အခြားသော အိမ်တွင်းမှု အသုံးအဆောင် ပစ္စည်းများရက်လုပ်ခြင်းက အစားထိုး ဝင်ရောက် လာကြောင်းတွေ့ရသည်။


ဓာတ်ပုံ-မြတ်စုမွန်

# တိမ်ကောလာသောရခိုင်ရိုးရာလက်မှုရက်ကန်းပညာ

မြတ်စုမွန်

ယခင်က သံတွဲမြို့သည် ရခိုင်ပြည်နယ်တွင် အမျိုးသားဝတ် ရခိုင်လုံချည်ကို လက်ရက်ကန်းများဖြင့် ရက်လုပ်သည့်(တစ်ခုတည်းသော)မြို့တစ်မြို့ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းကာလများတွင် အဓိက ကုန်ကြမ်းဖြစ်သည့် ချည်ရှားပါးလာမှု၊ ဝယ်လိုအားလျော့နည်းလာမှု၊ ရက်ကန်းအလုပ်သမားများ ရှားပါးလာမှုများကြောင့် တဖြည်းဖြည်းပျောက်ကွယ်လုလုဖြစ်လာကြောင်း ဒေသခံရက်ကန်းလုပ်ငန်း လုပ်ကိုင်သူများက ပြောသည်။

"ဒီကထွက်တဲ့ ရခိုင်လုံချည်တွေကို ရန်ကုန်နဲ့ စစ်တွေကိုပို့တယ်။ အရင်ကဆိုရင် တစ်မြို့လုံးမှာ အထည်တစ်ရာကျော်လောက်ထွက်သေးတယ်။ အခုလုံးဝနီးပါးမထွက်တော့ဘူး။ ရခိုင်လုံချည်ကို အရင်ကပွဲနေပွဲထိုင်သုံးခဲ့ကြတယ်။ အခုဆိုရင်လက်ဆောင်ပေးဖို့လောက်ပဲ သုံးတဲ့အနေအထားဖြစ်လာတယ်"ဟု မိရိုးဖလာရက်ကန်းလုပ်ငန်းကို အဓိကလုပ်ကိုင်သူဦးစိုးမြင့်ကပြောသည်။

ထို့ပြင် ရာသီဥတုပူနွေးလာခြင်းကလည်း ရခိုင်လုံချည်ရောင်းအားကို ထိခိုက်စေကြောင်း ၎င်းကဆက်ပြောသည်။ "ရာသီဥတုပူလာတော့ လူတွေက ချည်ထည်ကိုပဲဝတ်လာကြတယ်။ ဒီတော့ချည်ထည်က ပိုဈေးမြင့်လာတော့ ဈေးသက်သာတဲ့စီလွန်ကိုပဲ သုံးရသလိုဖြစ်လာတယ်။ အရင်တုန်းကဆိုရင် အစိုးရက ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်နဲ့ လုပ်ခဲ့သေးတယ်။ အဲဒီတုန်းက အရည်အသွေးမြင့်ထည်တွေထုတ်လို့ရတယ်" ဟု အထက်ပါလုပ်ငန်းရှင်က ရှင်းပြသည်။

ရခိုင်လုံချည်များအား လက်ရက်ကန်းများဖြင့်ရက်လုပ်ခြင်းကို ကမ္ဘာလှည့်ခရီးသည်များက များစွာစိတ်ဝင်စားမှုရှိကြပြီး ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများ စိတ်ဝင်တစား လာရောက်လေ့လာကြရာ ဒေသတွင်းခရီးသွားလုပ်ငန်းကိုတစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးနေသော ရိုးရာလုပ်ငန်းတစ်ခုလည်းဖြစ်သည်ကိုတွေ့ရသည်။ ရခိုင်ရိုးရာလက်ရက်ကန်းများအတွက် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော ချည်များကို အဓိကအသုံးပြုကြပြီး၊ ယခင်အစိုးရ ကုန်သွယ်ရေးဌာနမှ မှာယူတင်သွင်းပေးသည့် ဂျပန်ချည်၊ အိန္ဒိယချည်နှင့်ယူရိုချည်များကို ရန်ကုန်မြို့ရှိသိမ်ကြီးဈေးတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခဲ့ကြောင်းသိရသည်။

"ရခိုင်လုံချည်က အရောင်းအဝယ်မလိုက်ဘူး။ ဖောက်သည်ယူတဲ့လူကလည်း အရောင်းအဝယ်မလိုက်တော့ ငွေပြန်မရှင်းနိုင်။ ပင်ရင်းကလည်း ငွေမရတော့ အလုပ်သမားခရှင်းစရာမရှိ။ ဒီလိုနဲ့ တစ်လဆိုင်း၊ နှစ်လဆိုင်းရောင်းရင်းချည်ဖိုးကလည်း မတတ်နိုင်တဲ့အဆုံးလုပ်ငန်းပြောင်းလိုက်ရတယ်။ အရင်ကရက်ကန်းစင်ခြောက်စင်လောက် အနည်းဆုံးရှိတဲ့လူတွေမှာ အခုဆိုရင် တစ်စင်လောက်ပဲရှိတော့တယ်။ တောင့်ခံနေနိုင်တာ တစ်ယောက်၊ နှစ်ယောက်လောက်ပဲကျန်တော့တယ်"ဟု ယခင်က ရက်ကန်းလုပ်ငန်းကို အဓိကလုပ်ကိုင်ခဲ့ရာမှ လုပ်ငန်းတိမ်ကောလာသည့်အတွက် အခြားအလုပ်ကို ပြောင်းလဲလုပ်ကိုင်ခဲ့သည့် ဒေါ်ခင်ခင်ကျော့က သူမ၏အတွေ့အကြုံကို ရှင်းပြသည်။

ရခိုင်ပြည်နယ်မှထွက်သောအမျိုးသားဝတ်ရခိုင်လုံချည်များကိုသံတွဲမြို့တွင် အဓိကရက်လုပ်ပြီး အမျိုးသမီးဝတ်ရခိုင်လုံချည်များကို စစ်တွေမြို့တွင် အဓိကရက်လုပ်ကြကာ ယခင်ကဒေသထွက်ကုန်များကို အပြန်အလှန်ဖလှယ်တင်ပို့ရောင်းချခဲ့ရာမှ ယခုနောက်ပိုင်းတွင်မူ စစ်တွေမြို့ထွက်အမျိုးသမီးဝတ်ရခိုင်လုံချည်များကိုသာ မှာယူရောင်းချရတော့ကြောင်းသိရသည်။ စစ်တွေမြို့တွင် အမျိုးသားဝတ်ရခိုင်လုံချည်ရက်လုပ်မှုအချို့ရှိသော်လည်း သံတွဲဒေသမှအထည်များကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရသည်။

"သံတွဲထွက်ရခိုင်လုံချည်တွေကို အရင်ကစစ်တွေဘက်ကို တင်ပြီး၊ စစ်တွေဘက်က အမျိုးသမီးဝတ်တွေက ဒီဘက်ကိုပြန်ဝင်တယ်။ အခုနောက်ပိုင်းမှာ စစ်တွေဘက်က အထည်တွေပဲဝင်တော့တယ်။ ရခိုင်လုံချည်က အရင်လိုမထွက်တော့ဘူး။ အရင်လို ရက်ကန်းစင်အများကြီး သမားတွေက မရှိတော့ဘူး။ တစ်စင်၊ နှစ်စင်သမားတွေလောက်ပဲ နည်းနည်းပါးပါးသွင်းတော့တယ်။ ချည်ဈေးကလည်းတက်ပြီး အရင်းအနှီးမတတ်နိုင်ကြတော့ ငွေရင်းမလိုက်နိုင်ကြတော့ဘူး'ဟု ရခိုင်လုံချည်ဝယ်ယူရောင်းချရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်ခဲ့သည့် ဒေါ်ဝင်းကြိုင်က ပြောသည်။

ရခိုင်ရိုးရာလက်ရက်ကန်းရက်များနှင့် ရခိုင်လုံချည်များ ရက်လုပ်ခြင်းလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ခဲ့ရာမှ ထိုရက်ကန်းများနှင့်ပင် ဝါးကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုလျက် စားပွဲခင်းများ၊ ယင်းလိပ်လိုက်ကာများ၊ စားပွဲခင်းအပူခံပြားများစသဖြင့်လက်မှုအနုပညာဆန်သည့် အမှတ်တရပစ္စည်းများကို အစားထိုးရက်လုပ်လာကြသည်ကို တွေ့ရသည်။

"အရင်ကဆိုရင် သံတွဲမှာငကျော်တောင်ရပ်ကွက်၊ တရော်တောရွာနဲ့ ဇီးကျွန်းကွက်သစ်ဆိုတဲ့ နေရာတွေမှာ ရခိုင်လုံချည် အများဆုံးရက်တာ။ ရခိုင်လုံချည်ကို ဗမာပြည်က လာတဲ့ဧည့်သည်တွေနဲ့ နိုင်ငံခြားသားတွေ အဓိကဝယ်တယ်။ အဓိက လက်ဆောင်ပေးဖို့ပဲဝယ်ကြတယ်။ ရခိုင်လုံချည်ကို ချည်ဖိုးမတတ်နိုင်လို့ စီလွန်နဲ့ရက်တော့ ပူလို့နောက်ပိုင်းမှာ ဦးဂျမ်းနဲ့မင်းကြီးကြိုက်လို ချည်ထည်မျိုးတွေအဝတ်များလာတယ်"ဟု ယခင်က ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာမှ လုပ်ငန်းကျဆင်းလာသည့်အတွက် အထည်ဆိုင်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နေသူ ဒေါ်ခင်ခင်ကျော့က ပြောသည်။

"ရခိုင်လုံချည်လုပ်ငန်းက ချည်ဈေးကြောင့် အရင်းအနှီးကြီးပြီး အမြတ်မရှိဘူး။ ဒီအလုပ်ကအဓိကမဟုတ်တော့ဘူး။ အရင်ကလို ရခိုင်လုံချည်လိုချင်လို့ဆိုပြီးမှာတာလည်း မရှိသလောက်ပဲ။ အခုနောက်ပိုင်းမှာ ရက်ကန်းစင်အချို့က Placemen အလေးတွေရက်လာကြတယ်။ အရင်ကလိုလုံချည်တွေ သိပ်မပေးနိုင်တော့ဘူး။ သံတွဲထွက်အမျိုးသားဝတ်ရခိုင်လုံချည်များနှင့် စစ်တွေထွက်အမျိုးသမီးဝတ် ရခိုင်လုံချည်များကို ဖလှယ်တင်ပို့ရောင်းချသည့် လုပ်ငန်းကိုလုပ်ကိုင်သည့် ဒေါ်ဝင်းကြိုင်ကပြောသည်။ ရခိုင်လုံချည်နေရာတွင် အစားထိုးဝင်ရောက်လာသည့် ထိုပစ္စည်းများကို ဒေသတွင်းရှိ ငပလီကမ်းခြေဟိုတယ်များက ဝယ်လိုအားအများဆုံးဖြစ်ပြီး၊ ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်လည်ပတ်သည့် နေရာများဖြစ်သော ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ပုဂံရှေးဟောင်းမြို့များသို့ပါ တင်ပို့ရောင်းချရသည်အထိ တွင်ကျယ်လာကြောင်း လုပ်ငန်းရှင်ဦးစိုးမြင့်က ပြောသည်။

"ရခိုင်လုံချည်ကို နိုင်ငံခြားသားဧည့်သည်လာရင် ပြဖို့လောက်ပဲ ရက်တော့တယ်။ ၂၀၀၃-၀၄ လောက်မှာ ရခိုင်လုံချည်နေရာကို အမှတ်တရပစ္စည်းတွေထုတ်တာက အစားထိုးဝင်လာတယ်။ ကမ်းခြေဟိုတယ်တွေကို အဓိကသွင်းရတယ်။ ဌာနဆိုင်ရာလူကြီးတွေကြားမှာလည်း အပြန်အလှန်လက်ဆောင်ပေးဖို့အတွက် သုံးလာကြတယ်။ ပစ္စည်းတွေက ငပလီဟိုတယ်တွေကတစ်ဆင့် အင်းလေးကိုလည်းရောက်တယ်။ ဗိုလ်ချုပ်ဈေးကတစ်ဆင့်အခြားပစ္စည်းတွေနဲ့အတူ နိုင်ငံခြားကို ကွန်တိန်နာတွေနဲ့ပို့ကြတယ်" ဟုဦးစိုးမြင့်ကပြောသည်။

ထို့ပြင် သိသိသာသာတိမ်ကောလာသည့် ရခိုင်လုံချည်ရက်လုပ်ခြင်းနေရာတွင် တဖြည်းဖြည်းဝင်ရောက်နေရာယူလာသည့် အိမ်တွင်းမှုအသုံးအဆောင်ပစ္စည်းများ ရက်လုပ်သည့်လုပ်ငန်းသည် စီးပွားရေးရှုထောင့်အရ အောင်မြင်မှုများစွာမရသေးသော်လည်း ဝယ်လိုအားများလျက်ရှိသည့်အတွက် လုပ်ငန်းသဘောအရ အောင်မြင်မှုရှိနေကြောင်းသိရသည်။ ထို့ပြင် ဒေသခံရက်ကန်းပညာရှင်အလုပ်သမားများအတွက်လည်း ရခိုင်လုံချည်ရက်လုပ်ခဲ့စဉ်ကနှင့်ယှဉ်လျှင် လုပ်အားခပိုမိုရရှိလာသည်က အားသာချက်တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

"အခုဆိုရင် ရက်ကန်းလုပ်ငန်းတွေမှာ အလုပ်သမားရှားပါးတဲ့ပြဿနာလည်းရှိနေတယ်။ ရခိုင်လုံချည်က အမြတ်အစွန်းနည်းပါးတဲ့အတွက် လုံချည်တစ်ထည်ကို လုပ်အားခ ခြောက်ရာပဲပေးနိုင်တယ်။ အခု ဒီပစ္စည်းတွေ လုပ်လာတဲ့နောက်ပိုင်းမှာ လုပ်သားတွေ နေ့တွက်ကိုက်လာတယ်။ အရင်ကတစ်နေ့လုံးမှာ ရခိုင်လုံချည်တစ်ထည်ပဲပြီးခဲ့ပေးမယ့် အခုဆိုရင် ပစ္စည်းများများပြီးတော့ လုပ်အားခမြင့်လာတယ်"ဟု ရက်ကန်းလုပ်ငန်းရှင်ဦးစိုးမြင့်က ပြောသည်။

"ရက်ကန်းစင်လုပ်တဲ့လူတွေက ချည်ရှားပါးမှုကြောင့် လုပ်ငန်းတွေ တဖြည်းဖြည်းဖြုတ်လာကြတော့ ရက်ကန်းပဲရက်တတ်တဲ့ဒေသခံအလုပ်သမားလေးတွေအလုပ်ပြုတ်သွားကြတယ်။တချို့ဆိုရင် ဈေးထဲက အထည်ဆိုင်တွေမှာ အထည်ကူရောင်းပေးတဲ့ အလုပ်ကိုလစာနည်းနည်းလေးနဲ့ ဝင်လုပ်ကြတယ်။ တချို့ဆိုရင်နိုင်ငံခြားကို အကြွေးနဲ့အလုပ်လုပ်ဖို့ ထွက်ကြတယ်"ဟု သံတွဲမြို့မှဒေသခံတစ်ဦးကပြောသည်။

မည်သို့ပင်ဖြစ်စေကာမူ သံတွဲမြို့ရှိ လက်ရက်ကန်းစင်များနှင့် ရခိုင်လုံချည်ရက်လုပ်ခြင်းလုပ်ငန်း မှေးမှိန်လာသည့်နောက်ပိုင်း နည်းပညာသစ်အသုံးပြုကာ အိမ်တွင်းမှုအသုံးအဆောင်များ ဆန်းသစ်လုပ်ကိုင်လာသည့်လုပ်ငန်းရှင်မှာ မပြောပလောက်သော ပမာဏသာဖြစ်ကြောင်းတွေ့ရသည်။ရခိုင်ပြည်နယ်မှထွက်ရှိသော ရိုးရာလက်ရက်ကန်းစင်များနှင့် ရခိုင်လုံချည်ရက်လုပ်ခြင်းလုပ်ငန်း တဖြည်းဖြည်းတိမ်ကောလာခြင်းကြောင့် လုပ်ငန်းရှင်များ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်လာခြင်း၊ ဒေသခံရက်ကန်းပညာရှင်အလုပ်သမားများ အလုပ်အကိုင်ရှားပါးလာခြင်းစသည့် အကြောင်းအရာများထက် ပိုမို၍တန်ဖိုးရှိသော ဆုံးရှုံးမှုတစ်ခုမှာ ရခိုင်ရိုးရာလက်မှုပညာရပ်တစ်ခု ပျောက်ကွယ်လုလုဖြစ်လာ၍ နေပေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ရခိုင်ရိုးရာလက်မှုပညာတစ်ရပ် မှေးမှိန်ပျောက်ကွယ်လာခြင်းသည် မြန်မာလူမျိုးတို့၏ ရိုးရာလက်မှုပညာ အစိတ်အပိုင်းတစ်ခု မှေးမှိန်ပျောက်ကွယ်လာခြင်းသာဖြစ်လေသည်။

## "ဃ" ယာဉ်လိုင်းများကို ယာဉ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းကာ စိစစ်ဆောင်ရွက်မည်

**သဇင်ထွေး**

**ရန်ကုန်၊**
**အောက်တိုဘာ - ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၌ အလုပ်လုပ်နေသောစက်ရုံဝန်ထမ်းလုပ်သားများအတွက် ပြေးဆွဲပေးလျက်ရှိသည့် "ဃ"ယာဉ်လိုင်းများအားလုံးကို "ဃ" ယာဉ်များ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းထားကာ စိစစ်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း မ. ထ. သ(ဗဟို)မှ တာဝန်ရှိသူက ပြောကြားသည်။


"ဃ"ယာဉ်လိုင်းများမှ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ ယာဉ်ပိုင်ရှင်များပါဝင်ကာ စက်ရုံကြို/ပို့ တက္ကသိုလ်ကြို/ပို့ယာဉ်များအား ယာဉ်တိမ်းမှောက်မှုမဖြစ်စေရေးအတွက် ကြံ့ခိုင်မှု၊ ယာဉ်လုပ်သားစည်းကမ်းရှိမှုတို့ကို စိစစ်ဆောင်ရွက်သွားမည်ဟုဆိုသည်။

"ဃ ယာဉ်တွေ တော်တော်များများက စက်ရုံ၊ ကျောင်းကြို/ပို့ တွေများတယ်။ အဲဒီမှာ ဟိုတစ်လောကဆို ကားသုံးစီးမှောက်တယ်။ ဘယ်သူမှမသိဘူး။ ပိုင်ရှင်ဘယ်သူလဲမသိဘူး။ အစီးရေဘယ်လောက်ရှိတယ်ဆိုတာမသိဘူး။ အခုတော့ခရိုင်အလိုက် ဃယာဉ်တွေကို စီစဉ်ပေးတယ်။ စာရင်းတွေကောက်ပြီးတော့ ပိုင်ရှင်တွေကိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးပြီးအခုဖွဲ့ စည်းလိုက်ပါပြီ" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

အဆိုပါ "ဃ" ယာဉ်များကြီးကြပ်မှုကော်မတီကို စက်တင်ဘာ ၁၁ ရက်တွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကာ၊ အဆိုပါ အဖွဲ့အား မ. ထ. သ(ဗဟို)မှ ကြီးကြပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့ပိုင်းခရိုင်တွင် "ဃ" ယာဉ် ၄၉စီး၊ အနောက်ပိုင်းခရိုင်တွင် ၄၂စီး၊ မြောက်ပိုင်းခရိုင်တွင် ၃ စီး စုစုပေါင်း ၉၄စီးရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010



# အိမ်တစ်လုံး လိုချင်တယ်

ထက်ကျော်

တရုတ်(တိုင်ပေ)က နာမည်ကြီးအဆိုတော် "ဖန်းမေချိန်"ရဲ့ ဒီဗီဒီသီချင်းခွေကို အားလပ်ရက်တစ်ရက်မှာ နားထောင်ခံစားကြည့်ရှုရင်းက ပေါ်လာတဲ့ အတွေးလေးကိုရေးချင်လို့ ဒီဆောင်းပါးခေါင်းစဉ်ကို ရွေးမိတာပါ။ ဖန်းမေချိန်ဟာ မိဘမဲ့တစ်ဦးဖြစ်ပြီးငယ်စဉ်ကတည်းက "မိဘမဲ့ဂေဟာ"မှာ နေထိုင်ကြီးပြင်းခဲ့ရသူတစ်ဦးဖြစ်ပါတယ်။ အရွယ်ရောက်တော့မှ အဲဒီကတစ်ဆင့် ဂီတလောကထဲကိုရောက်လာပြီး ထင်ရှားတဲ့ ကြယ်တစ်ပွင့်ဖြစ်လာသူတစ်ဦးဖြစ်ပါတယ်။

အိမ်တစ်လုံးလိုချင်တယ်ဆိုတာက ဖန်းမေချိန်ရဲ့ ထင်ရှားတဲ့သီချင်းတစ်ပုဒ်ပါ။ အဲဒီသီချင်းပေါက်ခဲ့တာကြောင့် သူမဟာ လူသိများပြီး ထင်ရှားတဲ့အဆိုတော် အမျိုးသမီးလည်းဖြစ်ပါတယ်။ အဲဒီသီချင်းကို သူကိုယ်တိုင်ရေးပြီး သူကိုယ်တိုင်ခံစားသီဆိုခဲ့တာပါ။

အိမ်တစ်လုံးလိုချင်တယ်၊ သိပ်ပြီး ခမ်းနားစရာမလိုပါဘူး၊ မောပန်းနွမ်းနယ်နေချိန်၊ သတိရစရာအိမ်မျိုးဖြစ်နေရင် တော်ပါပြီ၊ ကြောက်လန့်ထိတ်လန့်နေရချိန်၊ ပြန်လာလို့ရတဲ့ အိမ်မျိုးဖြစ်နေရင် တော်ပါပြီ၊ လူတိုင်းမှာ အိမ်ကိုယ်စီရှိကြပေမယ့်၊ ကျွန်မမှာတော့အိမ်မရှိပါလား၊ ခိုက်ရန်ဖြစ်ပွားလို့၊ ထိခိုက်ဒဏ်ရာရခဲ့ရင်၊ တခြားသူတွေက ပြန်စရာအိမ်ရှိကြတယ်၊ ကျွန်မှာတော့အိမ်မရှိပါလား၊ ကိုယ့်မျက်ရည်ကို ကိုယ်တိုင်သုတ်ခဲ့ရတဲ့အကြိမ်တွေ မနည်းတော့ဘူး၊ နွေးထွေးတဲ့ အိမ်မရှိဘဲ ကြီးပြင်းခဲ့ရတဲ့ ကျွန်မ၊ ကျွန်မရဲ့စိတ်ဓာတ်အင်အားနဲ့ ကျွန်မကို ကျွန်မနွေးထွေးစေခဲ့ရတယ်၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာလည်း မလိုဘူးထင်ပါရဲ့၊ ကိုယ့်အားကိုယ်ကိုးပြီး၊ အိမ်တစ်လုံးရအောင်ရှာရမှာပေါ့၊ အိမ်တစ်လုံးလိုချင်တယ်၊ အိမ်ရှိပေမယ့် မပျော်ကြတဲ့သူတွေ၊ အိမ်ရှိပေမယ့် အချစ်မရှိတဲ့သူတွေလိုမျိုးမဖြစ်စေချင်ဘူး၊ အိမ်တစ်လုံးလိုချင်တယ်၊ တကယ့်ကို နွေးထွေးမှုရှိမယ့်၊ အိမ်တစ်လုံးလိုချင်တယ်။

သီချင်းကိုခံစားပြီး အတတ်နိုင်ဆုံး ဆီလျော်အောင် ချဉ်းကပ်ကြည့်တဲ့အခါ ဖန်းမေချိန်ကို ပိုမိုနားလည်ခဲ့ရပါတယ်။ ဖန်သားပြင်ပေါ်မှာ အားငယ်စိတ်ကို ဘဝ အားမာန်တွေနဲ့အစားထိုးရင်း ခံစားချက်အပြည့်နဲ့သီဆိုနေတဲ့သူ့ရုပ်ပုံလွှာကိုလည်း လေးစားအားကျစဖွယ်တွေ့ရရဲ့။ မိဘမဲ့ကလေး တစ်ဦးရဲ့ရင်ထဲကခံစားချက်များကိုလည်း နားလည်နိုင်ပြန်တယ်။ သူ့သီချင်းက သူ့လိုအထီးကျန်ကြီးပြင်းခဲ့တဲ့ မိဘမဲ့ကလေးများရဲ့ လိုအင်ဆန္ဒတွေကိုလည်း ထင်ဟပ်ပြသလို့နေပါတယ်။

တကယ်ပါပဲ၊ မိဘဆိုတဲ့ အရိပ်အာဝါသအောက်မှာ ဘယ်သူမဆိုကြီးပြင်းရှင်သန် လူလားမြောက်လိုကြပေမယ့် သူတို့ကလေးတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် "ထန်းလည်းဆစ်ကျိုး၊ လေှပိုးထိုး' ဘဝကိုရောက်ခဲ့ကြရပါတယ်။ မိဘရင်ခွင်ရဲ့ နွေးထွေးမှုအရသာဆိုတာ သူတို့သိရှိခွင့်မရခဲ့သလို စမ်းရေပမာမိဘမေတ္တာဆိုတာကိုလည်းမသောက်သုံးခဲ့ကြရတာအမှန်ပါ။ ခက်ခဲကြမ်းတမ်းတဲ့ဘဝမှာ လောကဓံရဲ့ရိုက်နှက်ထုထောင်းမှုတွေကြောင့် ဒဏ်ရာ၊ ဒဏ်ချက်အသီးသီးနဲ့ သူတို့လေးတွေ လူလားမြောက်ကြီး ပြင်းခဲ့ရပါတယ်။ ပုံမှန်မကျတဲ့ဖြစ်စဉ်တွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပါတယ်။

ဒါကြောင့် ဘရာဇီးအပါအဝင် အာဖရိကနိုင်ငံအချို့က မိဘမဲ့ကလေးတွေရဲ့အကြောင်းကို စာအုပ်တွေထဲမှာ ဖတ်ရ၊ သတင်းများမှာ ကြည့်ရှုခဲ့ရတိုင်းစိတ်မကောင်းဖြစ်ရတာလည်း အကြိမ်ကြိမ်ပါ။ လူတို့လေးတွေရဲ့ဘဝတွေပိုမိုတိုးတက်ကောင်းမွန်လာဖို့၊ လုံခြုံနွေးထွေးတဲ့ အခြေအနေလေးတွေရရှိနိုင်ဖို့ မျှော်လင့်မိတာလည်း အမှန်ပဲဖြစ်ပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေက အစိုးရများကတော့ သူတို့အတိုင်းအတာနဲ့သူတို့ မိဘမဲ့ဂေဟာဖွင့်လှစ်ပြီး တတ်နိုင်သလောက် ဂရုစိုက်ဖွင့်လှစ်စောင့်ရှောက်ပေးကြပါတယ်။ ဒါပေမဲ့ ဒီလိုကူညီစောင့်ရှောက်မှုမျိုးတွေဟာကမ္ဘာပေါ်ကများပြားလှတဲ့ မိဘမဲ့ကလေးသူငယ်ဦးရေနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ "ဆင်ပါးစပ်နှမ်းပက်"သလို ဖြစ်သွားရပြန်တယ်။

တစ်ဆက်တည်း အဲဒီလိုမိဘမဲ့ကလေးများကို ဆေးသိပ္ပံရှုထောင့်က လေ့လာဆန်းစစ်ကြည့်တဲ့အခါ ပုံမှန်မဟုတ်တဲ့ စိတ်ရောဂါဆန်ဆန်အခြေအနေမျိုးတွေကို တွေ့ရပြန်တယ်။ လုံးဝရှုးသွပ်ဖောက်ပြန်နေတာမဟုတ်ပေမယ့်လိုအင်ဆန္ဒတွေ မပြည့်ဝ၊ မျှော်လင့်ချက်တွေမဲ့၊ ကြမ်းတမ်းတဲ့ဘဝမှာ နွေးထွေးမှုမဲ့စွာ ခက်ခက်ခဲခဲဖြတ်သန်းခံစားကြရတာကြောင့်သူတို့မှာ ပုံမှန်တွေးခေါ်စဉ်းစားနိုင်မှုအားနည်းပြီး စိတ်ဓာတ်ရေးရာ ခိုင်မာမှုမရှိတာကို တွေ့ကြရပါတယ်။ ဒါဟာသဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုလို့ဆိုပေမယ့် အဲဒီမျိုးဆက်တွေရဲ့ လက်ထဲကိုရောက်လာမယ့် အနာဂတ်ဟာ အန္တရာယ်ရှိမလာနိုင်ဘူးလို့ ဘယ်သူကအာမခံနိုင်ပါ့မလဲ။

ပညာမတတ်တဲ့၊ မှန်ကန်စွာ မစဉ်းစားတတ်တဲ့၊ အနိမ့်ခံဘဝနဲ့ နေလာခဲ့ရတဲ့၊ လိုအပ်ချက်တွေများလွန်းနေတဲ့ အဲဒီလိုကလေးမျိုးတွေရဲ့ ရယူလိုမှုတွေဟာ မိုးထိ မြင့်မားကောင်းမြင့်မားနိုင်ပါတယ်။ အဲဒီဆန္ဒတွေကို မှန်ကန်တဲ့နည်းလမ်းများနဲ့ အကောင်အထည်ဖော်မယ်ဆိုရင် မထောင်းသာလှပေမယ့် မမှန်မကန်သာအကောင်အထည်ဖော်လိုက်လို့ကတော့ ကမ္ဘာကြီးရဲ့ အနာဂတ်ဟာမစဉ်းစားရဲတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် အိမ်တစ်လုံးလိုချင်တယ်၊ နွေးထွေးမှုရှိတဲ့ အိမ်မျိုးရှိချင်တယ်ဆိုတဲ့ သူတို့ကလေးတွေရဲ့ ဆန္ဒကို တတ်နိုင်သလောက်အားလုံးဝိုင်းဝန်းဖြည့်ဆည်းပေးနိုင်ကြရင် အတိုင်းထက်အလွန်ပါပဲ။ အချို့ကိစ္စတွေဟာ ငွေနဲ့ဖြေရှင်းလို့ရနိုင်ပေမယ့် အချို့ကိစ္စတွေကတော့ ငွေထက်နားလည်မှု၊ နွေးထွေးမှု၊ စာနာမှု၊ လူသားမေတ္တာ၊ ကြင်နာတရားတွေနဲ့ ဖြေရှင်းမှရနိုင်တာမျိုးပါ။

မိဘမဲ့ကလေးတွေအားလုံး နွေးထွေးပျော်ရွှင်တဲ့ ဘဝတွေရရှိနိုင်ကြပါစေ . . .။ ။

---

**ထိုင်း** နိုင်ငံ၊**KhonKaen**ပြည်နယ်ရှိ**DechapanichFishing Net Factory Ltd., Part (DFN)** စက်ရုံသည် ထိုင်းနိုင်ငံအရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ထိုစက်ရုံသည် ၁၉၇၆ ခုနှစ်ကတည်းကတည်ထောင်ခဲ့သည့်စက်ရုံဖြစ်သည်။ ယခုအခါ ထိုစက်ရုံထုတ်ငါးဖမ်းပိုက်များကို အမေရိက၊ ဥရောပ၊ အာဖရိက၊ အာရှနိုင်ငံများသို့ တင်ပို့ရောင်းချနေသောစက်ရုံဖြစ်သည်။ ထိုစက်ရုံသည်မြို့ပြင်နှင့်မြို့တွင်း နှစ်နေရာရှိသည်။ မြန်မာအလုပ်သမားသုံးထောင်နီးပါးအလုပ်လုပ်ကိုင်လျှက်ရှိကြသည်။ ထိုအထဲတွင်ယာယီနိုင်ငံကူးလက်မှတ်ရှိသူ တစ်ထောင်ငါးရာခန့်ရှိပြီး၊ ကျန်သူများအလုပ်လုပ်ခွင့်လက်မှတ်(ဘတ်ကတ်) ရှိသူများဖြစ်ကြသည်။

ဝင်းနိုင်ထွန်း

# မငြိမ်းသေးသော မီး



မြန်မာအလုပ်သမားအများစုသည်မြို့ပြင်စက်ရုံ (တောရုံ)တွင် နေထိုင်ကြရကာ မြို့ထဲစက်ရုံ(မြို့ရုံ)ကိုကားအပို့အကြိုလုပ်ပေးသည်။ နေ့အဆိုင်း ၁၅၀ ဦးနှင့် ညအဆိုင်း ၁၅၀ ဦးနီးပါးသာမြို့ထဲစက်ရုံကိုအလုပ်ဆင်းရသည်။ ကျန်သူများသည် မြို့ပြင်စက်ရုံမှာသာ အလုပ်လုပ်ကြသည်။

နေ့စဉ်အလုပ်ချိန် (၁၁)နာရီ အလုပ်ဆင်းရသည်။ မြို့ပြင်စက်ရုံ (တောရုံ)တွင် ချည်လုံးရစ်ခန်း၊ ပိုက်ကွန်ရက်စက်ခန်း၊ ဆေးဆိုးခန်း၊ ပေါင်းခံခန်း၊ ပိုက်ဖာခန်း၊ ပိုက်ခေါင်းကြိုးထိုးခန်း စသည့်အခန်း (၁၄) ခန်းရှိသည်။ တနင်္ဂနွေတစ်ရက်သာ အလုပ်ပိတ်ရက်ပေးသည်။

လုပ်အားခမှာအလုပ်ချိန် (၁၁)နာရီပေါင်းပြီး ထိုင်းဘတ်ငွေ(၁၇၀) ဘတ်ပေးသည်။ နေ့စားခကိုဘတ် (၁၄၀)သတ်မှတ်ပြီးအချိန်ပိုကြေးတစ်နာရီလျှင်ဘတ် (၂၀)သတ်မှတ်ထားသည်။နံနက် (၈)နာရီမှညနေ (၅) နာရီထိ တစ်နေ့လျှင်အလုပ်ချိန် (၈)နာရီဖြစ်သော်လည်း ညနေ(၆)နာရီခွဲထိအလုပ်ဆင်းပေးမှသာ တစ်ရက်စာလုပ်ခကိုစက်ရုံမှထိုင်းဘတ်(၁၄၀) ရှင်းပေးသည်။

ထိုဒေသရှိ အလုပ်သမားဥပဒေတွင် တစ်ရက်စာအနိမ့်ဆုံးလုပ်အားခကို ထိုင်းဘတ်ငွေ(၁၅၇)ဘတ်နှင့် အချိန်ပိုကြေးကိုထိုင်းဘတ်(၂၉. ၄) သတ်မှတ်ထားသည်။ ထို့ကြောင့် ထိုစက်ရုံလုပ်အလုပ်သမားများသည် နေ့စဉ်ထိုင်းဘတ်ငွေ (၇၅)ဘတ်နစ်နာလျက်ကြရှိသည်။ တစ်နှစ်ဆိုလျှင် အလုပ်သမားတစ်ဦးထံမှ ဘတ်(၇)သောင်းကျော် လုပ်အားခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည်ဟုယူဆရသည်။ လုပ်ငန်းခွင်တွင်ထိခိုက်ဒဏ်ရာရမှုများရှိပါကလည်း အလုပ်ရှင်မှတာဝန်ယူဆေးကုသမှုအတွက် တာဝန်မယူချေ။ အလုပ်ရုံဝင်းအတွင်း လိုင်းခန်းများသည် (၁၂)ပေ၊ (၁၀)ပေ အခန်းတစ်ခန်းလျှင် အလုပ်သမားလေးယောက်နှုန်းနေထိုင်ကြရသည်။ သုံးရေအတွက် ရေကားစီစဉ်ပေးထားသော်လည်း အလုပ်သမားများသဖြင့် ရေမလောက်မငှသုံးစွဲကြရသည်။အလုပ်ပိတ်ရက်များတွင်ရေကားမလာတတ်သဖြင့် ထိုရက်များတွင် ရေအခက်အခဲနှင့်ကြုံရမြဲဖြစ်သည်။

လုပ်ခကို တနင်္ဂနွေနှစ်ပတ်တစ်ခါထုတ်ပေးသည်။ ဝတ်စုံဘိုး၊ ဆေးဘိုးခဟု အကြောင်းပြကာ အလုပ်သမားအသစ်များကို တစ်ပတ်လျှင်ဘတ်ငွေ(၁၄၉) ဘတ်နှုန်းဖြင့် (၈ပတ်) ဖြတ်သည်။ သန့်ရှင်းရေးခအကြောင်းပြကာ အလုပ်သမားများအားလုံးကို (၂၅)ဘတ်ဖြတ်သည်။ လုပ်ခရငွေကိုငွေထုတ်စက်ဖြင့် ထုတ်ရသည့်အတွက်မထုတ်တတ်သည့်အလုပ်သမားများသည်စက်ရုံစောင့်များကို (၂၅)ဘတ်ပေးပြီးထုတ်ရပြန်သည်။ မြန်မာအချင်းချင်းကူညီကာ ငွေထုတ်စက်မှထုတ်ပေးလျှင်လည်းအစောင့်များ၏ကြိမ်းမောင်းခံရသည်။

မြန်မာအလုပ်သမားများကို ထိန်းချုပ်ကိုင်တွယ်သည့်သူများမှာ စက်ရုံမှ တာဝန်ပေးထားသော (၁၈)ယောက်အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့ခေါင်းဆောင်မှာ နိုင်ဦးဆိုသူဖြစ်သည်။ ထိုသူမှာ သေနတ်ကိုင်ဆောင်ထားပြီး ကျန်အဖွဲ့ဝင်များသည် ဒုတ်၊ဓါး၊လက်ထိတ်များကိုင်ဆောင်ထားကြသည်။ အလုပ်ခွင်တွင် မတရားဖိနှိပ်ခိုင်းစေမှုများကိုပြန်လည်ခုခံပြောဆိုသည့်အခါများတွင် ထိုအဖွဲ့၏ရိုက်နှက်ခြိမ်းခြောက်မှုများခံကြရသည်။ ထိုအဖွဲ့ဝင်များသည်အလုပ်ရုံဝင်းအတွင်းဈေးဆိုင်(၇)ဆိုင်ဖွင့်ကာအကြွေးဖြင့် ဈေးရောင်းကြသည်။ အကြွေးစာရင်းမှတ်ကာ (၁၀)ဘတ်လျှင် အတိုး(၁)ဘတ်နှုန်းဖြင့် လစာထဲမှဖြတ်ယူလေ့ရှိကြသည်။ ပြီးခဲ့သည့်လမှ စ၍အခန်းခတစ်ခန်းလျှင်ထိုင်းဘတ်ငွေ(၅၀၀)နှုန်းလိုက်ကောက်သဖြင့် အချို့အလုပ်သမားများ ထွက်ပြေးနေကြသည်။ အလုပ်သမားပြတ်လပ်မှုမရှိစေရန် မြဝတီနှင့်မဲဆောက်တစ်ဝိုက်ရှိ တောင်ယာစိုက်ပျိုးရေးလုပ်နေသူများ၊ အလုပ်အကိုင်အဆင်မပြေသူများလူပွဲစားများနှင့် အချိတ်အဆက်ပြုကာလူစုဆောင်းလျှက်ရှိသည်။ ထိုစက်ရုံအတွက်အဓိကလူပို့နေသူမှာ အဘိုင်ကြီးဆိုသူကုလားလူမျိုးတစ်ဦးဖြစ်သည်။ ၎င်းသည်မဲဆောက်ဈေးအနီးတွင်လူကယ်ရီအဖြစ် နာမည်ကြီးသူဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လမှစပြီး လူစုဆောင်းခဲ့သည်။ စုဆောင်းရရှိသူများကိုမဲဆောက်၊ မယ်ပကွမ်တုံသိုးမွေးစက်ရုံအနီးရှိ ဂိုဒေါင်တွင်တစ်ထောက်နားခိုရာသတ်မှတ်ပေးထားသည်။ ထိုဂိုဒေါင်တွင် တစ်ခါတစ်ခါအလုပ်သမားလေးရာခန့်ရှိတတ်သည်။ ထိုစက်ရုံသို့ လာရောက်အလုပ်လုပ်ကြသူများ၏ခရီးသွားလက်မှတ်၊ ယာယီနိုင်ငံကူးလက်မှတ်စသည်များကိုအလုပ်ရှင်မှသိမ်းဆည်းထားလေ့ရှိသည်။

သို့ကြောင့်လည်း ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလပိုင်းက အလုပ်သမား(၆)ဦး အလုပ်ထုတ်ပစ်မှုပြဿနာဖြစ်ရာ(၅)ဦးသည်ယာယီနိုင်ငံကူးလက်မှတ်ရှိထားသူများဖြစ်ကြသည်။ ၎င်းတို့၏နိုင်ငံကူးလက်မှတ်များပြန်တောင်းသည့်အခါဗီဇာနေရာများတွင်ဘောပင်နှင့် Cancel ဟု ခြစ်ထားသည့်အတွက် အလုပ်သမားအများစုသည်၎င်းတို့၏စာအုပ်များကိုလည်း မည်သို့လုပ်ထားမည်ကို သံသယပွားကာအလုပ်သမားများ၏လက်ဝယ်ပြန်ပေးထားရေး တောင်းဆိုဆန္ဒပြမှုများဖြစ်ခဲ့ကြသည်။

စက်ရုံမှထိုကိစ္စအားငြင်းဆိုသည့်အခါ အလုပ်သမား (၉၀၀)ကျော်အလုပ်မဆင်းဘဲ ဆန္ဒပြကြသည်။၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ၁၄ရက်တွင် အလုပ်ရှင်နှင့်အလုပ်သမားများ အများသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုလက်မှတ်ထိုးခဲ့ကြသည့် အချက်များသည်အလုပ်သမားများ၏ စာရွက်စာတမ်းများအလုပ်သမားများလက်ဝယ်ထားရှိရန်၊ မြန်မာအလုပ်သမားများသည် ထိုင်းအလုပ်သမားများနည်းတူတန်းတူအခွင့်အရေးရရန်နှင့် ဆန္ဒပြအလုပ်သမားများကိုရာဇဝတ်ကြောင်းနှင့် တရားမကြောင်းအရ အရေးမယူရန်တို့ဖြစ်သည်။ ထို့ကြောင့်အလုပ်ရှင်မှအလုပ်သမားများ၏ယာယီနိုင်ငံကူးလက်မှတ်စာအုပ်(၇၀၀)ခန့်အသုတ်လိုက်ပြန်ပေးခဲ့သည်။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.31 • OCTOBER 21, 2010




## ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မီဒီယာများနှင့် ပထမဆုံးအကြိမ်တွေ့

အိဖြူလွင်

နေပြည်တော်၊ အောက်တိုဘာ - ၁၈

ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၁၉ ရက်အလိုတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သံတမန်များနှင့် ပြည်တွင်းပြည်ပမီဒီယာများကို ပထမဆုံးအကြိမ် တွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းနှင့် မဲဆန္ဒရှင်များ မဲရုံတွင် မဲပေးမှုသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မတ်လ ၁၀ ရက်မှစ၍ အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက တက်ရောက်လာသော ပြည်တွင်းပြည်ပသတင်းထောက်များ၊ နိုင်ငံခြားသံတမန်များ၏ သိလိုသော မေးခွန်းအားလုံးကိုဖြေကြားခဲ့ခြင်းဖြစ်ကာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မီဒီယာများ ပထမဆုံးအကြိမ် တွေ့ဆုံမေးမြန်းခွင့်ရခြင်းဖြစ်သည်။

## စက်မှုဇုန်အလုပ်သမားများ အလုပ်မပျက်မဲပေးနိုင်ရန် စီစဉ်ပေးမည်ဟုဆို

ကျော်သီဟ

ရန်ကုန်၊ အောက်တိုဘာ - ၁၃

၂၄ နာရီပတ်လုံး လည်ပတ်နေရသည်ဟု သတ်မှတ်ထားသော စက်မှုဇုန်များတွင် လုပ်သားများ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

နိုဝင်ဘာ ၇ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် လုပ်ငန်းခွင်မပျက်ဘဲ ဆန္ဒမဲပေးနိုင်ရန် စက်မှုဇုန်များတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု တာဝန်ရှိသူက အောက်ပါအတိုင်းရှင်းပြသည်။

"စက်ရုံ၊ အလုပ်ရုံတွေမှာရှိတဲ့ လုပ်သားတွေအတွက် မဲပေးနိုင်ဖို့ လာရောက်လျှောက်ထားတဲ့အတွက် မဲစာရင်းမှာပါတဲ့သူတွေ၊ မဲပေးခွင့်ရှိသူ(အသက် ၁၈ နှစ်ပြည့်ပြီးသူ) အားလုံး မဲပေးနိုင်အောင်လို့ သက်ဆိုင်ရာစက်ရုံအတွင်းမှာပဲ လုပ်ငန်းခွင်မပျက် မဲပေးနိုင်အောင် ကော်မရှင်ကနေပြီး စီစဉ်သွားမှာပါ။ မဲပေးနိုင်တဲ့သူတွေ မဲပေးနိုင်အောင်လို့ ကော်မရှင်အနေနဲ့ လုပ်ဆောင်ခြင်းဖြစ်တယ်"ဟု ဆိုပါသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ နယ်အသီးသီးမှ လာရောက်လုပ်ကိုင်စားသောက်နေကြသော အိမ်အကူများ၊ စားသောက်ဆိုင်ဝန်ထမ်းများ၊ စားဖွယ်စုံဝန်ထမ်းများအထိ ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများသို့ လွယ်ကူစွာလျှောက်ထားနိုင်ပြီး ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူကပြောကြားသည်။

## ကြိုတင်မဲပေးခြင်းဥပဒေတွင် အကျုံးဝင်သူများသာ ကြိုတင်မဲပေးခွင့်ရှိမည်

အိဖြူလွင်

နေပြည်တော်၊ အောက်တိုဘာ - ၁၈

ကြိုတင်မဲပေးခြင်းဥပဒေအရ ကြိုတင်မဲပေးခွင့်ရှိသူများသာ မြို့နယ်ကော်မရှင်ရုံးများတွင် ကြိုတင်မဲပေးခွင့်ရှိသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးကပြောသည်။

"ဥပဒေအရသတ်မှတ်ထားတဲ့ပုဂ္ဂိုလ်တွေပဲ ကြိုတင်မဲပေးရမှာပါ။ သူတို့စာရင်းက ကော်မရှင်မှာရှိပြီးသားပါ။ သူတို့ကလွဲလို့ ကျန်တဲ့သူတွေ ကြိုတင်မဲပေးခွင့်မရှိပါဘူး"ဟု ဥက္ကဋ္ဌဦးသိန်းစိုးကပြောကြားသည်။

တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက်သင်တန်းသားများ၊ မဲဆန္ဒနယ်ပြင်ပရောက်အခြား မဲဆန္ဒရှင်များ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ အစရှိသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ရွေးကောက်ပွဲနည်းဥပဒေများတွင် ဖော်ပြပါရှိသည်။

"နိုင်ငံရပ်ခြားရောက်နေသူတွေကို စာရင်းပြုစုနေပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ဆောင်ရွက်နေပါတယ်"ဟု ဦးသိန်းစိုးကပြောသည်။

မကြာသေးမီက အကျဉ်းဦးစီးဌာန၏ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများတွင် မဲပေးခွင့်ရှိသည့် အချုပ်သား ၆၀၀၀ ကျော်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

သို့သော် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ လူကိုယ်တိုင်လာရောက်မဲမပေးနိုင်သော အရေအတွက် အနည်းငယ်သည်သာ ရပ်ကွက်ကျေးရွာကော်မရှင်ရုံးများတွင် ကြိုတင်မဲပေးခွင့်ရှိမည်ဟု သိရသည်။

နိုဝင်ဘာ ၇ ရက်၌ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲရုံများတွင် မဲပုံးများအားလုံးရရှိနေပြီဖြစ်သော်လည်း ဆန္ဒမဲလက်မှတ်များရိုက်နှိပ်ခြင်းမှာ ယခုအချိန်အထိ အပြည့်အဝမပြီးစီးသေးဘဲ မဲပေးခွင့်ရှိသူစာရင်းမှာလည်း ရွေးကောက်ပွဲမကျင်းပမီနေ့အထိထပ်တိုးလာနိုင်ကြောင်း ဦးသိန်းစိုးက ထပ်လောင်း ပြောကြားသည်။

## ရွေးကောက်ပွဲအပေါ် အနုပညာရှင်တို့၏အမြင်

အေးသူစံ

နိုဝင်ဘာ ၇ ရက်ရောက်ဖို့ ရက်ပိုင်းလောက်ပဲလိုပါတော့တယ်။ ပါတီအသီးသီးက ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေကလည်း အသက်ဝင်လှုပ်ရှားနေကြပါပြီ။ ပြည်သူတွေထဲက ပြည်သူတွေဖြစ်တဲ့ အနုပညာရှင်တွေကလည်း ဒီရွေးကောက်ပွဲကြီးကို ပါဝင်ဆင်နွှဲနိုင်ကြပါတယ်။ ဒါကြောင့် အနုပညာရှင်အချို့ရဲ့ရွေးကောက်ပွဲအပေါ် သဘောထားကို ပြည်သူတွေထံ ဝေငှလိုက်ပါတယ်။

**ထွန်းထွန်းဝင်း**

မဲပေးဖူးတဲ့အတွေ့အကြုံက ရှိပါတယ်။ ၉၀ ရွေးကောက်ပွဲတုန်းကပေါ့။ ဘယ်သူ့ကို ထည့်ခဲ့လဲတော့ မမှတ်မိတော့ဘူး။ ကြာပြီကိုး။ ဘယ်သူ့ကိုမဲပေးမလဲဆိုတာတော့ မဲထည့်ခါနီးမှပဲ စဉ်းစားပါမယ်။ အထဲကျမှပဲထည့်လိုက်တော့မယ်။ လှုပ်ရှားမှုများတဲ့ပါတီကတော့ ခုလက်ရှိမှာ ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီကတော့ အားအကောင်းဆုံးပါပဲ။ ကျန်တာတွေကတော့ ကြိုးကြားကြိုးကြားပါပဲ။

**ခန့်စည်သူ**

အဲဒါတော့ဘာမှသေချာမစဉ်းစားရသေးဘူး။ ကျွန်တော်က နိုင်ငံရေး စိတ်မဝင်စားပါဘူး။ ဖြစ်ချင်တာကတော့ ကျွန်တော်တို့ရုပ်ရှင်လုပ်ငန်းအနေနဲ့ တိုးတက်အောင်၊ အောင်မြင်အောင်၊ ဒီထက်ပိုပြီးကောင်းအောင် အစစအရာရာ ဦးဆောင်မှုပေးနိုင်တဲ့သူမျိုးကိုပဲ ကျွန်တော်ရွေးချယ်မှာပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးနယ်ပယ်ထဲ ဝင်ဖို့မဝင်ဖို့က လောလောဆယ်တော့ဘာအစီအစဉ် မှမရှိသေးပါဘူး။

**ဒါရိုက်တာမောင်မျိုးမင်း**

သူတို့ပြောတဲ့အတိုင်း၊ ကိုယ်ဖတ်ရတဲ့အတိုင်း တကယ်လုပ်ပေးနိုင်မလားဆိုတာလေ့လာရမှာပေါ့။ ဦးမျိုးကတော့ အနုပညာသမားဆိုတော့အနုပညာကို လွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိတဲ့ ဘယ်ပါတီကိုမဆို မဲပေးမှာပဲ။ စိတ်ဝင်စားတယ်။ ရွေးကောက်ပွဲအပြီး ဘယ်လိုအပြောင်းအလဲကို မျှော်လင့်ထားတာမျိုးတော့မရှိပါဘူး။ ဦးမျိုးဖြစ်ချင်တဲ့ မျှော်လင့်ထားတဲ့၊ တောင့်တတဲ့ ဟာကတော့ အနုပညာလုပ်ငန်းကို လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ရှိမယ်။အတားအဆီးဘောင်တွေမများဘဲနဲ့ ဒီအနုပညာရှုထောင့်ကကြည့်ပြီးတော့ သုံးသပ်နိုင်မယ့်အဖွဲ့တစ်ဖွဲ့ကိုလိုချင်တယ်။

**ကြည်ဖြူသျှင်**

ဒီရွေးကောက်ပွဲပြီးသွားလို့ရှိရင် ဘာတွေထူးခြားတဲ့အပြောင်းအလဲဖြစ်လာမလဲပေါ့။ အဲဒီ တစ်ခုတော့ စိတ်ဝင်စားတယ်။ ခုလက်ရှိ အခြေအနေထက်ဘယ်လိုကောင်းတဲ့ ပြောင်းလဲမှုတွေဖြစ်လာမလဲ၊ ရုပ်ရှင်အနေနဲ့ဆိုရင်လည်း ဘယ်လောက်အထိ အခွင့်အရေးတွေရှိလာမလဲ။ ပြောမယ်ဆိုလို့ရှိရင် ကောင်းတဲ့ပြောင်းလဲမှုတစ်ခုကို မျှော်လင့်တယ်။

ဘယ်ပါတီကိုမဲပေးရမလဲဆိုတာ မဆုံးဖြတ်ရသေးဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း မဲဆွယ်တဲ့သူတွေကို မတွေ့မိသေးပါဘူး။ ကိုယ်တိုင်နိုင်ငံရေးလုပ်ဖို့တော့မရှိပါဘူး။ အစ်မက နိုင်ငံရေးကို စိတ်မဝင်စားဘူး။ လူမှုရေးပဲလုပ်ချင်တယ်။ အသက်ကြီးလာရင် လူမှုဝန်ထမ်းအလုပ်တွေလုပ်ဖြစ်မယ်။ နောက်တစ်ခုက ကိုယ်ဒီမှာရှိနေတဲ့ လူထုရဲ့လိုအပ်မှုတွေကို လုပ်ဖြစ်မယ်။

**ခိုင်သင်းကြည်**

အစ်မတို့ကျတော့ သိပ်မပြောတတ်ဘူး။ အမှန်အတိုင်းပြောရရင် သိပ်လည်းနားမလည်ဘူး။ ကြည့်ရမှာပေါ့နော်။ အဲဒီအချိန်မှာ အများကောင်းတယ်ပြောတဲ့ပါတီပဲလိုက်ပြီးမဲပေးရမှာပေါ့။ အစ်မကျတော့လည်း တကယ်ပြောတာ။ သိပ်နားမလည်ဘူး။

**သက်မွန်မြင့်**

နိုင်ငံရေးနဲ့ပတ်သက်လို့ မပါဘူး။ (ရယ်လျက်) သက်မွန်က ဒီအနုပညာအလုပ်တွေကိုပဲ သိတယ်။ ဘယ်သူ့ကိုမဲပေးရမယ်ဆိုတာလည်း မသိသေးဘူး။ ဒီအနုပညာအလုပ်ကိုပဲစိတ်ဝင်စားတယ်။

**ခိုင်နှင်းဝေ**

အဲဒါတွေ သမီးသိပ်နားမလည်ဘူး။ ခေါင်းထဲမှာ အခုရုပ်ရှင်ကားကြီးရိုက်နေတော့လေ။ အဲဒီအတွက်ပဲလုံးပန်းနေတော့ အဲဒါတွေသိပ်မသိဘူး။

**မယ်လိုဒီ**

အဲဒါကျတော့ မျိုးနားမလည်တဲ့အပိုင်းပါ။ နိုင်ငံရေးအကြောင်းကို သိလည်းမသိပါဘူး။ နားလည်းမလည်ပါဘူး။ ရှင်းရှင်းပြောရရင် လူကြီးတွေက လူကြီးအလုပ်လုပ်သလို ကလေးတွေက ကလေးအလုပ်လုပ်ဆိုသလိုပဲလက်ခံထားပါတယ်။ ကိုယ်လုပ်နေတဲ့အနုပညာ အလုပ်ကိုအကောင်းဆုံးဖြစ်အောင်ရပ်တည်နိုင်အောင်ပဲ ဆုံးဖြတ်လုပ်ကိုင်နေပါတယ်။ အဲဒီအကြောင်းတွေကို လုံးဝမသိပါဘူး။

**တေးရေးတေးဆိုအရိုး**

ဘယ်ပါတီကို မဲပေးရမလဲလည်း မသိသေးပါဘူး။ ဒါပေမဲ့ ဘယ်နေရာမှာမဆို စည်းကမ်းရှိရင် တိုးတက်မှာပါ။ အဓိကက စည်းကမ်းပါပဲ။ နိုင်ငံကိုခေါင်းဆောင်တဲ့သူတွေအတွက်ဆို ပိုပြီးတောင်လိုအပ်မှာပါ။ ရွေးကောက်ပွဲအပြီး ဘယ်လိုပြောင်း လဲမှုမျိုးကို မျှော်လင့်လဲဆိုတာက ချက်ချင်းကြီးတော့ ပြောင်းလဲမှာတော့ မဟုတ်ဘူးလေ။ အချိန်ယူရမှာပေါ့။ ကျွန်တော့်အမြင်က အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ပူးပေါင်းရင် အပြောင်းအလဲတွေ ပိုမြန်နိုင်မှာပါ။

**ဆုန်သင်းပါရ်**

အဓိကက ပြည်နယ်ကို ကောင်းကောင်း အကျိုးပြုနိုင်တဲ့၊ ဖွံ့ဖြိုးတိုးတက်ဖို့အများကြီးလုပ်ပေးတဲ့ပါတီမျိုးကို ကြိုဆိုပါတယ်။ ရွေးကောက်ပွဲအပြီး ဘယ်လိုအပြောင်းအလဲကို မျှော်လင့်လဲဆိုတာတော့ ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ရန်ကုန်မြို့တော်ဝန်ဦးအောင်သိန်းလင်းနှင့်တွေ့ဆုံခြင်း

**ငြိမ်းငြိမ်းနိုင်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မဲဆန္ဒနယ် ၁,၁၅၉ နယ်ရှိရာ ထိုမဲဆန္ဒနယ်များတွင် အပြည့်အဝနီးပါးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ လာမည့်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအများဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီလည်းဖြစ်သည်။ ယင်းပါတီ ကိုယ်စားလှယ်လောင်းများထဲမှ ရန်ကုန်မြို့တော် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရင်း တောင်ဥက္ကလာပမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ဝင် ရောက်ယှဉ်ပြိုင်မည့်မြို့တော်ဝန်ဦးအောင်သိန်းလင်းနှင့် 7Day News ဂျာနယ်က တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**တောင်ဥက္ကလာပမြို့နယ်ကနေ ဝင်ပြိုင်ဖြစ်တဲ့အကြောင်းရင်းကို ပြောပါဦး။**

တောင်ဥက္ကလာပသားဖြစ်နေတာရယ်၊ အဲဒီမှာပဲ ကျောင်းနေခဲ့တာရယ်၊ အဲဒီကလူတွေနဲ့လည်း ခင်မင်ရင်းနှီးပြီးသားဖြစ်နေတာရယ်ကြောင့် တောင်ဥက္ကလာပကို ရွေးခဲ့တာပါ။

**ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းတွေအနေနဲ့ တချို့မဲဆန္ဒနယ်တွေမှာ ပြိုင်စရာမလိုဘဲ အနိုင်ရသွားတာမျိုးတွေရှိတော့ မြို့တော်ဝန် ဝင်ပြိုင်မယ့်နေရာမှာရော အခြေအနေဘယ်လိုရှိပါသလဲ။**

ရန်ကုန်မှာ ဝင်ပြိုင်အရွေးခံရတဲ့သူတွေအားလုံးကတော့ နေရာတိုင်းမှာ ယှဉ်ပြိုင်မှုရှိနေတဲ့နေရာတွေပဲဖြစ်နေတယ်။ ဆိုတော့ အားလုံးကို လျှော့တွက်လို့မရဘူး။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီတို့ကတော့ ကျွန်တော့်အနေနဲ့ ဂရုစိုက်ယှဉ်ပြိုင်ရမယ့် ယှဉ်ပြိုင်ဘက်တွေလို့ပဲမြင်ပါတယ်။

**မြို့တော်ဝန်က မီဒီယာကနေပြောထားတာရှိပါတယ်။ ပြည်ခိုင်ဖြိုးပါတီဟာ ဒီရွေးကောက်ပွဲမှာ သေချာပေါက်နိုင်ရမယ်လို့။ အဲဒါ ဘာကြောင့်ပြောနိုင်တာပါလဲ။**





ရန်ကုန်မြို့တော်၊ မြို့တော်ခန်းမရှိ မြို့တော်ဝန်ရုံးခန်းတွင်တွေ့ရသည့် ဦးအောင်သိန်းလင်း။ ဓာတ်ပုံ – ဥက္ကာကိုကို

လူတိုင်းကတော့ ကိုယ်နိုင်ဖို့မှန်းမှာပဲလေ။ ကျွန်တော်ကလည်း သူများနည်းတူပဲ နိုင်ဖို့မျှော်မှန်းတာပါပဲ။

**ခု ရွေးကောက်ပွဲမတိုင်မီကာလမှာ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘယ်လိုမဲဆွယ်စည်းရုံးမှုပုံစံကို သုံးနေပါသလဲ။**

အခြားကိုယ်စားလှယ်လောင်းတွေနည်းတူပါပဲ။ ဗီနိုင်းတွေထောင်တယ်။ လက်ကမ်းစာရွက်တွေဝေတယ်။ ဟောပြောပွဲလေးတွေလည်းလုပ်ပါတယ်။ သူများနည်းတူပါပဲ။

**ရွေးကောက်ပွဲဝင်ကြမယ့်ပါတီတွေနဲ့ ကိုယ်စားလှယ်တွေက မီဒီယာနဲ့ အဆက်အသွယ်ကောင်းကောင်းထားကြတယ်။ ပြည်ခိုင်ဖြိုးပါတီကတော့ မြို့တော်ဝန်တစ်ယောက်လောက်ပဲ မီဒီယာမှာ သီးသီးသန့်သန့်တွေ့ရပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ ပါတီရဲ့မူဝါဒလေး ပြောပြပါဦး။**

ကျွန်တော်ကတော့ ပြည်တွင်းက မီဒီယာဆို ဘယ်သူပဲမေးမေးပြောပါတယ်။ တစ်ဦးချင်းစီရဲ့ဆုံးဖြတ်ချက်ပါ။ ကျွန်တော့်ဆီက လူတွေကိုတော့ပြောထားပါတယ်။ လာမေးရင် ပြောနိုင်သမျှကိုပြောပေးဖို့ပါ။ ကိုယ့်ဟာကိုယ်တိုင်ဖြေကြဖို့ပေါ့လေ။ ကျန်တဲ့ဒေသတွေတော့ ကျွန်တော်လည်း မသိပါဘူး။

**မြို့တော်ဝန်အလုပ်နဲ့ ပါတီအမတ်အလုပ်ကို ဘယ်လိုခွဲခြားလုပ်ကိုင်ပါသလဲ။**

လမ်းခင်းတာကတော့ မြို့တော်ဝန်အလုပ်ပေါ့။ မြို့တော်ဝန်တစ်ယောက် လုပ်ရမယ့်အလုပ်တွေ လုပ်ပါတယ်။ ကိုယ်စားလှယ်လောင်းအနေနဲ့ကတော့ ခုနပြောသလိုပေါ့။ မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေကို သူများတွေ နည်းတူလုပ်ပါတယ်။

**မြို့တော်ဝန်ကြီး ခု လမ်းတွေခင်းနေတာနဲ့ပတ်သက်ပြီး မဲရဖို့ကြိုးစားနေတယ်လို့ အပြင်မီဒီယာတွေမှာ ပြောဆိုရေးသားတာတွေရှိပါတယ်။ အဲဒီအပေါ်မှာ ဘယ်လိုတုံ့ပြန်မလဲ။**

ပြည်ပကနေ ဝေဖန်သုံးသပ်နေတဲ့ မီဒီယာတွေရဲ့သဘောထားကို ကျွန်တော်နားလည်ပါတယ်လို့ပဲ ဖြေချင်ပါတယ်။ အဲဒါပဲပြောချင်ပါတယ်။

**မြို့တော်ဝန်ကို မဲပေးမယ့် ပြည်သူတွေကို ဘယ်လိုကတိတွေပေးပြီး မဲဆွယ်ပါလဲ။**

ကျွန်တော်က ပြည်ခိုင်ဖြိုးပါတီဝင်ဖြစ်တယ်။ ပါတီရဲ့ ပြည်သူလူထုကိုပေးတဲ့ကတိပြု ချက်ငါးချက်ရှိပါတယ်။ အဲဒီ့ငါးချက်က တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ဖို့၊ တိုင်းတစ်ပါးလက်ကိုင်တုတ်မဖြစ်ဖို့၊ အရေးသုံးပါးဦးထိပ်ထားဖို့။ အဲဒီ့ကတိတွေပဲဖြစ်ပါတယ်။ အဲဒါက ကျွန်တော့်ရဲ့ ပြည်သူကိုပေးတဲ့ ကတိလည်းဖြစ်ပါတယ်။

**မြို့တော်ဝန်ရဲ့ တာဝန်သက်တမ်းမပြီးခင် မြို့တော်ရန်ကုန်ကို ဘာတွေလုပ်သွားဖို့ရှိပါလဲ။**

လမ်းတွေကောင်းဖို့ အဓိကလုပ်မှာပါ။ ခု ဘိလပ်မြေစက်ရုံလည်းပြီးသွားပြီဆိုတော့ နှစ် ၅၀ ခံမယ့် လမ်းတွေခင်းသွားမှာပါ။ မြို့ပြင်က ဆင်းရဲသားရပ်ကွက်တွေမှာ အဓိကလုပ်နေပါတယ်။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းနဲ့ ရေကို အဓိကလုပ်သွားမှာပါ။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# 'နိုင်ငံရေးခေါင်းဆောင်မှုဆိုတာ အမြဲတမ်းလက်ခုပ်သံကိုချည်း မျှော်လင့်နေလို့မရဘူး၊ အဆဲခံပြီး လုပ်တန်လုပ်ရမယ်ဆိုတာ နိုင်ငံရေးသမားတွေရဲ့တာဝန်ပဲ'



**အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ နိုင်ငံရေးခေါင်းဆောင်ဦးခင်မောင်ဆွေနှင့် အင်တာဗျူး** အားမာန်

**ရွေးကောက်ပွဲကျင်းပရန်နီးကပ်လာသည်နှင့်အမျှလုပ်ပိုမိုများလာသော အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှနိုင်ငံရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဆွေကိုအောက်တိုဘာ၁၇ရက်(တနင်္ဂနွေနေ့)က သူ၏နေအိမ်၌ပါတီနှင့်ပတ်သက်၍ထွက်ပေါ်နေသောသတင်းမျိုးစုံနှင့်ဆက်စပ်၍ တွေ့ဆုံမေးမြန်းထားပါသည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့်ဗဟိုသတင်းပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ဖူးသောအသက်၆၈နှစ်အရွယ်ဦးခင်မောင်ဆွေနှင့်တွေ့ဆုံ မေးမြန်းထားသည်များထဲမှစာဖတ်သူများအတွက်ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ပါတီအနေနဲ့စည်းရုံးရေးလုပ်တဲ့အခါ လူထုရဲ့တုံ့ပြန်မှုကိုအားရပါသလား။**

လူထုရဲ့တုံ့ပြန်မှုကတော့ အလွန်ပဲကောင်းပါတယ်။ စည်းရုံးရေးလုပ်ရတဲ့ နေရာမှာ ကျွန်တော်တို့ပါတီက ငွေကြေးမရှိတဲ့အတွက်ကြောင့် တစ်ဦးချင်းကို ထောက်ပံ့နိုင်ဖို့မရှိပါဘူး။တစ်အိမ်တက်ဆင်းမြို့ပေါ်တွေမှာသွားသလို ရွာတွေကျေးရွာအုပ်စုတွေရှိတဲ့နေရာတွေမှာလည်း နိုင်သလောက် ပန်းဖလက်(လက်ကမ်းစာစောင်) ရောက်အောင်ပို့ရတယ်။

**ဒါဆို ဦးတို့ပါတီက ခမောက်ကြောင့် စည်းရုံးရေးလုပ်ငန်းတွေပိုတွင်ကျယ်နေတယ်လို့ပြောနိုင်မလား။ ခမောက်ကယခင် NLDရဲ့တံဆိပ်ဆိုပြီးဝေဖန်တာတွေကို ရော။**

ကျွန်တော်တို့ မဲဆွယ်တဲ့နေရာမှာ အတုလုပ်ပြီးတော့ မဲဆွယ်တာမဟုတ်ပါဘူး။ ခမောက်ဟာ NDF ပါတီပိုင်တံဆိပ်ပါ။ အရင်ခမောက်ဟာ NLD တုန်းကပါတီပိုင်တံဆိပ်မဟုတ်ပါဘူး။ ရွေးကောက်ပွဲကာလမှာ အသုံးပြုဖို့ ကော်မရှင်က ချပေးတဲ့ ပါတီသင်္ကေတပါ။ ပါတီပိုင်မဟုတ်ဘူးလေ။ ပါတီပိုင်မဟုတ်တဲ့အခါ ကျတော့ ဒီခမောက်ကို ပါတီတံဆိပ်အဖြစ် NLD ကသုံးခွင့်မရှိဘူး။ ကျွန်တော်တို့က သုံးခွင့်ရှိတယ်။ ကွာတယ်။ ခမောက်က အတုမဟုတ်ပါဘူး။ ကိုယ့်လုပ်ပိုင်ခွင့်ထဲက တရားဝင်တင်ပြတောင်းဆိုပြီးတော့မှ တရားဝင်ရတဲ့ ပစ္စည်းဆိုတော့အတုမဟုတ်ပါဘူး။

**ကန့်ကွက်သူတွေရှိပေမယ့်ခမောက်ကို ဘာကြောင့် ပါတီအမှတ်တံဆိပ်အဖြစ် သုံးနိုင်ခဲ့တာလဲ။**

ကော်မရှင်က ကျွန်တော်တို့ကို ပြန်ပြောတာက သူတို့လာကန့်ကွက်တော့မေးပါတယ်။ NLD အနေနဲ့ ကန့်ကွက်တာမဟုတ်ပါဘူး။ ပုဂ္ဂိုလ်ရေးအရသာ ကန့်ကွက်တာလို့သိရပါတယ်။ ပုဂ္ဂိုလ်ရေးအရ ကန့်ကွက်၊ ကန့်ကွက်၊ NLD က ကန့်ကွက်၊ ကန့်ကွက် ကျွန်တော် ခုနကပြောခဲ့တဲ့အတိုင်း ခမောက်က ၉၀ ရွေးကောက်ပွဲတုန်းက ရွေးကောက်ပွဲသင်္ကေတအဖြစ် ကော်မရှင်က ချမှတ်ပေးထားတာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အစည်းအဝေးမှာ ရွေးပြီးတော့ အငြင်းအခုန်ဖြစ်ပြီးတော့မှ ရွေးလာတဲ့ အမှတ်တံဆိပ်ပါ။ အဲဒါကိုဘယ်သူသိလဲဆိုတော့ အခုထိ သက်ရှိထင်ရှားရှိနေတဲ့ ဦးအောင်ရွှေတို့ ဦးလွင်တို့ ဆရာကြီးမောင်စူးစမ်းတို့ပေါ့။ အဲဒီတုန်းက သူတို့လည်း အတူတူရှိပါတယ်။ ရှိတော့ ဦးချစ်ခိုင်က အလံကိုရွေးပါတယ်။ ကျွန်တော်က ခမောက်ကိုရွေးပါတယ်။ ကျွန်တော်က ပြောတယ်၊ ခမောက်ဆိုတာ လူထုလက္ခဏာကိုဆောင်ပါတယ်၊ နိုင်ငံအရ အသုံးတည့်ပါတယ်၊ ခေါင်းပေါ်ဆောင်းသွားလို့လည်းရတယ်၊ ဒါကြောင့် ခမောက်ကိုရွေးပါလို့ နောက်ဆုံးမှာ ဦးကြည်မောင်က ဝင်ပြီးဖြတ်ပေးလိုက်တော့ ခမောက်ဖြစ်ပါတယ်။ အဲဒါလည်း NLD ပိုင်မဟုတ်ပါဘူး။NLDတံဆိပ်ဟာ အလံပါ။

**မေလမှာ စတင်တည်ထောင်ခဲ့တော့ လသားသာရှိသေးတဲ့ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၁၆၀ ကျော်ဝင်ပြိုင်နိုင်တာကို ကျေနပ်အားရပါသလား။**

ဟုတ်ကဲ့။ ကျေနပ်အားရမှုရှိတယ်လို့ပဲ ကျွန်တော်တို့က ပြောရမှာပေါ့။ အခုလက်ရှိအခြေအနေထိ ယေဘုယျအားဖြင့် ကျေနပ်ပါတယ်။ ကျွန်တော်စကား တစ်ခွန်းပြောဖူးပါတယ်။ ပြည်သူ့အတွက်လုပ်ခွင့်ရတယ်ဆိုရင် တစ်ယောက်ထဲရှိပါစေ။ တစ်ကောင်တည်းလည်း ခြင်္သေ့ပဲဆိုတာ။ ကျွန်တော်တို့က ခြင်္သေ့လိုပဲ။ ခမောက်ဆောင်းပြီးပြည်သူ့အတွက် ဒီတိုက်ပွဲမှာ အမြင့်ဆုံးဖြစ်တဲ့လွှတ်တော်ထဲမှာ တိုက်သွားမှာပါ။

**တချို့ ထောက်ပြသူတွေကတော့ NDFကကိုယ်စားလှယ်လောင်းတွေစုစည်းတဲ့အခါမှာ အရည်အသွေးထက် အရေအတွက်ကိုဦးစားပေးတယ်လို့ပြောတယ်။ သူတို့က NDFရဲ့တချို့ကိုယ်စားလှယ်လောင်းတွေက အရည်အသွေး မပြည့်မီဘူးလို့မြင်ကြတယ်။ ဒီအပေါ်မှာ ဘယ်လိုတုံ့ပြန်ချင်ပါသလဲ။**

ရွေးကောက်ပွဲဥပဒေ မထွက်ခင်ကတည်းက NLD ရွေးကောက်ပွဲဝင်လို့မရရင် ဘာလုပ်ကြမလဲဆိုတာကျွန်တော်တို့ ပြင်ပက NLD အဟောင်းတွေ ဒီမိုကရေစီလိုလားသူတွေနဲ့ ဆက်သွယ်ထားတာရှိပါတယ်။ စဉ်းစားထားတာတွေရှိပါတယ်။ နောက်ပြီး ကျွန်တော်ထောင်ကထွက်လာတော့ ရန်ကုန်မြို့မှာတင် NLD အဖျက်ခံရရင် တစ်သီးပုဂ္ဂလဝင်ပြိုင်မယ်ဆိုတဲ့ လူ ၃၀ လောက်တွေ့ရပါတယ်။ အားလုံးပညာတတ်တွေချည်းပါပဲ။ ဆရာဝန်တွေပါပါတယ်။ ရှေ့နေတွေပါပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေထဲက ကျွန်တော်တို့ ရန်ကုန်တိုင်းမှာ ကောက်သင်းကောက်ပြီးတော့ ပြန်ရွေးထားတာ။

စာ(၃၀)သို့



**နေ့စဉ်** ထုတ်သတင်းစာများတွင် သတိထားမိသလောက် နေ့စဉ်နီးပါး သားသမီးအဖြစ်မှစွန့်လွှတ်ခြင်း၊ အမွေပြတ်ကြေညာခြင်းများတွေ့မြင်နေရပေသည်။ တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုး၊ သမီးဆိုးအား ပစ်ရိုးထုံးစံမရှိဟူသော ဆိုစကားတစ်ခုကို ကြားဖူးကြပေမည်။ သို့ပေမဲ့ မိမိတို့၏သားသမီးများအား အမွေပြတ်ကြေညာခြင်း၊ သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်းစသော သတင်းစကားများစွာက နေ့စဉ်သတင်းစာများ၏ကဏ္ဍတစ်ခုလိုပင်ဖြစ်သည်။

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ၊ သမီးဖြစ်သူ မည်သူမည်ဝါသည် မိဘနှစ်ပါးနှင့်ညီအစ်ကို မောင်နှမဆွေမျိုးသားချင်းများ လက်မခံနိုင်သည့်ကိစ္စရပ်အား ပြုမူဆောင်ရွက်သွားပါသဖြင့်ဟု တစ်မျိုး၊ မိဘညီအစ်ကို မောင်နှမများအား အကြိမ်ကြိမ်အရှက်တကွဲအကျိုးနည်းဖြစ်အောင်၊ သိက္ခာကျအောင်စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှ သူ့သဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့်ဟု တစ်ဖုံ၊ မိဘစကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ဖင်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုတာဝန်မယူပါကြောင်းဟု တစ်ပုံစံသဖြင့်ကြေညာနေကြသည်များ ဖတ်ရှုနေရပေသည်။ အချို့ကြေညာမှုများတွင် သားနှစ်ဦးလုံးအားလည်းကောင်း၊ သမီးနှစ်ဦးအားလည်းကောင်းအမွေဖြတ်ကြောင်း ဖတ်ရှုနေရပေသည်။ အချို့ရက်များတွင် တစ်ရက်တည်း၌ပင် အမွေပြတ်ကြေညာစာသုံးခုထိပင် တွေ့ရှိနေရပါသည်။

# မိဘနှင့် သား၊ သမီး ဝတ္တရားမပျက်စေချင်



**ဇေထွဋ်**

မိမိတို့၏နေ့စဉ်ဘဝများ၌ ကြုံတွေ့ဆက်ဆံရသော အပေါင်းအသင်း၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များအတွင်းတွင် မပြေလည်မှု၊ သဘောထားမတိုက်ဆိုင်မှုများရှိက နောင်တွင်ဆက်ဆံမှု မပြုကြ၊ မျက်နှာချင်းမဆိုင်ကြ၊ မေးထူးခေါ်ပြောမလုပ်ကြရုံသာရှိသည်။ မိမိနှင့်မည်သူမည်ဝါသည် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် မိတ်ဆွေသင်္ဂဟ အခန်းကဏ္ဍပြတ်စဲပါကြောင်းဆိုတာမျိုး ပတ်ဝန်းကျင်၌ မကြုံတွေ့ဖူးပါ။ ကြေညာခြင်း မပြုကြပါ။ စီးပွားရေးအရ ပူးတွဲလုပ်ဆောင်ကြသူ အချို့သာ မည်သူမည်ဝါသည် မိမိတို့လုပ်ငန်းနှင့် မသက်ဆိုင်တော့ ပါကြောင်းလောက်သာ ကြေညာမှုပြုကြသည်။

ဆွေမျိုး မိတ်သင်္ဂဟထက် ရင်းနှီးမှု၊ နီးစပ်မှု၊ သွေးသားတော်စပ်မှုပိုသော မိဘနှင့် သားသမီးအဆင်မပြေမှုတွင်မှ အမွေပြတ်ကြေညာခြင်း၊ သားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်းများ တိုင်းသိပြည်သိ ကြေညာနေကြခြင်းမှာ မဖြစ်ထိုက်ပါဟု ထင်မြင်မိပါသည်။

အမွေပြတ် စွန့်လွှတ်ခြင်းများတွင် သားသမီးများ၏ လက်ထပ်ထိမ်းမြားမှုကိစ္စ၊ လောင်းကစားကိစ္စတို့ကြောင့်သာ အဖြစ်များပြီး အရက်သေစာ သောက်စားမှုအလွန်အကျွံဖြစ်နေသူ၊ ပတ်ဝန်းကျင်မှ မေးငေါ့ရသည့် ပြစ်မှုကျူးလွန်မှုပင်ဖြစ်ပါစေ မိဘတို့မှာ မိမိတို့ သားသမီးကိုစွန့်ပစ်ရန် မစဉ်းစားကြပါ။

တစ်ခါက သားဖြစ်သူအကြောင်းကို ဆံပင်ညှပ်လာရင်း ပြောနေသော ဖခင်တစ်ယောက်ကို မိမိတွေ့ခဲ့ရသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲပြီးချိန်တွင် ဘောလုံးပွဲအလောင်းအစားဒိုင်လုပ်သူက သားဖြစ်သူ တင်နေသော ဘောလုံးပွဲအကြွေးများအား ၎င်းတို့အိမ်သို့ လာတောင်းကြောင်းပြောပြသည်။ ၎င်းတို့ကလည်း သားဖြစ်သူသည် ကျောင်းသားတစ်ဦးသာဖြစ်၍ အကြွေးများလည်း မပေးနိုင်ကြောင်း၊ နောင်တွင်လည်း သားဖြစ်သူ အလောင်းအစားလုပ်ခြင်း လက်မခံရန် ပြောလိုက်ကြောင်း ဆံပင်ညှပ်သူအား ပြောပြနေလေသည်။ ထိုသို့ ပြောပြနေချိန်ထိ မိမိမှာ ဖခင်တစ်ယောက်၏ လုပ်ရပ်မှန်ကြောင်း ထောက်ခံမိသည်။ ၎င်းက သားဖြစ်သူအကြောင်းအား ဆက်လက်ပြောပြသည်။ သားဖြစ်သူသည် လောင်းရန် အရင်းအနှီးမပါသော်လည်း တစ်ခါတစ်ရံတွင်ငွေကြေးများစွာနိုင်လာတတ်ကြောင်း ဂုဏ်ယူစွာဖြင့် ပြောပြသည်။ သားဖြစ်သူအကြောင်းကို မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဖြင့် ပြောပြနေသော ထိုသူအား မိမိဘဝင် မကျမိတော့ပေ။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဆိုသကဲ့သို့ မိဘများအနေဖြင့် မိမိတို့ သားသမီးအား မကောင်းသော အပြုအမူ မပြုမိအောင်၊ ကောင်းသော လမ်းအားလျှောက်လှမ်းတတ်ရန် ညွှန်ပြပေးကြရသည်။ ဘဝအသက်မွေးမှုအတွက် အတတ်ပညာများသင်ယူစေကာ ပညာအရင်းအနှီး၊ ဥစ္စာအရင်းအနှီးများ ပြုလုပ်ပေးတတ်ကြသည်။ အချိန်တန် အရွယ်ရောက်ပါက အိမ်ထောင်မှုပြုရန် သင့်တော်ရာကြင်ယာဖက်နှင့် ထိမ်းမြားပေးတတ်ကြသည်။

တစ်လောက မိမိတို့ရပ်ကွက်အတွင်းမှ အမျိုးသမီးတစ်ဦးအား မိဘများက ဈေးအတွင်း အလှကုန်ပစ္စည်းဆိုင်တစ်ဆိုင် ဖွင့်ထားပေးသည်။ သမီးဖြစ်သူက နှစ်လုံးကစားရင်း တဖြည်းဖြည်းနှင့် အလှကုန်ဆိုင်ခန်းလေးပါ ပြောင်လေသည်။ အလှကုန်ဆိုင်အား ၎င်းတို့အိမ်သို့ ပြောင်းရွှေ့ဖွင့်ရပြီး သမီးဖြစ်သူ၏ နှစ်လုံးရောဂါအား အမြန်ပျောက်အောင်ကုပေးလိုက်ရသည်။ ထိုအဖြစ်က အချိန်မီကုစားနိုင်၍ တော်သေးသည်။ နောက်ထပ်ဖြစ်ရပ်လေးတစ်ခုမှာ မိသားစုတစ်ခုအတွင်းမှ သားဖြစ်သူသည် လောင်းကစားမက်ပြီး ၎င်းနှင့်သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများအား ပေါင်နှံလောင်းကစားလေသည်။ နောက်တစ်ဆင့်တက်ကာ မိတ်ဆွေများထံမှ ချေးငှားကစားသည်။ ပြန်မဆပ်၍ မိတ်ဆွေများက ၎င်း၏မိဘများထံ လာရောက်တောင်းကြသည်။ မိဘများကလည်း မိတ်မပျက်လို၍ အတန်အသင့်ပေးဆပ်ကြသည်။ ထိုမှတစ်ဆင့် သားဖြစ်သူသည် နှစ်လုံးကစားရင်း သိန်းပေါင်းများစွာ အကြွေးတင်လေသည်။ ဤတစ်ချီတွင်မူ မိဘများက သားဖြစ်သူအတွက် ဖြေရှင်းမပေးတော့ပေ။ သားဖြစ်သူသည် မိဘ၊ မောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်လေသည်။ ကြေညာစာတွင် 'စုံစမ်းမေးမြန်းခြင်းသည်းခံပါဟု' ပင် ထည့်လိုက်သည်။

ယခင်က သားသမီးတို့၏ လက်ထပ်ထိမ်းမြားမှုအတွက် ကြင်ယာဖက်ရွေးသည်မှအစ မိဘဆွေမျိုးများ၏ ဩဇာသက်ရောက်မှု အနည်းနှင့်အများ ပါဝင်တတ်သော်လည်း ယခုကာလတွင် လူငယ်၊ လူရွယ်များအနေဖြင့် ထိုသို့မိဘဆွေမျိုးဩဇာ သက်ရောက်မှုသည် ရှေးဆန်သောအလေ့အထတစ်ခုအဖြစ် ယူဆ၍ အိမ်ထောင်မှုကိစ္စတွင် မိမိသဘောဖြင့် ဆုံးဖြတ်တတ်ကြပေသည်။ တစ်ခါတစ်ရံတွင်ထိုသို့သော ဆုံးဖြတ်မှုများကမိဘနှင့်သားသမီးကြား သဟဇာတဖြစ်မှု နည်းပါးသွားတတ်သည်။

အချို့က သူ့ထိုက်နှင့် သူ့ကံဆိုကာ သားသမီးစိတ်တိုင်းကျလွှတ်ပေးလိုက်သည်။ မိဘဝတ္တရားအရ မင်္ဂလာပွဲတော့ ကျင်းပပေးလိုက်ကြသည်။ အချို့ကတော့ သဘောမတူဟုဆိုကာ မင်္ဂလာပွဲပင် ပြုလုပ်မပေးတတ်ပေ။ အချို့ကတော့ ထိုထက်ဆိုးစွာ သားသမီးအား အမွေပြတ်ကြေညာတတ်ကြသည်။ သားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာတတ်ကြသည်။ မိန်းကလေးရှင်ဘက်က ကြေညာသူများ ရှိသကဲ့သို့၊ ယောကျ်ားလေးရှင်ဘက်က ကြေညာသူများလည်းရှိပေသည်။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှူမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာဆိုသည့်အတိုင်း သားသမီးများအနေဖြင့် မိဘများအား ပြုစုစောင့်ရှောက်၍ ကျွေးမွေးမှုပြုရပေမည်။ ဘိုးဘွားမိဘများလက်ထက်က စုဆောင်းထားရှိသည့် ပစ္စည်းဥစ္စာ၊ မြေယာများအား သားသမီးများလက်ထက်တွင်လည်း လျော့နည်းဆုတ်ယုတ်မှုမရှိစေဘဲ မိမိတို့လက်ဝယ်တွင် ထိုက်တန်စွာသုံးစွဲပိုင်ဆိုင်နိုင်အောင် ကြိုးစားရပေမည်။ ဘိုးဘွားအမွေအနှစ်များအား အရင်းပြု၍ တိုးပွားအောင် ကြံဆောင်ကာ မိမိတို့ဘိုးဘေးများအတွက် အလှူဒါနများ ပြုလုပ်ပေးကာ ကုသိုလ်ကောင်းမှု မျှဝေယူတတ်ရပေမည်။ သားသမီး၊ မြေးမြစ်များအနေဖြင့် မိမိတို့ ဘိုးဘေးအမျိုးအနွယ်များ၏ ကောင်းသော ဓလေ့စရိုက်များအား စောင့်ထိန်းကြရပေမည်။

မိမိတို့ ဝန်းကျင်၌ ရပ်ထဲ ရွာထဲ ပြောစကားများတွင် "မိဘဝတ္တရားရှိတော့၊ မိဘဝတ်မပျက်တော့ လုပ်ပေးရမှာပေါ့"ဆိုသော စကားမျိုး မကြာခဏ ကြားမိတတ်ပါသည်။ သားသမီးများအနေဖြင့်မူ သားသမီး ဝတ္တရား၊ သားသမီးဝတ်ကို အလေးထားပြောဆိုမှု ပြုကျင့်မှုနည်းပါးလာသည် ထင်မိပါသည်။

မိဘနှင့် သားသမီးကြား ဖွဲ့ဆိုတတ်သော သီချင်း၊ ကဗျာ၊ ဝတ္ထု၊ စာပေတို့မှာကို မိဘမေတ္တာကြီးမားပုံ မိဘတို့၏ သားသမီးအပေါ် ပြုစုယုယစောင့်ရှောက်ပုံတို့သာ အလေးထားဖော်ပြတတ်ကြပြီး သားသမီးများဘက်က သားသမီးဝတ် ကျေပွန်စွာ ဝတ်ပြုပုံများ နည်းပါးလှပါသည်။ ပြင်ပမိမိတို့ဝန်းကျင်တွင်လည်း မိဘများကသာ မိဘဝတ်မပျက် သားသမီးများအား စောင့်ရှောက်ပြုစုမှုများပြီး မိဘများအပေါ် သားသမီးဝတ် ကျေပွန်သည့် သားသမီးများလည်း နည်းပါးသည်ဟု ထင်မြင်မိပါသည်။

ယခုကာလတွင် ရပ်ထဲ၊ ရွာထဲများ၌ အလောင်းအစားပြုလုပ်ရန် အကြောင်းတရားများပြားလှသည်။ ထိုသို့သော အချိန်တွင် သားသမီးတို့အနေဖြင့် သတိထားရှောင်ရှားမှု မပြုနိုင်က မိမိတို့စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုများ အချိန်ကာလအနည်းငယ်အတွင်း ဆုံးရှုံးမှုများနှင့် ကြုံလာရပေမည်။ မိမိလက်ရှိအလုပ်အကိုင်လည်း ထိခိုက်၊ မိဘဘိုးဘွားတို့၏ အမွေပစ္စည်းများလည်း မိမိလက်ထက်တွင်မှ ဆုံးရှုံးမှုနှင့် ကြုံတွေ့ရနိုင်ပေသည်။ ထိုသို့ ဆုံးရှုံးမှုနှင့် ကြုံဆုံရသည်နှင့် မိဘဘိုးဘွားများအား ကျွေးမွေးပြုစုခြင်း၊ မိဘဘိုးဘွားတို့အတွက် အလှူဒါနပြုလုပ်ခြင်း၊ အမျိုးအနွယ်၏ ကောင်းသတင်းဂုဏ်များအား ထိန်းသိမ်းမှုပြုခြင်းကို လစ်ဟင်းလာပေတော့မည်။ မိမိတို့ဝန်းကျင်တွင် လောင်းကစားကြောင့် မိသားစု ပြိုကွဲရသည့် အဖြစ်များလည်း တွေ့မြင်ခဲ့ရဖူးပါသည်။

မိမိအနေဖြင့် မိဘများ၏ သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း၊ အမွေပြတ်ကြေညာခြင်းများသည် မိဘနှင့်သားသမီးကြား သဟဇာတမဖြစ်သည့် လက်ထပ်ထိမ်းမြားမှု၊ လောင်းကစားမှုတို့အပေါ်တွင်သာ ပြဿနာအခြေတည်ပါသည်ဟု အလုံးစုံမဆိုလိုသော်ငြား ထိုကိစ္စနှစ်ရပ်ကို အရင်းတည်ဖြစ်ပျက်ရမှုကြောင့် ရာခိုင်နှုန်းများသည်ဟု ဆိုလိုချင်ပါသည်။

အနီးစပ်ဆုံးရှိသည့် လျှာနှင့်သွားကဲ့သို့ တစ်ခါတစ်ရံတွင် အံဝင်ခွင်ကျမရှိက ကိုက်မိသလိုပင် သွေးသားတော်စပ်မှု အနီးဆုံး မိဘနှင့် သားသမီးများ၏ဆက်ဆံရေး ကတောက်ကဆဖြစ်မှု တစ်ခါတစ်ရံ အချိန်ခဏတာလေးသာ ဖြစ်စေလိုပြီး၊ မိဘနှင့် သားသမီးအသက်ရှင်လျက် ဝေးကြရမည့်အဖြစ်ကို မကြားသိလိုပေ။ မိဘနှင့် သားသမီးကြား နှစ်ဦးနှစ်ဖက် ဝတ္တရားမပျက်ကြဘဲ စောင့်ထိန်းမှုပြုကသားစွန့်၊ သမီးစွန့်အမွေပြတ်ကြေညာများနည်းပါးသွားမည်ဟု ထင်မြင်မိပါသည်။ ။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# သူတစ်ပါးကို ထည့်သွင်းစဉ်းစားပါ

ကိုဝမ်း

လောကတွင် သူတစ်ပါးကို ထည့်သွင်းစဉ်းစားသူ၊ သူတစ်ပါးကို ထည့်သွင်းမစဉ်းစားဘဲ ငါတကောကောသူနှင့် သူတစ်ပါးအတွက် အနစ်နာခံသူဟူ၍ လူသုံးမျိုးသုံးစားရှိသည်။ သူတစ်ပါးအတွက် အနစ်နာမခံသော်ရှိပါစေ၊ သူတစ်ပါးကို ထည့်သွင်းစဉ်းစားသူဖြစ်ပါစေ၊ ငါတကောကောသူ၊ ဘယ်သူသေသေငတေမာရင်ပြီး ရောဆိုသူများမှာမူ ယဉ်ကျေးသောလူ့အဖွဲ့အစည်းအပြင်ဘက်ရောက်နေသူတွေသာဖြစ်သည်။

'မိမိကြောင့် သူတစ်ပါးကို မထိခိုက်ပါနှင့်'၊ လူ့လောကတွင် အရေးအကြီးဆုံးအလုပ်ဖြစ်သည်။ မိမိကြောင့် မိသားစုကို မထိခိုက်ပါစေနှင့်၊ မိမိကြောင့် အိမ်ထောင်ကိုမထိခိုက်ပါစေနှင့်၊ လူဆိုတာမှားတတ်သည်။ ဂေါတမမြတ်စွာဘုရားပင် ဘုရားအလောင်းဘဝတုန်းက ကျင့်စဉ်မှားခဲ့ဖူးသည်။ ပျက်အစဉ်ပြင်ခဏဖြစ်သည်။ ပြင်၍မရသောအမှားဟူ၍ မရှိပါ၊ ပြင်၍ရပါသည်။

နိစ္စဓူဝ သွားလာလှုပ်ရှားနေကြသည်။ အသက်ရှင်ဖို့ရာ ရုန်းကန်နေကြသည်။ သူလည်း ရုန်းကန်နေသည်။ မိမိလည်း ရုန်းကန်နေသည်။ မိမိအလိုတစ်ခုတည်းကိုသာ ကြည့်၍လုပ်ပြီး၊ ယင်းအလုပ်က သူ့ကိုထိခိုက်စေသော်၊ သူ့အကျိုးစီးပွားကို ထိခိုက်သော် ဘယ်ကောင်းပါတော့မလဲ။ သူက သူထင်သလိုလုပ်ရာက မိမိကိုထိခိုက်သော်၊ မိမိအကျိုးစီးပွားကိုထိခိုက်သော် မိမိဘယ်လိုခံစားရမည်လဲ။ ကိုယ်ချင်းစာတရားဖြင့် အရာရာကို တိုင်းတာပါ။ ကိုယ်ချင်းစာတရားဖြင့် နိစ္စဓူဝ အလုပ်တွေကို လှုပ်ရှားပါ။ ကိုယ်ချင်းစာတရားဟူသောသတိ'ကို မပြတ်ထားပါ။ လောက၏ငြိမ်းချမ်းခြင်းကို ကိုယ်ချင်းစာတရားဖြင့်သာ တည်ဆောက်၍ရနိုင်ပါသည်။

လူ့သမိုင်းတွင် ဖြစ်ပွားခဲ့သောစစ်ပွဲတွေ၊ လူထောင်သောင်းသိန်းသန်း သေဆုံးမှုတွေသည် ကိုယ်ချင်းစာတရားကင်းမဲ့၍ဖြစ်ခဲ့ရသည်။ ငါကောင်းဖို့၊ ငါတို့လူမျိုး ကောင်းစားဖို့၊ ငါတို့နိုင်ငံကောင်းစားဖို့ ငါတို့ဘာသာတရားသာကမ္ဘာကိုလွှမ်းမိုးနိုင်ဖို့ဆိုသောအတ္တစိတ်လွန်ကဲမှုတွေကနေဖော်ပြပါအနိဋ္ဌာရုံတွေ၊ မငြိမ်းချမ်းမှုတွေ ဖြစ်ခဲ့ရသည်။ သမိုင်းတွင် ခရူးဆိတ်စစ်ပွဲဟူသော ဘာသာရေးစစ်ပွဲသည် ကလေးခရူးဆိတ်စစ်ပွဲ အပါအဝင် ခုနစ်ကြိမ်ဖြစ်ခဲ့ရသည်။

တံတွေးထွေးမှု၊ ကွမ်းစားမှု၊ ဆေးလိပ်သောက်မှု၊ အရက်သောက်မှုဆိုသည်များက နေ့စဉ်ပြုမူနေထိုင်သော လူမှုဘဝတွင် အသေးအဖွဲ့ ကိစ္စလေးတွေဖြစ်သည်။

အသေးအဖွဲ့ ကိစ္စဖြစ်စေကာမူ ကြိုက်သူရှိသလို၊ မကြိုက်သူရှိသည်။မိမိ၏စရိုက်က သူတစ်ပါးကို မထိခိုက်စေသင့်ပါ။ သူတစ်ပါးကိုထိခိုက်စေသည်ဆိုလျှင်မနက်လေးနာရီ ဘုရားအကျယ်ကြီး ရှိခိုးတာပင်မကောင်းပါ။ ကိုယ်ကကုသိုလ်ရပေမင့် တစ်ပါးသူအိပ်ရေးပျက်ရကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ကျွန်တော်ထည့်သွင်းရေးသားခဲ့သည်။

အလှူခံတာကောင်းပါသည်။ သို့သော် မနက်လေးနာရီဝယ် အသံချဲ့စက်အကျယ်ကြီးဖွင့်၍ ခုနစ်ရက်၊ ခုနစ်လီ အလှူခံတာကတော့မကောင်းပါ။ ခုနစ်ရက်လုံး ကျွန်တော် အိပ်ရေးပျက်ခဲ့ရဖူးသည်။

ကိုယ့်အိမ်မှာကိုယ် သီချင်းကို လွတ်လပ်စွာဖွင့်ခွင့်ရှိပါသည်။ သို့သော် ဆေးခန်းကိုပါ ဆူညံအောင်တော့ မဖွင့်သင့်ပါ။ အိမ်နီးချင်းတွေ တစ်ဦးနဲ့တစ်ဦး မတည့်ကြတာသည် ဤကဲ့သို့မိမိသဘောကျ ထင်ရာစိုင်းရာက စသည်။ စကားများကြသည်။ နောက်ဆုံး စိတ်မထိန်းနိုင်တော့ တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်ရာက ရုံးရောက်၊ ဂါတ်ရောက်ဖြစ်နေတော့သည်။ ကောင်းကြသေးရဲ့လား။

လူတိုင်းမှာ လွတ်လပ်မှုရှိသည်။ မိသားစုတိုင်းမှာ လွတ်လပ်မှုရှိသည်။ သို့သော် ယင်းလွတ်လပ်မှုသည် တစ်ပါးသူကိုမထိခိုက်စေသင့်ပါ။ ထိခိုက်ခဲ့သော် လွတ်လပ်မှု မဟုတ်တော့ပါ။ အနိုင်ကျင့်မှုဖြစ်သွားပါပြီ။ တစ်ဦးကိုတစ်ဦး အနိုင်ကျင့်သော စရိုက်သည် အသိဉာဏ်ရှိသောလူသား၏ အလုပ်မဟုတ်ပါ။ အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ကျင့်သည်ဆိုခြင်းက တောတွင်းတိရစ္ဆာန်၏ စရိုက်ဖြစ်သည်။ ယင်းကို တောတွင်းဥပဒေ (Jungle Law)ဟုခေါ်သည်။ မေတ္တာမပွားချင်နေပါ၊ ကရုဏာ မထားချင်နေပါ၊ တစ်ဦးကိုတစ်ဦး အနိုင်မကျင့်မိဖို့ရာ အရေးကြီးပါသည်။

ယဉ်ကျေးသည်ဆိုခြင်းမှာ ပုဆိုးတောင်ရှည်ဝတ်၊ ခေါင်းပေါင်းပေါင်း၊ ခါးလေးကုန်းကာကုန်းကာ ဖော်ရွေစွာ နှုတ်ခွန်းဆက်နေရုံဖြင့် ယဉ်ကျေးသည်ဟု မခေါ်ဆိုနိုင်ပါ။

လူလူချင်း ဆက်ဆံရေးတွင် မည်ရွေ့မည်မျှထောက်ထားစာနာတတ်ပါသလဲ။ မည်ရွေ့မည်မျှနားလည်မှုရှိပါသလဲ။ မည်ရွေ့မည်မျှသဘောထားကြီးပါသလဲဆိုသောအချက်ပေါ်တွင် အဓိကမူတည်ပါသည်။

တောအုပ်တွင်းမှ အရှက်လုံရုံမျှသာ ကိုယ်ပေါ်တွင် အဝတ်ရှိပြီး၊ လေးလက်နက်နှင့် အမဲလိုက်နေသူကိုသာ လူရိုင်းဟုခေါ်တွင်နိုင်သည်မဟုတ်ပါ။ မြို့ပေါ်တွင်နေသော်လည်း လူလူချင်းဆက်ဆံရေး၌ မိမိထင်သလိုပြုမူနေထိုင်ပြောဆိုသူ၊ တစ်ပါးသူကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ မိမိစိတ်ရှိသလို ပြုမူပြောဆို နေထိုင်သူသည်လည်း လူရိုင်းပဲဖြစ်သည်။

တစ်ရက် တရားပွဲကအပြန်နောက်က လျှောက်လာသော အမျိုးသမီးနှစ်ဦးစကားပြောသည်ကို ရှေ့ကသွားနေသော ကျွန်တော်က ကြားမိကာ စိတ်ဆင်းရဲကြီးစွာဖြစ်ရပါ၏။ မိသားစု တစ်စုတွင် မောင်လေးဖြစ်သူ၏ ချစ်သူက တယ်လီဖုန်းဆက်သည်ကို မောင်က အိမ်မှာရှိနေလျက်နှင့် အစ်မက ခေါ်မပေး၊ ဒါကိုမောင်ကသိတော့ အစ်မနှင့် စကားများသည်။ အမေက အစ်မဘက်ကဝင်ပါကာ သားကို ပါးရိုက်သည်။ သားက အမေမို့ ပြန်မပြော ပြန်မလုပ် အုတ်နံရံကို လက်သီးနှင့်ထိုးရာ လက်ချောင်းလေးများ ကျိုးသွားခဲ့သည်တဲ့။ 'ငါ ဒီလိုလုပ်လိုက်ရင် ငါ့မောင်လေး စိတ်ဆင်းရဲတော့မယ်' လို့ မစဉ်းစားတော့ဘူးလား။ သမက်ကို ချွေးမကို မကျေနပ်လို့ပြောလိုက်ရင် ငါ့သမီးလေး စိတ်မကောင်းဖြစ်မယ်။ ငါ့သားလေး စိတ်မကောင်းဖြစ်မယ်လို့ မစဉ်းစားကြတော့ဘူးလား။

သက္ကာယဒိဋ္ဌိဆိုတာ၍အရာပဲဖြစ်သည်။ ငါမှန်သည်၊ ငါဟုတ်သည်၊ ငါ့ကို ဒီလိုလုပ်လို့မရဘူးနဲ့ အကျယ်၊ အကျယ်မငြိမ်းဖွယ်ဖြစ်ရသည်တို့မှာ ဖြစ်ခဲ့ရသည်တို့မှာ ဤသက္ကာယဒိဋ္ဌိခေါ် ငါစွဲပဲဖြစ်သည်။

ကျွန်တော်တို့၊ ကျွန်မတို့က အရိယာမှမဟုတ်သေးဘဲဟု ဆင်ခြေပေးကောင်းပေးမည်။ အရိယာဖြစ်အောင်ကျင့်ကြံဖို့ ပြောခြင်းမဟုတ်ပါ။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ငြိမ်းချမ်းမှု ရရှိရန်သာ ပြောခြင်းပါ။ 'ငါ' စွဲဆိုသည်မှာ အတိုင်းအတာတစ်ခုထိပဲ စွဲသင့်ပါသည်။ ယင်းအတိုင်းအတာကိုလွန်သော် လူမှုပဋိပက္ခဆီသို့ ဦးတည်ရွေ့လျားသွားပါလိမ့်မည်။ ။



## JOKE

### မိန်းမချစ်ဆေး(၅)

၁။ သူမ ငယ်ငယ်တုန်းက အလှဆုံးပုံကို ဧည့်ခန်းမှာချိတ်ထားလိုက်ပါ။
၂။ ချွေးထုတ်ခန်းအလကားသွားလို့ရမယ့် လက်ဆောင်ကတ်လေး သူမအတွက် ယူလာပါ။
၃။ သူမကားကို ဆီဖြည့်ပေးထားလိုက်ပါ။
၄။ သူမရဲ့ပွဲတက်ဝတ်စုံကို နောက်ကျောမှဇစ်ဆွဲတင်ပေးပါ။
၅။ ဖျားနေရင် ဆေးသွားဝယ်ပေးပါ။
၆။ ကလေးတွေကို ကိုယ်တိုင်ရေချိုးပေးပါ။
၇။ မိန်းကလေးသုံး ခေါင်းလျှော်ရည်၊ ဆံပင်ပျော့ဆေး၊ ဆပ်ပြာဝယ်လာပေးပါ။
၈။ တစ်ခါတလေ ဖုန်းအကြာကြီးပြောနေရင် မငြိုငြင်ပါနဲ့။
၉။ အနားအကပ်မခံချင်ရင် ခွာနေလိုက်ပါ။
၁၀။ရေချိုးကန်ထဲမှာ ဆင်ပြာပူဖောင်းတွေနဲ့ သူမ ရေချိုးနိုင်အောင် ပြင်ဆင်ထားလိုက်ပါ။ လေးဖက်လေးတန် ဖယောင်းတိုင်လေးတွေထွန်းပေးပါ။

### အကြံပေးပညာရှင်

ကုမ္ပဏီတစ်ခုတွင် လုပ်ငန်းများ မြန်ဆန်သွက်လက်ရေး သင်တန်းပို့ချနေသောအကြံပေးပညာရှင်က ၎င်း၏သင်တန်းလက်ချာအပြီးတွင် အမှာစကားတစ်ခုပါးလိုက်သည်။

"အိမ်မှာတော့ ဒီနည်းလမ်းတွေကိုမကျင့်သုံးပါနဲ့"ဟူ၍

"ဘာဖြစ်လို့လဲဆရာ" သင်တန်းသားတစ်ဦးကမေးရာ

"ကျွန်တော့်မိန်းမ နံနက်စာပြင်ဆင်တာကို နှစ်ပေါင်းများစွာ ကျွန်တော်မြင်နေခဲ့တယ်။ သူ့မှာ ရေခဲသေတ္တာနဲ့၊ မီးဖိုနဲ့၊ စားပွဲနဲ့ ကြောင်အိမ်နဲ့တစ်မနက်ခင်းလုံး အကြိမ်ပေါင်းမနည်းဘူး။ ခေါက်တုံ့ခေါက်ပြန်သွားနေလိုက်ရတာ။ ဒါကို ကျွန်တော်တွေ့တယ်။ ဒါနဲ့တစ်နေ့ကျတော့ မင်းပစ္စည်းတွေကို တစ်ကြိမ်တည်းနဲ့ သုံးလေးခုယူပါလားလို့ သူ့ကိုအကြံပေးလိုက်တယ်"

"အချိန်ကုန်ပိုပြီးသက်သာသွားလားဆရာ"

"သက်သာသွားတာပေါ့။ မိန်းမပြင်ဆင်ရင် တစ်နာရီလောက်ကြာတဲ့နံနက်စာကို အခုကျွန်တော်ပြင်တာ နာရီဝက်ပဲကြာတယ်"




အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စာစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ငွေ။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၀ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၈၄၂၉

Business 7DAY NEWS JOURNAL

Vol.9, No.31 · OCTOBER 21, 2010

## မှန်းထားသည်ထက် ရွှေဝယ်သူပိုများနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ရွှေးကောက်ပွဲနီးလာချိန်ကာလတွင် ရောင်းအားမြင့်တက်မည်ဟု မှန်းထားသော ရွှေဈေးကွက်မှာ ဈေးနှုန်းစံချိန်တင်မြင့်တက်နေသော်လည်း ယခုကာလတွင် ရွှေရောင်းအားများ သိသာစွာ မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ယခုကဲ့သို့ ဝယ်လိုအား ကောင်းနေခြင်းမှာ အမေရိကန်ငွေဈေးနှုန်းများ ကျဆင်းခြင်းနှင့်အတူ ငွေထက်စိတ်ချရမှုများသော ရွှေကို ဝယ်စုလာခြင်းကြောင့်ဖြစ်သည်ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဈေးက အမြင့်ဆုံးကိုတက်နေတယ်ဆိုပေမယ့် ရွှေးကောက်ပွဲနီးတဲ့ကာလမှာ မှန်းထားတာထက်ကို ရောင်းအားကောင်းနေတယ်။ ရွှေက ပြန်ရောင်းရလွယ်တာကြောင့်လည်း ပါမယ်ထင်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေဝယ်လိုအားမှာ ယခင်လများနှင့်စာလျှင် ယခုတစ်ပတ်အတွင်း၌ ရွှေရောင်းအားမှာ ထက်ဝက်နီးပါးထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။

"ဈေးတန်းငြိမ်နေရင် လူတွေက စိတ်ဝင်စားမှုနည်းတယ်။ အခုရွှေဈေးကလည်း တက်နေပြီး ငွေဈေးက ကျနေတော့ ပိုဝယ်လာတာလည်း ပါတယ်။ ဝယ်စုတဲ့သူတွေထက် လုပ်ငန်းရှင်တွေက ဝယ်လာတာတွေကြောင့်လည်း ရောင်းအားကောင်းလာတာ ထင်တယ်" ဟုရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ရွှေအပိုင်းဈေးကွက်၌ ၃၀ ရာခိုင်နှုန်းကျော် တက်လာသကဲ့သို့ အထည်ဈေးကွက်၌လည်း ရောင်းအားတက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၆၀ ထိ မြင့်တက်လာသောကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း ယခုနှစ်၏ အမြင့်ဆုံးဈေးများသို့ မြင့်တက်လာခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၃,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၂၄,၅၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုအောက်တိုဘာ၁၅ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၃၈၆ဒေါ်လာထိ မြင့်တက်လာ၍ ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၁,၀၀၀ကျပ်နှင့် ၁၅ပဲရည်တစ်ကျပ်သားလျှင် ၆၃၀,၀၀၀ကျပ်ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

## ရေထွက်ပစ္စည်းတင်ပို့မှုမှ ခြောက်လအတွင်း ကန်ဒေါ်လာသန်း ၂၇၀ ခန့်ရရှိ

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ- ၁၅**

ရေထွက်ပစ္စည်းတင်ပို့မှုကြောင့် ယခုဘဏ္ဍာနှစ်၏ ခြောက်လအတွင်း ကန်ဒေါ်လာသန်း ၂၈၀ ခန့် ရရှိပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။

အဆိုပါကြေညာချက်အရ ပုံမှန်ကုန်သွယ်ရေးမှ ကန်ဒေါ်လာသန်း ၁၇၀ ကျော်ရရှိပြီး မြိတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာသန်း ၅၀ ကျော်နှင့် မူဆယ်ဂိတ်မှ ကန်ဒေါ်လာ ၃၅ သန်းကျော်ရရှိကြောင်းသတင်းရရှိသည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးမှကန်ဒေါ်လာ ၃၁ သန်းလျာထားရာ ကန်ဒေါ်လာ ၇ သန်းကျော်သာရရှိခဲ့သည်။

"မြဝတီကုန်သွယ်မှု ရပ်ဆိုင်းလို့ မိုင်းနတ်စ်(အနုတ်)ပြနေတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ၚင်းအပြင် သံတွဲနယ်စပ်ကုန်သွယ်ရေးဂိတ်မှ ယခုဘဏ္ဍာနှစ်တွင်း ကန်ဒေါ်လာ ငါးသိန်းရရှိရန် လျာထားသတ်မှတ်သော်လည်း ဝင်ငွေမရှိသေးကြောင်း သိရ သည်။

၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်၏ ထူးခြားချက်မှာ ကဏန်းနှင့်ငါးရှဉ့်အရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း အဆိုပါတာဝန်ရှိသူကပြောကြားသည်။

"အန်နီ(ပို့ကုန်ရငွေ ကန်ဒေါ်လာ)ဈေးငြိမ်ရင်လျာထားချက်ပြည့်နိုင်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ်အတွက် ကန်ဒေါ်လာသန်း ၇၀၀ လျာထားချက်ပြည့်မီရေး ကြိုးစားအားထုတ်ကြရန်လည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။




## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၅၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၅၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၄၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၄၀၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၀၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၅၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၀. ၄၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၈၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၇. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၀၉၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၂၄၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၉၁ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၇၂. ၁၀၀ |
| ရေနံ | စည် | ၈၂. ၄၅၀ |
| ငွေ | ၁ အောင်စ | ၂၄. ၂၈၈ |
| ကြေးနီ | ပေါင် | ၃၈၃. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၃၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# သကြားဈေးကောင်းသော်လည်း ကြံစိုက်ပျိုးလိုသူနည်းပါးဆဲ

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ-၁၃**

ကြံစိုက်ပျိုးလျှင် ရရှိနိုင်သောအကျိုးအမြတ်နှင့် ပဲမျိုးစုံနှင့် အခြားသီးနှံများ စိုက်ပျိုးလျှင် ရရှိနိုင်သည့်အကျိုးအမြတ်ပေါ်မူတည်၍ သကြားဈေးကောင်းသော်လည်း ကြံစိုက်ပျိုးရန်စိတ်ဝင်စားမှုနည်းနေကြောင်း နေပြည်တော်ဒေသခံတောင်သူအချို့ကပြောသည်။

“သကြားဈေးလည်းကောင်းတယ်။ ကြံဝယ်ယူမယ့်ဈေးနှုန်းလည်း တိုးမြှင့်ပေးမယ်လို့ကြားနေရပါတယ်။ ဒါပေမဲ့ ကြံထက်စာရင် စပါးနဲ့မတ်ပဲကိုပဲ စိုက်ပျိုးချင်တယ်” ဟု နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူတစ်ဦးက ပြောသည်။ လက်ရှိပေါက်ဈေးများအရ တစ်ဧကလျှင် စပါးသီးနှံအပြီး မတ်ပဲစိုက်ပျိုးပါက အနည်းဆုံးမျှော်မှန်းနိုင်သည့်ဝင်ငွေမှာ ကျပ်ငါးသိန်းခန့်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ကြံလုပ်ငန်းဌာနကလည်း ကြံစိုက်ပျိုးမှုတိုးချဲ့လာရေးအတွက် ကြံဝယ်ယူမှုနှုန်းထားများကို တစ်နှစ်ချင်းတိုးမြှင့်ပေးခဲ့သည်ဟု ဆိုသည်။ ယမန်နှစ်က ကြံတစ်တန်လျှင် ၁၃,၀၀၀ ကျပ်ကျော်ဖြင့် ဝယ်ယူခဲ့ပြီး၊ ယခုနှစ်တွင်မူ ကျပ် ၅,၀၀၀ ခန့်ထပ်တိုး၍ ဝယ်ယူပေးသွားရန်ရှိကြောင်းသိရှိရသည်။

ထိုကဲ့သို့ ကြံတစ်တန်ချင်း ဝယ်ယူသောဈေးနှုန်းများ မြင့်တက်လာခြင်းဖြင့် ကြံစိုက်ပျိုးဧကတိုးတက်လာနိုင်သည့် အခြေအနေနှင့်ပတ်သက်ပြီး နေပြည်တော် တပ်ကုန်းမြို့နယ်မှ တောင်သူတစ်ဦးကလည်း “ဒီဈေးနဲ့ဆိုရင်တော့ တချို့နေရာတွေမှာ စိုက်သင့်နေပါပြီ။ ကြံက တစ်ဧကကို တန် ၂၀ လောက် ပျမ်းမျှမှန်းလို့ရတော့ တွက်ကြည့်ရင် မဆိုးဘူးပေါ့။ ဒါပေမဲ့ စပါးနဲ့ မတ်ပဲစိုက်လို့ ရလာမယ့်အကျိုးအမြတ်ကိုတော့ မမီသေးဘူး”ဟု ပြောသည်။

၂၀၀၉-၂၀၁၀ ကြံစိုက်ပျိုးရာသီတွင် ကြံစိုက်ဧကလေးသိန်းနီးပါးရှိခဲ့ပြီး ကြံတန်ချိန်စုစုပေါင်း ကိုးသိန်းကျော်ထုတ်လုပ်နိုင် ရန် ရည်မှန်းထားကြောင်း မြန်မာ့ကြံလုပ်ငန်းဌာန၏ စာရင်းများအရ သိရသည်။










7DAY BOOK REVIEW

# နိုင်ငံရေး အိုင်ဒီအိုလိုဂျီ (နိုင်ဦး)



အတွေးအခေါ် ဒဿနစာအုပ်များ အရေးများခဲ့သူ၊ ကမ္ဘာကျော်စာပေလက်ရာများကို တင်ဦးခက်၊ နိုင်ဦးအမည်များဖြင့် ဘာသာပြန်ဆိုနေသူ၏ နိုင်ငံရေးအတွေးအခေါ်ကျမ်းစာအုပ်ဖြစ်သည်။ မူရင်းစာအုပ်မှာ Andrew Heywood ရဲ့ Political Ideologies an introduction စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

စာအုပ်တွင် အိုင်ဒီအိုလိုဂျီကို သဘောပေါက်နားလည်ခြင်း၊ နှစ်ဆယ့်တစ်ရာစု နိုင်ငံရေး အိုင်ဒီအိုလိုဂျီများ၊ လစ်ဘရယ်ဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အမျိုးသားဝါဒ၊ မင်းမဲ့ဝါဒ၊ ဖက်ဆစ်ဝါဒ၊ ဘာသာရေးအစွန်းရောက်အယူဝါဒ၊ ဂေဟအယူဝါဒ၊ အမျိုးသမီးအခွင့်အရေးအယူဝါဒစသည်ဖြင့် အခန်း(၁၁)ခန်းခွဲကာ စုစည်းထားခြင်းဖြစ်သည်။ စာအုပ်၏ အမှာတွင် ဘာသာပြန်သူက 'မူလကျမ်းပြုသူက နိုင်ငံရေးအိုင်ဒီအိုလိုဂျီများ မသေဆုံးဟူသောဘက်မှ ရပ်ခံသူဖြစ်သည်။ ကျွန်တော်၏ ရည်ရွယ်ရင်းကား မြန်မာစာပေအသိုက်အမြုံအတွင်း ပညာများ ဝေဝေဆာဆာ ရှိစေချင်ပါသည်'ဟု ညွှန်းဆိုထားသည်ကို ဖတ်ရမည်ဖြစ်သည်။

'အိုင်ဒီအိုလိုဂျီတို့၏ အရင်းအမြစ်များ'အခန်းတွင် အိုင်ဒီအိုလိုဂျီဝေါဟာရအသုံးကို ၁၇၉၆ ခုနှစ်က ပြင်သစ်တော်လှန်ရေးကြီးနှင့်အတူ အမ်တွိုင်းနေဒီထရေစီက စတင်အသုံးပြုခဲ့ပုံ၊ နိုင်ငံရေးအသုံးအဖြစ် ကား(လ်)မတ်(ခ်)က ဆက်လက်သယ်ဆောင်ခဲ့ပုံ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်အီတလီ၊ နာဇီဂျာမနီတို့၏ အိုင်ဒီအိုလိုဂျီ'အပိတ်'အယူအဆများ၊ သမိုင်းဒဿနပညာရှင် ကားလ်ပေါ့ပါး၏ လစ်ဘရယ်ဝါဒအတွေးအခေါ် 'အပွင့်'အယူအဆများကို ဖတ်ရမည့်အပြင် လစ်ဘရယ်ဝါဒ၊ မတ်(ခ်)ဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒ၊ ဖက်ဆစ်ဝါဒတို့တွင် အိုင်ဒီအိုလိုဂျီအတွေးအယူများကွဲပြားပုံကို စေ့စေ့စပ်စပ်ဖတ်ရှုရမည်ဖြစ်သည်။

'လစ်ဘရယ်ဝါဒ'အခန်းတွင် 'ဆန့်ကျင်ဘက်အယူအဆ (သို့) အမြင်တို့ကို ကျေနပ်စွာလက်ခံခြင်းမှာ လစ်ဘရယ်လူမှုကိုယ်ကျင့်တရား၏ 'စံ'တစ်ခုဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေးသဘောတရားများ ဝိဝါဒခြားနားခြင်းသည် တိုးတက်သောလက္ခဏာဆောင်သည်ဟု လစ်ဘရယ်တို့က နှလုံးသွင်းကြသည်'ဟု လစ်ဘရယ်ဝါဒကိုဖွင့်ဆိုပြီး 'ခင်ဗျား ပြောတာတွေကို ကျုပ်သဘောမတူပါဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ ပြောခွင့်ဆိုခွင့်ကိုတော့ သေသည်အထိ ကျုပ် ကာကွယ်သွားပါ့မယ်'ဟူသည့် ပြင်သစ်ဒဿနဆရာဗော်လ်တိုင်းယား၏ နာမည်ကျော်စကားကို ဖတ်ရင်း ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ထိုးထွင်းသိမြင်ရမည်ဖြစ်သည်။ ထို့ပြင် 'ဥပဒေမရှိသောနေရာ၌ လွတ်လပ်မှုမရှိနိုင်'ဆိုသည့် အင်္ဂလိပ်ဒဿနဆရာနိုင်ငံရေးပညာရှင် ဂျွန်လော့၏စကားကိုလည်း မှတ်သားဖွယ်ရာ ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်တွင် နိုင်ငံရေးဝါဒအသီးသီး၏ ဖြစ်တည်လာပုံ၊ ခေါ်ဝေါ်သုံးစွဲလာမှု၊ စတင်သုံးစွဲခဲ့သူတို့အကြောင်းနှင့် အခန်းတိုင်းတွင် အထင်ကရကျော်ကြားခဲ့ကြသည့် နိုင်ငံရေးပညာရှင်၊ ဒဿနပညာရှင်၊ တော်လှန်ရေးသမား၊ နိုင်ငံရေးခေါင်းဆောင်များ၏ ဘဝဖြစ်စဉ်အကျဉ်းများကို တိုတိုထိထိ ဖတ်ရှုရမည်ဖြစ်သည်။

'နိဂုံးမဲ့ အိုင်ဒီအိုလိုဂျီလော' အခန်း၌ သမိုင်းနိဂုံးတွင် လစ်ဘရယ်ဒီမိုကရေစီသာ အောင်ပွဲခံသည်ဟုပြောခဲ့သော ဖရန်ဆစ်ဖူကူယားမား၏အယူအဆကို ဆယ့်ကိုးရာစုကုန်ဆုံးချိန်၌ ဆိုရှယ်လစ်ဝါဒအောင်ပွဲခံရမည်။ သို့တိုင် ရာစုနှစ်ဝက်ကျော်အချိန်ယူခဲ့ရသည်။ လစ်ဘရယ်ဒီမိုကရေစီ၏ အောင်ပွဲမှာလည်း သမိုင်းကာလတစ်ခုအထိ စောင့်ရလိမ့်မည်ဖြစ်သည်ဟု ပြန်လည်မေးခွန်းထုတ်ထားသည်ကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

ယနေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲ အချိန်အခါတွင် နိုင်ငံရေးကို စိတ်ဝင်စားသူတိုင်း နိုင်ငံရေးလုပ်ချင်သူတိုင်း လေ့လာဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဟုဆိုချင်ပါသည်။ The Key စာအုပ်တိုက်မှ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Knowledge ဗဟုသုတ

## လက်ဖက်စိမ်းက အခြားလက်ဖက်တွေနဲ့ ဘာကြောင့်မတူတာလဲ

လက်ဖက်စိမ်းထုတ်လုပ်မှုမှာ အခြားရိုးရိုးလက်ဖက်များနှင့်မတူညီဘဲ အချဉ်ဖောက်သည့်နည်းစနစ်ဖြင့် စီမံထုတ်လုပ်ခြင်းဖြစ်ပြီး ယင်းတွင်ပါဝင်သည့် Catechin ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှု အနေအထားမြင့်မားစေရန်ဖြစ်သည်။ လက်ဖက်စိမ်းသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်အလေးချိန်တက်ခြင်းနှင့် သွားပိုးစားခြင်းကိုပါ ကာကွယ်ပေးနိုင်သည်ဟုသိရသည်။ လက်ဖက်စိမ်းတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း Catechin မှာ အရိုးအဆစ်ရောဂါများကို ကာကွယ်နိုင်စွမ်းရှိကြောင်း အမေရိကန်သုတေသနတစ်ခုမှ စစ်ဆေးတွေ့ရှိခဲ့သည်။ ဟောင်ကောင်မှလည်း လက်ဖက်စိမ်းနှင့်ပတ်သက်၍ လေ့လာခဲ့ဖူးပြီး Catechin က မျက်စိအတွက်အကျိုးပြုကြောင်း မျက်ကြည်လွှာ၊ သူငယ်အိမ်နှင့်အခြားမျက်စိတစ်ရှူးများအတွက် အထောက်အကူပေးနိုင်ကြောင်း သိရသည်။

ဖလော်ရီဒါတက္ကသိုလ်မှလည်း တုပ်ကွေးရာသီတွင် လက်ဖက်စိမ်း၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ရာ၌ လက်ဖက်စိမ်းပါသည့်ဆေးတောင့်ကို တစ်နေ့နှစ်ကြိမ်၊ သုံးလသောက်သုံးစေခဲ့ရာ တုပ်ကွေးဖြစ်ပွားမှု အနေအထား ၃၂ ရာခိုင်နှုန်းသာရှိကြောင်း အာနိသင်မပါသည့်ဆေးသောက်စေထားသည့်အဖွဲ့များနှင့် နှိုင်းယှဉ်ရာမှ တွေ့ရှိခဲ့သည်။ တုပ်ကွေးဖျားနာသူအချို့တွင်လည်း ၆ ရာခိုင်နှုန်းခန့်သာဆရာဝန်နှင့်ပြသရန်လိုအပ်ကြောင်း တွေ့ရှိခဲ့သည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

ဇော်ဟိန်းနိုင်

**အောက် တို ဘာ ၂၁ ရက် မှ အောက် တို ဘာ ၂၇ ရက်အထိ**



## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လုပ်သမျှအဆင်ပြေမည်။ ရည်မှန်းထားသည်များ ပြည့်စုံပြီးမြောက်မည်။ မျှော်လင့်ချက်ကုန်ပြီဟု ယူဆထားသည့်ကိစ္စများပင် ပြန်အဆင်ပြေမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ လက်ဆောင်ရပါက အမြတ်တနိုးသိမ်းဆည်းပါ။ ကံပွင့်ခြင်း၊ လာဘ်ပွင့်စေခြင်းနှင့် ပီယကံကောင်းသည်။ လူချစ်လူခင်ပေါမည်။ လူမျိုးဘာသာမတူသူနှင့်သံယောဇဉ်တွယ်တတ်သည်။



## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဖရိုဖရဲဖြစ်နေသည့်ကြားမှ တိုးတက်မှုကိုဖန်တီးနိုင်မည်။ အစီအစဉ်တကျမဟုတ်ဘဲ ရုတ်ခြည်းထိုးဖောက်သည့်လုပ်ငန်းမှ အောင်မြင်မည်။ ခရီးနှင့်အပြောင်းအလဲကိစ္စများ အဆင်ပြေဆောင်ရွက်နိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည့်ကိစ္စများ ပြီးမြောက်အောင်အဆုံးသတ်ဆောင်ရွက်နိုင်မည်။ လက်လွှတ်ထားသည်များ ပြန်ရမည်။ ပစ္စည်းပျောက်တတ်သည်။ ရင်းနှီးသူများနှင့်စကားများရမည်။



## GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

ပြဿနာဟောင်းများ တစ်ခုပြီးတစ်ခုဖြေရှင်းရမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ တွေဝေ ဒွိဟဖြစ်ခြင်းကြောင့် အခွင့်အရေးများ လက်တစ်လုံးခြားဆုံးရှုံးတတ်သည်။ သေချာပေါက် ပိုင်ပိုင်နိုင်နိုင်ပြောဆိုစီစဉ်ထားသောကိစ္စများ နောက်ဆုံးအဆင့်ရောက်မှ အံချော်သွားတတ်သည်။ ပေါ်လာသောပြဿနာများအား ချက်ချင်းဖြေရှင်းပါ။



## CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

ကောင်းသောအပြောင်းအလဲများဖြစ်ပေါ်မည်။ ကိုယ်ကကောင်းသလောက် တစ်ပါးသူ၏အနှောင့်အယှက်ပေးခြင်းကြုံမည်။ လမ်းကြောင်းဟောင်းကိုစွန့်၍ လမ်းသစ်ပေါ်သို့ဦးတည်မည်။ မူလလုပ်သော အလုပ်ထက်ပို၍ အကျိုးပေးသောလမ်းသစ်သို့ရောက်ရှိမည်။ ပျိုရွယ်သူများ ကာလအတန်ကြာ သစ္စာနှင့်မေတ္တာပိုက်ထွေး၍ မျှော်လင့်နေကစား ချစ်သူဟောင်းနှင့်ဆုံစည်းရန်ဝေးကွာသဖြင့် အချစ်သစ်လက်ခံသင့်သည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လမ်းသစ်ပွင့်မည်။ အကြံသစ်အောင်မြင်မည်။ ကြိုတင်ပြင်ဆင်ခြင်းမရှိဘဲ လုပ်လိုက်သောကိစ္စမှ ထူးခြားစွာတိုးတက်ခြင်းကြုံမည်။ အပြောင်းအလဲကောင်းများကြုံမည်။ အတိတ်က မိမိအား အပြစ်ဆိုသူများပင် ချီးမြှောက်ခြင်းပြုမည်။ မူလပူးပေါင်းလက်တွဲရန် စီစဉ်မထားသူများနှင့် လက်တွဲဆောင်ရွက်ဖြစ်မည်။ လုပ်ငန်းခွင်အတွင်း မိမိအားမကြာခဏဒုက္ခပေးသူ၏လက်မှလွတ်မည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဘဝတိုးတက်မည်။ အလုပ်အကြံအောင်မြင်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်တိုးတက်မည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စ ပြောဆိုဖြေရှင်းရခြင်းမျိုးကြုံမည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ အလွန်စိတ်ရှည်သည်းခံရမည်။ ကိုယ်က စေတနာထားသလောက် သူတစ်ပါးက ရန်ပြုခြင်း၊ ဝေဖန်တိုက်ခိုက်ခြင်းမျိုးကြုံမည်။ အကျယ်ချဲ့၍ တိုက်ခိုက်မှုများကြုံမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စကားများရမည်။ အပြိုင်အဆိုင်များမည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်မည်။ လူယုံဒုက္ခပေးတတ်သည်။ အခက်အခဲများဖြေရှင်းအောင်မြင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ စီမံထားခြင်းမရှိဘဲ အလုပ်အကိုင်ကြီးမားကိုင်တွယ်လုပ်ကိုင်ရမည်။ အလုံးစုံသောဖြစ်ရပ်တို့သည် တစ်မဟုတ်ချင်း အဆင့်ဆင့်ဖြစ်ပေါ်မည်။ ငွေဝင်ခြင်းကံကောင်းမည်။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလုပ်အကြံအောင်မည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းသည်။ အတိုက်အခံများ ကျော်လွှားနိုင်မည်။ ဆောင်ရွက်သမျှ ထိထိရောက်ရောက်ရှိမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ စိတ်ကူးသစ်များလက်တွေ့ကျကျအကောင်အထည်ဖော်အောင်မြင်မည်။ အနေအထိုင် အသွားအလာဂရုစိုက်ပါ။ သွားသွားဖုံးဒုက္ခပေးတတ်သည်။ အစာအိမ်ဒုက္ခပေးမည်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မပြီးမပြတ် ကြန့်ကြာနေသောအလုပ်များ ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ မိသားစုအတွင်း ကျန်းမာရေးအညံ့များရှိနေမည်။ ငွေကြေးနှင့်ပတ်သက်၍ အခါတိုင်းထက်ပို၍ဝင်ကိန်းရှိသည်။ စီးပွားကံကောင်းမည်။ သို့သော် အရင်းအနှီးများလွန်းသောလုပ်ငန်းများ စတင်ရန်မသင့်ပါ။ အရဲစွန့်ပြီးလုပ်သောကိစ္စများရှောင်ပါ။ အရာရာကို သတိနှင့်ယှဉ်၍လုပ်ပါ။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားသောအပြောင်းအလဲများဖြစ်လာမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ရည်ရွယ်ချက်များအောင်မြင်မည်။ အရပ်တစ်ပါးမှ ရောက်ရှိလာသည့်မိတ်ဟောင်းဆွေဟောင်းများနှင့် ခရီးကိစ္စဆောင်ရွက်ရန်ရှိသည်။ လက်လွှတ်ထားသည်များ ပြန်လည်တောင်းခံရရှိမည်။ ငွေအစုလိုက်ဝင်ခြင်းများရှိမည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။ မတော်တဆထိခိုက်တတ်သည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အပြောင်းအလဲနှင့်တိုးတက်မည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။ ပစ္စည်းပျောက်တတ်သည်။ လူမျိုးခြားများနှင့် ဆက်ဆံအကျိုးပေးသည်။ မရည်ရွယ်ဘဲ ခရီးသွားရမည်။ ရုတ်တရက် ဆောင်ရွက်လိုက်သောကိစ္စများမှ ထူးထူးခြားခြားအဆင်ပြေမည်။ မြေ၊ ကား၊ အခန်းကိစ္စ ပြောဆိုဆောင်ရွက်မှုများအဆင်ပြေမည်။ သူခိုး၊ သူဝှက်၊ ခါးပိုက်နှိုက်အန္တရာယ်သတိရှိပါ။ တစ်ပါးသူကတိအား ယုံစား၍မရ။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အပြိုင်အဆိုင်အနှောင့်အယှက်များနှင့်ယှဉ်ပြီးလုပ်နေရမည်။ စိတ်ရှုပ်စရာသတင်းများ ကြားသိရမည်။ တစ်ပါးသူ ကတိပျက်၍ စိတ်ရှုပ်ရမည်။ မထင်မှတ်ထားသူမှ အနီးကပ်ဒုက္ခပေးတတ်သည်။ အေးအေးဆေးဆေးနေရမည်ကြုံလိုက်တိုင်း ပြဿနာတစ်ခုမဟုတ် တစ်ခုကြုံမည်။ ငွေထွက်ပေါက်ရှာပြီးကုန်မည်။ စကားရှုပ်သူများ နေအိမ်သို့ အဝင်အထွက်များမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010




# အများဆန္ဒဖြင့် ငွေကြေးအကျပ်အတည်းကို ရှောင်လွှဲခြင်း

ကြည်နေဝင်းမင်း

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကာလအတွင်းက အပြန်အလှန်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အကြီးအကျယ် အားကိုးအားထားပြုခဲ့သော ကမ္ဘာ့အင်အားကြီး စီးပွားရေးနိုင်ငံများသည် ယခုအခါ နိုင်ငံ တစ်နိုင်ငံချင်းဆီက ၎င်း၏ငွေကြေးတန်ဖိုးများ အပြိုင်အဆိုင်လျှော့ချနေကြခြင်းကို တားဆီးနိုင်ပုံမရဖြစ်နေသည်။ ဂျီ ၂၀ အစည်းအဝေးပွဲများနှင့် နောက်ဆက်တွဲ ထိပ်သီးဆွေးနွေးပွဲများ၌ ကမ္ဘာ့ထိပ်သီးစီးပွားရေး နိုင်ငံများသည် အစည်းအဝေးအစီအစဉ်များနှင့် ကြေညာချက်များ ထုတ်ပြန်ရာတွင် စီးပွားရေးအကျပ်အတည်းကာလက ပြသခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်မျိုးပြသပြီး အစပျိုးခါစ ကမ္ဘာ့စီးပွားရေးနာလန်ထလူနာကို ပြုစုစောင့်ရှောက်ကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သို့သော်လည်း ယင်းထိပ်သီးဆွေးနွေးပွဲများ၌ စီးပွားရေးနှိုးဆွမှုအစီအစဉ်များကို ရုပ်သိမ်းရေး၊ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍအားစည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ရေးစသော ကြီးမားလေးလံသည့် ကိစ္စရပ်များအတွက် တူညီသော သဘောထားတစ်ရပ်တည်ဆောက်ရေး ကြိုးစားကြစဉ်မှာပင် ငွေကြေးကိစ္စများ၌အန္တရာယ်ရှိသော တစ်ဖက်သတ်အရေးယူဆောင်ရွက်ရေး ဝါဒများဆီသို့မသိမသာ မျောပါရွေ့လျားမှုရှိနေသည်ကို တွေ့ရသည်။

ကုန်သွယ်ရေး ကိစ္စများမှာပင်ပူးပေါင်းဆောင်ရွက်မှုလျော့နည်းနေခြင်းကို ထောက်ရှုပါက ယခုနှစ်တွင် ဒိုဟာအကျော့ဆွေးနွေးပွဲသဘောတူညီချက်များ အထွတ်အထိပ်ရောက်ရန် အလားအလာလည်း နည်းပါးလျက်ရှိရာ ငွေကြေးဈေးကွက်တွင် ဖြစ်ပေါ်တိုးတက်မှုများမှာ အထူးသဖြင့် နိမိတ်မကောင်းလှပေ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ငွေကြေးစီမံခန့်ခွဲမှု ပေါ်လစီများအားအချို့နိုင်ငံများက ခြယ်လှယ်မှု ပြုလုပ်နေပုံပေါ်နေလင့်ကစား ယင်းပေါ်လစီများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းကမ်းများတွင်ပိတ်ပင်တားဆီးမှု ပြုလုပ်မထားပေ။ သို့သော် ယင်းကဲ့သို့သောငွေကြေး ခြယ်လှယ်မှု အလေ့အထများမှာ ပြဿနာကို လူအများက ပူးပေါင်းအဖြေရှာမှုအားနည်းသွားစေပါသည်။

ဘရာဇီး ဘဏ္ဍာရေးဝန်ကြီး ဂိုင်ဒိုမွန်တီဂိုက နိုင်ငံသုံးငွေကြေးများတန်ဖိုးလျှော့ကျလာခြင်းမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးစစ်ပွဲ (Currency War) တစ်ရပ်ပေါ်ထွက်လာခြင်းကို ပြသနေခြင်းဟု ပြောကြားပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့အကြီးအကဲ ဒိုမိနစ်စထရောက်ခန်ကမူ နိုင်ငံ တစ်နိုင်ငံချင်းဆီက ၎င်းတို့၏ပြည်တွင်းရေးပြဿနာများကို ဖြေရှင်းရန် နိုင်ငံ၏ ငွေကြေးလဲလှယ်နှုန်းအားလက်နက်သဖွယ် အသုံးချခြင်းကို သတိပေးပြောကြားသည်။ နိုင်ငံ၏ ငွေကြေးလဲလှယ်မှုနှုန်းကို တန်ဖိုးလျှော့ချလိုက်ပါက အနည်းဆုံးကာလတိုအားဖြင့် နိုင်ငံခြားတင်ပို့မှုအား ကျယ်ပြန့်စေသည်ဆိုသည့်အချက်ကို ရည်ညွှန်း၍ အိုင်အမ်အက်ဖ်အကြီးအကဲက ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

သို့ပေသော်ငြားလည်း အကယ်၍သာ နိုင်ငံတိုင်းက လက်တုံ့ပြန်၍ ၎င်းတို့နိုင်ငံသုံး ငွေကြေးများကို တန်ဖိုးလျှော့ချလိုက်ပါက အဖြေတစ်ခုတည်းသာ ထွက်လာနိုင်ပါသည်။ ယင်းမှာ ၁၉၃၀ ပြည့်နှစ်များကကဲ့သို့ ကမ္ဘာ့စီးပွားပျက်ကပ်ကြုံတွေ့နိုင်ခြင်း ဖြစ်သည်။ လောလောဆယ် အခြေအနေတွင်လည်းယင်းသို့သော ပေါ်လစီများမှာကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန့်ကျင်ဘက် ရလဒ်များသာဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေများကြားမှပင် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံများဖြစ်သော အမေရိကန်နှင့် တရုတ်ကြား ယှဉ်ပြိုင်မှုများရှိနေရာ ကမ္ဘာ့စီးပွားရေးမှာ ကျွဲနှစ်ကောင်ခတ်သည့်ကြားမှ မြေဇာပင်သဖွယ်ဖြစ်နေသည်။

ယင်းအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့်အခြားနိုင်ငံစုံ အင်စတီကျူးရှင်းကြီးများအနေဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီအား ပူးပေါင်းဆောင်ရွက်မှုကို လက်ခံရန်ဆွဲဆောင်စည်းရုံးရမည့် အခြေအနေဖြစ်ပါသည်။ သို့သော် လောလောဆယ်အနေအထားမှာမူ နိုင်ငံသုံး ငွေကြေးစစ်ပွဲမှာ ပို၍ဆိုးဝါးလာမည်ပုံပေါ်နေဆဲဖြစ်သည်။ ကစားပွဲသို့ နောက်ဆုံးဝင်ရောက်လာသူမှာ ဂျပန်နိုင်ငံဖြစ်ပါသည်။

ပိုင်ဆိုင်မှုများကို အစိုးရက ဝယ်ယူမည်ဟု ဂျပန်နိုင်ငံက မကြာသေးမီက ကြေညာခဲ့သည်။ ပိုင်ဆိုင်မှု အမြောက်အမြားကို ဗဟိုဘဏ်က ပြန်လည်ဝယ်ယူခြင်း အစီအစဉ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ကျင့်သုံးလာသည့် နောက်ဆုံးပေါ်လက်နက်ဖြစ်လာပါသည်။ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် အရေအတွက်ကို လျှော့ချခြင်းနှင့် ပတ်သက်၍ အားတက်သရောငြင်းခုံနေကြပါသည်။ သို့သော်၎င်းတို့၏ ကုန်သွယ်ဘက်နိုင်ငံများကမူ ၎င်းနိုင်ငံများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ငွေကြေးတန်ဖိုးလျှော့ချမှုကို အပြိုင်အဆိုင်ကြိုးပမ်းနေကြသည်ဟု ယုံကြည်နေကြသည်။ ယင်းမှာငွေကြေးလည်ပတ်မှုကို အားကောင်းစေပြီး တစ်ချိန်တည်းမှာပင် နောက်တစ်ကြိမ် ရင်ဆိုင်ရမည့် ငွေကြေးစစ်ပွဲတွင် ထိရောက်ထက်မြက်သော လက်နက်ဖြစ်လာနိုင်ပါသည်။ ထို့ထက်ပို၍ စိတ်ပူစရာကောင်းသည်မှာ နှစ်ပေါင်းများစွာလက်ရှောင်နေခဲ့ပြီးနောက် ဂျပန်နိုင်ငံက ငွေကြေးဈေးကွက်တွင်တိုက်ရိုက်ဝင်ရောက်ကြားဝင်ကိုင်တွယ်မည့် အရေးဖြစ်သည်။

သို့သော် ယင်းသို့ ဝင်ရောက်ကိုင်တွယ်သည်မှာ ဂျပန်တစ်နိုင်ငံတည်းမဟုတ်ပါ။ ဆွစ်ဇာလန်၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ) တို့သည်လည်း ၎င်းတို့၏ငွေကြေးတန်ဖိုးများ ထောင်မတက်မသွားစေရန်အတွက် ကြားဝင်ကိုင်တွယ်ခဲ့ကြရာ ရောထွေးသော ရလဒ်များ ပေါ်ထွက်ခဲ့သည်။ ဘရာဇီးနိုင်ငံကမူ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ငွေပင်ငွေရင်းများ အပေါ်အခွန်တစ်ရပ်ချမှတ်ကောက်ခံပါသည်။ ၎င်းပေါ်လစီကို အချို့စီးပွားရေးအားကောင်းလာစနိုင်ငံများက လိုက်လံကျင့်သုံးနေကြပါသည်။

ယှဉ်ပြိုင်နိုင်စွမ်းရှိရေး မိမိတို့၏နိုင်ငံသုံးငွေတန်ဖိုးများ အပြိုင်အဆိုင်လျှော့ချခြင်းက ထင်ဟပ်နေသည်မှာ ကမ္ဘာ့စီးပွားရေးမညီမျှမှု ဖြစ်သည်။ ယင်းမညီမျှမှုကို စနစ်တကျ မကိုင်တွယ်နိုင်ခဲ့ပါကမူ နောက်ထပ်ငွေကြေးစစ်ပွဲများ၊ ကုန်သွယ်ရေး စစ်ပွဲများကို ကမ္ဘာကြီးက မြင်တွေ့ရပါလိမ့်မည်။ လောလောဆယ်မှာပင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများကြားတွင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒမှ ခေါင်းထောင်လာသည်ကို ကမ္ဘာကြီးက မြင်တွေ့နေရပါပြီ။

၁၉၃၀ နှစ်များကဲ့သို့ပင် နိုင်ငံတိုင်းလိုလိုက နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့ခြင်းဖြင့် စီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်ရန် ကြိုးစားနေကြသည်။ သီအိုရီအရမူနိုင်ငံတချို့သာ ယင်းပေါ်လစီကို ကျင့်သုံးအောင်မြင်နိုင်ပါသည်။

နိုဝင်ဘာလတွင် ဆိုးလ်မြို့၌ ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမတိုင်မီ လတ်တလောကာလတွင်လည်း ကုန်သွယ်ရေးနှင့် ငွေကြေးကိစ္စများ၌ တစ်ကိုယ်ကောင်းဆန်ဆန်၊ တစ်ဖက်သတ်အရေးယူဆောင်ရွက်ခြင်းများကို ရပ်တန့်၍ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အသစ်တစ်ဖန်တိုက်တွန်းပြောဆိုမှုများရှိနေသည်။ သို့သော်လည်း အပြန်အလှန်ကောင်းစားရေး သဘောတူညီချက်အတွက် လိုအပ်သော အခြေအနေများကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်ကြဘဲရှိရာ တစ်ဖက်နှင့်တစ်ဖက် အပေးအယူ အလျှော့အတင်းများ ပိုမိုပြုလုပ်ကြမှသာ အများဆန္ဒဖြင့် ငွေကြေးအကျပ်အတည်းကိုရှောင်လွှဲကာ ကမ္ဘာ့စီးပွားရေးမြစ်ကြီးထဲတွင် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားလာနိုင်ကြမည်ဖြစ်သည်။

*—Ref: Averting Currency Crisis by Consensus*

## ရေကြီးမှုများကြောင့် တရုတ်ပြည်ဟိုင်နန်ကျွန်းတွင် လူပေါင်းလေးသိန်းလေးသောင်းကို ကယ်ဆယ်ခဲ့ရ

**ဟိုက်ကောက်၊ အောက်တိုဘာ - ၁၂**

တရုတ်ပြည်တောင်ပိုင်းရှိ ဟိုင်နန်ကျွန်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ဒေသခံလူပေါင်း ၄၄၀,၀၀၀ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။ ရေကြီးမှုကြောင့် ကျွန်းမကြီးပေါ်ရှိမြို့နယ်နှင့်ခရိုင် ၁၆ ခုမှ လူပေါင်း ၂ ဒသမ ၇ သန်းမှာ ထိခိုက်ခဲ့ရပြီး၊ ထိခိုက်ပျက်စီးသော ဧရိယာမှာ ကျွန်း၏ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး လူပေါင်မင်းက ပြောသည်။

ရေဘေးကြောင့် အိမ်ခြေ ၃၀၀၀ နှင့် လမ်းပေါင်း ၁၄၀၀ ကျော်၊ သီးနှံစိုက်ခင်း ၁၆၆,၇၀၀ ဟက်တာ ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။ ယခုအခါ ကျောင်းပေါင်း ၁၀၀ နီးပါးပိတ်ထားရပြီး၊ မြို့ငါးမြို့တွင်လည်း နောက်ထပ်နှစ်ရက် သို့မဟုတ် သုံးရက်ခန့် ကျောင်းများပိတ်ထားရဖွယ်ရှိကြောင်း အုပ်ချုပ်ရေးမှူး မစ္စတာလူကပြောသည်။ ဒေသခံမိုးလေဝသဗျူရို၏ ခန့်မှန်းချက်အရ ကျွန်းပေါ်တွင် မိုးများဆက်လက်ရွာသွန်းဖွယ်ရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများခက်ခဲဖွယ်ရှိကြောင်း ၎င်းကပြောသည်။

*—Ref: CNA*

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# အင်္ဂလန်စုံတွဲ ရန်ကုန်နှင့် အင်းလေးကန်တွင် မင်္ဂလာဆောင်ရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ- ၁၆**

အင်္ဂလန်နိုင်ငံသားစုံတွဲတစ်တွဲသည် လာမည့်ပွင့်လင်းရာသီ၌ ရန်ကုန်မြို့နှင့် အင်းလေးကန်ဒေသတွင် မင်္ဂလာပွဲကျင်းပရန် အစီအစဉ်ရှိကြောင်း EPG ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်နိုင်ကပြောသည်။

အဆိုပါစုံတွဲအပါအဝင် မိသားစုဝင်များသည် အောက်တိုဘာလ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့လာရောက်၍မင်္ဂလာပွဲနှင့်ပတ်သက်သော ကိစ္စများအား စုံစမ်းစီစဉ်ကြမည်ဟုသိရသည်။

ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးများတွင် သတို့သားနှင့် သတို့သမီးနှစ်ဦးစလုံးနိုင်ငံခြားသားများ၏ မင်္ဂလာပွဲကျင်းပသည်ကို ယခုထက်ထိမကြားဖူးသေးကြောင်း ချက်ထရီယံဟိုတယ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မေမြတ်မွန်ဝင်းကပြောသည်။

သို့သော် ယခင်နှစ်က ချောင်းသာကမ်းခြေရှိ ရွှေဟသ်ာဟိုတယ်တွင် ပြင်သစ်နိုင်ငံသားစုံတွဲတစ်တွဲမှာ မင်္ဂလာဆောင်ခဲ့ပြီး နိုင်ငံခြားသားအချို့မှာလည်း နှစ်စဉ် ပျားရည်ဆမ်းခရီး လာရောက်မှုမှာများပြားလာကြောင်းသိရသည်။

# ညှော်လမ်းညွှန်များကြောင့် ချောင်းသာဟိုတယ်နှင့် ညှော်သည်များကြား ကတိဖျက်မှုများဖြစ်ပေါ်နေဟုဆို

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၅**

ချောင်းသာကမ်းခြေသို့ ရန်ကုန်မြို့မှပြေးဆွဲနေသော လေအေးပေးစက်တပ်ဆင်ထားသည့်ကားများတွင် လိုက်ပါနေသောညှော်လမ်းညွှန်များကြောင့် ဟိုတယ်နှင့်ညှော်သည်များအကြား ကတိဖျက်မှုများရှိလာကြောင်း ချောင်းသာဇုန်ရှိ ဟိုတယ်မန်နေဂျာအချို့ကပြောသည်။

"ဟိုတယ်ကို ဖုန်းနဲ့ကြိုတင်ဘွတ်ကင်လုပ်ထား။ ပိုက်ဆံကိုတော့ ဟိုတယ်ရောက်မှပေးမယ့် ညှော်သည်တွေကို ကားပေါ်ပါလာတဲ့ညှော်လမ်းညွှန်က သူတို့နဲ့ချိတ်ထားတဲ့ဟိုတယ်တွေဆီခေါ်သွားတာပေါ့"ဟု ချောင်းသာဇုန် ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အချို့သောညှော်သည်များသည် ရုံးပိတ်ရက်အတွင်း လာရောက်ချင်ပါက ငွေလွှဲရန်ခက်ခဲသဖြင့် ဖုန်းဖြင့် ဘွတ်ကင်ပြုလုပ်ကာ လာရောက်လေ့ရှိကြသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ချောင်းသာကမ်းခြေသို့ ပြေးဆွဲနေသောကားဂိတ်တစ်ခုသို့ ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ကတော့ ညှော်သည်သွားချင်တဲ့ ဟိုတယ်ချပေးပါတယ်။ မကြိုက်မှ တခြားဟိုတယ်ပြပေးတာ ညှော်သည်သဘောပါပဲ"ဟု တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။

ချောင်းသာကမ်းခြေရှိ ဟိုတယ်အများစုသည် မိမိဟိုတယ်သို့ ညှော်သည်ခေါ်လာပေးပါက ခေါ်လာပေးသူ သို့မဟုတ် ကားသမားအား ကော်မရှင်ပေးလေ့ရှိကြသည်ဟုသိရသည်။

"အရင်တုန်းက ဒီလိုဖြစ်တာနည်းပါတယ်။ အခု အဖြစ်များလာလို့ သက်ဆိုင်ရာက ဖြေရှင်းပေးစေချင်ပါတယ်"ဟု ချောင်းသာဇုန်ရှိ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ပန်းချီဆရာတစ်ရာကျော်၏ ပန်းချီကားပြပွဲမှ ရငွေဖြင့် ကထိန်အလှူကျင်းပမည်

**ဖြိုး**

**မန္တလေး၊ အောက်တိုဘာ-၁၄**

မြန်မာပန်းချီဆရာများရေးဆွဲသော ပန်းချီကားပေါင်း ၁၀၀ ပါဝင်သည့်ပန်းချီပြပွဲအား မန္တလေးမြို့ ဆင်ဖြူတော်ပန်းချီပြခန်းတွင် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိပြသမည်ဖြစ်ပြီး ပြပွဲမှရရှိသော ပန်းချီကားရောင်းရငွေများအားလုံးကို စစ်ကိုင်းတောင်ရိုးရှိ "စေတီလှ"ချောင်၌ ကထိန်အလှူပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြပွဲ၌ပြသမည့် ပန်းချီကားများ၏ ဈေးနှုန်းများမှာ ရေးဆွဲပေးပို့သော ပန်းချီဆရာ အသီးသီး၏ သတ်မှတ်ထားသော ဈေးနှုန်းများသာဖြစ်ပြီး ဆီဆေး၊ ရေဆေး၊ ခဲပန်းချီစသည်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကားများ ပါဝင်ကြောင်းသိရှိရသည်။ ပြပွဲပြီးသော အချိန်အထိ ကျန်ရှိနေသော ပန်းချီကားများအား သက်ဆိုင်ရာပန်းချီဆရာများထံပြန်လည်ပေးပို့မည်ဖြစ်ကြောင်းနှင့် ကထိန်ပွဲကျင်းပမည့်နေ့ရက်ကို အောက်တိုဘာ ၂၂ ရက်တွင် ကြေညာအသိပေးမည်ဖြစ်ကြောင်း သိရသည်။

"များသောအားဖြင့် ပန်းချီဆရာတွေ၊ အနုပညာသမားတွေဆိုတာ နေပူစပ်ခါးမရှိ၊ ချွေးထွက်သံယိုလည်းမရှိဘဲ ဘဝကို ဉာဏ်၊ ပညာနှင့်အသက်မွေးဝမ်းကျောင်းနိုင်ရတယ်ဆိုတာ တော်ရုံအခွင့်အရေးမဟုတ်သလို အဲဒီအခွင့်အရေးကိုလည်း အကြောင်းမဲ့ရထားကြတာမဟုတ်ပါဘူး။ မေ့မေ့လျော့လျော့လည်းရှိမနေစေချင်ပါဘူး။ ပညာဒါနဆိုတာ ပြုကောင်းတဲ့အရာဆိုတာထက် မလွဲမသွေပြုခဲ့သင့်တယ်လို့ ယူဆတဲ့အတွက် ဆန္ဒသဘောညီတဲ့ သူငယ်ချင်းတွေနဲ့အတူ ဒီပွဲကို စီစဉ်ဖြစ်တာပါ"ဟု ပြပွဲစီစဉ်သူ ပန်းချီ၊ ပန်းပု ကိုချမ်းအေး(ရန်ကုန်)မှ ပြောသည်။

# ဒေါ်လာငါးသန်းကျော်အသုံးပြုမည့် အင်းလေးကန်ထိန်းသိမ်းရေးအတွက်အဆိုပြုချက်ရေးဆွဲ



ကန်ဟုမထင်ရလောက်အောင် ရေနည်းသွားခဲ့သော အင်းလေးကန်ကို ၂၀၁၀ နှစ်ဆန်းပိုင်းက တွေ့ရစဉ်။
ဓာတ်ပုံ - အောင်အောင်

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၅**

အင်းလေးကန် ရေတိမ်ဒေသကာကွယ်ထိန်းသိမ်းရေးတွင် ကန်ဒေါ်လာ ၅ ဒသမ ၃၅ သန်းသုံးစွဲမည်ဖြစ်၍ ယင်းပမာဏသုံးစွဲနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)၊ စားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့(FAO)နှင့် ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အဆိုပြုချက် (Proposal) ရေးဆွဲနေကြောင်း စားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့ (FAO) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပြုချက်ကို Global Environment Facility သို့ တင်မည်ဖြစ်သည်။ ယင်းအဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၄ သန်းသုံးစွဲရန်လျာထားသည်။ ယင်းငွေကြေးတန်ဖိုးသည် မြန်မာနိုင်ငံတွင် လေးနှစ်အသုံးပြုရမည့် ငွေကြေးဖြစ်သည်ဟုဆိုသည်။

Global Environment Facility အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များအား လျှော့ချရေးအတွက် အသုံးပြုရန်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြေယာအသုံးချမှုပြဿနာများ လျော့နည်းအောင်ဆောင်ရွက်ရန် စသည့်အချက်များဖြင့် ထောက်ပံ့မည်ဖြစ်သည်။

"အင်းလေးကန် ကာကွယ်ထိန်းသိမ်းရေးအတွက် Proposal တင်ဖို့ ပြင်ဆင်ရေးဆွဲနေပါတယ်။ အင်းလေးကန်ရဲ့ ရေဝေရေလဲဒေသတွေလည်း ပါတာပေါ့။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွေ၊ ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်ပေါ်စေတဲ့ ဓာတ်ငွေ့တွေထိန်းသိမ်းဖို့ သစ်ပင်ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ရေးတွေ၊ မြေယာအသုံးချမှုပြဿနာ အားလုံးပါပါတယ်"ဟု FAO မှ အထက်ပါပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

နာဂစ်မုန်တိုင်းခတ်ပြီးနောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြုလုပ်သည့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ အများအပြား ပေါ်ပေါက်လာသည်။ သို့သော် ယင်းအဖွဲ့အစည်းများကြားတွင် လူမှုရေးလုပ်ငန်းများလည်ပတ်ရန် ငွေကြေးရန်ပုံငွေရရှိမှုသည် ပြဿနာတစ်ခုအနေနှင့်ဖြစ်လာသည်။

ယင်းထောက်ပံ့ငွေပြဿနာများသည် ပြည်ပလူမှုရေးအဖွဲ့အစည်းမှ ရန်ပုံငွေရရှိမှုကိုမမျှော်လင့်ဘဲ ပြည်တွင်းမှ အလှူရှင်များ၏ အင်အားလည်း လိုအပ်သည်ဟုဆိုသည်။ ပြည်တွင်းရှိ ထိန်းသိမ်းရေးလိုအပ်ချက်သည် နိုင်ငံသားများ၏လိုအပ်ချက်ဖြစ်သောကြောင့် ပြည်တွင်းအလှူရှင်မြောက်မြားစွာလိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပြုလုပ်နေသည့် သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ဆိုသည်။

ပြီးခဲ့သည့် အပူရှိန်ပြင်းသောနွေရာသီတွင် ရေတိမ်ဒေသတစ်ခုဖြစ်သော အင်းလေးကန်ရေခန်းခြောက်မှုနောက်ပိုင်း ကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပထမဆုံး ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလှူရှင်များပေါ်ပေါက်ခဲ့သည်။ ယင်းပြည်တွင်းအလှူရှင်များထံမှ ကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလှူငွေ ကျပ်သိန်းပေါင်း ၆၆၀ ရရှိခဲ့သည်။

# ဂီတပဒေသာဖျော်ဖြေပွဲနှင့်ပတ်သက်၍ မေသန်းနုနှင့် ပွဲစီစဉ်သူတို့ အပြန်အလှန် ရှင်းလင်းချက်ထုတ်ပြန်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၁၆**

ရုပ်ရှင်နှင့် ဂီတပဒေသာကပွဲရက်ပြောင်းလဲကျင်းပခြင်းနှင့်ပတ်သက်၍ အကယ်ဒမီမေသန်းနုနှင့် ပွဲစီစဉ်သူဦးသန်းထွေးတို့သည် အောက်တိုဘာလ ၁၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာနှစ်စောင်တွင် ပရိသတ်သို့ တောင်းပန်ကြေညာချက်ထည့်သွင်း၍ ရှင်း လင်းထားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး သရုပ်ဆောင် မေသန်းနုက အောက်တိုဘာလ ၁၅ ရက်နေ့က စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့ပြီးနောက် နောက်တစ်နေ့ထုတ် သတင်းစာတွင် ကြေညာချက်ပါရှိခဲ့ခြင်းဖြစ်သည်။ '၁၇. ၁၀. ၂၀၁၀ ရက်တွင် ကျင်းပရန်စီစဉ်ထားသော ရုပ်ရှင်ဂီတပဒေသာကပွဲအား ဖျော်ဖြေမည့်ရက်နီးကပ်သည်အထိ အစစအရာရာ အအဆင်သင့်ဖြစ်သင့်သလောက် မဖြစ်ခြင်းအပေါ် သုံးသပ်ပြီး အနုပညာဖြင့်သီဆိုတင်ဆက်ဖျော်ဖြေရန် မသင့်တော်ကြောင်း တွေ့ရှိရပါသဖြင့် ဖျော်ဖြေရေးအစီအစဉ်ပယ်ဖျက်လိုက်ကြောင်း ပရိသတ်အား အသိပေးတောင်းပန်အပ်ပါသည်' ဟု အကယ်ဒမီမေသန်းနု၊ ဒါရိုက်တာမောင်သီ၊ ဒါရိုက်တာကုသိုလ်နှင့် ပါဝင်သော အနုပညာရှင်များက ကြေညာထားပြီး ပွဲစီစဉ်သူ ဦးသန်းထွေးမှလည်း 'ရုပ်ရှင်ဂီတပဒေသာဖျော်ဖြေပွဲကြီး၏ ပရိသတ်များသို့ ရှင်းလင်းတင်ပြချက်' ခေါင်းစဉ်ဖြင့် ကြိုတင်လက်မှတ်ယူထားသူများ ၂၁ ရက်တွင်ကျင်းပမည့် ပွဲလက်မှတ်ဖြင့် လဲလှယ်လိုလျှင်ဖြစ်စေ၊ ငွေပြန်လည်ထုတ်ယူလိုလျှင်ဖြစ်စေ အမှတ် ၇၈ ၊ အခန်းအမှတ် ဒီ-၀၉၊ ကျိုက္ကဆံလမ်းမ၊ တာမွေသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အောက်တိုဘာလ ၁၇ ရက် အစား နိုဝင်ဘာလ ၂၁ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

အပြန်အလှန်ကြေညာချက်အပေါ် မေသန်းနုက "ကိုယ့် အနုပညာသမားအချင်းချင်းက ဖျော်ဖြေဖို့ အားလုံးအဆင်သင့်ဖြစ်နေချိန်မှာ ပွဲစီစဉ်သူရဲ့အားနည်းချက်၊ ညံ့ဖျင်းမှုတွေကြောင့် အခုလိုဖြစ်ရတာပါ။ ပွဲစီစဉ်သူက အရင်ပွဲတွေလုပ်ဖူးတယ်လို့ပြောတယ်။ မဆင့်ကတော့မသိဘူး။ သူ့ကို ဒီပွဲစလုပ်တော့မှ သိတာ။ ကြားထဲက မဆင့်က ဦးဆောင်ပြီးလုပ်ပေးထားတာ။ ပွဲက ၁၇ ရက်နေ့ကို ၁၄ ရက်မှာ ပွဲက ပါမစ်မရလို့ရက်ရွှေ့တယ်ဆိုတော့ အစ်မက ကြားထဲမှာ စေတနာနဲ့ကူညီထားတဲ့ မင်းသားမင်းသမီးတွေရဲ့ညကြေး(အနုပညာကြေး)တွေကအစ မင်းသားမင်းသမီးတွေရဲ့ စိတ်ကြိုက်ဈေးမဟုတ်ဘဲ မဆင့်ကလုပ် ပေးထားတာ။ ၆၀ တန်မင်းသားကို ၁၀ နဲ့သတ်မှတ်ပြီး လုပ်ပေးထားတာ။ ဒါ တန်ဖိုးဖြတ်တာလည်း မဟုတ်ဘူး။ လက်ဆောင်အဖြစ် ဒီပွဲလေးမှာလုပ်ပေးထားတာ။ ခုလို ပါမစ်ကျတယ်ကျတယ်နဲ့ နီးမှ ပွဲအတွက် ဘာမှလည်းမပြင်ဆင်ဘဲ ရက်ရွှေ့တယ်လုပ်တော့ မဆင့်မျက်နှာနဲ့ လုပ်ပေးထားတဲ့ အနုပညာရှင်တွေကို မဆင့်က ပြန်ရှင်းရတယ်။ ပရိသတ်ကိုလည်း တလေးတစားနဲ့ ပြန်ရှင်းလင်းချင်တဲ့ ရည်ရွယ်ချက်နဲ့ စာနယ်ဇင်းရှင်းလင်းပွဲ လုပ်လိုက်ပါတယ်။ ကျန်တဲ့ သီချင်းတိုက်တာ၊ သီချင်းသွင်းတာ အောက်ခြေသိမ်း အားလုံးက ပွဲစီစဉ်သူက လုပ်ရမှာ။ မဆင့်က ရှုတင်မန်နေဂျာမဟုတ်ဘူး။ ၁၇ ရက်နေ့မှာ ကဖို့အတွက် ၁၃ ရက်အထိရီဟာဇယ်တောင် မလုပ်ရသေးဘူးဆိုတော့ မဆင့်တို့ဘက်က လုံလောက်တဲ့ပြင်ဆင်မှုမရတဲ့အတွက်ဒီပွဲကဖို့ အဆင်မပြေတော့ဘူး။ ရက်ရွှေ့တဲ့အတွက် သူတို့ရွှေ့မယ်ဆိုတဲ့ရက်မှာ အနုပညာရှင်တွေက အဆင်ပြေချင်မှပြေတော့မှာ။ ဒီတော့ အားလုံးရှင်းလင်းအောင်၊ ပရိသတ်လည်းအမြင်ရှင်းအောင် ခုလို တောင်းပန်တဲ့ကြေညာချက် ထည့်လိုက်တာပါ"ဟု ပြောသည်။ ပွဲစီစဉ်သူ ဦးသန်းထွေးကိုမေးမြန်းရာတွင် "ကျွန်တော်တို့ကပွဲဖျက်တာမဟုတ်ပါဘူး။ ရက်ရွှေ့လိုက်တာပါ။ ရက်ရွှေ့လိုက်တဲ့အတွက် ကြိုတင်လက်မှတ်ဝယ်ထားတဲ့ ပရိသတ်တွေအဆင်ပြေအောင် ၂၁ ရက်နေ့ လက်မှတ်နဲ့ပြန်လဲနိုင်သလို ငွေပြန်လိုချင်ရင်လည်း ကျွန်တော်တို့ စီစဉ်ထားပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့ စရန်ပေးပြီးသားအနုပညာရှင်တွေပြန်ပါပါမယ်။ အဲဒီရက်မှာ ယခင် ကြော်ငြာထားတဲ့အထဲက မအားလပ်ဖြစ်သွားတဲ့သူတွေရှိပါမယ်။ ထပ်တိုးမယ့်အနုပညာရှင်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ဘက်က ဒီဖြစ်ရပ်အပေါ် စာနယ်ဇင်းရှင်းလင်းပွဲလုပ်မှာပါ။ ရုပ်ဝတ္ထုပိုင်းတွေပြည့်စုံအောင်လုပ်နေပါတယ်။ ရန်ကုန်မြို့မှာပွဲမတိုင်ခင် ဘီဘုတ်လ်တွေ ၁၅ ခုလောက်ထောင်ပြီးချိန်၊ ကြိုတင်လက်မှတ်တွေရောင်းချချိန်မှာ စာနယ်ဇင်းရှင်းလင်းပွဲလုပ်သွားပါမယ်။ မဆင့်နဲ့ဖြစ်တဲ့ပြဿနာကို ကျွန်တော်တို့ဘက်က ပြောစရာကတော့ ကျွန်တော်တို့က စီးပွားရေးလုပ်တာပါ။ ဒီအနုပညာကိုဝါသနာပါလို့ စုစုစည်းစည်းလုပ်တာပေမယ့်ကျွန်တော်တို့သုံးနိုင်တဲ့ ငွေပမာဏ ဘတ်ဂျက်အတိုင်းအတာရှိပါတယ်။ ခု ဒီပွဲမှာ ဘတ်ဂျက်က နှစ်ဆသုံးဆတက်လာတဲ့အချိန်မှာ မလုပ်နိုင်ဘူးဖြစ်သွားတာပါ။ ပွဲဖျက်တာမဟုတ်ပါဘူး။ ရက်ရွှေ့တာပါ။ ခုတော့ ဒီလောက်ပဲ ပြောနိုင်ပါတယ်"ဟု ပြောကြားသည်။

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 62,400 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 110,400 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 189,100 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 107,500 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 281,300 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,900 |
| MSI G41 M-P33 (775) Motherboard | 60,500 |
| MSI P43- C51 (775) Motherboard | 79,700 |
| MSI P55A-GD65 (1156) Motherboard | 175,700 |
| ASUS P7H55D- M Pro (775) Motherboard | 116,200 |
| ASUS P7P55-LX (1156) Motherboard | 112,300 |
| ASUS P5P43 TD/USB3 (775) Motherboard | 103,700 |
| ASUS P5G41T-MLX (775) Motherboard | 60,500 |
| Gigabyte H57M-USB3 (1156) Motherboard | 133,400 |
| Gigabyte H55M-USB3 (1156) Motherboard | 123,800 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 23,000 |
| 2 GB DDR2 (800) Kingston Memory | 39,400 |
| 2 GB DDR3 (1333) Kingston Memory | 40,300 |
| **Harddisk** | |
| 250 GB Seagate SATA | 38,400 |
| 500GB Seagate SATA | 44,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 95,000 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 80,600 |
| MSI R5750-PM-2D 1GB PCI Express Card | 150,700 |
| ASUS EAH 5450 1GB PCI Express Card | 68,200 |
| ASUS EAH 5750 Formula 1GB PCI Express Card | 161,300 |
| ASUS EAH 4350 512 MB PCI Express Card | 43,200 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 139,200 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 105,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 4GB | 11,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 4GB | 12,000 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Xporter 2GB | 8,000 |
| Memory Stick Trandscend 4GB | 11,000 |
| Memory Stick SanDick 16GB | 33,000 |
| **UPS** | |
| SVC (600VA) | 29,500 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,700 |
| STAR (650 VA) LCD Display | 36,500 |
| Orient (650 VA) | 36,500 |
| Orient (1.2KVA) | 63,500 |
| **DVD Writer** | |
| Sony (SATA) | 30,700 |
| ASUS (SATA) | 31,700 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 210,000 |

Technoland ဆိုင်မှ အောက်တိုဘာ (၁၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0″ | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0″ | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0″ | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0″ | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |

မှတ်ချက်— အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၆)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၇ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၆)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀-၁၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၃၀-၆၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀-၄,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၇၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ(၁၆) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၅၀- ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၂၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၃၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၃၀၀-၄,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၃,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

အောက်တိုဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၅က | ၁၅၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီးR (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၄ | ၃ဂ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၅/၉၆နယ်စပ်သွင်း | ၄ဂ | ၅၀၀ |
| ရွှေငါး | ၂၀၀၂ | ၄ဂ | ၈၅၀-၉၀၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | ၁,၀၀၀ |

အောက်တိုဘာ(၁၅)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct(9) | Oct (10) | Oct(11) | Oct(12) | Oct(13) | Oct(14) | Oct(15) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# စက်ရုံ၊ အလုပ်ရုံကြီးများကို အန္တရာယ်ပေးလာနိုင်သော Stuxnet

ရှင်းသန့်(နေပြည်တော်)

သတင်းအချက်အလက်နည်းပညာ(IT) တိုးတက်လာသည့်နှင့်အမျှ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် Cyber Warefare အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိနေကြပါသည်။ Cyber Warefare သည် အနာဂတ်ပဋိပက္ခများကိုစုပေါင်းပြီး ပိုမိုခေတ်မီလာသော နည်းစနစ်များဖြင့် Cyber Attack ပြုလုပ်လာနိုင်သဖြင့် သတင်းအချက် အလက်နည်းပညာ(IT) အလွန်အမင်းအမှီပြုထားသော ခေတ်မီနိုင်ငံကြီး များအတွက် ပိုမိုသတိပြုနေကြရပြီဖြစ်ပါသည်။ ယခုတစ်လော Internet သတင်းများတွင် ခေတ်စားလာသော Stuxnet ဗိုင်းရပ်စ်သည် Cyber Warefare ၏ ရှေ့ပြေး Cyber Waepon ဖြစ်ကြောင်း Cyber နယ်ရှိ ကျွမ်းကျင်သူများက သတ်မှတ်ထားပြီး အထူးဂရုစိုက်စောင့်ကြည့်နေကြရပါသည်။ Stuxnet ကို ကမ္ဘာ့ပထမဆုံး ဆိုက်ဘာစူပါလက်နက် (First Cyber Weapon)အဖြစ် ကျွမ်းကျင်သူများက ယူဆကြပြီး၊ ၎င်း Stuxnet ဖြင့် တိုက်ခိုက်ခံရပါက ခုခံနိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်း များ ရှာဖွေလျက်ရှိပါသည်။

အင်တာနက်သတင်းများတွင် လေ့လာတွေ့ရှိချက်များအရ Stuxnet သည် စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ထိန်းချုပ်မှုစနစ်အား ရည်ရွယ်တိုက်ခိုက်သည့် Windows စနစ်အတွက် သီးသန့်ထုတ်လုပ်ထားသော Worm အမျိုးအစားဖြစ်ကြောင်း၊ အထူးသဖြင့် ဂျာမဏီအခြေစိုက် Siemens ၏ Win CC/PCS7 Supervisory Control And Data Acquisition (SCADA) Software အသုံးပြုသော ကွန်ပျူတာစနစ်များအား အဓိကထား တိုက်ခိုက်ကြောင်း၊ ကူးစက်ခံထားရသော USB Flash Drives များမှတစ်ဆင့် ကွန်ရက်အတွင်း WinCC ကွန်ပျူတာများအား အလိုအလျောက်ရှာဖွေကူးစက်ခြင်းဖြစ်ကြောင်း၊ Stuxnet သည် အခြားသော malware များကဲ့သို့ ငွေကြေးခိုးယူခြင်း၊ အရေးကြီးအချက်အလက်များ ခိုးယူခြင်းမျိုးမဟုတ်ဘဲ ရည်ရွယ်ထားသော ကွန်ပျူတာများသို့သာ အဓိကပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်သူသို့ အင်တာနက်ဖြင့် ပြန်လည်ချိတ်ဆက်ခြင်းမရှိကြောင်း သိရှိရပါသည်။

နည်းပညာပိုင်းဆိုင်ရာကုမ္ပဏီများ၏ ဖော်ပြချက်များအရ Stuxnet သည် နိုင်ငံကန့်သတ်ချက်မရှိဘဲ စက်ရုံ၊ အလုပ်ရုံများ၏ ထိန်းချုပ်မှုစနစ်များကို ဝင်ရောက်ဖျက်ဆီး၍ အလိုအလျောက်ပြောင်းလဲပြင်ဆင်ခြင်းများကို အန္တရာယ်ကြီးစွာပြုလုပ်နိုင်ကြောင်း၊ Stuxnet သည် ကိုယ်တိုင်မိတ္တူပွားပြီး အခြားကွန်ပျူတာများသို့ ကွန်ရက်မှတစ်ဆင့် ပျံ့နှံ့ကူးစက်နိုင်ကြောင်း၊ အထူးသဖြင့် Memmory Stick များမှတစ်ဆင့် ပျံ့နှံ့မှုပိုမိုတွေ့ရှိရကြောင်း၊ Cyber Weapon ၏ ရှေ့ပြေးပုံစံဖြစ်ပြီး၊ Industrial Infrastructure များအား တိုက်ခိုက်ရန် အဓိကရည်ရွယ်ထားခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ခုခု၏ ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းတစ်ခုခုမှ မြောက်မြားစွာသော ငွေကြေးအရင်းအနှီး၊ အချိန်နှင့် Software Engineering ကျွမ်းကျင်မှုတို့ပေါင်းစပ်၍ ဖန်တီးတိုက်ခိုက်လာခြင်းဖြစ်ကြောင်းသိရှိရပါသည်။

Stuxnet သည် Nuclear Facilities များ၊ ရေအားလျှပ်စစ်စက်ရုံများ၊ ဘိလပ်မြေစက်ရုံများ စသည်ဖြင့် ၎င်းတို့ပစ်မှတ်ထားသည့်စက်ရုံကြီးများကို ထိခိုက်နှောင့်နှေးစေရန် စက်ရုံ၏ အဓိကအစိတ်အပိုင်းကို ထိန်းချုပ်သော ကွန်ပျူတာအတွင်းသို့ ဝင်ရောက်ကာ ရေပန့်၊ မော်တာ၊ အချက်ပြစနစ်နှင့် အဆို့ရှင်(Valves)ကဲ့သို့သော အရေးပါသောနေရာများကို ထိန်းချုပ်စေကြောင်း၊ အဓိကအားဖြင့် စက်ရုံများရှိ ဘွိုင်လာအိုးများ ပေါက်ကွဲမှု၊ ဓာတ်ငွေ့ပိုက်လိုင်းများအား ပျက်စီးမှု၊ သို့မဟုတ် နျူကလီးယားစက်ရုံများကို ပျက်စီးစေခြင်းဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများ၏ထိန်းချုပ်မှုစနစ်များကို ဝင်ရောက်တိုက်ခိုက်ခံရခြင်းကြောင့် ယင်းစက်ရုံများသည် ပြိုကွဲပျက်စီးနိုင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလအထိ Stuxnet ကူးစက်ခံထားရသောနိုင်ငံများမှာ တရုတ်၊ အီရန်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဩစတြေးလျ၊ မလေးရှား၊ ဗြိတိန်တို့ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း Siemens ၏ WinCC/PCS7 SCADA Software နှင့် အခြား Industrial Control System အသုံးပြုသောစက်ရုံ၊ အလုပ်ရုံများရှိပါက Stuxnet ဝင်ရောက်ကူးစက်တိုက်ခိုက်ခံရခြင်းများဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ ဗိုင်းရပ်စ်ပျံ့နှံ့မှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ USB Flash Drives များ အသုံးပြုမှုကို ကန့်သတ်ထိန်းချုပ်ခြင်းများ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

## အရှင်ပုညာနန္ဒ တစ်နှစ်ပြည့် အောက်မေ့ဖွယ်ပူဇော်ပွဲကျင်းပမည်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးကို စတင်တည်ဆောက်တော်မူသော ဆရာတော် အရှင်ပုညာနန္ဒ ပျံလွန်တော်မူခြင်းတစ်နှစ်ပြည့်အောက်မေ့ဖွယ်ပူဇော်ပွဲအခမ်းအနားကို ၂၃. ၁၀. ၂၀၁၀ နေ့၌ သာကေတမြို့နယ်၊ နဝရတ်လမ်း၊ ၉ ရပ်ကွက် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်၏ တပည့်ယောဂီသူတော်စင်အပေါင်းတို့ ကြွရောက်ပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

## ညောင်ကုန်းမူလတန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**သဲကုန်း၊ အောက်တိုဘာ- ၁၀**

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့ ညောင်ကုန်းရပ်၊ အစိုးရမူလတန်းကျောင်းတွင် သတ္တမအကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။

၁၃၇၂ ခုနှစ် သတင်းကျွတ်လပြည့်နေ့ အင်္ဂလိပ်ပြက္ခဒိန်အရ ၂၀၁၀၊ အောက်တိုဘာ ၂၃ (စနေနေ့)နေ့လယ် ၂ နာရီတွင် အ. မ. က ညောင်ကုန်းကျောင်း၌ကျင်းပမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ကျောင်းသားဟောင်းများ တွေ့ဆုံပေါင်းစည်း ကန်တော့ကြမည်ဖြစ်သည်။

## စိန်ပေါလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့်ညစာစားပွဲကျင်းပမည်

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင်အောင်ကျော်ခန်းမ အ. ထ. က(၆)ဗိုလ်တထောင်၌ ကျင်းပပြီး ညစာစားပွဲကို ယင်းနေ့ညနေ ၆ နာရီခွဲတွင် တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)ဖုန်း- ၀၉-၅၀၁၃၆၂၃၊ ဦးသန်းအောင်-၅၅၆၇၇၊ ဦးကျော်ဇေယျ-၀၉-၅၁၅၃၆၄၀၊ ဦးကျော်လင်း- ၀၉-၅၀၁၅၈၆၀/၇၃၀၆၈၆၈၅၊ ဦးမောင်မောင်မြင့်ကျော်-၀၉-၈၀၃၀၅၅၉၊ ဦးချစ်လှိုင်-၅၆၄၄၈၇၊ ဦးအာသာလိန်း-၀၉-၅၀၇၆၂၇၈၊ ဦးဝင်းသန်းဦး-၀၉-၅၁၅၂၇၄၀၊ ဦးကျော်ဦးမြင့် ၀၉-၈၀၂၀၅၆၅၊ ဦးမင်းထွဋ်-၀၉-၅၁၃၈၀၉၅၊ ဦးမောင်မောင်-၀၉-၅၀၀၉၉၁၅၊ ဦးသိန်းဆွေ-၀၉-၅၁၉၃၄၃၄၊ ဦးစံရွှေ-၀၉-၅၀၈၀၃၈၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် Dinner Ticket များကိုလည်း အထက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ နံနက်ပိုင်းတွင်ကျင်းပမည့် အာစရိယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်လာသူအားလုံးကို နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

## စာ(၄၁) အောက်တိုဘာ ၁၀နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ မှ

ကမ္ဘာ့နိုင်ငံများတွင် ဆွေးနွေးခဲ့ကြသော အကြောင်းအရာဖြစ်သည့် လေထုအတွင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏ လျှော့ချရေးအတွက်စက်မှုပစ္စည်းကိရိယာများ လျှော့ချသုံးစွဲရေးနှင့် ဆိုလာ၊ လေ၊ ရေ၊ အလင်း၊ မြေကြီးတို့ကိုသုံးကာ ပြန်ပြည့်မြဲစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ကျေးရွာများတွင် ပြန်ပြည့်မြဲစွမ်းအင်သုံးကာ လျှပ်စစ်မီးရရှိရေးနှင့် သစ်ပင်စိုက်ပျိုးပေးခြင်းများလုပ်ဆောင်ပေးနေသည့် ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတစ်ခုဖြစ်သည်။ ထိုနေ့မှာပင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့တွင် ဖြစ်ပေါ်လျက်ရှိသော မြေဆီလွှာပြုန်းတီးပျက်စီးမှုများကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ပြီး အနုပညာနှင့်ပေါင်းစပ်ပြသသော မြေဆီသြဇာ(သို့မဟုတ်) Save Soil Art Cry ပြပွဲတစ်ခုကိုလည်း ပြသခဲ့သည်။ အောက်တိုဘာ ၁၀ အပါအဝင် သုံးရက်ကြာပြုလုပ်ခဲ့သော အဆိုပါမြေဆီလွှာထိန်းသိမ်းရေးအနုပညာပြပွဲကို စာရေးဆရာမဂျူး၊ ဒီဇိုင်းပညာရှင် ဦးမြင့်မောင်ကျော်နှင့် ဦးမြင့်ဇော်တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်သည်။

ထိုပြပွဲ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပညာရှင်များပါဝင်သော မြေဆီလွှာထိန်းသိမ်းရေးကို ဟောပြောဆွေးနွေးသည့် ဟောပြောပွဲတစ်ရပ်ကိုလည်း ကျင်းပခဲ့သည်။ ထိုနေ့မှာပင် မြန်မာနိုင်ငံတွင် ကျက်စားသောငှက်များကို ငှက်ဝါသနာရှင်ဓာတ်ပုံဆရာတစ်ဦး၏ ဓာတ်ပုံလက်ရာများကို စုစည်းပြသသည့် ပထမဆုံးငှက်ဓာတ်ပုံပြပွဲကိုလည်း ရွှေဂုံတိုင်ရှိတော်ဝင်နှင်းဆီပြခန်းတွင် ပြုလုပ်ခဲ့သည်။ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း BANCA ၏အတွင်းရေးမှူးက "ဒီပွဲက ငှက်နဲ့ပတ်သက်ပြီးပြတဲ့ ပထမဆုံးဓာတ်ပုံပြပွဲပဲ"ဟု ပြောကြားခဲ့သည်။

လူငယ်အများစုပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသည့် အဖွဲ့ငယ်များပူးပေါင်းကာ သစ်ပင်ပေါင်း ၃၅၀ ကို စိုက်ပျိုးခဲ့ကြသည်။ ယခုနှစ် ၁၀. ၁၀. ၂၀၁၀ ၏ ဇာတ်လိုက်ဟုပင် ပြော၍ရသည့်ကိန်းဂဏန်းဖြစ်သော လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို ၃၅၀ ပီပီအမ်အထိ လျှော့ချရေးအထိမ်းအမှတ်အနေဖြင့် အပင် ၃၅၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ထိုအပင်များကို သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ရွှေဘုံဦးဘုန်းတော်ကြီးကျောင်းတွင်စိုက်ပျိုးခဲ့ကြပြီး အစိမ်းရောင်မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ကြသည်။

အောက်တိုဘာ ၂၀ တွင် အစိမ်းရောင်မှတ်တိုင်များ စိုက်ထူသည့်အနေနှင့် အချို့ကသစ်ပင်များ စိုက်ပျိုးခဲ့ကြသလို အချို့က လောင်စာဆီသုံးစွဲရေးလှုပ်ရှားမှုအနေနှင့် စုပေါင်းစက်ဘီးစီးပွဲများကိုလည်း ပြုလုပ်ခဲ့ကြသည်။ အချို့ကတော့ ထူးထူးခြားခြားရေငုပ်ကာ ပင်လယ်ကြမ်းပြင်တွင် ၃၅၀ ကို ကျောက်ခဲများဖြင့် စာလုံးဖော်မှတ်တမ်းတင်ခဲ့ကြသည်။ အချို့နိုင်ငံများတွင်တော့ ကလေးသူငယ်များပါ ၃၅၀ အား ကလေး ၃၅၀ ဖြင့် စာလုံးပုံဖော်ခြင်းစသည့်လှုပ်ရှားမှုအထွေထွေကို အင်တာနက်စာမျက်နှာများမှ တစ်ဆင့်မြင်တွေ့ခဲ့ရသည်။

မြန်မာနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူလူငယ်များကလည်း အခြားနိုင်ငံ ၁၈၀ ကျော်နည်းတူ အစိမ်းရောင်မှတ်တိုင်ကို ၁၀. ၁၀. ၁၀ တွင် စိုက်ထူနိုင်ခဲ့ကြပေပြီ။ ။

## စာ(၂၆) မငြိမ်းသေးသောမီး မှ

ထို့နောက် အလုပ်ရှင်ကနိုင်ငံခြားခရီးထွက်မည်ဖြစ်သဖြင့် ကျန်သူများကို ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နောက်ပိုင်းမှ ပြန်ပေးမည်ဟုပြောသည့်အတွက်ကြောင့် လည်းကောင်း၊ ယာယီနိုင်ငံကူးလက်မှတ်စာအုပ်များကို ပြန်ပေးခဲ့သော်လည်း Work Permit (သို့) အလုပ်လုပ်ခွင့်လျှောက်ထားကြောင်း စာရွက်များပြန်မပေးသဖြင့်လည်းကောင်း အလုပ်သမားများအနေဖြင့် မကျေနပ်မှုပိုများလာသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် နိုင်ငံကူးလက်မှတ်ထုတ်ပြီးထားသူ အလုပ်သမား ၁၅ ဦး အလုပ်မှနုတ်ထွက်စာတင်ထွက်သွားသည်။ နောက်ပိုင်းတွင် နိုင်ငံကူးလက်မှတ်ပြန်ရသူ အလုပ်သမားအားလုံးနီးပါး နုတ်ထွက်စာထပ်မံတင်လာကြရာ စုစုပေါင်းအလုပ်သမား (၅၆၉)ဦးဖြစ်သည်။ အလုပ်ရှင်က ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၇ ရက်နောက်ဆုံးထွက်ရန်အကြောင်းကြားလာကြသည့်အခါ အလုပ်သမားများဘက်က လုပ်အားခနှင့်ကျန်နေသော စာရွက်စာတမ်းများပေးမှထွက်ပေးကြမည်ဟုအကြောင်းပြန်ကြသည်။

ထိုအခါ အလုပ်ရှင်ဘက်မှလည်း အလုပ်သမားများအား ပြည်နှင်မည်ဟု ခြိမ်းခြောက်မှုအမျိုးမျိုးပြုလုပ်လာသည်။ နှစ်ဖက်အခြေအနေတင်းမာလာကာ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၇ ရက်ညတွင် အလုပ်ရှင်ဘက်က လုံခြုံရေးခေါင်းဆောင်ထိုင်းလူမျိုးက သေနတ်မိုးပေါ်ထောင်ဖောက်သည်အထိဖြစ်လာသည်။ လုပ်ခများ ပြန်လည်ရှင်းပေးသည့်အခါတွင်လည်း ငွေကြေးဖြတ်တောက်မှုများ ဖြစ်လာသည့်အတွက် အခြားအလုပ်သမားများပါ ဆန္ဒပြမှုထဲပါဝင်လာကြသည်။

အလုပ်ရှင်က အလုပ်လုပ်ခွင့်ပါမစ်များကို ပြန်ထုတ်မပေးပါက အလုပ်ထွက်ကြမည့်အလုပ်သမားများအတွက် အလုပ်ပြောင်း၍မရအောင် ရည်ရွယ်ချက်ရှိရှိဖြင့် အလုပ်အကိုင်ရှာဖွေရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ဖြစ်နေသည်။ အလုပ်ရှင်အသစ် ၂ ဦးက ထိုအလုပ်သမားများကိုခေါ်ယူရန် ကြိုးစားနေသော်လည်း အလုပ်လုပ်ခွင့်ပါမစ်မရသေးသဖြင့် အခက်အခဲကြုံနေရသည်။ထို့စက်ရုံ၏ မြန်မာအလုပ်သမားအရေးမီးက မငြိမ်းသေးသည်ကတော့ သေချာနေပေသည်။ ။

Environment
7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# အောက်တိုဘာ ၁၀ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ

**အေးမြကျော်၊အိဖြူမွန်**

ထိုနေ့က ရန်ကုန်မြို့တစ်နေရာမှာ နံရံတွင်ငြိမ်သက်နေကြသော အရောင်စုံငှက်များကို ငေးမောကြည့်ရှုရန် ရောက်ရှိနေကြသူများရှိသလို လူတစ်စုကလည်း သစ်တောများပြုန်းတီးသဖြင့် ဇီဝမျိုးစုံမျိုးကွဲတွေပျောက်ကွယ်နေသည့် အကြောင်းမှအစ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲများအရည်ပျော်လာသည့်အကြောင်းအထိ ပြောကြားနေသည်များကို စိတ်ဝင်တစား နားထောင်နေကြသည်။


အိန္ဒိယနိုင်ငံရှိ မူလတန်းကျောင်းတစ်ခုတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏ ၃၅၀ပီပီအမ်အထိ လျှော့ချရန်ကြိုးပမ်းသည့်လှုပ်ရှားမှုနေနှင့် ကလေးငယ်များဖြင့် စာလုံးပုံဖော်နေစဉ်။ ဓာတ်ပုံ– www.350.org

နောက်တစ်နေရာတွင်တော့ လူကြီးလူငယ်အယောက်တစ်ရာကျော်ခန့်က သစ်ပင်ပေါင်း ၃၅၀ ကျော်ကို စုဝေးစိုက်ပျိုးနေခဲ့ကြသည်။ ထိုနေ့မှာပင် ရန်ကုန်မြို့တွင်းကအခြားနေရာတစ်ခုတွင်တော့ မြန်မာနိုင်ငံဒေသအချို့မှ မြေဆီလွှာ ပျက်စီးပြုန်းတီးနေသည့် သက်သေဓာတ်ပုံများကို တမေ့တမောကြည့်ရှုရင်း သဘာဝတရားပျက်စီးလာသည်ကို စိုးရိမ်နေသူများလည်းရှိခဲ့သည်။

နောက်တစ်နေရာတွင်တော့ ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်လာစေသည့် အဓိကတရားခံ ဖန်လုံအိမ်ဓာတ်ငွေ့အကြောင်းကို အသားပေးဆွေးနွေးခဲ့ကြသည်။ ပြန်ပြည့်မြဲစွမ်းအင်ကို သုံးကာ သဘာဝပတ်ဝန်းကျင်ကို မည်သို့ထိန်းသိမ်းကြမည်၊ လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရေးအတွက်လည်း အာရုံစိုက် ဆွေးနွေးခဲ့ကြသည်။ ဖော်ပြခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်နှီးနွှယ်သော လှုပ်ရှားမှုများမှာ ယခုနှစ်အတွက် ထူးခြားသောနေ့စွဲတစ်ခုဖြစ်သည့် ဆယ်ဂဏန်းသုံးလုံးတိုက်ဆိုင်သော အောက်တိုဘာ ၁၀ ရက် (၁၀-၁၀-၁၀)တွင် ပြုလုပ်ခဲ့ကြသည့် လှုပ်ရှားမှုများပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင်လည်း ထိုနေ့ကို ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းကို တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ကာ နိုင်ငံပေါင်း ၁၈၀ နိုင်ငံတွင် သစ်ပင်စိုက်ပျိုးမှုပေါင်း ၇၀၀၀ ကျော်ကိုပြုလုပ်ခဲ့ကြသည်။ အဓိကအားဖြင့် ထိုနေ့ကို ကမ္ဘာကြီး ပူနွေးလာသော အဓိက အကြောင်းရင်းဖြစ်သည့် လေထုအတွင်း ရောက်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ မှာ၃၉၀ PPM(Parts per million of carbondioxide) သို့ ရောက်ရှိနေသည်ကို ရှိသင့်သော ပမာဏဖြစ်သည့် ၃၅၀ ပီပီအမ်သို့ ပြန်လည်လျှော့ချရေးကို နိုင်ငံတိုင်းမှ ခေါင်းဆောင်များအရှိန်မြင့် ဆောင်ရွက်ရေးကို တွန်းအားပေးဆောင်ရွက်စေလိုသော ရည်ရွယ်ချက်အဖြစ်သတ်မှတ်ကြခြင်းဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်ခဲ့သလို မြန်မာနိုင်ငံတွင်လည်း အလားတူလှုပ်ရှားမှုများ ဆယ်ခုထက်မနည်းပြုလုပ်ခဲ့ကြသည်။

"ဒီအရေအတွက်ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုတွေမှာ အစပျိုးဆဲဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့တော့ အားရစရာကောင်းပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

မြန်မာပြန်ပြည့်မြဲစွမ်းအင်အသင်းက ကြီးမှူး၍ ကမ္ဘာကြီးပူနွေးမှုဖြစ်ပေါ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့များအကြောင်း ဟောပြောဆွေးနွေးသည့် ဟောပြောပွဲတစ်ရပ်ကို ယင်းတို့၏အသင်းရုံးခန်းတွင် ပြုလုပ်ခဲ့သည်။

စာ(၄၀) သို့

## မြစ်ဝကျွန်းပေါ် ငါးမြို့နယ်တွင် မြေဆီလွှာအတွင်း အက်ဆစ်ဓာတ်များနေ

**အိဖြူမွန်** **ရန်ကုန်၊ အောက်တိုဘာ- ၉**

ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် မြေဆီလွှာ၏ PH Level ကို တိုင်းတာရာမြို့နယ်ငါးမြို့နယ်တွင် လိုအပ်သည့်ပမာဏထက် အက်စစ်ဓာတ်များနေသည်ကိုတွေ့ရှိရကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဦးထွန်းလွင်က ပြောသည်။

အက်ဆစ်ဓာတ်များသောမြို့နယ်များမှာ လပွတ္တာ၊ ဘိုကလေး၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းနှင့် ငပုတောမြို့နယ်တို့ဖြစ်သည်။ Soil PH Level သည် ၄ မှ ၆ ဒသမ ၄ ရှိသည်။ ယင်းပမာဏသည် စိုက်ပျိုးဖြစ်ထွန်းမှုနည်းသော အခြေအနေဖြစ်ကြောင်း အချဉ်ဓာတ်များသော မြေဆီလွှာဖြစ်သောကြောင့် မြေဆီဩဇာကောင်းရစေရန်ပြုပြင်ရာ၌ အဖန်ဓာတ်ပြန်လည်ဖြည့်စွမ်းရမည်ဖြစ်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"မြေဆီလွှာမှာ အချဉ်ဓာတ်ရယ်၊ အဖန်ဓာတ်ရယ်နှစ်မျိုးပဲရှိတယ်။ ဒီပမာဏကတော့ အချဉ်ဓာတ်သတ်မှတ်မှုပမာဏအောက် ရောက်တာပေါ့။ သီးနှံအထွက်မကောင်းဘူးလို့ပြောလို့ရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်းအနီးရှိကျေးရွာများတွင် စပါးအထွက်နှုန်းသည် တဖြည်းဖြည်းလျော့နည်းလာပြီး အရည်အသွေးမကောင်းသောကြောင့် ယခုအခါ တရုတ်နယ်စပ်မှ အဆွဲများသော မိကျောင်းကွမ်းဖတ်(ခ) ပင်လယ်နှမ်ကို လယ်ကွက်၏ထက်ဝက်စိုက်ပျိုးလာကြကြောင်း သိရသည်။

## အစုအဖွဲ့ပိုင်သစ်တော ဧက ခုနစ်ထောင်ကျော် သစ်တောအခြေအနေပြန်စစ်မည်

**အိဖြူမွန်** **ရန်ကုန်၊ အောက်တိုဘာ-၁**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ငါးနှစ်အတွင်း တည်ထောင်ခဲ့သော (Coummunity Forest) အစုအဖွဲ့ပိုင်သစ်တောဧက ၇၅၀၀၏ သစ်တောအခြေအနေကို ပြန်လည်စိစစ်မည်ဖြစ်ကြောင်း UNDP မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးထွန်းပေါ်ဦးကပြောသည်။

"စီအက်ဖ်တရားဝင်ဖြစ်အောင် လက်ရှိအပင်အခြေအနေ ဘယ်လိုရှိလဲဆန်းစစ်နေတယ်။ သစ်တောပျက်စီးနေရင်လည်း ပြန်ပြင်လို့ရတာပေ့ါ။ REDD အတွက်လည်း အဆင်သင့်ဖြစ်လို့ရတာပေ့ါ။ REDD လုပ်ငန်းပေါ်လာရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်းကောင်းတယ်။ ဝင်ငွေလည်းရတာပေ့ါ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယင်းဧက ၇၅၀၀ သည် ၂၀၀၃ နှင့် ၂၀၀၈ ခုနှစ်အတွင်းပြုစုခဲ့သော အစုအဖွဲ့ပိုင်သစ်တောဖြစ်သည်။ ယင်းဧကများတွင် ပြန်လည်စိုက်ပျိုးထားသော သစ်တောများပါသလို သဘာဝတောများပျက်စီးလာမှုကိုထိန်းသိမ်းထားသည့် အစုအဖွဲ့ပိုင်သစ်တောများလည်းပါဝင်သည်။UNDP မှအစုအဖွဲ့ပိုင်သစ်တောများကိုကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်အဓိကထားလုပ်ဆောင်ထားသည်။ အစုအဖွဲ့ပိုင်သစ်တောသည် ဒေသခံကျေးရွာလူထုများနှင့်အများစုဖွဲ့စည်းရပြီးပိုင်ဆိုင်မှုသည်နှစ်သုံးဆယ်ရှိပြီး၊ ထုခွဲရောင်းချခွင့်မှလွဲ၍စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းခြင်းကိုသားစဉ်မြေးဆက်လွှဲပြောင်းယူခွင့်ရှိသည်။ ယင်းအစုအဖွဲ့ပိုင်သစ်တောမှသစ်တောထွက်ပစ္စည်းကိုမျှောစာဖြင့်ထုတ်ယူခွင့်ရှိသည်။



Tourism
7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ကိုရီးယားလေကြောင်းလိုင်းဓာတ်ပုံပြိုင်ပွဲတွင် မြန်မာဓာတ်ပုံဆရာခုနစ်ဦးဆုရ



*ဓာတ်ပုံလမင်းနိုင်၏ ဆုရလက်ရာ။*

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

ကိုရီးယားလေကြောင်းလိုင်းမှ ကျင်းပပြုလုပ်သောခရီးသွားဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုရစာရင်းတွင်ခုနစ်ဦးပါဝင်ခဲ့ကြောင်း ယင်းဓာတ်ပုံပညာရှင်များထံမှသိရသည်။

ဆုရရှိသူများတွင် ငွေဆုကိုဒေါ်ခင်ဥမ္မာနိုင်က ဆွတ်ခူးရရှိခဲ့ပြီး၊ နှစ်သိမ့်ဆုများကို ဦးအောင်ပြည့်စိုး၊ ဦးကျော်သာ၊ ဦးလင်းထွန်း၊ ဦးထွန်းထွန်း(CC)၊ ဦးဇော်ဇော်ထွန်းတို့က ရရှိခဲ့ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုအနေဖြင့် Eco Price ဆုကို လမင်းနိုင်က ရရှိခဲ့ကြောင်း သိရသည်။

ဆုရသူများကို ယခုလဒုတိယပတ်အတွင်းက အီးမေးလ်မှတစ်ဆင့်အကြောင်းကြားလာခဲ့ပြီး ဆုရဓာတ်ပုံလက်ရာများအား ကိုရီးယားလေကြောင်းလိုင်း၏ ဝက်ဘ်ဆိုက်ဖြစ်သော www.photo.koreanair.com တွင် လွှင့်တင်ထားသည်။ ထိုဆုရဓာတ်ပုံများကိုပြသမည့် ဓာတ်ပုံပြပွဲတစ်ရပ်လည်း ကျင်းပရန်ရှိသဖြင့် ပြိုင်ပွဲဝင်မူရင်းဓာတ်ပုံများကို ဆုရသူများထံမှ တောင်းခံထားကြောင်း သိရသည်။

# ချောင်းသာသွားကားများ စိန်တောင်လမ်းဆုံကိုပိုအသုံးပြုလာ

**အောင်သူရ**


**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ပုသိမ်မြို့မှ ချောင်းသာကမ်းခြေသို့သွားရာတွင် ငွေဆောင်၊ ပုသိမ်လမ်းပေါ်ရှိ စိန်တောင်လမ်းဆုံမှတစ်ဆင့်သွားသည့် လမ်းကိုသာ အဓိကအသုံးပြုလာကြကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ ပြောသည်။ ပုသိမ်ငွေဆောင်လမ်းပေါ်ရှိ စိန်တောင်လမ်းဆုံမှ ချောင်းသာကမ်းခြေသို့သွားသည့် လမ်း(ဂျက်ကာလမ်း)အား ကတ္တရာလမ်းခင်းပြီး၍ ယခုလဆန်းမှစ၍ သွားလာကြခြင်းဖြစ်သည်ဟု ဒေသခံများကဆိုသည်။

"ပုသိမ်တံတားကနေ စိန်တောင်လမ်းစုံထိ ၅ မိနစ်၊ အဲဒီလမ်းစုံကနေချောင်းသာလမ်းထိမိနစ် ၂၀ စုစုပေါင်း ချောင်းသာထိဆို တစ်နာရီခွဲလောက်ပဲ မောင်းရတော့တယ်" ဟု ကိုယ်တိုင်သွားရောက်ခဲ့သူတစ်ဦးကပြောသည်။ အဆိုပါလမ်းသစ်မှ ယခင်လမ်းဟောင်းထက်ကောင်းမွန်သဖြင့် ယခုအခါ ပုသိမ်ချောင်းသာလိုင်းကား တချို့မှလွဲ၍ ကျန်အားလုံးမှာအဆိုပါလမ်းသစ်မှ သွားလာနေကြသည်။

ယခင်ပုသိမ်တံတားအလွန် လက်ယာဘက်လမ်းခွဲမှာ သွားရသည်။ ချောင်းသာလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထိုလမ်းမှာပျက်စီးနေသဖြင့် ထိုလမ်းမှသွားပါက ၂ နာရီကျော်မောင်းနှင်ရသည်။ ယခုစတင်အသုံးပြုနေသောဂျက်ကာလမ်းခွဲမှာ ငွေဆောင်ကမ်းခြေစတင်ဖွင့်လှစ်စဉ်ကချောင်းသာမှငွေဆောင်သို့သွားသည့်(ဖြတ်လမ်း) မြေသားလမ်းဖြစ်ပြီး ယခုအခါအဆိုပါလမ်းအား ကတ္တရာခင်းပြီးဖြစ်သည်။

# အာဆီယံမိသားစု ကားမောင်းပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်နိုင်



*ယမန်နှစ်မှ ပြိုင်ပွဲကြော်ငြာ*

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၅**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့အပါအဝင် နေရာငါးခု၌ပြုလုပ်မည့် အာဆီယံမိသားစုကားမောင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်လိုသူများစာရင်းပေးနိုင်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းကထုတ်ပြန်သည်။ အဆိုပါပြိုင်ပွဲသို့ခရီးသွားလုပ်ငန်းမှ ကိုယ်စားလှယ်လေးဦးတက်ရောက်နိုင်ပြီး ထိုကိုယ်စားလှယ်များအတွက် အသွားအပြန်လေယာဉ်လက်မှတ်နှင့် နေထိုင် စားသောက်စရိတ်များအား ထိုင်းနိုင်ငံခရီးသွားနှင့်အားကစားဝန်ကြီးဌာနမှကျခံပေးမည်ဟုထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သွားရောက်ယှဉ်ပြိုင်လိုများသူအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းလိုင်စင်ရှိရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။အဆိုပါကားမောင်းပြိုင်ပွဲအား နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဘန်ကောက်မြို့နှင့် Nakhon Pathom၊ Samutsong Khram၊ Petchbari and Prachuab Kirikhan ပြည်နယ်များတွင် ကျင်းပမည်ဖြစ်သည်။

# ကျိုက္ခမီရေလယ်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်ထား



**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ အောက်တိုဘာ- ၁၂**

မွန်ပြည်နယ်၊သံဖြူဇရပ်မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကျိုက္ခမီမြို့ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက် (အောက်တိုဘာ ၂၂ မှ ၂၈)ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ *စာ(၁၈) သို့*



The Cartoon Logo






















YKKO
Group of Companies Limited
YKKO ၏ (၂၂) နှစ်မြောက်
နှစ်ပတ်လည်နေ့ နှင့် ဝါကျွတ်ပွဲတော်အခါသမယတွင်
မိတ်ဆွေ၊ မိတ်သင်္ဂဟများအား
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း
YKKO မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
YKKO ဆိုင်ခွဲတိုင်းတွင်
(၂၃.၁၀.၂၀၁၀) ရက် (စနေနေ့) ၌
စားသုံးသူ မိတ်ဆွေ၊ မိတ်သင်္ဂဟများအား
အထူးလက်ဆောင်များပေးသွားမည်ဖြစ်ကြောင်း.........
Serving with our heart
YKKO Group of Companies Limited
Bag
Ball Pen
Coffee Mug
Note Pad


SUHEUNG CAPSULE
နုပျိုခြင်းအတွက် အဓိကလိုအပ်ချက်
Anti-Aging Formula
ALODISE
Fish Collagen + Aloe Vera
အလိုဒိုက်(စ်)
သဘာဝရဲ့
အလှလက်ဆောင်


Monte
O-Mar Cake
Monte
O-Mar Cake
Enjoyable Taste Of New Product
Myanmar Mayson Industries Co., Ltd.
No.(1), Bo Aung Kyaw Street, Industrial Zone(4), Hlaing Tharyar Township, Yangon-Myanmar.
Tel: 685096, 685080 Fax: 685166, 684318 E-mail:mmi.96@myanmar.com.mm

7DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010





## Leader's Profile

## ဂါနာနိုင်ငံသမ္မတ ဂျွန်အက်တာမီးလ်စ်

ရဲမင်း

အနောက်အာဖရိကတွင် တည်ရှိပြီး အရှေ့ဘက်တွင် တိုဂိုနိုင်ငံ၊ အနောက်ဘက်တွင် အိုင်ဗရီကို့စ်၊ မြောက်ဘက်တွင် ဘာကီနာဖာဆိုနှင့်တောင်ဘက်တွင် ဂူနီးယားပင်လယ်ကွေ့နှင့် ထိစပ်နေသော ဂါနာသမ္မတနိုင်ငံ၏ သမ္မတအဖြစ် မစ္စတာဂျွန်အက်တာမီးလ်သည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင်ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဂျွန်အား ၁၉၄၄ ခုနှစ်ဇူလိုင်လ ၂၁ ရက်တွင် ဂါနာနိုင်ငံအနောက်ပိုင်း တာခွားဒေသ၌မွေးဖွားခဲ့သည်။ ဂျွန်သည် အချီမိုတိုအထက်တန်းကျောင်းတွင် တက်ရောက်ခဲ့ပြီး ဂါနာတက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ ၎င်းတက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် ၁၉၆၇ ခုနှစ်တွင် ဥပဒေလက်မှတ်တစ်ခုလည်း ရယူခဲ့သောဂျွန်သည် လန်ဒန်တက္ကသိုလ်သို့ ရောက်ရှိသောအခါ အရှေ့တိုင်းနှင့် အာဖရိကသင်ယူမှုကျောင်းတွင် ဥပဒေဒေါက်တာဘွဲ့ရရှိရန် ဆက်လက်သင်ယူခဲ့သည်။ ယင်းမှနေ၍ အမေရိကန်နိုင်ငံ စတန်းဖို့ဒ်ဥပဒေကျောင်းမှ Fulbight ပညာရှင်အဖြစ်ရွေးချယ်ခံရသည်။

လန်ဒန်တက္ကသိုလ်မှ ဥပဒေဒေါက်တာဘွဲ့ရရှိခဲ့ပြီးနောက် မစ္စတာဂျွန်မီးလ်သည် ၎င်းအဆင့်မြင့်ပညာစတင်သင်ယူခဲ့ရာ ဂါနာတက္ကသိုလ်ဥပဒေဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဂျွန်မီးလ်သည် ဂါနာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတွင် အနှစ် ၂၀ နီးပါး စာသင်ကြားခဲ့ပြီး ကထိကရာထူးမှတွဲဖက် ပါမောက္ခရာထူးအထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ဘုတ်အဖွဲ့၊ ကော်မတီအဖွဲ့များအပြားတွင်လည်း ပါဝင်ခဲ့သည်။ ၎င်းအပြင် မစ္စတာဂျွန်မီးလ်သည်ဧည့်ကထိက၊ ဧည့်ပါမောက္ခအဖြစ် ကမ္ဘာတစ်ဝန်းမှ တက္ကသိုလ်များ၊ ပညာရေးဌာနများသို့ သွားရောက်ခဲ့သလို ပညာရေးဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများတွင် သုတေသနစာတမ်းများ တင်သွင်းခဲ့သည်။

မစ္စတာဂျွန်မီးလ်သည် အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ စာတမ်းအမြောက်အမြား ပြုစုရေးသားခဲ့ပြီး ယင်းစာတမ်းအများစုကို ဂါနာတက္ကသိုလ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့အပြင် မစ္စတာဂျွန်မီးလ်သည် ဂါနာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ပတ်သက်သောအဖွဲ့အစည်းများတွင် စာမေးပွဲစစ်ဆေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟော်ကီကစားခြင်းနှင့် ရေကူးခြင်းကို နှစ်သက်သော မစ္စတာဂျွန်မီးလ်သည် ဂါနာအမျိုးသားအားကစားကောင်စီနှင့် ဂါနာဟော်ကီအစည်းအရုံးတို့တွင်လည်း ပါဝင်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဂျွန်မီးလ်သည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် အမျိုးသား ဒီမိုကရက်တစ် ကွန်ဂရက်ပါတီ (NDC) ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရသည်။ ယင်းမတိုင်မီ မစ္စတာဂျွန်မီးလ်သည် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိဂါနာသမ္မတ ဂျယ်ရီရောလင်းစ်၏လက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း အနိုင်မရရှိခဲ့ပေ။ ၂၀၀၆ ခုနှစ်တွင်မူ ၎င်းတို့ပါတီအား ကိုယ်စားပြု၍ သမ္မတရွေးကောက်ပွဲဝင်ရန် NDC ပါတီက မစ္စတာဂျွန်မီးလ်အား တစ်ခဲနက်ထောက်ခံခဲ့သည်။ သို့ဖြင့် မစ္စတာဂျွန်မီးလ်သည် ၂၀၀၈ ခုနှစ်တွင် ဂါနာနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ သို့သော် လွယ်လွယ်ကူကူ နိုင်ငံ၏ သမ္မတဖြစ်လာသည်မဟုတ်ဘဲ သုံးကြိမ်သုံးခါ မဲခွဲခံယူပြီးမှသာ ၎င်း၏ လက်ရှိအာဏာရပါတီ ပြိုင်ဘက်အပေါ် ပွတ်ကာသီကာ မဲအသာရ၍ ဂါနာနိုင်ငံ၏ သမ္မတဖြစ်လာခြင်းဖြစ်သည်။

မစ္စတာဂျွန်အက်တာမီးလ်သည် အာနက်တီနာနာဒူးမီးလ်နှင့်အိမ်ထောင်ပြုထားပြီး ပထမအိမ်ထောင်ဖြင့် ၁၉ နှစ်အရွယ်သားတစ်ဦး ရရှိထားသည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး - သက်တမ်းဝက်ရွေးကောက်ပွဲတွင် ၂၀၀၈ မဲဆွယ်ကာလ စိတ်အားထက်သန်မှုမျိုးရရှိရန် အိုဘားမားပြုလုပ် မှ

"လူတိုင်းက ပြောနေကြတယ်။ 'မဟုတ်ဘူး၊ ခင်ဗျားမလုပ်နိုင်ဘူး' ဆိုပြီး၊ ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာတော့ 'ဟုတ်တယ်၊ ကျွန်တော်တို့ လုပ်နိုင်တယ်'လို့ပြောခဲ့ကြပါတယ်"ဟု လူပေါင်း ၃၅,၀၀၀ ရှိသော ထောက်ခံသူများအား အိုဟိုင်းယိုးပြည်နယ်တက္ကသိုလ်တွင် အိုဘားမားကပြောကြားသည်။

ထို့အပြင် ရီပက်ဘလေကန်များသည် အာမခံကုမ္ပဏီများနှင့် ဝေါလ်စထရီဘဏ်များကဲ့သို့ အထူးအကျိုးစီးပွားအုပ်စုများနှင့် လက်ဝါးချင်းရိုက်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။ သို့သော် ဒီမိုကရက်များသည် ခက်ခဲသောတိုက်ပွဲနှင့် ရင်ဆိုင်နေရကြောင်း အိုဘားမားကအသိအမှတ်ပြုပြောဆိုသည်။

"ရိုးရိုးသားသားပြောရမယ်ဆိုရင် ဒါဟာ ခက်ခဲတဲ့ရွေးကောက်ပွဲပါ" ဟု အိုဘားမားက ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးအနေဖြင့် အိုဘားမား၏ ဒီမိုကရက်များသည် အမေရိကန်ကွန်ဂရက်၏ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တွင်ပါအမတ်နေရာများဆုံးရှုံးမည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ ဤသို့ဆိုပါက ရာသီဥတုပြောင်းလဲမှုဥပဒေပြဋ္ဌာန်းရေး၊ အခြေခံအဆောက်အဦများတိုး တက်စေရေးစသည့် ၎င်း၏ဦးစားပေးကိစ္စရပ်များကို အကောင်အထည်ဖော်ရန်ခက်ခဲမည်ဖြစ်သည်။

—*Ref: Reuters/HP*

### နောက်ကျောဖုံး - ယဉ်ကျေးမှုပေါင်းစုံစည်းလုံးရေးဝါဒ ဂျာမနီတွင် ကျဆုံးသွားပြီဟု ဝန်ကြီးချုပ်မာကယ်လ်ပြောကြား မှ

သူမအား ဝေဖန်မှုများကို အဆုံးသတ်ရေးရည်ရွယ်ထားပုံရသည်ဟု ရိုက်သတင်းကဖော်ပြသည်။

အတိတ်ကာလများတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် လိုအပ်ချက်အနည်းငယ်သာရှိခဲ့ကြောင်း မာကယ်လ်က ပြောကြားပြီး ၎င်းတို့အနေဖြင့် ကျောင်းတွင်အဆင်ပြေစေရန် အလုပ်အကိုင်အခွင့်အရေးများရရှိရန် ဂျာမန်ဘာသာကိုသင်ယူသင့်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားသည်။

—*Ref: Reuters*

## ဆုကြေးကန်ဒေါ်လာ တစ်သန်းလိုချင်သောကြောင့် အိုဘားမားရှေ့ ကိုယ်ဗလာနှင့်ဖြတ်ပြေးခြင်းဟု ကန် လူငယ်ဆို

**ဖီလာဒဲလ်ဖီယား၊ အောက်တိုဘာ - ၁၁**

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီယားမှ ဂျူအန်ရိုဒရီဂွက်ဇ်ဆိုသူ လူငယ်တစ်ဦးသည် ကန်သမ္မတအိုဘားမား၏ အရှေ့တွင် ကိုယ်ဗလာဖြင့် ဖြတ်ပြေးနိုင်ပါက ဆုငွေကန်ဒေါ်လာတစ်သန်းပေးမည်ဟု ကြေညာထားသော ဗြိတိသျှဘီလျံနာတစ်ဦး၏ ကမ်းလှမ်းချက် ဆုကြေးကို လိုချင်သောကြောင့်အိုဘားမားတက်ခဲ့သည့် ဒီမိုကရက်တစ်ပါတီ ချီတက်ပွဲတစ်ခုတွင် အထက်ပါအတိုင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ဂျူအန်ရိုဒရီဂွက်ဇ်(၂၄နှစ်)သည် (တနင်္ဂနွေနေ့) ယင်းချီတက်ပွဲတွင် ကိုယ်ဗလာဖြင့် စတန့်ထွင်မှုကြောင့် အဖမ်းခံခဲ့ရသူဖြစ်သည်။

သို့သော် ၎င်း၏ လုပ်ရပ်သည်အောင်မြင်မှုရှိ၊ မရှိကိုမူ မိမိအသေအချာမသိရသေးကြောင်း ဗြိတိသျှဘီလျံနာ အယ်လ်ကီဒေးဗစ် (၄၂ နှစ်)က ပြောသည်။ သူဌေးဒေးဗစ်သည် ၎င်းပိုင်ရုပ်သံလိုင်းတစ်ခုနှင့် ဝက်ဘ်ဆိုက် Battleman.com တွင်သမ္မတ အိုဘားမားရှေ့၌ ကိုယ်ဗလာဖြင့် ဖြတ်ပြေးကာ သမ္မတမြင်နိုင်၊ ကြားနိုင်သည့် အကွာအဝေးအတွင်း ၎င်းကို ခြောက်ကြိမ်တိတိ အော်ဟစ်နိုင်သူကိုဆုကြေးကန်ဒေါ်လာ တစ်သန်းပေးမည်ဟု ကြေညာ ထားသူဖြစ်သည်။

၎င်းကနယူးယောက်ဒေးလ်လီးနယူးစ်သတင်းစာသို့ "ဒါဟာ တစ်စုံတစ်ဦးက စတင်လုပ်ဆောင်တဲ့ အားထုတ်မှုပါပဲ။ သူအောင်မြင်လား၊ မအောင်မြင်ဘူးလားဆိုတာ ကျွန်တော်မသိရသေးပါဘူး။ ဒါပေမဲ့ သူလုပ်နိုင်ခဲ့တယ်ဆိုရင် ကျွန်တော်သူ့ကို ဆုကြေးပေးရမှာပါ။ စည်းမျဉ်းတွေချထားတာကတော့ရှင်းရှင်းလင်းလင်းပါပဲ။ သူလုပ်ခဲ့တဲ့ အလုပ်အတွက် အထောက်အထား ပြည့်ပြည့်စုံစုံရဖို့ ကျွန်တော်စောင့်မျှော်နေပါတယ်" ဟုပြောသည်။

—*Ref: UPI*

## အစိုးရ၏ ပင်စင်အစီအစဉ်ကို မကျေနပ် ပြင်သစ်ပြည်သူများ စံချိန်တင် ဆန္ဒပြ

**ပါရီ၊ အောက်တိုဘာ - ၁၃**

ပင်စင်စနစ် ပြောင်းလဲပစ်ရေး ပြင်သစ်သမ္မတဆာကိုဇီ၏ အစီအစဉ်အား ကန့်ကွက်ဆန္ဒပြရန် ပြင်သစ်နိုင်ငံတွင် လူအများအပြား လမ်းပေါ်ထွက်ဆန္ဒပြနေကြရာ စံချိန်တင်သောအရေအတွက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ သပိတ်မှောက်မှုကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဆိုးဆိုးဝါးဝါးပြတ်တောက်ခဲ့ကြောင်းသိရသည်။

ယင်းကန့်ကွက်ဆန္ဒပြမှုများကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်းတွင် လေကြောင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ တစ်လအတွင်း လေးကြိမ် ပြတ်တောက်ခဲ့ရကြောင်း ဝါရှင်တန်ပို့စ်က သတင်းဖော်ပြသည်။ အလုပ်သမားများမှာ ပင်စင်ယူသည့်အရွယ်ကို အသက် ၆၀ မှ ၆၂ နှစ်သို့ တိုးမြှင့်ခြင်းနှင့် စီးပွားရေးလုပ်ငန်းကြီးများနှင့် သမ္မတဆာကိုဇီအစိုးရကြား ဆက်ဆံရေးအပါအဝင် အခြားမကျေနပ်မှုအများအပြားအတွက်လည်း ဆန္ဒပြနေခြင်းဖြစ်သည်။

သို့သော် ခေါင်းမာသော ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သူ သမ္မတဆာကိုဇီကလည်း ၎င်းရှေ့တန်းတင်ထားသော ပြုပြင်ပြောင်းလဲမှုကို လျှော့ပေးရန် အလားလာအရှိပုံမရကြောင်းသိရသည်။

ယခုဆန္ဒပြမှုများကိုနောက်ဆုံးတိုက်ပွဲဟု ပြင်သစ်မီဒီယာများက ခေါ်ဝေါ်ခဲ့ကြသည်။ "ပါလီမန်ကရေးတာကို လမ်းတွေက ဖျက်ပစ်နိုင်တယ်"ဟုဆန္ဒပြသူတစ်ဦး၏ လက်ပတ်ပေါ်တွင်ရေးထားကြောင်း ဝါရှင်တန်ပို့စ်က ဖော်ပြသည်။

"ကျွန်တော်တို့ ဆက်ပြီးဆန္ဒပြပါမယ်။ အထက်လွှတ်တော်အမတ်တွေက (ဥပဒေကို)မဲပေးပြီးရင်တောင် ဒီလှုပ်ရှားမှုက ရပ်တန့်သွားမှာမဟုတ်ပါဘူး"ဟု အထွေထွေ အလုပ်သမားဖက်ဒရေးရှင်း၏ အတွင်းရေးမှူးချုပ်ဘားနက်သီးဘော့တ်က ပြောကြားသည်။

ယင်းပင်စင်ဥပဒေကိုအောက်တိုဘာလကုန်ပိုင်းတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းရန်ရှိကြောင်း သိရသည်။

—*Ref: Reuters/UPI*

### နောက်ကျောဖုံး - အီရတ်စစ်ပွဲစာရွက်စာတမ်းများ Wikileaks ဖော်ထုတ်မည်ကို ရင်ဆိုင်ရန် ပင်တဂွန်ပြင်ဆင်

သို့သော် စာရွက်စာတမ်းများ ပေါက်ကြားမှုနှင့်ပတ်သက်၍ အကျွမ်းတဝင်ရှိသူများကမူ Wikileaks သည် အနည်းဆုံးနောက်ထပ်ရက်သတ္တပတ်အထိ စာရွက်စာတမ်းများအား ဖော်ထုတ်နိုင်ဦးမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ပေါက်ကြားမှုသာ ပေါ်ပေါက်ဖြစ်ခဲ့ပါက ယင်းမှာ ဇူလိုင်လအတွင်း ဖော်ထုတ်ခဲ့သော အာဖဂန်စစ်ပွဲစာတမ်းပေါင်း ၇၀,၀၀၀ ပေါက်ကြားမှုထက် ပိုမိုကြီးမားသောပမာဏဖြစ်နိုင်ကြောင်းသိရသည်။ ဇူလိုင်လက Wikileaks မှ ပေါက်ကြားခဲ့မှုကြောင့် ကိုးနှစ်ကြာ အာဖဂန်စစ်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံမှုများပေါ်ထွက်ခဲ့သည်။ အာဖဂန်စာရွက်စာတမ်းများ ပေါက်ကြားခဲ့မှုမှာ အမေရိကန်စစ်ဘက်သမိုင်းတွင် အကြီးအကျယ်ဆုံးလုံခြုံရေး ချိုးဖောက်ခဲ့မှုဖြစ်သည်။

—*Ref: Reuters*

### နောက်ကျောဖုံး - သွေးလွန်တုပ်ကွေး ရောဂါအားတိုက်ဖျက်ရန် မှ

ဓာတ်ခွဲခန်းစမ်းသပ်မှုများတွင်အောင်မြင်မှုရ၍ ၎င်းတို့အနေဖြင့် ယခုအစီအစဉ်ကို အကောင်းဖက်က ရှုမြင်ကြောင်း မလေးရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

"ဒါဟာ ပထမဆုံးပရောဂျက်ပါ။ အလုပ်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု မလေးရှားနိုင်ငံ၌ပြုလုပ်နေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နီးနှောဖလှယ်ပွဲကာလတွင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က သတင်းထောက်များအား ပြောကြားသည်။

အေးဒီးစ်အေဂျင်တီခြင်ကြောင့် ပြန့်ပွားသော သွေးလွန် တုပ်ကွေးအဖျားရောဂါသည် အာရှနှင့်လက်တင်အမေရိကတို့တွင် ဖြစ်ပွားမှုနှုန်းများသည်။ ၎င်း၏ ရောဂါလက္ခဏာများတွင် အပြင်းဖျားခြင်း၊ အရိုးအဆစ်များနာကျင်ခြင်း၊ ပျို့အန်ချင်စိတ်ဖြစ်ခြင်းတို့ပါဝင်သည်။ ရောဂါပြင်းထန်ပါက ကိုယ်တွင်းသွေးယိုစီးခြင်း၊ အသည်းကြီးလာခြင်း၊ သွေးလေလည်ပတ်မှုရပ်တန့်သွားခြင်းနှင့် အသက်သေသည်အထိဖြစ်နိုင်သည်။ ယင်းရောဂါအတွက် ကုသဆေးနှင့် တစ်သက်တာကာကွယ်ဆေးလည်း မပေါ်သေးပေ။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း မလေးရှားနိုင်ငံတွင် သွေးလွန်တုပ်ကွေးကြောင့် လူ ၁၁၇ ဦးသေဆုံးခဲ့ရာ ယင်းမှာ ယမန်နှစ်ကထက် ၆၅ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။

—*Ref: Cnannel News*

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# “ ကျွန်မတို့ မိတ်ဆွေတွေ လိုချင်ပါတယ်

## ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာဝါဂျတ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



ပြီးခဲ့တဲ့ငါးနှစ်တာကာလအတွင်းကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ကမ္ဘာ့အကျင့်ပျက်ခြစားမှုအများဆုံးတိုင်းပြည်တစ်ပြည်ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့ကာလမှာတော့ ဘင်္ဂလားဒေ့ရှ်ဆိုတာ ဝေါလ်စထရီရဲ့ အချစ်တော်ဖြစ်လို့လာနေပါတယ်။ ဒါကြောင့် နယူးစ်ဝိခ်မဂ္ဂဇင်းဟာမကြာသေးမီက နယူးယောက်မှာပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံကိုလာတက်ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ခ်ဟာဆီနာဝါဂျတ်နဲ့တွေ့ ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ မစ္စဟာဆီနာဟာ ၁၉၉၀ နှစ်များအတွင်းက ဘင်္ဂလားဒေ့ရှ်ကိုဦးဆောင်ခဲ့သူဖြစ်ပြီး အဲဒီနောက်ပိုင်း ပြီးခဲ့တဲ့ ၂၀၀၉ ဇန်နဝါရီမှာတော့ နောက်တစ်ကြိမ် အာဏာရလာခဲ့သူဖြစ်ပါတယ်။ နယူးစ်ဝိခ်ရဲ့ အင်ဒရူးဘတ်စ်ဟာ အောက်ဖော်ပြပါအင်တာဗျူးမှာ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဟာဆီနာဝါဂျတ်နဲ့ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်း၊ အစွန်းရောက်ဝါဒအကြောင်း၊ အမျိုးသမီးတို့ရဲ့ စွမ်းပကားအကြောင်းတွေ မေးမြန်းထားတာကို ဖတ်ရှုရမှာပါ။

**တချို့ကတော့ အကျင့်ပျက်ခြစားမှုဟာ(စီးပွားရေးတိုးတက်မှုအတွက်) အဟန့်အတားလို့ စိုးရိမ်တတ်လေ့ရှိပါတယ်။ အဲဒါ ခြိမ်းခြောက်မှုတစ်ခုပဲလား။**

မှန်တာပေ့ါ။ ဘင်္ဂလားဒေ့ရှ်လည်း ဒီပြဿနာကို ရင်ဆိုင်ခဲ့ရတာပဲလေ။ အခုတော့ ကျွန်မတို့ရဲ့အစိုးရဟာ ခြစားမှုတွေမှာ ပါဝင်ပတ်သက်မှုမရှိတော့ဘူးဆိုတာ အသေအချာပြောနိုင်နေပါပြီ။ ပြီးခဲ့တဲ့လနှစ်ဆယ် ကာလအတွင်း တိုးတက်မှုရခဲ့တယ်လို့ ကျွန်မတို့သက်သေပြပြီးပါပြီ။

**လာမယ့်နှစ်တွေအတွင်း တရုတ်ပြည်နဲ့ ဝန်ကြီးချုပ်တို့ရဲ့ စီးပွားရေးဆက်ဆံမှုက ဘယ်လိုဖြစ်လာနိုင်ပါသလဲ။**

ကျွန်မတို့မှာ တရုတ်ပြည်နဲ့ အင်မတန်ကောင်းမွန်တဲ့ဆက်ဆံရေးရှိပါတယ်။ ကျွန်မတို့မှာ(နှစ်နိုင်ငံ) ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်ရှိထားတယ်။ တရုတ်ပြည်ကလည်း ကျွန်မတို့ရဲ့ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ဥပမာပြရရင် အခြေခံအဆောက်အအုံကဏ္ဍနဲ့ စွမ်းအင်ကဏ္ဍတွေ၊ ပြီးတော့ ကာကွယ်ရေးကဏ္ဍမှာပေ့ါလေ။

**ဒါဆို အိန္ဒိယနဲ့ ဘင်္ဂလားရဲ့ဆက်ဆံရေးကရော(တရုတ်နဲ့ယှဉ်ရင်) ဘယ်လောက်ကွာခြားနေပါသလဲ။**

ကျွန်မတို့ရဲ့ နိုင်ငံရေးမူဝါဒက အင်မတန်ရှင်းလင်းပါတယ်။ ကျွန်မတို့ မိတ်ဆွေတွေလိုချင်တယ်။ အိန္ဒိယနဲ့ဆိုရင် ကျွန်မတို့ဟာ အနီးကပ်ဆုံးအိမ်နီးချင်းတွေဖြစ်သလို၊ ပြဿနာတွေလည်း အများကြီးရှိနေတယ်။ မှန်ပါတယ်။ ဒါကတော့ သံသယဖြစ်စရာမလိုဘူးပေ့ါ။ ကျွန်မတို့မှာ ဂင်္ဂါမြစ်ရေခွဲဝေသုံးစွဲမှုနဲ့ပတ်သက်လို့ ဆွေးနွေးစရာတွေရှိထားတယ်။ ဒါကြောင့် စာချုပ်တစ်ရပ်ချုပ်ဆိုပြီး၊ ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်ထားပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာပေ့ါ။ အိန္ဒိယမှာလည်း (ကျွန်မတို့ဆီက) ဒုက္ခသည်တွေ ၆၄,၀၀၀ လောက်ရှိနေပါတယ်။ ဒါကိုလည်း ငြိမ်းချမ်းရေးသဘောတူညီချက်ရထားလို့ အားလုံးကို ကျွန်မတို့ ပြန်ခေါ်မှာပါ။ ဒီလိုလုပ်ခြင်းအားဖြင့် တင်းမာမှုတွေလည်း လျော့ကျသွားမှာပါ။ (ကျွန်မတို့နှစ်နိုင်ငံရဲ့)စီးပွားရေးဆက်ဆံမှုကတော့ တည်ငြိမ်ပြီး ကောင်းမွန်နေပါတယ်။ ဒါပေမဲ့ ကျွန်မတို့မှာ နောက်ထပ်မြစ် ၅၄ စင်းနဲ့ပတ်သက်လို့ အငြင်းပွားမှုတွေရှိနေဆဲပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဖွဲ့ပြီး အလုပ်တွေစလုပ်နေပါတယ်။ ကျွန်မရဲ့ အမြင်ကတော့ အိမ်နီးချင်းတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိအောင် လုပ်ရမယ်လို့မြင်ပါတယ်။ ဒါကြောင့် အိန္ဒိယတင် မဟုတ်ပါဘူး။ နီပေါ၊ ဘူတန်၊ မြန်မာ စတဲ့အိမ်နီးချင်းတွေနဲ့လည်း ကျွန်မတို့ရဲ့ဆိပ်ကမ်းကိုဖွင့်ပေးထားပါတယ်။

**ဝါရှင်တန်အတွက်ကတော့ တောင်အာရှဒေသမှာ (အမေရိကရဲ့)ရန်သူဟာ အစွန်းရောက်ဝါဒပါပဲ။ ဘင်္ဂလားဒေ့ရှ်မှာရော အစွန်းရောက်ဝါဒရဲ့ အခြေအနေဘယ်လိုရှိပါသလဲ။**

ကျွန်မတို့ဆီမှာလည်း အစွန်းရောက်ဝါဒတွေရှိနေဆဲပါ။ ပြီးခဲ့တဲ့နောက်ဆုံး(ဘင်္ဂလား)အစိုးရလက်ထက်တုန်းကဆို သူတို့ဟာ ကျွန်မရဲ့ပါတီနဲ့ ဒီမိုကရေစီယုံကြည်သူတွေကို ဆန့်ကျင်နှိပ်ကွပ်ဖို့ အကြမ်းဖက်ဝါဒီတွေကိုတောင် တစ်နည်းနည်းနဲ့ အသုံးပြုခဲ့ပါသေးတယ်။ ဒ့ါကြောင့် ၂၀၀၁ ခုနှစ်ကစလို့ ကျွန်မတို့ပါတီရဲ့ အလုပ်သမားတွေ ၂၁,၀၀၀ လောက်ကို ဆုံးရှုံးခဲ့ရတယ်။ ဒီထဲမှာ ပါလီမန်အဖွဲ့ဝင်တွေနဲ့ ဝန်ကြီးဟောင်းတစ်ဦးတောင် ပါဝင်ခဲ့ပါတယ်။ ကျွန်မကိုလည်း လုပ်ကြံဖို့ ကြိုးစားခဲ့တာရှိပါတယ်။ ကျွန်မလက်မတင်လေး အသက်ရှင်ကျန်ခဲ့ရတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ ပြီးခဲ့တဲ့လနှစ်ဆယ်ကာလအတွင်း ကျွန်မတို့ အလုပ်ကောင်းကောင်းလုပ်ခဲ့တယ်။ ဒီပြဿနာကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ ကျွန်မတို့သိပါတယ်။ ကျွန်မဟာ အကြမ်းဖက်ဝါဒရဲ့ သားကောင်ဖြစ်ခဲ့တယ်။ မိသားစုကိုဆုံးရှုံးခဲ့တယ်။ ကျွန်မကတော့ လက်မတင်လေးရှင်ကျန်ခဲ့ရတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်နေတာတောင်မှ ဒီအကြမ်းဖက်သမားတွေကို ကျွန်မအလဲမထိုးနိုင်သေးဘူး။ ဒီအကြမ်းဖက်ဝါဒီတွေကို နှိမ်နင်းပြီး ဘင်္ဂလားဒေ့ရှ်ကို တောင်အာရှဒေသမှာ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်အောင် ကျွန်မလုပ်သွားမယ်လို့ပြောပြီးသားပါ။

**နောက်ဆုံးအနေနဲ့မေးပါရစေ။ ဘင်္ဂလားဒေ့ရှ်မှာအမျိုးသမီးတွေရဲ့ တိုးတက်မှုအခြေအနေဘယ်လိုရှိပါသလဲ။**

ကျွန်မကိုပဲ ရှင်ကြည့်လိုက်လေ။ (အမျိုးသမီးတစ်ဦးအနေဖြင့် ဝန်ကြီးချုပ်ရာထူးရယူထားနိုင်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်)။ ကျွန်မတို့ရဲ့ အတိုက်အခံခေါင်းဆောင်ကလည်း အမျိုးသမီးပဲ။ ဒါ(မိန်းမတွေရဲ့ အခြေအနေတိုးတက်မှု)ကို စစ်တပ်ထဲမှာ၊ အုပ်ချုပ်ရေးပိုင်းမှာ၊ တရားစီရင်ရေးကဏ္ဍမှာ၊ နေရာတကာမှာ အမှန်တကယ်မြင်နိုင်ပါတယ်။ ဒါက ကျွန်မရဲ့အကြံဉာဏ်ပါ။ ကျွန်မရဲ့ နောက်ဆုံးရာထူးသက်တမ်းမှာပဲ ကျွန်မအသေအချာအာမခံခဲ့တယ်။ (နိုင်ငံရဲ့) အခန်းကဏ္ဍတိုင်းတစ်ခုစီမှာ အမျိုးသမီးတွေက ဒီအခွင့်အရေးကိုရအောင်လုပ်သင့်တယ်လို့ပြောခဲ့တယ်။ ပြီးတော့ မွတ်ဆလင်အမျိုးသမီးတစ်ဦးအနေနဲ့ ရှင့်ကို ကျွန်မတစ်ခုပြောနိုင်ပါသေးတယ်။ အဲဒါကတော့ မွတ်ဆလင်တို့ရဲ့ ခေါင်းဆောင်မှုပုံစံမှာ ဒါဟာအသစ်အဆန်းမဟုတ်ဘူးဆိုတာပါ။

*—Ref: 'I Survived Narrowly'*
*Q & A with Bangladesh PM Sheikh Hasina Wajed.*
*Newsweek, Oct 10*

# မြေအောက်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သားများ မည်သို့ရှင်သန် နေထိုင်ခဲ့သနည်း

**ဆန်ဂျို့စ်၊**
**အောက်တိုဘာ - ၁၄**

သဲကန္တာရအတွင်းရှိ ကြေးနီနှင့် ရွှေတူးဖော်သော မိုင်းတွင်းတစ်ခုအတွင်းနှစ်လကျော် ပိတ်မိနေခဲ့သောချီလီမိုင်းလုပ်သား ၃၃ ဦးလုံးအား အောက်တိုဘာ ၁၄ ရက်တွင်မြေပြင်ပေါ်သို့ ဘေးမသီရန်မခဆွဲတင်နိုင်ခဲ့ပြီဖြစ်သည်။ မိုင်းလုပ်သားများသည် မြေအောက် ပေ ၂၀၀၀ ကျော်အနက်တွင် ၆၈ ရက်ကြာအောင် ဆာလောင်မွတ်သိပ်မှု၊ စိုးရိမ်ပူပန်မှုနှင့် နာမကျန်းမှုများကို ကျော်လွှားကာ စံချိန်ချိုး၍ မည်သို့ရှင်သန်နေထိုင်ခဲ့သနည်းဆိုသည်မှာ . . .။

**မည်သို့ စားသောက်ခဲ့သနည်း။**

ဩဂုတ်လ ၅ ရက်တွင်မိုင်းတွင်းပြိုကျချိန်မှစ၍ မြေပေါ်နှင့် အဆက်အသွယ်ရသည့် ၁၇ ရက်တာကာလအတွင်း မိုင်းလုပ်သားများသည် ၄၈ နာရီလျှင်တစ်ကြိမ် တူနာငါးနှစ်ဇွန်း၊ ကွတ်ကီးမုန့်တစ်ဝက်နှင့် နွားနို့ဖန်ခွက်တစ်ဝက်ခွဲတမ်းချ စားသုံးခဲ့သည်။ နောက်ပိုင်းတွင် ရှာဖွေရေးလွန်သွားအပေါက်ကျဉ်းလမ်းကြောင်းမှ ရေဓာတ်ခန်းခြောက်ခြင်းအတွက် ဂျယ်လီများ၊ အချိုရည်များ၊ ဆေးဝါးများ ချပေးခဲ့သည်။

**မည်သို့ အဆက်အသွယ်ရရှိခဲ့သနည်း။**

မိုင်းလုပ်သားများ အသက်ရှင်သန်နေကြောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်သိရှိခဲ့ပြီး ရှာဖွေရေးလွန်သွားအားခေါက်သည့်အသံကြောင့် အဆက်အသွယ်ရရှိခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားများက လွန်သွားအားဆွဲထုတ် လိုက်သောအခါ “ငါတို့ ၃၃ ယောက်စလုံး အရေးပေါ်ခိုလှုံရေးအခန်းမှာ ကျန်းမာမာရှိနေတယ်” ဟူသောစာသား ချိတ်ဆွဲပေးလိုက်သည်ကို ကယ်ဆယ်ရေးလုပ်သားများတွေ့ရှိခဲ့သည်။

**ကယ်ဆယ်ရေးလုပ်သားများ နေ့စဉ်ဘာတွေလုပ်နေကြသနည်း။**


၎င်းတို့အား ရှာဖွေတွေ့ရှိပြီးနောက် ကယ်ဆယ်ရေးလုပ်သားများသည် နေ့စဉ်ပင် မနက်စာ၊ နေ့လယ်စာ၊ ညစာ၊ ညနေခင်း လက်ဖက်ရည်သောက်ခြင်းစသည် ပုံမှန်အတိုင်း စားသောက်မှုစတင်ကြသည်။ ဝပ် ၅၀၀ ဓာတ်အားလိုင်းမှ မီးရရှိ၍ မြေအောက်တွင်နေ့ခင်းနှင့် ညဘက်အနေအထားများကို ဖန်တီးကြသည်။ နေ့စဉ်လေ့ကျင့်ခန်းများ လုပ်ကြရသည်။ ကယ်ဆယ်ရေးတွင်းတူးသောအခါ ၎င်းတို့ဆီသို့ ကျလာသောအမှိုက်များကို ဖယ်ရှားကြရသည်။

**မည်သို့သောဖျော်ဖြေမှုများ ပြုလုပ်ခဲ့သနည်း။**

မိုင်းလုပ်သားအများအပြားမှာ ဘောလုံးဝါသနာအိုးများဖြစ်ကြ၍ တစ်ယောက်ဆိုလျှင် ကြေးစားပင် ကစားဖူးသူဖြစ်ရာ ပရိုဂျက်တာ အသေးစားလေးကို အသုံးပြု၍ ချီလီနှင့် ယူကရိန်းချစ်ကြည်ရေး ခြေစမ်းပွဲကဲ့သို့ ဘောလုံးပွဲများကို တိုက်ရိုက်ကြည့်ရှုနိုင်ရန်ဖန်တီးခဲ့ကြသည်။

၎င်းတို့နေထိုင်ရာနေရာမှာပင် ကာစီနိုကစားဝိုင်း အသေးစားလေးထူထောင်၍ ဖဲချပ်များဖြင့် ကစားခြင်း၊ ဒိုမီနိုဂိမ်းနှင့် ကြွေအန်ခေါက်ခြင်း စသည့်ကစားနည်းများ ကစားကြသည်။

နောက်ဆုံးရက်သတ္တပတ်အနည်းငယ်တွင် သတင်းစာများ ဖတ်ခွင့်ရခဲ့သည်။ မိုင်းလုပ်သားများသည် သေးငယ်သော သီချင်းဖွင့်စက်များ၊ စပီကာများနှင့် ပုပ်ရဟန်းမင်းကြီး ဘင်နာဒစ်က ချီးမြှောက်သော အရွယ်အစားအလွန်သေးသော ဘာသာရေးကျမ်းစာအုပ်များနှင့် ပုတီးများ ရရှိကြသည်။ ဆေးလိပ်သမားများမှာ နီကိုတင်းကပ်ခွာများ၊ သကြားလုံးများဖြင့် ကျေနပ်ကြရသည်။



၎င်းတို့ဆီသို့ ပို့ပေးထားသောဗီဒီယိုကင်မရာငယ်မှတစ်ဆင့် မိုင်းလုပ်သားများသည် ၎င်းတို့၏ ခံစားရမှုဒုက္ခများကို ရိုက်ကူးပြသကြသည်။ အခက်အခဲများကြားမှပင် မိုင်းလုပ်သားများသည် စိတ်ဓာတ်တက်ကြွနေခဲ့ကြပြီး ဟာသဉာဏ်ရွှင်သူများကဆိုလျှင် ၎င်းတို့အကြိုက်ဆုံးဟာသများကို ရှစ်နာရီကျော်ကြာစာ ပမာဏကို ရိုက်ကူးပေးပို့ခဲ့ကြသည်။

*—Ref: Reuters*

# Entertainment

7DAY NEWS JOURNAL

Vol.9, No.31 • OCTOBER 21, 2010


## ဒုတိယရင်သွေး လွယ်ထားရပြီဖြစ်တဲ့ နန္ဒာလှိုင်


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

အိမ်ထောင်ပြုပြီးသည့်နောက်ပိုင်း အနုပညာလောကနှင့် အတန်ကြာ အဆက်ပြတ်ခဲ့သော ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီနန္ဒာလှိုင်သည် ယခုအခါ ဒုတိယကိုယ်ဝန်ကို လွယ်ထားရကြောင်း ရုပ်သံ အစီအစဉ်တစ်ခု၏ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

ယင်းအစီအစဉ်သည် မြန်မာ့အသံမှ အပတ်စဉ်ထုတ်လွှင့်နေသည့် Mail Box ကဏ္ဍဖြစ်ပြီး အစီအစဉ်တင်ဆက်သူ၏ မေးမြန်းမှု နောက်ဆုံးပိုင်း၌ သူမက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ထူးခြားတဲ့သတင်းတစ်ခုအနေနဲ့ နန္ဒာပြောချင်တာကတော့ ဒုတိယကိုယ်ဝန်ဆောင်ထားပြီဆိုတာပါပဲ"ဟု သူမက ဖြေကြားခဲ့သည်။

သူမသည် ၂၀၀၈ ခုနှစ်က ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ရွှေ၏ သားဖြစ်သူ ဦးဇေသီဟနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။

နန္ဒာလှိုင်သည် လက်ရှိတွင် မိသားစုလုပ်ငန်းဖြစ်သောလှိုင်ရုပ်ရှင်ထုတ်လုပ်ရေးကို ဦးဆောင်လုပ်ကိုင်နေပြီးတစ်ဖက်တွင်လည်း မြရိပ်ညိုဟိုတယ်၌ အုပ်ချုပ်ရေးပိုင်းရာထူးရယူထားသူတစ်ဦးဖြစ်သည်။

လက်ထပ်ခဲ့ပြီးနောက် ဇေဝတီလှိုင်အမည်ရှိ သမီးတစ်ဦး မွေးဖွားထားသူဖြစ်ပြီး ဗီဒီယို ပြန်လည်ရိုက်ကူးခြင်းကို ယခုနှစ် မေလ ၅ ရက်တွင် 'ပြဟ္မစိုရ်' အမည်ရှိ ဗီဒီယိုဇာတ်ကားကို ဒါရိုက်တာကုသိုလ်နှင့် လွင်မိုး၊မောင်၊ ဖွေးဖွေးတို့ဖြင့် သူမ၏ ထုတ်လုပ်ရေးအတွက် ရိုက်ကူးခဲ့သည်။

## အချစ်ရေးအကြောင်း မဖြေရှင်းချင်သေးဟု မယ်လိုဒီ ပြောကြား

အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ဗီဒီယိုဇာတ်ကားများဆက်တိုက်ရိုက်ကူးဖြစ်နေပြီး မယ်လိုဒီဝေါတေးသံရှင်ပြိုင်ပွဲတွင် အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်နေသူ မယ်လိုဒီသည် ယခုလတ်တလောတွင်ထွက်ပေါ်နေသော သူမ၏အချစ်ရေးကို မဖြေရှင်းလိုသေးကြောင်း ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် 7Day News သို့ ပြောကြားသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တက်သစ်စ နာမည်ရ မင်းသားလေးတစ်ဦးနှင့် ချစ်သူများဖြစ်နေသည်ဆိုသော သတင်းများထွက်ပေါ်နေခြင်းအပေါ် မယ်လိုဒီက "မျိုးဘယ်ဟာကိုမှ ခုချိန်မှာ မဖြေရှင်းချင်သေးပါဘူး။ ပြောလည်းမပြောချင်သေးပါဘူး။ အရာအားလုံးကိုအချိန်ကပဲ စကားပြောသွားပါလိမ့်မယ်" ဟု ဖြေကြားသည်။ မင်းသားသစ်များနှင့်တွဲဖက်ရိုက်ကူးမှုများပြားသူ မယ်လိုဒီသည် အသစ်အဟောင်းမခွဲခြားဘဲ ရိုက်ဖြစ်နေခြင်းအပေါ် "မျိုးအနေနဲ့ ဘယ်မင်းသားနဲ့မှ ရိုက်တယ်ဆိုတဲ့ပရိသတ်ကအထင် အမြင်လွဲတာမျိုး မခံချင်ပါဘူး။ အသစ်နဲ့ရိုက်တယ်ဆိုတာကလည်း အရင်ကမျိုးအနေနဲ့ အနုပညာ ဝမ်းစာကအဲဒီလောက်ကြီးလည်း သိပ်မပြည့်ဝသေးပါဘူး။ဒါကြောင့်မို့ အရင်တုန်းက အသစ်ကိုသိပ်မရိုက်ဖြစ်တာပါ။

စာ(၄၉)သို့

CELEBRITY PROFILE

## Baby ဂျက်စတင်ဘီဘာ



လွန်ခဲ့တဲ့ ၂နှစ်လောက်က ကနေဒါနိုင်ငံစတန်းဖို့မြို့ကသီချင်းဆိုပြိုင်ပွဲတွေမှာအပျော်တမ်း သီချင်း ဆိုခဲ့တဲ့ကနေဒီးယန်းကောင်လေးဟာ ဒီနေ့မှာတော့ ကမ္ဘာ့စင်မြင့်တွေထက်မှာ အောင်မြင်တဲ့ကြယ်တစ်ပွင့်ဖြစ်နေခဲ့တာ အိပ်မက်တစ်ခုလိုပါဘဲ။ အဲဒီကောင်လေးရဲ့ မိခင်ကလည်း သူ့ရဲ့စင်မြင့်ထက်မှာ ဖျော်ဖြေသီဆိုခဲ့ဟန်တွေကို လူသန်းချီနေ့စဉ်ကြည့်ရှုနေတဲ့ (You Tube)ယူကျု့ဝက်ဆိုက်ပေါ်မှာလွှင့်တင်ခဲ့တာဟာ အဲဒီကောင်လေးရဲ့ အောင်မြင်မှုလမ်းစတွေဖြစ်ခဲ့ပါတယ်။ အသက်အားဖြင့်၁၄နှစ်သာရှိသေးတဲ့ သူ့ရဲ့သီဆိုဟန်တွေကို မထင်မှတ်ဘဲယူကျု့ဝက်ဘ်ဆိုဒ်ပေါ်မှာ ကြည့်ခွင့်ရလိုက်တဲ့ စကော့တာဘရာယန်ဆိုသူကအဲဒီကောင်လေးကို မြေတောင်မြှောက်ပေးလိုတာကြောင့် ရက်ပ်အဆိုတော်အာရှာနဲ့သူ့ကိုတွေ့ဆုံပေးခဲ့ပါတယ်။ အရွယ်ငယ်ပေမယ့်အသံပါရမီအရမ်းကောင်းမွန်တဲ့သူ့ကို စာချုပ်အမြန်ချုပ်ဖို့အာရှာကစီစဉ်ခဲ့ပါတော့တယ်။ ဒါနဲ့ပဲ ၂နှစ်အကြာမှာတော့ အပျော်တမ်းစင်မြင့်တွေမှာပျော်မွေ့ခဲ့တဲ့ အဲဒီကောင်လေးဟာအိပ်မက်တောင်မမက်ဘူးတဲ့ကမ္ဘာ့ဖျော်ဖြေရေးစင်မြင့်ထက်မှာအောင်မြင်တဲ့ကြယ်တစ်ပွင့်ဖြစ်လာခဲ့ပါတယ်။ သူကတော့ ဒီနေ့Baby သီချင်းနဲ့ကောင်မလေးတွေ သည်းသည်းလှုပ်နေကြတဲ့ဂျက်စတင်ဘီဘာဆိုတဲ့ ကနေဒီယန်းပေါ့ပ်နဲ့အာအမ်ဘီအဆိုတော်လေးပါ။

အသက်အရွယ်အားဖြင့်၁၆နှစ်သာရှိသေးပေမယ့်ကာလတိုအတွင်းမှာပဲ ကမ္ဘာတစ်ဝန်းကပရိသတ်တွေရဲ့အာရုံကိုအသံချိုချိုလေးနဲ့ဖမ်းစားနိုင်ခဲ့ပြီးအမေရိကန်နိုင်ငံရဲ့ထိပ်တန်းအဆိုတော်အဆင့်ကိုရောက်ခဲ့သူပါ။



အာရှာရဲ့မြေတောင်မြှောက်ပေးမှု၊သူ့ရဲ့ကြိုးစားမှုတွေကြောင့် ဂျက်စတင်ရဲ့ပထမဆုံးသီချင်း One Timeနဲ့ အောင်မြင်မှုတွေစတင်ရရှိခဲ့တာက ၂၀၀၉နှစ်ကုန်ပိုင်းမှာပါ။ အချိန်တိုအတွင်းအောင်မြင်မှုအထွဋ်အထိပ်ကိုရောက်ရှိခဲ့တာဟာ သူ့ရဲ့အားထုတ်ကြိုးစားမှုတွေကြောင့်လည်း အများကြီးပါပါတယ်။ ဂစ်တာ၊ စန္ဒရား၊ ဒရမ်၊ ထရမ်ပက်စတဲ့ဂီတတူရိယာတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ လေ့လာသင်ယူခဲ့ပြီး ကိုယ်တိုင်ရေးသီချင်းစာသားတွေနဲ့ပျော်မွေ့နေခဲ့တဲ့သူ့ရဲ့ကလေးဘဝကသူအောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့အဓိကအကြောင်းအရာပါပဲ။

စာ(၄၉)သို့

## (ဂျီ၂၀)အတွက်သီချင်း Let's Go

**ဆိုးလ် - အောက်တိုဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင်နိုဝင်ဘာလတွင်း၌ကျင်းပတော့မည့် (ဂျီ၂၀)အစည်းအဝေးကိုဂုဏ်ပြုသောအားဖြင့်အောင်မြင်ကျော်ကြားနေသော အဆိုတော်အဖွဲ့၂၀ပါဝင်သီဆိုထားသည့် Let's Goအမည်ရတေးသီချင်းကိုအင်္ဂလိပ်ဘာသာဖြင့် ယနေ့ထုတ်ဝေလိုက်သည်။ ထိုသီချင်းကို အင်တာနက်စာမျက်နှာများတွင် ဒေါင်းလော့ရယူနားဆင်နိုင်ပြီဖြစ်သည်။

နာမည်ကျော်အဆိုတော်အဖွဲ့များဖြစ်သည့် 2AM,2PM, Kara စူပါဂျူနီယာရိန်းဘိုးတို့မှအဖွဲ့ဝင်များကအားဖြည့်သီဆိုပေးထားကြပြီး အဆိုပါသီချင်းကိုစတင်နားထောင်ခဲ့သူများကနားထောင်ကောင်းသည့်သီချင်းတစ်ပုဒ်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများမှထိပ်တန်းခေါင်းဆောင်များ တက်ရောက်မည့်ထို (ဂျီ၂၀)အစည်းအဝေးကိုလက်ခံကျင်းပခွင့်ရသည့်အတွက် အလွန်ဂုဏ်ယူလျက်ရှိပြီး ထိုအစည်းအဝေးကိုလူစိတ်ဝင်စားမှုများများရရှိအောင် အနုပညာလှုပ်ရှားမှုမျိုးစုံနှင့်မြှင့်တင်မှုများ၊ လှုပ်ရှားမှုများပြုလုပ်နေသည်။ Ref;Hancinema






# ဩစတြေးလျဖျော်ဖြေပွဲမသွားဖြစ်တဲ့ ခန့်စည်သူ



**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

အောက်တိုဘာလလယ်ပိုင်းတွင် ဩစတြေးလျသို့ အငြိမ့်ခွင်ဖျော်ဖြေခန်းသွားရောက်ရန် စီစဉ်ထားသူ သရုပ်ဆောင်ခန့်စည်သူက အဆိုပါခရီးစဉ်သို့ လိုက်ပါခြင်းမရှိတော့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲတွင်တွေ့ဆုံခိုက်ပြောကြား သည်။

"အဲဒါဘယ်လိုဖြစ်လဲဆိုတော့ ပထမသွားဖြစ်ဖို့ပါပဲ။ နယ်သွားနေတာနဲ့ပဲနောက်ကျသွားတယ်။ အဲဒီအကြောင်းကြောင်းတွေကြောင့် လိုက်ဖို့အဆင်မပြေဘူးပေါ့။ ထွက်မယ့်အဖွဲ့က ဒီနေ့ (အောက်တိုဘာလ ၁၃ ရက်နေ့) သွားကြမှာပါ။ ကိုယ်တစ်ယောက်တည်း နောက်ကျပြီးကျန်ခဲ့တာပေါ့။ တကယ်တမ်း နိုင်ငံခြားမှာရှိတဲ့မြန်မာတွေ ဆီကိုသွားပြီး တွေ့ဆုံချင်ပါတယ်။ နှုတ်ဆက်ချင်တယ်။ ဖျော်ဖြေချင်ပါတယ်။ ဒါပေမဲ့ခုလိုမသွားဖြစ်တဲ့အတွက် ကံမကောင်းဘူးပေါ့ဗျာ။ တစ်ဖက်ကပြောရရင် ကျွန်တော့်ရဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ဒီလထဲမှာ ရေစက်ချမှာပါ။ နိုင်ငံခြားသွားနေရင် ကျွန်တော် ဒီရေစက်ချပွဲနဲ့လွဲပြီထင်တာ။ ခုတော့ အကြောင်းတိုက်ဆိုင်စွာနဲ့ပဲ ကိုယ့်ကျောင်းမှာကိုယ် ရေစက်ချခွင့်ရသွားပါတယ်" ဟု ၄င်းကပြောသည်။

ပြည်ပမှ မျှော်နေမည့်ပရိသတ်များအတွက် မည်သို့နှစ်သိမ့်စကားပြောလိုပါလဲမေးမြန်းရာ "သွားချင်ပါတယ်။ အခွင့်အရေးရမယ်ဆိုရင်တော့လည်း နောက်တစ်ခေါက် ပြန်ဆုံကောင်း ဆုံနိုင်မှာပေါ့နော်"ဟု ပြောသည်။ ခန့်စည်သူသည် နိုင်ငံခြားခရီးစဉ် မလိုက်ဖြစ်ခဲ့သည့်နောက် ယခုလအတွင်း ကျောင်းရေစက်ချပွဲအပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ နာမကျန်းရန်ပုံငွေအဖြစ် မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးမှ ကိုဝင်းနိုင်တို့နှင့်ပူးပေါင်း၍ ကျပ်သိန်း၁၀၀ မတည်ထားကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ ပြုပြင်ရန်ရန်ပုံငွေဇာတ်ကား ရိုက်ကူးရန် ပြင်ဆင်နေသည်။






7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ပဲရစ်ဟီလ်တန် အိမ်အပြင်ဘက်တွင် ပိုင်နက်ကျူးလွန်သူတစ်ဦးအား ဖမ်းမိ

**လော့စ်အိန်ဂျလိစ်၊ အောက်တိုဘာ – ၁၂**

လော့စ်အိန်ဂျလိစ် ရဲအဖွဲ့သည် မင်းသမီးပဲရစ်ဟီလ်တန်၏ အိမ်အပြင်ဘက်တွင် ပိုင်နက်ကျူးကျော်သူတစ်ဦးအား ဖမ်းဆီးမိခဲ့ကြောင်းသိရသည်။ ရဲအဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်၏ အဆိုအရ အဆိုပါ သံသယရှိပုဂ္ဂိုလ်သည် ပဲရစ်ဟီလ်တန်နေထိုင်ရာ အဆောက်အအုံ၏ ဂိတ်တံခါးများကို စက်ဘီးဖြင့် ဖြတ်ကျော်လာခဲ့ပြီး အိမ်တံခါးကို ကြမ်းတမ်းစွာ ထုရိုက်ခြင်းများပြုလုပ်ခဲ့သည်ဟု သိရသည်။ ၎င်းကို လုံခြုံရေးများက ဖမ်းဆီးထားပြီး နောက်အယ်လ်အေရှိဗန်နိုင်းရဲစခန်းသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

သို့သော် တာဝန်ရှိသူများက ယင်းပုဂ္ဂိုလ်၏ အသက်အရွယ်နှင့် အမည်ကိုထုတ်ဖော်ခြင်းမပြုသကဲ့သို့ ၎င်းဝင်ရောက်လာချိန်တွင် အိမ်တွင်းရှိ မင်းသမီးဟီလ်တန် ရှိ၊ မရှိမသိကြောင်းဆိုသည်။ ယခုကဲ့သို့အိမ်ခြံအတွင်း ပိုင်နက်ကျူးကျော်သူတစ်ဦးရောက်လာခြင်းမှာ ပြီးခဲ့သော လအနည်းငယ်အတွင်း ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ဩဂုတ်လကလည်း ပဲရစ်ဟီလ်တန်၏ အိမ်အပြင်ဘက်တွင် ဓားကိုင်ဆောင်ထားသည့်လူတစ်ဦးကို ဖမ်းဆီးရခဲ့ဖူးသည်။

—Ref: AP



## စာ-၄၇၊ အချစ်ရေးအကြောင်း မဖြေရှင်းချင်သေးဟု မယ်လိုဒီပြောကြားမှ

ခုကတော့ ဒါရိုက်တာကလည်းကိုယ့်ကို သင်နိုင်တယ်။ ကိုယ်ကလည်းအတိုင်းအတာတစ်ခုအထိ လုပ်နိုင်တယ်ဆိုတော့ အသစ်နဲ့တွဲပြီး ရိုက်ဖြစ်တာပါ”ဟုပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်သည်မှာ ယခုနှစ်နှင့်ဆိုလျှင် ၂နှစ်ရှိသွားပြီဖြစ်ပြီး ယခုလို ပွဲမျိုးအား တက်ရောက်ခွင့်ရသည့်အပေါ် ကြည်နူးဂုဏ်ယူမိကြောင်းလည်းပြောကြားသည်။

မယ်လိုဒီသည် ဒါရိုက်တာဇော်မျိုးနှင့် ‘နေ့တူနာမ်တူ အနမ်းတူ’ ဇာတ်ကားကို မင်းသားသစ်တစ်ဦးနှင့် ရိုက်ကူးနေပြီး၊ သရုပ်ဆောင်လူမင်းနှင့်လည်း ဇာတ်ကားရိုက်ရန်ရှိကြောင်း သိရသည်။




**အေးသူစံ**

■တေးသံရှင်နီတာ၏ ‘နေသာချိန်’ တေးစီးရီးတွင် ဝိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ ချမ်းချမ်းနှင့်အေသင်ချိုဆွေတို့က Featuring သီဆိုထားပြီး ကေအေတီ၊ အငဲ၊ မြင့်မိုးအောင်၊ ဇဝါ၊ စိုးလင်း၊ ဇော်မိုးသွင်၊ လမင်း၊ ဒီယံ၊ ဖရန့်၊ ဂျွန်ဟိန်းနှင့် အားဆီတို့ရေးသားသောသီချင်းများပါဝင်ကြောင်းသိရသည်။

■ မြန်မာပြည်သို့ နီနီဝင်းရွှေ ယခုနှစ်မတ်လအတွင်း ပြန်လည်ရောက်ရှိစဉ်က မြန်မာသံအဆိုရှင် မိုးကျော်လှိုင်(ရွှေဘို) နှင့်အတူ စုံတွဲတေးအယ်လ်ဘမ်ကို သီဆိုအသံသွင်းခဲ့ပြီး ယခုအခါယင်းစီးရီးကို အောက်တိုဘာလလယ်အတွင်း ထုတ်လုပ်ဖြန့်ချိတော့မည်ဖြစ်ကြောင်းသိရသည်။ မိုးကျော်လှိုင်သည် ရွှေဘိုမြို့မှမြန်မာသံအဆိုရှင်ဖြစ်ပြီး ယခုစီးရီးသည် ၎င်း၏ တတိယမြောက်စီးရီးဖြစ်သည်။

■မယ်လိုဒီဝေါလ်သီချင်းပြိုင်ပွဲဖြင့် ဂီတလောကတွင် နေရာရလာခဲ့သူ ထက်နေကြည်၏ ‘နင်ယုံကြည်တဲ့အချိန်’တစ်ကိုယ်တော်စီးရီးကို အောက်တိုဘာ၁၆ရက်နေ့တွင် ဖြန့်ချိလိုက်သည်။ ထိုစီးရီးတွင် သီချင်း၁၂ပုဒ်ပါဝင်ပြီး ညီမဖြစ်သူနှင့် တစ်ပုဒ် တွဲဖက်သီဆိုထားသည်။

## စာ-၄၇၊ Baby ဂျက်စတင်ဘီယာမှအဆက်

ဂျက်စတင်ကိုဖခင်မရှိဘဲမွေးဖွားခဲ့တာဖြစ်ပေမယ့်သူ့ရဲ့ဘဝကိုအရှုံးမပေး အားမငယ်ဘဲ သူဝါသနာပါရာဂီတကိုငယ်စဉ်ကတည်းကတစ်စိုက်မတ်မတ် အားထုတ်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလမှာတော့ သူ့ရဲ့ တစ်ကိုယ်တော် တေးစီးရီးအယ်လ်ဘမ်ဖြစ်တဲ့ My World ကို ပရိသတ်ထံ အရောက်ပို့နိုင်ခဲ့ပါတယ်။ အဲဒီအယ်လ်ဘမ်ထဲက One Less Lonely Girl, Love Me, Favorite Girl တွေဟာ နိုင်ငံအသီးသီးရဲ့ ထိပ်တန်း သီချင်းစာရင်းတွေမှာ ထိပ်ဆုံးရောက်တဲ့အထိအောင်မြင်ခဲ့ပြီး အင်တာနက်က ဒေါင်းလော့ရယူတဲ့ အကြိမ်ရေအများဆုံး သီချင်းတွေဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ အောင်မြင်ဆုံးသီချင်းဖြစ်တဲ့ Baby သီချင်းကိုတော့ ၂၀၁၀ဇန်နဝါရီလမှာ ဖြန့်ချိခဲ့ပြီး အဲဒီသီချင်းကြောင့်ပဲ ကမ္ဘာတစ်ဝန်းလူသိအများဆုံးဆယ်ကျော်သက်အဆိုတော်ဘဝကို ရောက်ရှိခဲ့တာပါ။ သူဟာ အသက်အရွယ်နဲ့မမျှအောင်မြင်မှုတွေ ပိုင်ဆိုင်ထားပြီးဖြစ်ပေမယ့် လူမှုကူညီရေးလုပ်ငန်းတွေမှာလည်း တက်ကြွစွာပါဝင်လေ့ရှိသူတစ်ဦးပါ။ ဟေတီငလျင်ဒုက္ခသည်တွေအတွက်ရန်ပုံငွေရှာတဲ့အနေနဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ We are the World သီချင်းမှာ အဖွင့်စာသားသီဆိုပြီး အခြားအနုပညာရှင် ၂၄ ဦးနဲ့အတူ ပါဝင်ကူညီခဲ့ပါတယ်။ ဟေတီ ငလျင်ဒုက္ခသည်တွေအတွက်ပဲ ကနေဒီယန်းအဆိုတော်တွေနဲ့အတူ Wavin' Flag သီချင်းမှာ အားဖြည့်သီဆိုပေးခဲ့ပါသေးတယ်။ သူ့ရဲ့အောင်မြင်မှုတွေကဒီလောက်နဲ့ ရပ်တန့်မသွားသေးပါဘူး။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက အိမ်ဖြူတော်မှာ ပြုလုပ်တဲ့ခရစ္စမတ်ပါတီပွဲမှာ သမ္မတအိုဘားမားနဲ့ မီရှယ်အိုဘားမားတို့ကို ဖျော်ဖြေဖို့ ဖိတ်ကြားခံခဲ့ရပါတယ်။

အခုဆိုရင် အမေရိကန်နိုင်ငံမှာ ဆယ်ကျော်သက်ကောင်မလေးတွေကအစ နှုတ်ခမ်းနီမကြီးတွေအထိ ဂျက်စတင်ဘီဘာကို အရူးအမူးစွဲလမ်းနေကြလို့သူ့ကို ရည်ညွှန်းတဲ့စကားလုံးသစ်တစ်ခုတောင် ပေါ်နေပါပြီ။ အဲဒါက OMB ။ အဓိပ္ပာယ်က Oh My Bieberပါ။ အခုဆိုရင် ဂီတလောကမှာ ၂ နှစ်အတွင်း ထိပ်ဆုံးရောက်အောင် ထွန်းတောက်လာခဲ့တဲ့ ချစ်စဖွယ်မျက်နှာကို ပိုင်ဆိုင်တဲ့ ဂျက်စတင်ကို ဟောလိဝုဒ်လောကက မျက်စိကျလာတာ အဆန်းတော့မဟုတ်ပါဘူး။ မကြာခင်မှာပဲ ဂျက်စတင်ဘီဘာရဲ့ သရုပ်ဆောင်စွမ်းရည်တွေကို ကြည့်ခွင့်ရတော့မှာပါ။ သူလက်ခံလိုက်တဲ့ ရုပ်ရှင်ကားရဲ့နာမည်ကို သူနဲ့ ဝီစမစ်သားဂျေဒန်စမစ်တို့ တွဲဖက်သီဆိုထားတဲ့ Never Say Never သီချင်းနာမည်အတိုင်းပေးထားတယ်လို့ သူက သူ့ရဲ့ Twitter စာမျက်နှာက တစ်ဆင့်အသိပေးလာပါတယ်။ မကြာခင်ကလည်း သူ့ရဲ့ကိုယ်တိုင်ရေး အတ္ထုပတ္တိ First Stap 2. Forever: My Story ကိုဖြန့်ချိခဲ့ပါသေးတယ်။ သူဖြတ်သန်းကြီးပြင်းခဲ့တဲ့ ၁၆နှစ်တာက အကြောင်းအရာတွေ၊ ဓာတ်ပုံတွေနဲ့ ဖြန့်ချိလိုက်တာ ချက်ချင်းပဲ အရောင်းရဆုံးစာအုပ်စာရင်းဝင်ခဲ့ပါသတဲ့။

အခု လတ်တလောဂျက်စတင်ဘီဘာနဲ့ ပတ်သက်ပြီး ရေပန်းအစားဆုံးကောလာဟလတွေကတော့ သူ့ရဲ့အချစ်ရေးပါပဲ။ Baby သီချင်းအမ်တီဗီမှာ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ အဆိုတော် ကောင်မလေး ဂျက်စမစ်ဗီဂတ်စ်ကို အနမ်းပန်းတွေခြွေခဲ့မိလို့ သူတို့နှစ်ယောက်တွဲနေကြပြီလို့ထင်ကြေးပေးခဲ့ကြပါတယ်။ အတင်းအဖျင်းစာစောင်တွေကလည်းသူတို့နှစ်ဦးဟာ ဂျက်စတင်ရဲ့ ကမ္ဘာလှည့်ဖျော်ဖြေပွဲမှာ အတူတွဲဖျော်ဖြေရလို့တွဲနေပြီလို့ အခိုင်အမာရေးသားကြပါတယ်။ ဒါပေမဲ့ဂျက်စတင်က သူ့မှာချစ်သူမရှိသေးပါဘူး။ တစ်ယောက်တည်းပါပဲ။ ရှာနေတုန်းပါလို့ အတိအလင်းပြောကြားခဲ့လို့သူ့ပရိသတ်တွေ ဝမ်းသာမဆုံးဖြစ်ခဲ့ရပါသတဲ့။ အခုတော့ သူဟာ ရုပ်ရှင်ရိုက်တဲ့ဘက်ကိုအာရုံစိုက်နေပြီး သူ့ရဲ့ ပထမဆုံးရုပ်ရှင်ဖြစ်လာမယ့် Never Say Never ကိုအကောင်းဆုံးဖြစ်အောင်ကြိုးစားသွားမယ်လို့ သူကစကားပါးခဲ့ပါသေးတယ်။ Babyသီချင်းနဲ့ အမ်တီဗီဆုအပါအဝင် ဆုတံဆိပ်တွေက အများကြီးပိုင်ဆိုင်ခဲ့တဲ့ဂျက်စတင်ဟာ အခုတော့ ဂျပန်နဲ့ အခြားနိုင်ငံတွေကို လှည့်လည်ဖျော်ဖြေရင်းအလုပ်များနေပါတယ်။ တကယ်လို့ သင်ဟာ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ Facebook နဲ့ Twitter သုံးစွဲသူတစ်ယောက်ဆိုရင် ဂျက်စတင်ဘီဘာကို ရှာဖွေပြီး သူ့ရဲ့လှုပ်ရှားမှုတိုင်းကိုသိနိုင်ပါတယ်။ ဂျက်စတင်ဘီဘာဟာ Twitter ကိုအမြဲသုံးစွဲသူတစ်ဦးဖြစ်ပြီး သူ့ရဲ့ခံစားချက်၊ သူဘာလုပ်နေလဲ၊ သူဘာတွေကြိုက်လဲဆိုတာတွေကို အမြဲရေးသားနေသူပါ။ ကဲ. . . ဂျက်စတင်က သင့်ရဲ့ နီးနီးလေးမှာရှိပါတယ်။ အခုပဲရှာကြည့်လိုက်တော့နော်. . ။

Ref; Wikipedia


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Social Network | Columbia TriStar Pic. | ၄၆,၀၆၉,၀၀၀ | ၂ |
| ၂။ | Life as We Know It | Warner Bros. Pic. | ၁၄,၆၃၅,၀၀၀ | ၁ |
| ၃။ | Secretariat | Walt Disney | ၁၂,၆၀၀,၀၀၀ | ၁ |
| ၄။ | Legend of the Guardians: The Owls of Ga'Hoole | Warner Bros. Pic. | ၃၉,၄၀၁,၀၀၀ | ၃ |
| ၅။ | My Soul to Take | Universal Pic. | ၆,၉၁၉,၀၀၀ | ၁ |
| ၆။ | The Town | Warner Bros. Pic. | ၇၃,၇၈၇,၀၀၀ | ၄ |
| ၇။ | Wall Street: Money Never Sleeps | 20th Century Fox | ၄၃,၆၆၇,၀၀၀ | ၃ |
| ၈။ | Easy A | Sony Pic. | ၄၈,၁၃၉,၀၀၀ | ၄ |
| ၉။ | Case 39 | Paramount Vantage | ၉,၆၀၀,၀၀၀ | ၂ |
| ၁၀။ | You Again | Walt Disney | ၂၀,၇၃၁,၀၀၀ | ၃ |

## Movie Review

### Hereafter




လူသုံးယောက်၏ သေခြင်းတရားနှင့်ဆုံတွေ့ပုံမှာ တစ်ဦးနှင့် တစ်ဦးမတူညီကြ။ ဂျော့ချ်မှာ သာမန်အမေရိကန်တစ်ယောက်ဖြစ်သော်လည်း တမလွန်ဘဝနှင့် ထူးခြားစွာဆက်သွယ်မှုရှိသည်။ မေရီမှာ ပြင်သစ်ဂျာနယ်လစ်တစ်ဦးဖြစ်ပြီး သေလုနီးပါးအတွေ့အကြုံတစ်ခုကြောင့် သူမ ရှင်သန်မှုအပေါ် တုန်လှုပ်သွားသူဖြစ်သည်။ မားကတ်စ်မှာ လန်ဒန်မှကျောင်းသားလူငယ်လေးဖြစ်ပြီး သူအချစ်ဆုံး၊ အရင်းနှီးဆုံးလူတစ်ယောက်သေဆုံးသွားသောအခါ ဘာကြောင့်လဲဟု အဖြေရှာနေသူ။ လူသုံးဦးမှာ မတူညီသောလမ်းများ သွားနေရင်း ဆုံမှတ်တစ်ခုတွင် တမလွန်ဘဝအကြောင်း ရှာဖွေနိုင်မည်လားဆိုသည်မှာ. . . . ။

အချစ်၊ သိပ္ပံ၊ စိတ်ကူးယဉ်နှင့်ထိတ်လန့်မှုများရောပြွမ်းထားသောဇာတ်ကားအား Clint Eastwood က ဒါရိုက်တာအဖြစ် ရိုက်ကူးထားပြီး၊ Matt Damon၊ Cecile De France၊ Jay Mohr၊ တို့ဦးဆောင်ပါဝင်ထားသည်။ Warner Bros. Pic က အောက်တိုဘာလ ၂၂ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

## ှုံးထွက်ဖလား အကြိုဗိုလ်လုပွဲတွင် ဇေယျာရွှေမြေနှင့် ဆောက်သမ်းမြန်မာတွေ့

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖလား ရှုံးထွက်ပြိုင်ပွဲ MFF Max Cement Cup 2010 ကွာတား ဖိုင်နယ်ပွဲစဉ်တွင် ဒယ်လ်တာယူ နိုက်တက်အသင်းအား အနိုင်ယူ ခဲ့သော ဇေယျာရွှေမြေအသင်း သည် အကြိုဗိုလ်လုပွဲစဉ်၌ ဆောက် သမ်းမြန်မာအသင်းနှင့် ယှဉ်ပြိုင် ကစားရတော့မည် ဖြစ်သည်။

ယခုလ ၁၃ ရက်က သုဝဏ္ဏ ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ တတိယ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဇေယျာရွှေမြေအသင်းက ဒယ်လ် တာယူနိုက်တက်အသင်းအား သုံး ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇေယျာရွှေမြေအသင်းအတွက် ဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် ဗစ်တာ၊ ၄၆ မိနစ်တွင် ကီမယ် နှင့် ၄၈ မိနစ်တွင် ကျော်ကိုကို တို့က သွင်းယူခဲ့ခြင်းဖြစ်ပြီး ဒယ်လ် တာအသင်းအတွက် ချေပဂိုးတစ် ဂိုးအား ၈၂မိနစ်၌ ဂီးဒက်စ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ နောက် ဆုံးကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဉဿာယူနိုက်တက်အသင်းနှင့် ဖွဲ့ ကပင်အသင်းတို့ အောက်တိုဘာ ၂၀ ရက် ညနေသုံးနာရီခွဲအချိန်၌ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစား ကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ် မှ အနိုင်ရရှိသောအသင်းသည် ကမ္ဘောဇအသင်းနှင့် အကြိုဗိုလ် လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအား အောက်တိုဘာ ၂၇ ရက် ညနေ သုံးနာရီခွဲတွင် အောင်ဆန်းကွင်း နှင့် သုဝဏ္ဏကွင်းတို့၌ တစ်ပြိုင် နက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## အာရှဘောလုံးအဖွဲ့ချုပ်ဖိတ်ခေါ်ဖလားခြေစစ်ပွဲများ လက်ခံကျင်းပခွင့် မြန်မာလျှောက်ထား



ဓာတ်ပုံ –အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ အောက်တိုဘာ-၁၄

မြန်မာနိုင်ငံတွင် လာမည့် AFC Challenge Cup 2012 ပြိုင်ပွဲ၏ ခြေစစ်ပွဲ ပွဲစဉ်များအား အိမ်ရှင်အ ဖြစ် လက်ခံကျင်းပခွင့်ရရှိရန်အ တွက် အာရှဘောလုံးအဖွဲ့ချုပ်ထံ အဆိုပြုထားကြောင်း သတင်းရရှိ သည်။


"လာမယ့် ၂၀၁၂ AFC Challenge Cup 2012 ပြိုင်ပွဲရဲ့ ခြေစစ်ပွဲ ပွဲစဉ်တွေကို လက်ခံ ကျင်းပဖို့ ဆန္ဒရှိကြောင်းကို အာရှ ဘောလုံးအဖွဲ့ချုပ် (AFC)ထံ အဆိုပြုထားပါတယ်။ ပြီးခဲ့တဲ့ President's Cup ပြိုင်ပွဲကိုလည်း AFC က ကျေနပ်လောက်အောင် ကျင်းပနိုင်ခဲ့တဲ့အတွက် အခွင့်အ ရေးရရှိနိုင်မယ်လို့ မျှော်လင့်ပါ တယ်" ဟု မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် (MFF)မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ ပြိုင်ပွဲသည် အာရှ တိုက်အတွင်း ဘောလုံးဖွံ့ဖြိုးမှု အားနည်းသော နိုင်ငံများမှ လက် ရွေးစင်အသင်းများ ပါဝင်ယှဉ် ပြိုင်ခွင့်ရသည့် ပြိုင်ပွဲတစ်ရပ်ဖြစ် သော်လည်း နောက်ပိုင်းတွင် မြောက်ကိုရီးယား၊ အိန္ဒိယ၊ တာ့ခ် မင်နစ္စတန်နှင့် မြန်မာကဲ့သို့ ဖွံ့ဖြိုး ဆဲနိုင်ငံများပါ ပါဝင်လာခဲ့သည်။

မြန်မာအသင်းသည် ၎င်း ပြိုင်ပွဲသို့ ၂၀၀၈ နှင့် ၂၀၁၀ တို့ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ် ကြိမ်စလုံး အကြိုဗိုလ်လုပွဲအဆင့် သို့ တက်ရောက်နိုင်ခဲ့သော်လည်း စတုတ္ထနေရာသာ ရရှိခဲ့သည်။ လာမည့် AFC Challenge Cup 2012 ပြိုင်ပွဲသည် ပုံစံသစ်ဖြင့် ကျင်းပမည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲ ဝင် ၂၂ သင်းအနက် မည်သည့်အ သင်းကိုမျှ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခွင့် မပေးတော့ဘဲ အားလုံးခြေစစ်ပွဲဝင်ရမည်ဖြစ် ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ် သည့် အသင်းသည် ၂၀၁၅ အာရှ ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့် ရရှိမည်ဖြစ်ပြီး ခြေစစ်ပွဲ ပွဲစဉ်များ အား ၂၀၁၁ ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်ရန်ရှိကြောင်း သိရ သည်။

## ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲကို ဂျကာတာနှင့် ပလမ်ဘန်းမြို့တွင် ကျင်းပမည်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

၂၀၁၁ ခုနှစ်တွင် ကျင်းပပြုလုပ် မည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျ ကာတာမြို့နှင့် ပလမ်ဘန်းမြို့တို့ တွင် ကျင်းပသွားရန် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အားကစား နှင့်စည်းမျဉ်းဥပဒေကော်မတီအ စည်းအဝေးမှ အတည်ပြုခဲ့ ကြောင်း သတင်းရရှိသည်။

၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့် ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် ဘော လုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များအား တောင်ဆူမားတြားပြည်နယ်ရှိ ပလမ်ဘန်းမြို့တွင် ကျင်းပပြုလုပ် သွားမည်ဟုသိရသည်။

စက်တင်ဘာ ၂၇ ရက်က ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် အဆိုပါအစည်းဝေးသို့ မြန်မာ နိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက် အထွေထွေအတွင်းရေးမှူးဦးခင် မောင်လွင်တက်ရောက်ခဲ့ကြောင်း သိရသည်။

"အင်ဒိုနီးရှားဆီးဂိမ်းမှာ အား ကစားနည်း ၄၂ မျိုးထည့်သွင်း ကျင်းပဖို့လည်း ဒီအစည်းအဝေး မှာ အတည်ပြုခဲ့ပါတယ်။ ဂျကာ တာမှာ ၂၃ နည်းနဲ့ ပလမ်ဘန်းမှာ ၁၉ နည်း ကျင်းပသွားမှာပါ။ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်တွေကို လည်း နှစ်မြို့ခွဲပြီး ကျင်းပသွားမှာ ပါ" ဟု ဦးခင်မောင်လွင်က ပြော သည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲအား မူလက မြို့ ကြီးလေးမြို့တွင် ကျင်းပရန် စီစဉ် ထားခဲ့သော်လည်း သွားလာရေး ခက်ခဲမည်ကို စိုးရိမ်သည့်အတွက် အရှေ့တောင်အာရှ အဖွဲ့ချုပ် ကောင်စီအဖွဲ့ဝင်နိုင်ငံများက ပြီးခဲ့သည့် မေ ၃၀ ရက်တွင်ပြု လုပ်ခဲ့သည့် အစည်းအဝေး၌ မေတ္တာရပ်ခံခဲ့သောကြောင့် ဂျ ကာတာနှင့် ပလမ်ဘန်းနှစ်မြို့တွင် သာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

"ဒီအစည်းအဝေးမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံ နေ ပြည်တော်မြို့မှာ ကျင်းပပြုလုပ် သွားဖို့ကိုလည်း ထပ်မံအတည်ပြု ခဲ့ပါတယ်။ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ကိုလည်း စင်ကာပူနိုင်ငံမှာ ပြု လုပ်ဖို့ အဖွဲ့ဝင်နိုင်ငံတွေက တိုက် တွန်းခဲ့ကြပါတယ်"ဟု ဦးခင် မောင်လွင်က ပြောသည်။




## မိုင် ၃၉၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၃**

ပထမအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲသို့ မည်သည့် စက်ဘီးအမျိုးအစားဖြင့်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အသက်ကန့်သတ်ထားမှု မရှိကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူးဦးကျော်မင်းသန်းက ပြောသည်။

“ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို နေပြည်တော်မှာကျင်းပတာဒါ ပထမဆုံးအကြိမ်ပါ။ ဝန်ကြီးဌာန၊ ကလပ်အသင်းများ၊ ပြည်နယ်/တိုင်း စက်ဘီးအသင်းများအနေနဲ့ ကစားသမားအကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အဖွဲ့ချုပ်က အရေးယူအပြစ်ပေးထားတဲ့ ကစားသမားတွေကိုတော့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ပါဘူး”ဟု ဦးကျော်မင်းသန်းက ပြောသည်။

၎င်းပြိုင်ပွဲ၏ အမျိုးသားပွဲစဉ်မှာ နေပြည်တော်မှ မိတ္ထီလာ၊ မိတ္ထီလာမှ မန္တလေး၊ မန္တလေးမှ မိတ္ထီလာ၊ မိတ္ထီလာမှ နေပြည်တော် စုစုပေါင်း မိုင် ၃၉၀ ခရီးရှည်ပြိုင်ပွဲဖြစ်သည်။ အမျိုးသမီးပွဲစဉ်မှာ ပျော်ဘွယ်မှ မိတ္ထီလာ၊ ကျောက်ဆည်မှ မန္တလေး၊ ဝမ်းတွင်းမှ မိတ္ထီလာ၊ နေပြည်တော်တပ်ကုန်းမှ နေပြည်တော် စုစုပေါင်း မိုင် ၁၀၀ ကျော် ခရီးရှည်ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ၏ ခရီးစဉ်တစ်ခုစီအတွက် နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ တစ်ရက်စီကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် (သုဝဏ္ဏကွင်း) ဖုန်း ၇၃၀၅၆၇၁၀ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲမှာ ဆုကြေးတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမှာပါ။ ပြိုင်ပွဲက ထွက်ပေါ်လာမယ့် ထူးချွန်ကစားသမားတွေကိုလည်း လာမယ့်ဆီးဂိမ်းပြိုင်ပွဲတွေအတွက် အဖွဲ့ချုပ်မှာ စခန်းသွင်းလေ့ကျင့်ပေးမှာပါ”ဟု ဦးကျော်မင်းသန်းကပြောသည်။

## ရန်ကုန်ယူနိုက်တက်က ဟန်ဆန်ကို စာချုပ်သက်တမ်းတိုး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၆**

ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်း၏ အဓိကနောက်ခံကစားသမားဆင်မြူရယ်ဟန်ဆန်အား ၁၄ လ သက်တမ်းရှိသော သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သတင်းရရှိသည်။

ဂါနာနိုင်ငံသားဟန်ဆန်သည် ရန်ကုန်ယူနိုက်တက်အသင်းသို့ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး၊ အသင်းနှင့် ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်အထိ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

“အသင်းရဲ့ ခံစစ်ကြောင်းမှာ အံဝင်အောင်ကစားနိုင်တဲ့အတွက် သူ့ကို နောက်ထပ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခြင်းဖြစ်ပါတယ်” ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အောက်တိုဘာလ ၁၄ ရက်က ချုပ်ဆိုခဲ့သော အဆိုပါသက်တမ်းတိုး စာချုပ်အရ ဟန်ဆန်သည် ရန်ကုန်ယူနိုက်တက်အသင်း၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

အသင်း၏ လက်ရှိအသင်းခေါင်းဆောင်တာဝန်ယူထားသော အဆိုပါကစားသမား၏ လစာကိုမူ ရန်ကုန်ယူနိုက်တက်အသင်းမှ ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း ယခုစာချုပ်သစ်တွင် ယခင်လစာထက် အနည်းငယ်ပိုပေးထားကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

## ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူတို့ ဇယားကိုဆက်လက်ဦးဆောင်မယ့်
## ပရီးမီးယားလိဂ်ပွဲစဉ်(၉) ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ကစားကြမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၉)မှာတော့ ထိပ်တန်းအသင်းကြီးများဖြစ်ကြတဲ့ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီး၊ စပါးတို့က အိမ်ကွင်းပွဲတွေကစားကြရမှာဖြစ်ပြီး အာဆင်နယ်၊ မန်ယူတို့ကတော့ အဝေးကွင်းပွဲတွေဖြတ်သန်းကြရမှာပါ။ ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာတော့ စပါး-အဲဗာတန်၊စတုတ်-မန်ယူ၊ မန်စီးတီး-အာဆင်နယ်ပွဲတွေကတော့ အကြိတ်အနယ်ရှိမယ့် ပွဲကြီးပွဲကောင်းတွေပါပဲ။



**၂၃ အောက်တိုဘာ၊ စနေ**

**ညနေ ၆း၁၅ နာရီ**

**စပါး - အဲဗာတန်**

**ယမန်နှစ်ရလဒ် ၂-၁**

စပါးတို့ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ ဝီဂန်ကိုသာ တစ်ဂိုးနဲ့ကပ်ရှုံးခဲ့ရပြီး ကျန်နှစ်ပွဲစလုံး အနိုင်ရထားတာသတိပြုသင့်ပါတယ်။ အဲဗာတန်ရဲ့ အဝေးကွင်းခြေစွမ်းက အကောင်းဆုံးအနေအထားမှာ မရှိသေးပါဘူး။ စပါးတို့ ကွင်းလယ်တိုက်စစ်အားနဲ့ ထိန်းချုပ်ပြီး ကပ်နိုင်သွားမှာပါ။

**ည ၈း၃၀ နာရီ**

**ဘာမင်ဂမ် - ဘလက်ပူးလ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဘာမင်ဂမ်တို့ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ သရေနှစ်ပွဲ၊ ရှုံးပွဲတစ်ပွဲနဲ့ နိုင်ပွဲလုံးဝမရှိသေးတာတွေ့ရပါတယ်။ တန်းတက်ဘလက်ပူးလ်တို့ အားစိုက်ကစားရင် ဘာမင်ဂမ်တို့ အခက်တွေ့နိုင်ပါတယ်။ ဘာမင်ဂမ်တို့ အနည်းငယ်သာပေမယ့် သရေပွဲဖြစ်နိုင်ခြေရှိနေပါတယ်။

**ည ၈း၃၀ နာရီ**

**ချယ်လ်ဆီး - ဝုလ်**

**ယမန်နှစ်ရလဒ် ၄-၀**

အိမ်ရှင်ချယ်လ်ဆီးတို့ ဇယားကိုဦးဆောင်ခွင့်ရဖို့အတွက် မဖြစ်မနေအနိုင်ကန်ရမယ့်ပွဲပါပဲ။ ဝုလ်ဟာ ယမန်နှစ်က ချယ်လ်ဆီးနဲ့ရင်ဆိုင်ရာမှာ နှစ်ကျော့စလုံး ၂-၀၊ ၄-၀ ဂိုးပြတ်တွေနဲ့ ရှုံးခဲ့တာပါ။ အားလုံးအကြိုက်ကလည်း ချယ်လ်ဆီးဖြစ်တာမို့ ချယ်လ်ဆီးဘက်က နှစ်ဂိုးအသာလောက်နဲ့ ရပ်တည်သင့်ပါတယ်။

**ည ၈း၃၀ နာရီ**

**ဆန်းဒါးလန်း - ဗီလာ**

**ယမန်နှစ်ရလဒ် ၀-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး၊ တစ်ကြိမ်က ဗီလာက နိုင်ခဲ့ပါတယ်။ ဆန်းဒါးလန်းဟာ နောက်ဆုံးအိမ်ကွင်းပွဲတွေမှာ အာဆင်နယ်နဲ့ ၁-၁ သရေ၊ မန်ယူကို ဂိုးမရှိသရေရခဲ့ပြီး ခြေစွမ်းမာကျောနေပါတယ်။ ဗီလာမှာ အဘွန်လဟော၊ ဟက်စကီးတို့ ပါဝင်လာခဲ့ရင်တော့ အခြေအနေကောင်းနိုင်ပါတယ်။ အကြိုက်ကတော့ ဆန်းဒါးလန်းပါ။

**ည ၈း၃၀ နာရီ**

**ဝက်စ်ဘရွန်း - ဖူလ်ဟမ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံဖူးတဲ့ ၂၀၀၆ မှ ၂၀၀၉ အတွင်း ပရီးမီးယားလိဂ်သုံးပွဲမှာတော့ ဖူလ်ဟမ်က နှစ်ကြိမ်နိုင်ပြီး၊ ဝက်စ်ဘရွန်းက တစ်ကြိမ်နိုင်ထားပါတယ်။ အိမ်ရှင်ဝက်စ်ဘရွန်းတို့ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲနိုင်ပြီး၊ နှစ်ပွဲသရေကျထားတယ်။ အိမ်ကွင်းမှတ်တမ်းကောင်းနေတဲ့ ဝက်စ်ဘရွန်းကို ဂိုးအနည်းနဲ့ရွေးချယ်ချင်ပါတယ်။

**ည ၈း၃၀ နာရီ**

**ဝီဂန် - ဘော်လ်တန်**

**ယမန်နှစ်ရလဒ် ၀-၀**

ဝီဂန်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ဆန်းဒါးလန်းကို သရေ၊ မန်စီးတီးကို ရှုံးခဲ့ပြီး ဝုလ်ကိုတော့ ဂိုးပြတ်နိုင်ထားပါတယ်။ အသင်းလိုက်ကစားပုံနဲ့ ကွင်းလယ်တိုက်စစ်မှာ ဘော်လ်တန်တို့ အားသာပေမယ့် အိမ်ရှင်ဝီဂန်က တန်ပြန်တိုက်စစ်နဲ့ ကစားနိုင်ပါတယ်။ ဘော်လ်တန်ကို ကြိုက်ပေမယ့် သရေပွဲပဲဖြစ်နိုင်ပါတယ်။

**ည ၁၁း၀၀ နာရီ**

**ဝက်စ်ဟမ်း - နယူးကာဆယ်**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်ဝက်စ်ဟမ်းတို့ ခံစစ်အထိုင်ချပြီး တန်ပြန်တိုက်စစ်နဲ့ ကစားသွားနိုင်ပါတယ်။ နယူးကာဆယ်ဟာ နောက်ဆုံးအဝေးကွင်းနှစ်ပွဲမှာ အဲဗာတန်ကို ကပ်နိုင်ခဲ့ပေမယ့် မန်စီးတီးကိုတော့ ရှုံးနိမ့်ခဲ့တယ်။ ဒါ့ကြောင့် ခြေမငြိမ်သေးတဲ့ညှို့သည်အစား ခံစစ်တောင့်တင်းတဲ့ အိမ်ရှင်ဝက်စ်ဟမ်းကို ပိုကြိုက်မိပါတယ်။

**၂၄ အောက်တိုဘာ၊ တနင်္ဂနွေ**

**ည ၇း၀၀ နာရီ**

**စတုတ်စီးတီး - မန်ယူ**

**ယမန်နှစ်ရလဒ် ၀-၂**

အိမ်ရှင်စတုတ်တို့ ခံစစ်ကစားရမယ့်ပွဲပါပဲ။ မန်ယူတို့ ထိပ်တန်းအသင်းပီပီ ပွဲကိုထိန်းချုပ်ကာ ဦးဆောင်ဂိုးသွင်းဖို့ ကြိုးပမ်းမှာပါ။ မန်ယူမှာ ရွန်နေး၊ ဘာဘာတော့ဗ်တို့ ပွဲထွက်လာနိုင်ပြီး အနည်းဆုံး နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိနေပါတယ်။

**ည ၈း၃၀ နာရီ**

**လီဗာပူး - ဘလက်ဘန်း**

**ယမန်နှစ်ရလဒ် ၂-၁**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ တစ်ကြိမ်သာ ဂိုးမရှိ သရေပွဲဖြစ်ထားပြီး၊ ကျန်နှစ်ကြိမ်စလုံး လီဗာပူးက နိုင်ထားပါတယ်။ အသင်းကို လွှဲပြောင်းဝယ်ယူမှုပြီးဆုံးသွားပြီမို့ ဒီအိမ်ကွင်းပွဲမှာ လီဗာပူးတို့ ရလဒ်ကောင်းအောင်ကြိုးစားမှာပါ။ လီဗာပူးတို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**မန်စီးတီး - အာဆင်နယ်**

**ယမန်နှစ်ရလဒ် ၃-၀**

အာဆင်နယ်ဟာ မန်စီးတီးနဲ့တွေ့ဆုံထားတဲ့ နောက်ဆုံးသုံးကြိမ်စလုံးမှာ တစ်ကြိမ်သာ ဂိုးမရှိသရေရထားပြီး ကျန်နှစ်ကြိမ်စလုံး ရှုံးထားပါတယ်။ လက်ရှိမှာလည်း မန်စီးတီးတို့ အိမ်ကွင်းရလဒ်တွေကောင်းနေတဲ့အတွက် အာဆင်နယ်တို့ သရေရရင် ကျေနပ်ရမှာပါ။ မန်စီးတီးကို နှစ်ဂိုးအသာလောက်နဲ့ ရွေးထားသင့်ပါတယ်။

## တရုတ်ကျွမ်းဘားသင်တန်းသို့ လူငယ်လက်ရွေးစင်ငါးဦးစေလွှတ်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တစ်နှစ်ကြာဖွင့်လှစ်ပို့ချမည့် ကျွမ်းဘားသင်တန်း (Acrobatic Training Courses For Developing Countries)သို့ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှ မျိုးဆက်သစ်လက်ရွေးစင်လူငယ်အားကစားသမားငါးဦး တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွား/ကူးသန်းဝန်ကြီးဌာနမှ မြန်မာနိုင်ငံ စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပညာသင်ဆုအဖြစ် အားကစားဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်သို့ ရွေးချယ်စေလွှတ်ရန် အကြောင်းကြားသည့်အတွက် ယခုကဲ့သို့ စေလွှတ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“အရင်က ပြည်ပနိုင်ငံတွေကို ပူးတွဲလေ့ကျင့်မှုပြုလုပ်ဖို့အတွက်တော့ သွားဖူးပါတယ်။ ပညာသင်ဆုအနေနဲ့ကတော့ ဒါပထမဆုံးအကြိမ်ပါပဲ။ ကုန်ကျစရိတ်(အကုန်)စရိတ်ငြိမ်း ဟိုဘက်ကတာဝန်ယူမှာပါ”ဟု မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်နီနီအောင်က ပြောကြားသည်။

အဆိုပါသင်တန်းအား တရုတ်နိုင်ငံ ဟီဘေးပြည်နယ်ရှိ (HEBEI WUQIAO Acrobatics Art School)သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ပြည်ပနိုင်ငံကိုးနိုင်ငံမှ လူငယ်အားကစားသမားများနှင့်အတူ မြန်မာနိုင်ငံမှ မောင်ဇင်လင်းအောင် (၁၈ နှစ်)၊ မောင်သီဟ(၁၈ နှစ်)၊ မအိမ့်ချောချောသူ(၁၄ နှစ်)၊ မမေသဥ္စာ (၁၃ နှစ်)နှင့် မနေခြည်စုစုလတ် (၁၂ နှစ်)တို့သွားရောက်သင်ကြားမည်ဖြစ်သည်။

“ကမ္ဘာပေါ်မှာ ကျွမ်းဘားအားကစားနည်း အကောင်းဆုံးဖြစ်တဲ့တရုတ်နိုင်ငံမှာ နှစ်ပေါက်လေ့ကျင့်သင်ကြားခွင့်ရရှိတဲ့အတွက်ရော နိုင်ငံတကာက ကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်ခွင့်ရရှိမှာဖြစ်တဲ့အတွက် အကျိုးအများကြီးရရှိစေမှာပါ။ ဒီလူငယ်ကစားသမားလေးတွေဟာ ၂၀၁၃ ဆီးဂိမ်းမှာ အောင်မြင်မှုရရှိဖို့အတွက် ရည်ရွယ်ပါတယ်”ဟု ဒေါ်နီနီအောင်ကပြောကြားသည်။ မြန်မာလူငယ်ကျွမ်းဘားအဖွဲ့သည် ယခုလ ၂၀ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

## အင်အားကြီးသောနိုင်ငံများ ကုလလုံခြုံရေးကောင်စီသစ်တွင် ပါဝင်လာ

**ကုလသမဂ္ဂ၊ အောက်တိုဘာ - ၁၃**

အောက်တိုဘာ ၁၂ ရက်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲပြီးနောက် ကုလသမဂ္ဂ၏ သြဇာအာဏာအကြီးမားဆုံး လုံခြုံရေးကောင်စီတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးမှုအားကောင်းလာသောနိုင်ငံများ ပါဝင်လာကြောင်းသိရသည်။

အာရှ ဥရောပနှင့် အာဖရိက အင်အားကြီးနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဂျာမနီနှင့် တောင်အာဖရိကနိုင်ငံများသည် ၂ နှစ်သက်တမ်းအလှည့်ကျအဖွဲ့ဝင်နေရာများတွင် ရွေးချယ်ခံခဲ့ရသလို ဘရာဇီး၊ နိုင်ဂျီးရီးယား စသောတောင်အမေရိကနှင့် အာဖရိကမှ အရေးပါသောနိုင်ငံများသည်လည်း လုံခြုံရေးကောင်စီတွင် ပါဝင်လာသည်။

ယင်းမှာ ပထမဦးဆုံးအကြိမ်အနေဖြင့် လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် ကြိုးစားနေသောနိုင်ငံငါးနိုင်ငံစလုံး UNSC တွင်ပါဝင်လာခြင်းဖြစ်သည်။ UNSC သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် အဓိကတာဝန်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်ပြီး၊ ယင်းအဖွဲ့တွင် အားကောင်းသော အဖွဲ့ဝင်နိုင်ငံများ ပါဝင်လာခြင်းမှာ ၂၁ ရာစု ကမ္ဘာကြီးကို ရောင်ပြန်ဟပ်နေခြင်းဖြစ်သည်။

အောက်တိုဘာလ ၁၂ရက်က ပြုလုပ်ခဲ့သည့် လျှို့ဝှက်မဲပေးမှုတွင် ၁၉၂ နိုင်ငံပါဝင်သော အထွေထွေညီလာခံက ကိုလံဘီယာနှင့်ပေါ်တူဂီကိုလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ(UNSC) သို့ ရွေးကောက်တင်မြှောက်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၁၅နေရာတွင် ၁၀ နေရာအား ဒေသဆိုင်ရာအုပ်စုများမှ ရွေးချယ်၍ ၂နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရသည်။ ထိုအထဲမှ ငါးနေရာအား နှစ်စဉ်ရွေးချယ်ကြသည်။ ကျန်အဖွဲ့ဝင်ငါးနိုင်ငံမှာ ဗီတိုအာဏာပိုင်ဆိုင်သော အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ် စသည့်အင်အားကြီးနိုင်ငံများဖြစ်သည်။ *—Ref: AP*




## ကာတာလေယာဉ်မှူး တစ်ဦး လေယာဉ် ပျံသန်းနေစဉ် သေဆုံး

**ဒိုဟာ၊ အောက်တိုဘာ - ၁၃**

ကာတာလေကြောင်းလိုင်းမှ လေယာဉ်မှူးတစ်ဦးသည် ဖိလစ်ပိုင်နိုင်ငံမှ ကာတာနိုင်ငံသို့ ပျံသန်းသည့်ခရီးစဉ်တွင် လေယာဉ်ပျံသန်းနေစဉ် သေဆုံးသွားကြောင်း၊ ထို့အတွက် လေယာဉ်ကို မလေးရှားနိုင်ငံကွာလာလမ်ပူမြို့သို့ လမ်းကြောင်းပြောင်းပေးခဲ့ရကြောင်း ကာတာလေကြောင်းလိုင်းက ပြောကြားသည်။

"မနီလာမှ ဒိုဟာသို့ပျံသန်းနေသော လေယာဉ်ခရီးစဉ်အမှတ် QR645 ခရီးစဉ်မှ လေယာဉ်မှူးသည် လေယာဉ်ပေါ်၌ပင် ကွယ်လွန်သွားကြောင်း ကာတာလေကြောင်းက ဝမ်းနည်းစွာ အသိပေးအပ်ပါသည်" ဟုအီးမေးလ်ကြေညာချက်တွင် လေကြောင်းလိုင်းက ဖော်ပြခဲ့သည်။

ကွာလာလမ်ပူမြို့တွင် လေယာဉ်မှူး လေယာဉ်မယ်အဖွဲ့သစ်ကလွှဲပြောင်း တာဝန်ယူခဲ့ကြောင်း ကာတာလေကြောင်းကပြောကြားသည်။

"လေယာဉ်ဟာ ဒီနေ့မှာ ဒိုဟာနိုင်ငံတကာလေဆိပ်ကို ဆိုက်ရောက်လာပါလိမ့်မယ်" ဟုကြေညာချက်က ဖော်ပြသော်လည်း အသေးစိတ်အချက်အလက်များ မပါရှိပေ။ လေယာဉ်မှူးသေဆုံးရသည့် အကြောင်းအရင်းနှင့် သေဆုံးသွားသော လေယာဉ်မှူး၏အမည်ကိုလည်း လေကြောင်းလိုင်းက ထုတ်ဖော်အသိမပေးကြောင်း သိရသည်။ *—Ref: AFP*




GROUP
ကရိန်းဝန်ဆောင်မှုလုပ်ငန်း
Yangon : 01-522107
Mandalay : 09-2050000, 09-6504700, 09-6504800
Naypyitaw : 09-6504900

**TRADEMARK CAUTION**

Wacoal Corp. a Company incorporated in Japan at 29, Nakajima-cho, Kisshoin, Minami-ku, Kyoto, Japan is the Owner and Sole Proprietor of the following Trademarks:-

Wacoal

Reg: 4/3491/1997
Reg: 4/7760/2010


Reg: 4/3492/1997
Reg: 4/7761/2010

In respect of : " Men's, Women's, and Children's, clothing - namely, underwear such as brassieres, corsets, body briefs, slips, bra-slips, half slips, panties, camisoles; nightwears such as pajamas, negligees, bathrobes, night gowns, night caps; house coats, lounge coats; outerwear such as shirts, sweaters, coats, skirts, jackets, pantaloons, shorts, dresses, one piece dresses, blouses; stockings, socks and garters; aprons; slippers."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

21.Oct.2010


ရတနာ ရှိရာ ရတနာရာရရအောင်
ရတနာပုံ မန္တလေး မှာ
ရတနာပုံ ဆိုက်သလို ပေါ်ပေါက်လာတဲ့
ရတနာပုံ နှိုင်းမှန်းသလောက • • •
Yadanarpon
DIAMOND PLAZA
အဆိုင်မာဆုံး ပိုင်ဆိုင်မှုအဖြစ် တစ်သက်တာဂုဏ်ယူရမည့်
နိုင်ငံတကာ အဆင့်မှီ ရတနာပုံ DIAMOND PLAZA ဆိုင်ခန်းများ ဆက်လက် ရောင်းချလျက်ရှိပါသည် ။
မြို့ရဲ့အသဲနှလုံး ၇၈ လမ်းပေါ်မှာ တည်ရှိပြီး
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး ၊ အခမ်းနားဆုံး နောက်ဆုံးပေါ်နည်းပညာတွေနဲ့အထင်ကရဖြစ်နေတဲ့
DIAMOND PLAZA မှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ်အတွက် စိတ်ချနိုင်တယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးပါရစေ ။
MANDALAY GOLDEN WING Construction Limited
Email : diamondplaza@mandalay.net.mm

7 DAY NEWS JOURNAL
Vol.9, No.31 · OCTOBER 21, 2010

# ချီလီမိုင်းလုပ်သားများ အားလုံးကို ကယ်တင်နိုင်ပြီ



**ဆန်ဂျိုးစ်၊ အောက်တိုဘာ - ၁၃**

လွန်ခဲ့သော ၆၉ ရက်က ပြိုကျခဲ့သောချီလီမိုင်းတွင်းတွင် ပိတ်မိနေခဲ့သော မိုင်းလုပ်သား ၃၃ ဦးမှနောက်ဆုံး မိုင်းလုပ်သားအားကယ်တင်နိုင်ခဲ့ရာ ကမ္ဘာ့လူထုကြီးအားသံမှိုစွဲထားသလို စိတ်ဝင်စားစေခဲ့သော အဖြစ်အပျက်မှာ ပျော်ရွှင်ဝမ်းမြောက်မှုအတိဖြင့် အဆုံးသတ်ခဲ့ပြီဖြစ်သည်။

ဩဂုတ်လ ၅ ရက် မိုင်းတွင်းပြိုကျစဉ်က အဆိုင်းခေါင်းဆောင်ဖြစ်ခဲ့သူ လူးဝစ်အာဇူယာ (၅၄ နှစ်) သည် ခေါင်းဆောင်ပီသစွာပင် မိုင်းတွင်း၌ နောက်ဆုံးအချိန်အထိ ဒုက္ခခံရန် သဘောတူညီခဲ့သည်။ ၎င်းအားမြေပေါ်သို့ဝန်ချီစက်ဖြင့် သယ်ဆောင်လာသောကယ်ဆယ်ရေးပြွန် မြေပေါ်ရောက်လာသော အချိန်တွင် ၎င်းအားကြိုဆိုနေသော လူအုပ်ကြီးကသည်းသည်းလှုပ်လှုပ် အပျော်များဖြင့် ဂုဏ်ပြုဟွန်းများတီးမှုတ်ကာ တစ်ခဲနက်ကြိုဆိုခဲ့ကြသည်။

Phoneix ကယ်ဆယ်ရေးပြွန်မှ အာဇူယာထွက်လာကြောင်းအချက်ပေးသံ ထွက်ပေါ်လာပြီးချီလီသမ္မတဆာဘတ်တီယန်ပင်နဲရာနှင့် အတူလမ်းလျှောက်ထွက်လာစဉ် ကယ်ဆယ်ရေးလုပ်သားများနှင့် မိုင်းလုပ်သားမိသားစုများကချီလီနိုင်ငံတော်သီချင်းအားဘဝင်ညံအောင် ပြိုင်တူသီဆိုခဲ့ကြသည်။

တစ်ကမ္ဘာလုံးက တယ်လီဗေးရှင်းများမှ စောင့်ကြည့်နေစဉ်မှာပင် နောက်ဆုံးထွက်လာသောမိုင်းလုပ်သားဖိုမင်ကြီးနှင့် ကယ်ဆယ်ရေးအဖွဲ့များလည်း နိုင်ငံတော်သီချင်းကိုပါဝင်သီဆိုကာမလျှော့သော ဇွဲ၊ မဆုတ်မနစ်သောစိတ်ဓာတ်ဖြင့် အောင်ပွဲခံခဲ့သည့် အသက်ကယ်မှုလုပ်ငန်းအပေါ် ဂုဏ်ယူဝံ့ကြွားခဲ့ကြသည်။

“ဂုဏ်ပြုပါတယ်ဗျာ။ သင်ဟာကပ္ပတိန် တစ်ယောက်လိုနောက်ဆုံးမှ ထွက်ခွာခဲ့တာဖြစ်လို့ ခင်ဗျားတာဝန်ကျေပါတယ်” ဟုချီလီသမ္မတပင်နဲရာက အာဇူယာအားပြောကြားသည်။ ကယ်ဆယ်ရေးပြွန်မှထွက်လာသော အာဇူယာအား၎င်း၏သားက လာရောက်ထွေးပွေ့ကြိုဆိုခဲ့သည်။

သို့သော် မြေအောက်မိုင်းတွင်း၌ ကယ်ဆယ်ရေးလုပ်သား ၆ ဦးကျန်ရှိနေဆဲဖြစ်ပြီး ၎င်းတို့လည်းကယ်ဆယ်ရေးပြွန်ဖြင့် တက်လာရမည်ဖြစ်သည်။ သို့သော် နောက်ဆုံးမိုင်းလုပ်သားကြီး မြေပေါ်သို့ရောက်ရှိသွားချိန်တွင်လည်း ၎င်းတို့သည်မိမိတို့မြေအောက်ရောက်နေသည့်အကြောင်း မစဉ်းစားဘဲပျော်ရွှင်ဝမ်းမြောက်ခဲ့ကြသည်။

မြေအောက်ပေ ၂၀၀၀ မှ လုပ်သား ၃၃ ဦးအားကယ်ဆယ်ရေးလုပ်ငန်းမှာ ၂၂ နာရီခွဲကြာမြင့်ခဲ့သည်။ကယ်ဆယ်ရေးလုပ်ငန်းမှာနာရီလက်တံကဲ့သို့ အတိအကျလည်ပတ်ခဲ့ပြီး အထစ်အငေါ့တစ်စုံတစ်ရာ မရှိခဲ့ပေ။

“တစ်ကမ္ဘာလုံးက မျှော်လင့်နေတာကို ကျွန်တော်တို့လုပ်နိုင်ခဲ့ပါပြီ” မြေအောက်မှ နောက်ဆုံးထွက်လာသော ဖိုမင်လူးဝစ်အာဇူယာက ချီလီသမ္မတပင်နဲရာအားပြောကြားသည်။

“ရက် ၇၀ လုံးလုံးကျွန်တော်တို့တိုက်ပွဲဝင်ခဲ့တာ သဲထဲရေသွန်မဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ အားအင်ရှိတယ်။ စိတ်ဓာတ်ရှိတယ်။ ကျွန်တော်တို့ ဆက်တိုက်ပွဲဝင်ချင်နေခဲ့တယ်။ ကျွန်တော်တို့မိသားစုတွေအတွက် တိုက်ပွဲဝင်ချင်ခဲ့တယ်။ ဒါဟာ အကြီးကျယ်အခမ်းနားဆုံးအရာပါပဲ” ဟု လူးဝစ်အာဇူယာက ပြောကြားသည်။

သမ္မတကလည်း “ခင်ဗျားဟာအရင်ကနဲ့ မတူတော့ပါဘူး။ ကျွန်တော်တို့နိုင်ငံဟာလည်း အရင်ကနဲ့ မတူတော့ပါဘူး။ ခင်ဗျားဟာအားကျအတုယူစရာပါပဲ။ ကဲ. . ခင်ဗျားမိန်းမနဲ့ သမီးကိုသွားထွေးပွေ့လိုက်ပါဦးဗျာ”ဟုသမ္မတပင်နဲရာက ပြောကြားရင်း မိုင်းလုပ်သားကြီးကို ဘေးမှာထား၍ နိုင်ငံတော်သီချင်းကို စတင်သီဆိုပါတော့သည်။ *—Ref: AP/AFP*

## *s - 20 typwi awmiu&;,m;\ 0;aqmiru *syear;ce;xw

**တိုကျို၊ အောက်တိုဘာ - ၁၃**

ငွေကြေးဆိုင်ရာတင်းမာမှုများမြင့်တက်လာစဉ်မှာပင် (ဂျီ-၂၀) အဖွဲ့အား တောင်ကိုရီးယားနိုင်ငံ၏ဦးဆောင်မှုကို ဂျပန်နိုင်ငံက မေးခွန်းထုတ်လိုက်သည်။ တောင်ကိုရီးယားနိုင်ငံသုံးငွေ ‘ဝမ်’ တန်ဖိုးမြင့်တက်မှု မရှိစေရန် တောင်ကိုရီးယားက ပုံမှန်ကြားဝင်ကိုင်တွယ်နေခြင်းအတွက် တောင်ကိုရီးယား၏ဦးဆောင်မှုကို ဂျပန်ကမေးခွန်းထုတ်ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေး ဦးဆောင်နိုင်ငံများ (ဂျီ-၂၀) အဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီးများသည် တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလ ၂၂ ရက်တွင် တွေ့ဆုံရန်ရှိပြီး ဂျီ-၂၀ ထိပ်သီးခေါင်းဆောင်များမှာ နိုဝင်ဘာလတွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ယင်းအစည်းအဝေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေနိုင်သော အပြိုင်အဆိုင် ငွေကြေးတန်ဖိုးများလျှော့ချခြင်းကို ကာကွယ်ရန် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစနစ်တစ်ရပ်အပေါ် အားလုံးသဘောတူညီနိုင်မည့် အစီအစဉ်ပေါ်ထွက်ရေးခေါင်းဆောင်များ ဆွေးနွေးကြမည်ဖြစ်သည်။ ယခုရက်သတ္တပတ်ကုန်က ပြုလုပ်ခဲ့သော နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အစည်းအဝေးတွင် တင်းမာမှုများလျော့ပါးအောင် မလုပ်ဆောင်နိုင်ခဲ့ပေ။

“ဂျီ-၂၀ ရဲ့ ဥက္ကဋ္ဌဖြစ်နေတဲ့အတွက် တောင်ကိုရီးယားရဲ့ အခန်းကဏ္ဍကို လေးလေးနက်နက်မေးခွန်းထုတ်ရပါလိမ့်မယ်” ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီး ယိုရှိဟိုကိုနိုဒါကပါလီမန်ဆိုင်ရာ ခုံရုံးအဖွဲ့သို့ ပြောကြားသည်။

ဂျပန်သည် ယခင်ရက်သတ္တပတ်အတွင်း ယန်းငွေတန်ဖိုးမြင့်တက်ခြင်းကို တားဆီးရန်နှင့် အခြေမခိုင်သေးသော စီးပွားရေးနာလန်ထမှုကို ကာကွယ်အတွက် ၆ နှစ်အတွင်း ငွေကြေးဈေးကွက်တွင် ပထမဆုံးအကြိမ် ကြားဝင်ကိုင်တွယ်ခဲ့သည်။ တောင်ကိုရီးယားသည် ၎င်း၏ ငွေကြေးဈေးကွက်တွင် ပုံမှန်ကြားဝင်ကိုင်တွယ်ပြီး တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးပြုပြင်ပြောင်းလဲမှုမှာလည်း နှေးကွေးကြောင်း ဂျပန်ဝန်ကြီးက ဆက်လက်ပြောကြားသည်။

*—Ref: Reuters*








CLEAR
ဗောက်လုံးဝကင်းစင်စေသည်။*
အချိန်ကြာမြင့်စွာ ကာကွယ်သည်။**
CLEAR
CLEAR
CLEAR
CLEAR

7 DAY NEWS JOURNAL
International
Vol.9, No.31 • OCTOBER 21, 2010



# သက်တမ်းဝက်ရွေးကောက်ပွဲတွင် ၂၀၀၈ မဲဆွယ်ကာလ စိတ်အားထက်သန်မှုမျိုးရရှိရန် အိုဘားမားပြုလုပ်

**ဝါရှင်တန်၊ အောက်တိုဘာ-၁၈**

လာမည့်နိုဝင်ဘာ ၂ ရက်၌ပြုလုပ်မည့် သမ္မတသက်တမ်းဝက်ရွေးကောက်ပွဲများတွင် ရုန်းကန်နေရသော ဒီမိုကရက်တစ်အမတ်လောင်းများကို ကူညီနိုင်ရန်အတွက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မဲဆန္ဒရှင်များကြား၌ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲမဲဆွယ်ကာလက စိတ်ဓာတ်တက်ကြွမှုများရရှိစေရန်ကြိုးပမ်းနေကြောင်းသိရသည်။ အထူးသဖြင့် အခြေအနေမလှသော အနောက်အလယ်ပိုင်းပြည်နယ်များမှ အမတ်လောင်းများအား ကူညီရန် အိုဟိုင်းယိုးပြည်နယ်တွင် ကြီးမားသော လဟာပြင်မဲဆွယ်ပွဲများ ပြုလုပ်လျက်ရှိသည်။

အထနေ့းနေသောနိုင်ငံစီးပွားရေးနှင့် အလုပ်လက်မဲ့နှုန်း ၉ ဒသမ ၆ ရာခိုင်နှုန်းရှိနေမှုအပေါ် မဲဆန္ဒရှင်များကြား အမျက်ဒေါသထွက်မှုများရှိနေစဉ်မှာပင် အိုဘားမား၏ ဒီမိုကရက်တစ်အမတ်လောင်းများသည် လွှတ်တော်အမတ်ရွေးကောက်ပွဲများနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးပြိုင်ပွဲများတွင် ကြီးမားသောရှုံးပွဲများရှောင်လွှဲနိုင်ရန် ရုန်းကန်နေကြရသည်။

စာ(၄၅)သို့




## t &wppypm&upmwr;rsm; Wikileaks azmxwrnu &iqi&e yiw*ejyiqi

**ဝါရှင်တန်၊အောက်တိုဘာ - ၁၈**

အရေအတွက် ၅၀၀,၀၀၀ အထိရှိနိုင်သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်သောစာရွက်စာတမ်းများ ပေါက်ကြားလာချိန်တွင် ၎င်းစာရွက်စာတမ်းများအား စစ်ဆေးသုံးသပ်နိုင်ရန် အမေရိကန်စစ်ဘက်ဌာနချုပ် ပင်တဂွန်သည် လူပေါင်း ၁၂၀ ပါဝင်သည့်အဖွဲ့ကို ပြင်ဆင်ထားကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။ ၎င်းစာရွက်စာတမ်းများအား Wikileaks ဝက်ဘ်ဆိုက်က ယခုလအတွင်း ဖော်ထုတ်မည်ဟု ပင်တဂွန်တာဝန်ရှိသူများကမျှော်လင့်ထားကြသည်။

စာရွက်စာတမ်းများ ပေါက်ကြားလာမည့်အချိန်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးသော်လည်း ယင်းအခြေအနေကိုရင်ဆိုင်ရန် ကာကွယ်ရေးဌာနက အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ လာမည့် တစ်ရက်၊ နှစ်ရက်အတွင်း ပေါက်ကြားလာလျှင်ပင် အသင့်အနေအထားရှိကြောင်း ပင်တဂွန်ပြောခွင့်ရပုဂ္ဂိုလ်ဗိုလ်မှူးကြီးဒေ့ဗ်လာပန်က ရိုက်တာသတင်းဌာနအားပြောကြားသည်။

စာ(၄၅)သို့

## သွေးလွန်တုပ်ကွေး ရောဂါအားတိုက်ဖျက်ရန် ဓာတ်ခွဲခန်းမှခြင်များကို မလေးရှားတွင် အသုံးပြုမည်

**ပူထရာဂျာယာ၊ အောက်တိုဘာ - ၁၂**

သွေးလွန်တုပ်ကွေးအဖျားရောဂါတိုက်ဖျက်ရေးအတွက် မျိုးဗီဇပြုပြင်ထားသောခြင်များအသုံးပြုခြင်းတွင် မလေးရှားသည် အာရှတွင်ပထမဦးဆုံးနိုင်ငံဖြစ်နိုင်ကြောင်း မလေးရှားအစိုးရတာဝန်ရှိသူများကပြောကြားသည်။


၎င်းအစီအစဉ်အရ မျိုးဗီဇပြုပြင်ထားသော ခြင်ထီးများကို တောထဲသို့လွှတ်ပေး၍ ၎င်းခြင်ထီးများက ခြင်အမများနှင့် မိတ်လိုက်၍ ပေါက်ဖွားသော ခြင်သားပေါက်များသည် သက်တမ်းတိုတိုသာအသက်ရှင်နိုင်မည်ဖြစ်ရာ ခြင်ကောင်ရေအရေအတွက်ကို လျှော့ချနိုင်မည်ဖြစ်သည်။

စာ(၄၅)သို့

## ယဉ်ကျေးမှုပေါင်းစုံစည်းလုံးရေးဝါဒ ဂျာမနီတွင် ကျဆုံးသွားပြီဟု ဝန်ကြီးချုပ်မာကယ်လ်ပြောကြား

**ပေါ့စ်ဒမ်၊ အောက်တိုဘာ - ၁၇**

ယဉ်ကျေးမှုပေါင်းစုံပါဝင်သောလူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရေး ဂျာမနီနိုင်ငံ၏ ကြိုးပမ်းမှုမှာ လုံးဝကျဆုံးသွားပြီဖြစ်ကြောင်း ဂျာမန်အဓိပတိအန်ဂျလာမာကယ်လ်က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားလိုက်သည်။



၎င်း၏ပါတီဖြစ်သော ခရစ်ယာန်ဒီမိုကရက်ပါတီမှ လူငယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြောကြားရာ၌ မွတ်ဆလင်ပေါင်း လေးသန်းခန့်နေထိုင်သောနိုင်ငံတွင် ယဉ်ကျေးမှုနောက်ခံကွဲပြားသူများပေါင်းစည်းမှုမရှိဘဲ အတူယှဉ်တွဲနေထိုင်ရေးမှာ အကောင်အထည်ပေါ်မလာကြောင်း ဂျာမနီဝန်ကြီးချုပ်ကပြောကြားသည်။

"ဒီချဉ်းကပ်မှုဟာ ကျဆုံးသွားပါပြီ။ လုံးလုံးလျားလျားကိုကျဆုံးသွားပါပြီ"ဟု ဘာလင်မြို့တောင်ဘက် ပေါ့စ်ဒမ်မြို့၌ပြုလုပ်သည့် အစည်းအဝေးတွင် မစ္စမာကယ်လ်ကပြောကြားသည်။

ဂျာမနီလူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲရေးစိတ်အားထက်သန်မှုမပြသသောရွှေ့ပြောင်းနေထိုင်သူများအပေါ် ပို၍တင်းကျပ်စွာကိုင်တွယ်ရေးအတွက် မစ္စမာကယ်လ်သည် ၎င်း၏စီဒီယူပါတီအတွင်းမှပင် ဖိအားများရင်ဆိုင်နေရသည်။ ယခု မာကယ်လ်၏ပြောကြားချက်များမှာ

စာ(၄၅)သို့

